www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းတုံ့ပွင့်လျို့ ပလွေသံ

ကျင်းယုံ၏ရောင်စိန်းမှုထင်



စာစဉ်-၁၁ [redacted]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၃၅/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၂/၂၀၀၂ (၃)

၂၀၀၂-ခုနှစ်၊

အုပ်ရေ-၄၀၀

တန်ဖိုး-၃၅၀/-

**ထုတ်ဝေသူ**

ဦးညွန့်ဌေး၊ စိန်ပန်းမြိုင်စာပေ
၂၃(အေ) ဦးခကောင်းလမ်း၊ ကြည့်မြင်တိုင်
ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
အမှတ်-၁၂၊ ဒါနုလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**

ဦးတိုးဝင်း၊ နေလရောင်အော့ဖ်ဆက်
၉၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်
ရန်ကုန်မြို့။

# တက္ကသိုလ်နေလင်းအောင်

## သိုင်းတံပွင့်လျှံ ပလွေသံ

စာစဉ် ( ၁၁ )

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC

## အခန်း (၁၄၁)

## မိန်းမဆောင်ထဲသို့ ရောက်ရှိခြင်း

ဆန်ကွမ်းချိုသည် သွေးကြောပိတ်ထားသည့် မိန်းကလေးများကို လှည့်မကြည့်တော့ဘဲ ပန်းဥယျာဉ်အတွင်းပိုင်းသို့ ကိုယ်ဖျောက်ပညာဆုံး၍ ပြေးဝင်လာလေ၏။

သူ၏ရှေ့ဘက်ရှိ အဆောင်များမှာ တရိပ်ရိပ် နီးလာတော့သည်။

ပန်းဥယျာဉ်ကြီးဆုံးလာသောအခါ မြင့်မားသောအဆောင်ကြီးအချို့အား တွေ့ရှိရလေ၏။

မည်သည့်အဆောင်များ ဖြစ်သည်ကိုမူ သူ မသိပေ။

သူသိသည်မှာ တစ်ချက်သာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွေးများနှင့်အတူ ရောက်ရှိလာသူများသည် ဖန်းဥယျာဉ် အတွင်းမှ အကြောပိတ်ထားသူများကို မုချတွေ့သွားမည်ဆိုသည့် အချက်ကိုသာတည်း။

ကုန်လုံဝမ်၏ စံအောင်အိမ်ဝင်းအတွင်း ကုန်လုံဝမ်၏ တပည့် အားမြေးများ အကြောပိတ်ခံနေရလျှင် မုချ ရန်သူရောက်နေ ကြောင်း သိမည်။

ခွေးများ ပါနေသဖြင့် ချက်ချင်း အနံ့ခံလိုက်လာမည်က လည်း သေချာသည်။

သူ၏ကိုယ်ဖော့ပညာ ကောင်းခြင်းကြောင့် မည်သူကမျှ သူ့ ထွက်ပြေးလာခြင်းကို မတွေ့ကြပေ။

သို့သော် မကြာမီ အမီလိုက်လာကြမည်သာ ဖြစ်၏။

'ငါ သစ်ပင်ပေါ်မှာ ဝင်ခိုလို့မဖြစ်ဘူး။ သစ်ပင်ပေါ်ခိုရင် ခွေးတွေ ကောင်းကောင်း အနံ့ခံနိုင်တယ်၊ အကောင်းဆုံးက တော့ အဆောင်တစ်ခုခုထဲ ဝင်ပုန်းတာပဲ'

သူသည် အဆောင်၏ခေါင်မိုးပေါ်၌ ဝပ်ပုန်းရန် ကြံသေး သည်။

သို့သော် ထိုအကြံကို ချက်ချင်း ပယ်ဖျက်လိုက်၏။

အဆောင်အတွင်းတစ်နေရာရာ၌ပုန်းခိုခြင်းက ဤအဆောင် အကြောင်း တစ်နည်းတစ်လမ်း သိနိုင်သည်ဟု ယူဆသည်။



ထို့ကြောင့် သူသည် ခွေးနှင့် အစောင့်များ မလာမီ သစ်ပင် တစ်ပင်ပေါ်သို့ခုန်တက်ပြီးထိုမှတစ်ဆင့်အဆောင်ပြတင်းပေါက် တစ်ခုအတွင်းသို့ ခုန်ဝင်လိုက်လေ၏။

အခန်းထဲရောက်သည်နှင့်တစ်ပြိုင်နက် ဤအခန်းကား မိန်းမ များ နေသောအခန်းတည်းဟု ချက်ချင်း သိလိုက်ရသည်။

မွှေးကြိုင်နေသော ရနံ့များက သူ၏နှာသီးနှင့်ကို ဆွတ်ချူနေ သောကြောင့်တည်း။

ဆန်ကျွမ်းချီသည် အခန်းပတ်ပတ်လည်ကို လိုက်လံ ကြည့်ရှု ၏။

သူရောက်နေသည့် အခန်းထဲတွင်မူ လူရှိမနေပေ။

လှပကျယ်ပြန့်သော ခုတင်ကြီး တစ်လုံးနှင့် အလှပြင်သည့် စားပွဲများကို တွေ့ခဲ့ရသည်။

'အင်း...အခန်းကြီးကတော့ တော်တော်ကလေး လှပပြီး သားနားတာပဲ၊ ဘယ်သူများ နေတာပါလိမ့်၊ သာမန် သိုင်း သမားတစ်ဦးကတော့ ဒီလိုပုံစံမျိုးနဲ့ မနေနိုင်ဘူး'

ဆန်ကျွမ်းချီသည် မည်သည့်နေရာ၌ ပုန်းခိုရလျှင် ကောင်း မည်နည်းဟု စဉ်းစားနေစဉ်မှာပင် ဝတ်ရုံရှည်ကြီး ဝတ်ဆင် ထားသည့် အမျိုးသမီးတစ်ယောက်သည် အခန်းထဲသို့ ခြေသံ မကြားဘဲ ရောက်ရှိလာလေ၏။

www.burmeseclassic.com



ဆန်ကွမ်းချီမှာ အတွင်းအားကောင်းသူဖြစ်၍ အလွန် နှာ
ပါးသည်။

သို့သော် ယခုမူ ထိုအမျိုးသမီး ဝင်လာသည့် ခြေသံကို
လုံးဝ မကြားရဘဲ ရှိနေလေ၏။

ဆန်ကွမ်းချီ လှမ်းကြည့်သောအခါ ထိုအမျိုးသမီးသည်
အဝတ်ဖိနပ်ကို ဝတ်ဆင်ထားကြောင်း တွေ့ရ၏။

ထို့ပြင် သိုင်းပညာလည်း အသင့်အတင့် တတ်ပုံရကြောင်း
တွေ့ရှိရသည်။

စင်စစ် ဆန်ကွမ်းချီ၏နေရာ၌ အခြား သိုင်းသမားတစ်ဦး
ရောက်နေလျှင် ထိုအမျိုးသမီးအား ပထမဆုံး သွေးကြောပိတ်
ပြီး ဖမ်းဆီးမည်သာ ဖြစ်၏။

ဆန်ကွမ်းချီမူ အလွန်ရိုးသားသူ ဖြစ်သဖြင့် ထိုသို့ပြုလုပ်ရန်
စိတ်ကူးမပေါ်ပေ။

နောက်ဆုံး စိမ့်စလုတော်ပင်လျှင် ထိုအမျိုးသမီး၏ သွေး
ကြောကို ထိုးပိတ်မည် ဖြစ်ပေသည်။

ရန်သူ့နယ်မြေ ရန်သူ၏ အဆောက်အအုံအတွင်း၌ မိမိ
အား ကူညီမည့်မိတ်ဆွေ တွေ့ရန်ဆိုသည်မှာ လွယ်ကူသော
အလုပ်မဟုတ်ပေ။

'ရှင် ဘယ်သူလဲ'



ထိုအမျိုးသမီး၏လေသံက မာသည်။

ဆန်ကွမ်းချီသည် ထိုအမျိုးသမီး၏ အောင်မြင်သော အကူအညီ
ကြောင့်သာ ရုတ်တရက် ဖမ်းဆီးရန်မှ အသင့်ပြင်ထားသည်။

ဆန်ကွမ်းချီက ထိုအမျိုးသမီးအား ခြေဆုံးခေါင်းဆုံး ကဲ
ခတ်သကဲ့သို့ အမျိုးသမီးကလည်း ဆန်ကွမ်းချီအား ခြေဆုံး
ခေါင်းဆုံး အကဲခတ်သည်။

အမျိုးသမီးသည် အသက် နှစ်ဆယ်ငါးနှစ်ခန့်ရှိပြီး သူ၏
မျက်နှာမှာ အလှကြီး မဟုတ်သော်လည်း ဆွဲဆောင်မှု ရှိသည်။

အသားအရေက ဝင်းဝါနေသဖြင့် အသားဖြူသော အမျိုး
သမီးများအကြားတွင် တစ်မူထူးခြားသည်မှာ သေချာသည်။

သူမ၏ ခန္ဓာကိုယ် အဆစ်အပေါက် အလွန်ဟာရှော့ လှပမှု
ကြောင့်မူ ဆန်ကွမ်းချီ ကောင်းစွာယုံကြည်၏။

ယခုကဲ့သို့ ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားသည့်တိုင် သူမ၏
ကိုယ်အလှမှာ ပေါ်လွင်နေသောကြောင့် ဖြစ်သည်။

များသောအားဖြင့် ဆန်ကွမ်းချီ တွေ့ဖူးသည့် မိန်းကလေး
များမှာ စံပယ်ပန်းကလေးများကဲ့သို့ ဖြူဖြူသွယ်သွယ်ကလေး
များ ဖြစ်ကြသည်။ ယခု အမျိုးသမီးမှာမူ အစွမ်းကုန်ပွင့်လန်း
နေသော နှင်းဆီပွင့်ကြီးနှင့် တူနေ၏။

တစ်နည်းအားဖြင့် ပြောလျှင် ဤအမျိုးသမီးကို မြင်လျှင်
မြင်သည့် ပုရိသယောကျ်ားတိုင်း ရူးမူးကြနိုင်သည်။

www.burmeseclassic.com



ထိုသို့ ရမွက်သွေးကြာရန် ဖြည့်စွက်နေသည့် အလှတစ်ခုမှာ သူမ၏ မျက်လုံးများ ဖြစ်၏။

ယခုသော် ဆန်ကွမ်းချီအား အေးစက်သော မျက်လုံးများဖြင့် ကြည့်နေလေ၏။

'ရှင်ဘယ်သူလဲ'

ထိုအမျိုးသမီးက ဒုတိယအကြိမ် ထပ်မံမေးမြန်းပြန်လေ၏။

ဆန်ကွမ်းချီမှာ ချောမောသော လူငယ်တစ်ဦး ဖြစ်သည်။

သို့သော် သူဝတ်ထားသည်မှာ ကွန်လုံဝမ် ဂိုဏ်းသားတို့၏ ကိုယ်ကျပ်ဖော်စိုနက် ဖြစ်သည်။

ကွန်လုံဝမ်ဂိုဏ်းသားတစ်ဦး သူမ အခန်းထဲသို့ ရောက်လာခြင်းမှာ လုံးဝမဖြစ်နိုင်ဟု ယူဆထားလေသလားမသိ။

သူမက အေးစက်စက် မေးမြန်းနေသည်။

'ကျွန်တော် ခင်ဗျားကို ရန်ပြုမယ့်သူ မဟုတ်ပါဘူး၊ အဲဒါကိုတော့ ယုံပါ'

ဆန်ကွမ်းချီ၏လေသံက နူးညံ့ပျော့ပျောင်းလှ၏။

ဆန်ကွမ်းချီသည် အမြဲတမ်း ရိုးသားမှု အပြည့်အဝ ရှိသူဖြစ်၏။

အမျိုးသမီးသည် ဆန်ကွမ်းချီ၏ မျက်လုံးများကို အသေအချာ စိုက်ကြည့်ပြီးနောက် မျက်နှာ ချက်ချင်း ပြေလျော့ကျသွားသည်။



'မှင့်နောက်က ပြတင်းပေါက်တွေမှာ လိုက်ကာတွေ ရှိနေတယ်၊ အဲဒါကို ပိတ်ထားလိုက်'

ဆန်ကွမ်းချီသည် တင်းခနဲ သက်ပြင်းချလိုက်လေ၏။

သူ ကံကောင်းသည်ဟု တွက်လိုက်သည်။

သူသည်လျှင်မြန်ဖျတ်လတ်စွာ လိုက်ကာများကို ဆွဲပိတ်လိုက်၏။

'ကျွန်တော် ဒီစခန်းကို ဆိပ်မကျူးကျော်ပါဘူး၊ ဒါကြောင့် ခင်ဗျားအခန်းထဲ ဝင်လာမိတာပါ၊ ခင်ဗျားကို ဒုက္ခပေးဖို့ ဝင်လာတာ မဟုတ်ပါဘူး'

ထိုအမျိုးသမီး၏ မျက်နှာ၌ အပြုံးပန်းတစ်ပွင့် ပေါ်လာ၏။

ထိုအပြုံး၏ ဆွဲဆောင်မှုမှာ အလွန် ပြင်းထန်လှသဖြင့် ကျောက်ရုပ်ဘန်ရှိ ယောကျ်ားသည် ထိုအပြုံးကြောင့် အရည်ပျော်ကျသွားနိုင်လေသည်။

'ဒီအဆောင်တွေ သာအာအဆောင်တွေဆိုတာ ရှင်သိရင် ဒီလို အဆောင်ထဲ ဝင်လာဖို့မပြောနဲ့ အဆောင်ရဲ့ အရိပ်ကိုတောင် ရှင်နင်းရဲမှာ မဟုတ်ဘူး'

ဆန်ကွမ်းချီက ပြုံးလိုက်၏။

'အလွန်ဆုံး အသက်တစ်ချောင်း ဆုံးရှုံးရုံပေါ့ဗျာ၊ ကျွန်ုပ်က သေရမှာကို ဒီလောက် ကြောက်လှတာ မဟုတ်ပါဘူး၊ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တခြားလူတွေ စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးတာပါ၊ ဥပမာ....ဒီအခန်းထဲ ဝင်လာတာ မျိုး မပေါ့ဗျာ၊ ခင်ဗျားက ကျုပ် ဒုက္ခပေးမှာစိုးပြီး အော်လား ဟစ်လား လုပ်တာမျိုး ပေါ့'

သူမသည် ဆန်ကွမ်းချို၏ အဝတ်အစားများကို အခေါ်အချဉ် ကြည့်ပြီး....

'ရှင်ဟာ လူစိမ်းတစ်ယောက် ဖြစ်ချင် ဖြစ်ရမယ်၊ လူစိမ်း မဟုတ်ဘူးဆိုရင်တောင် ဂိုဏ်းသားသစ်တစ်ယောက် ဖြစ်ရမယ်'

ဤအမျိုးသမီးနှင့် အချိန်ဆွဲ၍ စကားပြောနေခြင်းအားဖြင့် ခွေးနှင့် အစောင့်များ ကျော်လွန်သွားလိမ့်မည်ဟု ဆန်ကွမ်းချို ယုံသည်၊

ယခုပုံစံအတိုင်းဆိုပါက အမျိုးသမီးသည် သူ့အား ရန်သူ အဖြစ် သတ်မှတ်ပုံ မပေါ်ပေ၊

သူသည် ထိုအမျိုးသမီး၏ ဟန်ပန်အမူအရာကို အသေအချာ အကဲခတ်နေ၏၊

ဤအမျိုးသမီးသည် ဥယျာဉ်ထဲ၌ တွေ့ခဲ့ရသော နှင်းစွင်း ဝတ်စုံနှင့် အမျိုးသမီးထက်လည်း ပို၍ ရဲတင်းပုံရ၏၊

ကြည်လည်း ရှိပုံရသည်၊

ကြီးမားခန့်ညားသော အခန်းထဲ၌လည်း နေခွင့်ရသည်၊



ထိုအချက်များကြောင့် ဤအမျိုးသမီးသည် ကွန်လုံဝမ်း ဇနီးတစ်ယောက်ယောက် ဖြစ်ရမည်ဟု ဆန်ကွမ်းချို တွက်ချ မလေ၏၊

ဆန်ကွမ်းချိုက ဦးညွှတ်ဂါရဝပြုပြီး....

'ဂိုဏ်းချုပ်ကြီး က တော် ပြောတာ မှန်ပါတယ် ခင်ဗျာ ကျွန်တော် လူသစ်ပါ၊ အစကတော့ အပြင်စခန်းမှာ တာဝ ယူရပါတယ်၊ အခုပြောင်းလာတာ သိပ်မကြာသေးပါဘူး'

'ခစ်....ခစ်....ခစ်....ရှင့် အပြောအဆို အမူအရာက ချောင်ချ ပြောင်းသွားပါကလား၊ စောစောက ဂိုဏ်းချုပ်ကြီးအဘော် မှန်း မသိဘူးလား'

'မသိလို့ပါ ခင်ဗျာ၊ ဒါပေမယ့် အခုတော့ ကျွန်တော်သိ သွားပါပြီ၊ အခုလို ဝင်လာခဲ့မိတဲ့အတွက် ခွင့်လွှတ်ပါ'

'ထားပါတော့၊ ရှင့်ကိုကြည့်ရတာကတော့ အတော်ထူး ခြားနေတာပဲ'

'ထူးခြားတာက ဒီလိုပါ၊ ကျွန်တော်ဟာ ဂိုဏ်းချုပ်ကြီး ဆေးကို မသောက်သုံးရသေးဘဲနဲ့ ဂိုဏ်းထဲရောက်လာလို့ပါ'

'ဒါနဲ့ ရှင်တို့ရဲ့ ဂိုဏ်းချုပ်ကြီး အခု ဘယ်ကို ခရီးထွက်နေ သလဲ'

ဆန်ကွမ်းချိုမှာ ရော်....ခက်ချေပြီဟု တွေးနေ၏၊

www.burmeseclassic.com



ဇနီးဖြစ်သူမှ ခင်ပွန်းဖြစ်သူ ဘယ်သွားသည်ကိုမသိလျှင် သူက အဘယ်မှာလျှင် သိနိုင်ပါမည်နည်း။

သို့သော် ထိုအချက်ကြောင့် ဤအမျိုးသမီးသည် ကွန်လုံဝမ်၏ များစွာသော ဇနီးမယားများ အနက်မှ တစ်ဦး တစ်ယောက်သော ဇနီးသာ ဖြစ်သည်ဟူသည့်အချက်ကို ဆန်ကွမ်းချီက နားလည်လိုက်ရပေသည်။

ထိုသို့ သိနားလည်ရခြင်းက သူ့အတွက် ပို၍ တန်ဖိုးရှိသွားသည်။

ဆန်ကွမ်းချီက....

'ဂိုဏ်းချုပ်ကြီးဟာ ကျွန်လှူဂိုဏ်းရဲ့ အရေးအခင်း ကြီးမားလို့ အပြင်ကို ခရီးထွက်နေပါတယ်'

'ဘယ်နေ့ ပြန်ရောက်မှာလဲ'

'သန်ဘက်ခါလောက်ဆိုရင် ပြန်ရောက်မယ်လို့ ထင်ပါတယ်၊ ဒါကတော့ အတိအကျ မဟုတ်ပါဘူး၊ ခင်ပွန်းခြေပါ၊ ဂိုဏ်းချုပ်ကြီးရဲ့သဘောကို ဂိုဏ်းချုပ်ကြီးကတော်လဲ သိသားပဲ၊ အခု တရုတ်ပြည်တောင်ပိုင်း ရောက်နေပေမယ့် နောက်တစ်ရက် နှစ်ရက်အတွင်းမှာ မြောက်ပိုင်းအစွန်းကို ရောက်ချင်ရောက်နေတတ်တာပါ'

'ကဲ....ကဲ....ရှင်လဲ မတ်တတ်ရပ်ပြီး စကားပြောနေရတယ်၊ အဲဒီထိုင်ခုံကလေးမှာ ထိုင်လိုက်ပါလား၊ ကျွန်မတို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့'



'ဟုတ်....ဟုတ်ကဲ့'

ဆန်ကွမ်းချီ ထိုင်လိုက်ရသည်။

'ရှင် တခြားကတော်တွေဆီ ရောက်ခဲ့သေးသလား'

အမျိုးသမီးသည် ဆန်ကွမ်းချီအား အထင်မှားနေလေပြီ။

ဆန်ကွမ်းချီကို ကွန်လုံဝမ်မရှိခိုက် ကွန်လုံဂမ်၏မြောက်မြားစွာသော ဇနီးများနှင့် လှည့်လည်ပျော်ပါးနေသော အချောင်သမားတစ်ယောက် ထင်မှတ်နေလေပြီ။

သူ့အား မြူဆွယ်သောအကြည့်ဖြင့် ကြည့်နေသဖြင့် ဆန်ကွမ်းချီမှာ နေမထိုင်မသာ ဖြစ်နေခဲ့သေ၏။

'ကျွန်တော် ဘယ်သူ့ဆီမှမရောက်လေးပါဘူးခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးကတော်ဆီ အရင်ရောက်တာပါ'

'သိပ်ဝမ်းသာတာပဲရှင်၊ ရှင် ဒီဂိုဏ်းထဲရောက်တာအတော်ကြာပြီလား'

'နှစ်လလောက်ပဲ ရှိပါသေးတယ်'

ဂိုဏ်းချုပ်ကတော်သည် သူမထိုင်နေသည့်ခုံကို ဆန်ကွမ်းချီ၏ အနီးသို့ ရွှေ့လာ၏။

မွှေးယစ် ရီဝေစေသော အမွှေးနံ့ များသည် ရမ္မက်ဆော်များကို တစ်မျိုးတစ်ဖုံနိုးကြွားစေသည်ကတော့ အမှန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်နာမည် ဘယ်လိုခေါ်သလဲ'

ဆန်ကွမ်းချိသည် သူ့နာမည်ကို မည်သို့ဖြေဆိုရမည်နည်းဟု တွေးတောနေ၏။

ကွန်လုံဝမ်၏ ကိုယ်လုပ်မောင်းမဘဝမှာ အလွန် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ဘဝဖြစ်သည်။

ကွန်လုံဝမ်သည် ကေရာဇ်ဘစ်ပါးဖြစ်ရန်အကြံကြီးကြံနေသူဖြစ်၏။

ကေရာဇ် မဖြစ်မီကပင် ကေရာဇ်များ ကိုယ်လုပ်မောင်းမများစွာထားသလို သူလည်း ကိုယ်လုပ်မောင်းမများစွာ ထားလေသည်။

ထိုများစွာသော ကိုယ်လုပ်မောင်းမများမှာ ကွန်လုံဝမ်မှတစ်ပါး အခြားသောယောကျ်ားသားများကိုတွေ့ဆုံခွင့်မရပေ။

ကွန်လုံဝမ်က ထင်းကျပ်စွာတားမြစ်ထားသည်။

မန်းဥယျာဉ်ထဲတွင်တွေ့ရသော မိန်းကလေးများမှာ ကိုယ်လုပ်မောင်းမများကို စောင့်ရှောက်နေရသော အစောင့်အကြပ်မိန်းကလေးများဖြစ်ကြောင်း ဆန်ကွမ်းချိ နားလည်လိုက်ရပေပြီ။

ယခု ဂိုဏ်းချုပ်ကားတော်မှာ ကွန်လုံဝမ်၏ မြောက်မြားစွာသော ကိုယ်လုပ် မောင်းမများထဲမှ တစ်ဦးမျှသာ ဖြစ်၍ ယောကျ်ားပီသကာ ချောမောသော ဆန်ကွမ်းချိ ရောက်ရှိလာခြင်းအတွက် လွန်စွာ ကျေနပ်ပီတိဖြစ်နေလေ၏။



ဆန်ကွမ်းချိထံမှ တုံ့ပြန်သော အဖြေစကား မကြားရသဖြင့် အမျိုးသမီးသည် ဒေါထွက်သွားလေတော့၏။

'ရှင် ဘာတွေစဉ်းစားနေတာလဲ၊ ကျွန်မ ပြောတာတွေကို ရှင် မကြားဘူးလား'

ဆန်ကွမ်းချိသည် သူမ၏အလှကို ငေးကြည့်နေမိ၏။

'အင်း...သူ့အလှက တစ်ပွေ့တစ်ပိုက်နဲ့ ရင်ပူစရာအလှပြစ်တယ်၊ နှိုင်းချိန်ကြည့်ရင်တော့ သေးသေးသွယ်သွယ်နဲ့ တွေ့မြင်တဲ့လူကို အားချမ်းစေတဲ့အလှဖြစ်တယ်၊ အင်းလေ ကွန်လုံဝမ်ကတော့ ရင်ပူစရာအလှကိုပဲ လိုချင်မှာပေါ့၊ သူက ကေရာဇ်ဖြစ်ဖို့ကြံနေတဲ့လူပဲ'

ဆန်ကွမ်းချိ တွေးနေသည်ကို အမျိုးသမီးသည် အခတောင်ကာလေး မကျေမချမ်းဖြစ်နေသည်။

'ရှင် ဘာတွေ ငေးနေတာလဲ၊ ကျွန်မပြောတာတွေကို ရှင် မကြားဘူးလား'

ဆန်ကွမ်းချိ သတိရသွားသည်။

ဤအမျိုးသမီးနှင့် ကတောက်ကဆ မဖြစ်သင့်ပေ။

ခွေးနှင့်အစောင့်များ ရောက်ရှိလာပြီး ရန်သူရှာဖွေ၍ တွေ့ဘဲ ပြန်သွားသောအခါမှ ရန်ဖြစ်လျှင် အကြောင်းဟုတ်ပေ

www.burmeseclassic.com



'ဪ...ကျွန်တော်က ဂိုဏ်းချုပ်ကြီးကတော် လှလွန်းလို့ ငေးကြည့်နေမိတာပါ'

ဆန်ကွမ်းချိသည် သာမန်အားဖြင့် သူ့နှုတ်မှ ထွက်ဖွယ်မည် မဟုတ်သော စကားများကို ရုတ်တရက်ပြောချလိုက်သည်။

'ခစ်....ခစ်....ခစ်....ရှင်တကယ်ပွင့်လင်းတဲ့သူပဲ၊ တစ်ခါတစ်ရံ ဂိုဏ်းသားတချို့ကိုတွေ့ရပါတယ်၊ မှန်ဘေတကြီးတွေနဲ့၊ သူတို့ကိုကြည့်ရတာ အရုပ်ကြီးတွေနဲ့ သိပ်တူတာပဲ၊ သူတို့က ရှင့်လို မပွင့်လင်းကြဘူးရှင့်'

'သူတို့က အဆိပ်ဆေးတွေမိပြီး ဦးနှောက်တွေ ထုံထိုင်းနေကြတာကိုး၊ ခင်ဗျားလိုချင်တဲ့ပုံစံမျိုး ဘယ်ရှိမှာမလဲ'

ထိုစကားများကို ဆန်ကွမ်းချိ၏ နှုတ်မှ ထုတ်ပြောခြင်း မဟုတ်ပါ။

စိတ်ထဲ၌ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

ဆန်ကွမ်းချိသည် ရုတ်တရက်ထပြီး လိုက်ကာ အကွယ်မှ အဝေးသို့ လှမ်းကြည့်သည်။

ပန်းဥယျာဉ်ကြီးကိုဖြတ်၍ လူတစ်စုလျှောက်လာနေကြသည် ကို တွေ့ရသည်။

ခွေးဟောင်သံသဲ့သဲ့ကို ကြားနေရသည်။



'သူတို့လိုက်လာကြပြီ၊ သူတို့နဲ့တိုက်သားခိုက်သား လုပ်ရရင် တော့ ငါတို့အကြံအစည်တွေ ရေစုန် မျောကုန် တော့မှာပဲ၊ ကံကောင်းရင်တော့ ဒီလူတွေနဲ့ လွတ်သွားမှာပေါ့လေ'

ဆန်ကွမ်းချိ တွေးနေစဉ် အမွှေးနံ့သည် သူ့အနီးသို့ရောက်ရှိလာ၏။

နူးညံ့သောလက်ဖဝါးတစ်ဖက်သည် သူ့ပခုံးပေါ်သို့ ကျ လာသည်။

ဆန်ကွမ်းချိ၏ ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

အတွင်းအားများကို စုစည်းလိုက်သည်။

အမျိုးသမီးသည် သူ့အား ဖြားယောင်း လိုခြင်းလော၊ ရန်ပြုလိုခြင်းလော၊ သူ ခွဲခြားမသိပေ။

အတွင်းအားကို ကြိုတင်စုစည်းထားခြင်းဖြင့် အမျိုးသမီး သည် သူ့အကြောကို ပိတ်နိုင်လိမ့်မည်မဟုတ်ပေ။

ထိုစဉ် အဆောင်၏အောက်ဘက်မှ အော်ဟစ်သံကို ကြား လိုက်ရသည်။

'ဂိုဏ်းချုပ်ကြီးကတော် ခင်ဗျာ၊ ကျွန်တော် အိမ်တွင်း ကိုယ်ရံတော် ခေါင်းဆောင် ကြောင်ကျုံပါ၊ အလွန် အရေး ကြီးတဲ့အတွက် ရှမ်းဟို့ကတော်ကြီးနဲ့ တွေ့ဆုံလိုပါတယ်'

အမျိုးသမီး၏ နူးညံ့သော လက်ဖဝါးများသည် ဆန်ကွမ်း ချိ၏ ပခုံးပေါ်မှ လျှောကျသွား၏။

www.burmeseclassic.com



သူမ၏ မြုံးရယ်နေသော မျက်လုံးများသည် တည်ကြည်သွား၏။

ဆန်ကွမ်းချိုအား ပြတင်းပေါက်မှဖယ်ရန် လက်ပြင့်အချက်ပြပြီး သူမကိုယ်တိုင် ပြတင်းဝမှ အောက်သို့ ငုံ့ကြည့်သည်။

ဆန်ကွမ်းချိုသည် သူမ၏ သွေးကြောများကို ဝိတ်ပစ်ရန် အဆင်သင့်ပြင်ထားသည်။

ကျိုးသည်မှာလည်း ဆန်ကွမ်းချို၏ အခွားပင် ဖြစ်သည်။

စိမ့်ဆရာတော်သာ ကျိန်ရာ၌ ရောက်ရှိလာလျှင် အမျိုးသမီး၏ အကြောကို ထိုးပိတ်ပြီး မိမိ ဖြစ်စေချင်သည့်အတိုင်း ခြေခိုင်းခြည်မှာ သေချာသည်။

ဆန်ကွမ်းချိုမှ သူမ၏ စိတ်သိုလက်ရ ပူးပေါင်းမှုကို စောင့်နေသည်။

'အောက်က ဘယ်သူလဲဟေ့'

'ကျွန်တော် ကြောင်ကျုံပါ'

'အလို ကြောင်ကျုံတဲ့လား၊ ဘာဖြစ်လို့ဒီအဆောင်နယ်ပယ်ထဲ ဝင်လာတာလဲ၊ ထူးထူးဆန်းဆန်းပါလား၊ ငါတို့ကို လာအခွင့်အယူက် မေးတာလား'

အောက်မှ မျှော်မျှော်လဲ ပြောကြားရသည်။



'မဟုတ်ပါဘူး ခင်ဗျာ၊ အကြောင်းကိစ္စ မရှိဘဲနဲ့ ဂိုဏ်းချုပ်ကြီးကတော်ကို ခုလို အခွင့်အယူက် မမေးဝံ့ပါဘူး'

'ဆိုစမ်းပါဦး ဘာကိစ္စလဲ၊ မင်းပြောသလို အရေးကြီးတဲ့ကိစ္စမရှိဘဲနဲ့ ဝင်လာတယ်ဆိုရင်တော့ မလွယ်ဘူး'

အောက်မှ အဘန်ကြာ တိတ်ဆိတ်သွားသည်။

'ကျွန်တော်တို့ ဝင်းစောင့်ခွေးတွေနဲ့ လိုက်လံ စစ်ဆေးတဲ့အခါမှာ ဒီမိန်းမဆောင် ဝင်းထဲကို ရန်သူ ဝင်သွားတယ်လို့ တွေ့ရှိရပါတယ်'

'ရန်သူကို တွေ့လိုက်လို့လား'

'ရန်သူကိုတော့ မတွေ့ရပါဘူး၊ ပန်းဥယျာဉ်ထဲမှာ ကျင်းခမနဲ့ သိုင်းမယ် လေးဖော် အကြောပိတ် ခံထားရတာ တွေ့ရပါတယ်၊ သိုင်းမယ် လေးဖော်ထဲက တစ်ယောက်ဆိုရင် အသေကလေး ဒဏ်ရာရနေပါတယ်'

'ဒါနဲ့ပဲ ရန်သူ ဝင်လာတယ်လို့ မင်းက အသေအချာဆိုနိုင်ရောလား'

ကြောင်ကျုံမှာ ရုတ်တရက် စကား မပြောနိုင်အောင် ဖြစ်သွားသည်။

အဘန်ကြာမှ....

'ဒီလိုပါခင်ဗျာ၊ ဝင်ပြေးလာတဲ့၊ သူလျှိုကိုတော့ သေသေချာချာ မတွေ့လိုက်ရပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ရဲ့ သိုး

www.burmeseclassic.com



ထိန်း ခွေးတွေကတော့ ဒီအဆောင်ကို ဦးတည်ပြီး အနံ့ခံလိုက်လာပါတယ်၊ ဒါကြောင့်မို့'

'အောင်မာ'

အမျိုးသမီး၏ အသံက မာကျောခက်ထန်လှ၏၊

ကြောင်ကျုံက....

'ကျွန်...ကျွန်တော်တို့ တာဝန်အရ'

သူ့စကားသံ မဆုံးပေ၊

'မင်းတို့စိတ်ထဲမှာ ရန်သူ သူလျှိုကို ငါက ဝှက်ထားတယ်လို့များ ထင်နေသလား၊ သယ်....'

'ကျွန်...ကျွန်တော်တို့ ဒီလို မစွပ်စွဲဝံ့ပါဘူး ခင်ဗျာ၊ အခု ကျွန်တော်တို့ခေါ်လာတဲ့ ခွေးတွေက ခွေးစွမ်းကောင်းတွေပါ၊ အင်မတန် အနံ့ခံကောင်းပါတယ်၊ သူက ဒီအဆောင်ရှေ့ရောက်တော့ ရှေ့ဆက်မသွားတော့ဘူး၊ အတင်းဆွဲခေါ်လဲ မရတော့ဘူး'

'ခွေးက ဆက်မသွားတာနဲ့ဘဲ ငါက ရန်သူ သူလျှိုကို ဝှက်ထားရရောလား၊ မင်းတို့က လူ့စကားထက် ခွေးရဲ့ အပြုအမူကို ပိုပြီး တန်ဖိုးထားနေတယ်ပေါ့လေ ဟုတ်လား'

'မ...မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ ဒီသဘော ပြောတာ မဟုတ်ပါဘူး'



'ဒါဆိုရင် မင်းတို့က ဘယ်လိုလုပ်ချင်လို့လဲ'

'ဒီအဆောင်ပေါ် ခဏတက်ပြီး ရှာပါရစေ'

'ဒါဟာ ရန်သူကို ငါကဝှက်ထားတာလို့ ပြောလိုတာပဲပေါ့'

'ဒီလို မဟုတ်ပါဘူး ခင်ဗျာ၊ ရန်သူဟာ ဂိုဏ်းချုပ်ကြီး ကတော် မသိဘဲနဲ့ အဆောင်ထဲ ဝင်ခိုချင် ခိုနေမှာပါ၊ ဂိုဏ်းချုပ်ကြီးကတော်သာ သိရင် အော်ဟစ် အကူအညီတောင်းမယ်ဆိုတာ ကျွန်တော်တို့ သိနားလည်ပါတယ်'

'ဒါဖြင့် အဆောင်ပေါ် တက်မစစ်ရသေးဘဲနဲ့ မင်းတို့ မပြန်ဘူးပေါ့'

'ဒါကလဲ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရပါ၊ တကယ်လို့ ရန်သူ ရှိလျက်သားနဲ့ ကျွန်တော်တို့ ရှာဖွေမတွေ့ဘူးဆိုရင် ကျွန်တော်တို့ အသတ်ခံရလိမ့်မယ်၊ အသတ်ခံရတာထက် တော်....'

ကြောင်ကျုံက ဆက်မပြောတော့ချေ၊

သို့သော် သူ ဆက် မ ပြော သည့် စကားကို ဆန်ကွမ်းချိုကောင်းစွာ သိ၏၊

သူတို့သာ ရန်သူမတွေ့ပါက ကွန်လုံဝမ်သည် သူတို့ကို သတ်မည် မဟုတ်ချေ၊

အဆိပ်ဖြေဆေး မပေးဘဲ ထားမည်သာဖြစ်၏၊

ထိုအဖြစ်သည် သေခြင်းထက် ဆိုးရွားပေသည်၊

www.burmeseclassic.com



'ရှမ်းဟို့ကဆောက်ကြီး ခင်ဗျာ၊ ကျွန်တော်တို့ စစ်ဆေးဖို့ ခွင့်ပြုပါ'

ရှမ်းဟို့ကဆောက်ဟု အခေါ်ခံရသော အမျိုးသမီးသည် ဆန်ကွမ်းချိဘက်သို့ ပြန်လှည့်လာ၏။

ဆန်ကွမ်းချိသည် အကြောပိတ်ရန် မြှောက်ထားသည့် သူ၏ လက်ကို အလျင်အမြန် အောက်သို့ ချလိုက်ရလေ၏။

သူမအား နောက်ကျောမှ အကြောပိတ်ရန် ပြင်ထားခြင်းကို သူမအား အသိမပေးလို၊

'ရှင် ဘယ်သူလဲ၊ မှန်မှန်ပြောပါ'

ဆန်ကွမ်းချိက ပွင့်ပွင့်လင်းလင်းပင် ပြောသည်၊

'ကျွန်တော်ဟာ ကွန်လုံဝမ်ရဲ့လက်အောက်ခံ မဟုတ်ပါဘူး၊ အပြင်လူတစ်ယောက်ပါ'

'စောစောက ဘာဖြစ်လို့ မပြောတာလဲ'

'ပြဿနာတွေ ကြီးကျယ်ကုန်မှာ စိုးလို့ပါ'

'အခု ကော'

'အခု သူတို့ထက်လာရင်တော့ ခင်ဗျားရဲ့ အခန်းဟာ စစ်မြေပြင်ဖြစ်တော့မှာပဲ၊ ကျွန်တော်ကလဲ သေသေကြေကြေ ခုခံတိုက်ခိုက်ရတော့မှာမို့ ခင်ဗျားကို တော့ အားနာပါတယ်ဗျာ'



ရှမ်းဟို့ကဆောက်က ဆန်ကွမ်းချိ၏ မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

'ရှင် ကျွန်မကို သတ်နိုင်မယ်လို့ထင်သလား'

'ခင်ဗျားလို လူမျိုး တစ်ယောက်တည်း မဟုတ်ဘူး၊ ဆယ်ယောက်ကိုလဲ သတ်နိုင်တယ်'

'ရှင့်ပညာက ဘယ့်နှယ်လောက်ကောင်းလို့လဲ'

ဆန်ကွမ်းချိက ပြုံးလိုက်၏။

'ခင်ဗျားရဲ့ခင်ပွန်း ကွန်လုံဝမ်ဟာ ကျွန်တော့်ထက် အတွင်းအားပညာမှာ နည်းနည်းပဲသာမယ်၊ ကျွန်တော့် အပိုင်းမှာတော့ ကျွန်တော့် အနေနဲ့ ကွန်လုံဝမ်ကို မကြောက်ပါဘူး၊ ဒါဆိုရင် ခင်ဗျား မှန်းနိုင်လောက်ရောပေါ့'

'အင်း....ကျွန်မသို့ လူမျိုးကို သတ်ဖို့ စိတ်မကူးတာ တော်တော် အံ့သြဖို့ကောင်းတာပဲ၊ ကျွန်မက ရှင့်လေမင်းဖြစ်သွားနိုင်တာကို တွက်မိရဲ့လား'

'တွက်မိတာပေါ့၊ တွက်မိတိုင်း လိုက်သတ်နေရင် ကျုပ်က ကွန်လုံဝမ်နဲ့ဘာထူးတော့မှာလဲ၊ ကျုပ်က ကွန်လုံဝမ် မဟုတ်ဘူးဗျ၊ ဒါပေမယ့်....'

ဆန်ကွမ်းချိ၏အသံက နှုတ်သွားသည်၊

ရှမ်းဟို့ကဆောက်က...

www.burmeseclassic.com

www.burmeseclassic.com



'ဆက်ပြောပါဦး'

'ဒါပေမယ့် ကျုပ်ဟာ သူတော်စင်မဟုတ်ဘူး၊ ကျွန်လုံ၀မ်လို လူမျိုးကို နှောင့်ယှက် ဖျက်ဆီးသုတ်သင်ဖို့ ကြံနေတဲ့သူ ဖြစ်တဲ့ အတွက် ခင်ဗျားရဲ့ အကြောင်းကို ပိုက်တာသောက်တော့ လုပ်သင့်လုပ်ရလိမ့်မယ်'

ရှမ်းဟို ကဘော်ဗျ ပြုံးလိုက်သည်။

'ကျွန်မကြားဖူးသလောက်တော့ ဒီစံတော်အိမ်ဝင်းအတွင်း ဝင်လာတဲ့လူတိုင်း ဖမ်းမိတာချည်းပဲ၊ ဘယ်ရန်သူမှ လွတ်သွားတာ မရှိဘူး၊ ရှင်ကော လွတ်မြောက်သွားလိမ့်မယ်လို့ ထင်နေသလား'

'ကျွန်တော်ကတော့ သိပ်မပူပါဘူး၊ ကျွန်တော့်ကို ခင်ဗျား ကူညီရင် ခင်ဗျားကိုလဲလွတ်မြောက်အောင် ကူညီပေးမှာပေါ့'

အမျိုးသမီးက ရယ်လိုက်၏။

သူမ၏အသံမှာ ရယ်သံနှင့်မတူပါ။

ငိုသံနှင့် တူနေသည်။

'ရှင်ကူညီလဲ ကျွန်မကတော့ မလွတ်ပါဘူးရှင်'

'ဗျာ၊ ဘယ်လို....ဘယ်လို....ခင်ဗျားကိုယ်တိုင်အဆိပ်သောက်ထားရလို့လား၊ ကျွန်လုံဝမ်က သူ့ဇနီးတွေကိုလဲ အဆိပ်သောက်နိုင်းတာပဲလား'



'မသောက်နိုင်းပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ မလွတ်မြောက်နိုင်ဘူးလို့ ပြောရတာလဲ၊ ခင်ဗျား ကိုယ်တိုင်က ဒီဘဝကို နှစ်သက်မြတ်နိုးနေလို့ မလွတ်မြောက်ချင်တာပဲ ဖြစ်ရမယ်'

ရှမ်းဟို ကတော်က ခြောက်ကပ်ကပ် ရယ်လိုက်ပြန်၏။

'ဒီလို ပိတ်လှောင်ခံနေရတဲ့ဘဝကို ဘယ်သူက နှစ်သက်မှာလဲ၊ ဒီနေရာရောက်တဲ့မိန်းမတိုင်း ထွက်ပြေးချင်ကြတာ ချည်းပဲ'

'အဲဆိုင်လဲမမိဘူး၊ ထွက်လဲ ထွက်ပြေးချင်တယ်၊ ဒါဆိုရင် ထွက်ပြေးနိုင်ပြီ'

'ဟင်း....ကျွန်မတို့ ထွက်မပြေးနိုင်ဘူးလေ၊ အစောင့်တွေ အများကြီးချထားလို့လဲ မဟုတ်ပါဘူး၊ ဘာကြောင့်မပြေးနိုင်သလဲဆိုတာ ဟောဒီမှာကြည့်'

ရှမ်းဟို ကတော်က သူမ၏ဝတ်ရုံကိုမ၍ ခြေထောက်ကိုလှစ်ပြ၏။

ဝင်းဝါပြည့်ဖြိုးသော ခြေတံကိုမြင်ရသည်။

ခြေမျက်စိအထက်နားတွင် သံကွင်းတစ်ကွင်းရှိပြီး ထိုသံကွင်းကို ကြိုးနက်ကလေးတစ်ချောင်းဖြင့် ဆက်သွယ်ထား၏။

ထိုကြိုးကို နံရံရှိသံကွင်း၌ ချည်နှောင်ထားပြန်သည်။

'ဒီကြိုးကသိပ်ခိုင်တယ်၊ ဘယ်လိုကြိုးအမျိုးအစားလဲ ဆိုတာတော့ ကျွန်မလဲမသိဘူး၊ သံကွင်းမှာတော့ သော့ရှိတယ်

www.burmeseclassic.com



'ဒီသောကို ကွန်လုံ့ဝမ်ကိုယ်တိုင် သိမ်းထားတယ်၊ ဒါတော့ ကျွန်မ ဘယ်လိုပြောရတော့မလဲ'

'ကြိုးကို ဓားနဲ့ခုတ်ဖြတ်လို့ မရဘူးလား'

ရှမ်းဟို့ကတော်က ရယ်လေ၏။

'ဓားနဲ့ခုတ်ဖြတ်နိုင်မှတော့ ရှင့်ကို ဒီကြိုးအကြောင်း စာပို့ပြီး ပြောနေပါတော့မလား'

'ဒီလောက်တောင် ပဲလား'

'ရှင် မယုံရင် စမ်းကြည့်ပါလား'

ဆန်ကွမ်းချီသည် ကြိုးကို လက်ဖြင့်ဆွဲဖြတ်သည်။

အလွန်တရာခိုင်ခံ့ကြောင်း တွေ့ရှိရလေ၏။

'ရှမ်းဟို့ကတော် အောက်ကလူတွေ....'

'ကိစ္စမရှိပါဘူး သူတို့ စောင့်နေမှာပေါ့၊ ကြောင်ကျုံ့ဟာ ကွန်လုံ့ဝမ်ရဲ့လူယုံတော်ပဲ၊ ကျွန်မတို့သူ့ကို အလွန်ဆုံးတစ်နာရီလောက်တော့ အဲဒီပုံစံအတိုင်း နေခိုင်းလို့ရပါတယ်၊ တစ်နာရီလောက်ကြာရင်တော့ ကျွန်မခွင့်မပြုလဲ သူ ဘာသာ တက်လာမှာပဲ၊ ကဲ...ကဲ...ရှင် စိတ်ကောင်းစေတနာကောင်းရှိတယ် ဆိုတာ ရှင့်ရဲ့ရည်သွင်ပြင်နဲ့ မျက်လုံးကိုကြည့်ထဲ့ခနဲ့ ကျွန်မသိပါတယ်၊ ရှင်ပြေးပေတော့ အခဆောင်ရဲ့ အနောက်ဘက်ကပြေးရင် လွတ်နိုင်ပါတယ်'



'ဒီလိုတစ်ကိုယ်ကောင်းဆန်စွင် ကျုပ်နာမည်ကို ရေထဲမျှောပစ်ဖို့ပဲကောင်းတော့တယ်၊ ခင်ဗျားကို ကျုပ်ကယ်မယ်'

'အို....'

ဆန်ကွမ်းချီသည် သူ၏အတွင်းအိတ်ထဲမှ ဝိညာဉ်လိပ်ပြာနုတ်ရွှေဓားကို ဆွဲထုတ်လိုက်လေ၏။

www.burmeseclassic.com

## အခန်း (၁၄၂)

### ပူးပေါင်းကူညီသော ဝမ်ကတော်တစ်ဦး

'ဒီကြိုးလား အင်မတန် ခိုင်ခံ့တဲ့ကြိုးဆိုတာ'

'ဟိုး'

ဆန်ကွမ်းချီ၏ ရှေ့ဓားသည် လေထဲ၌ ဝင်းလက်သွား၏။ ခိုင်ခံ့သည်ဆိုသော ကြိုးသည် ထောက်ခနဲ ပြတ်သွားသည်။

'ဒီသံခြေကျင်းကလဲ ဓားနဲ့ဖွင့်မှ ရသတဲ့လား'

'ဟိုး'

ခြေထောက်၌ စွပ်ထားသော သံခြေကျင်းကို ဓားဖြင့်ခုတ်ဖြတ်သည်။ ကိစ္စမှာ အဆောင်မလွယ်သော ကိစ္စဖြစ်သည်။

သို့သော်....

www.burmeseclassic.com

ဆန်ကွမ်းချိုကဲ့သို့သော ထိပ်သီး သိုင်းသမားတစ်ဦး အဖို့မူ ထိုသို့ ခုတ်ဖြတ်ခြင်းမှာ အသေးအမွှားပင် ဖြစ်သည်။

သူ့ဓားသည် တိတိကျကျ သံခြေကျင်းကို ဓားဖျားကလေးဖြင့် ပွတ်ကပ် ခုတ်ဖြတ်သွားလေ၏။

သံခြေကျင်း၏ တစ်ဖက်စွန်း တစ်စစီကို လက်ဖြင့် ဆွဲဖြုပြီး လွှင့်ပစ်လိုက်သောအခါ ရှမ်းဟို့ကသော်မှာ လွတ်လပ်သော နှောင်ကြိုးမဲ့ မိန်းမသားတစ်ယောက် ဖြစ်သွားလေ၏။

'ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်ရှင်'

'ဒါ ကျေးဇူးတင်စရာမဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ကျေးဇူးက ကျွန်တော့်အပေါ် အရင် တင်ရှိနေတာပဲ၊ ခင်ဗျားသာ အော်ဟစ် အကူအညီတောင်းရင် ကျုပ် အကောင်ကလေး တသောင်းကနင်း ဖြစ်မှာ သေချာတယ်'

ရှမ်းဟို့ကသော်သည် ဆန်ကွမ်းချိုကို ကန့်လန့်ကာတစ်ခု၏ နောက်တွင် ဝင်ပုန်းစေသည်။

'လူယုံတော် ကြောင်ကျုံ့ကို ဖြေရှင်းရဦးမယ်၊ သူ့ အေးအေးဆေးဆေး ဆင်းသွားအောင် ကျွန်မ ကြိုးစားမယ်၊ အဲဒါမှမဆင်းရင်တော့ ရှင့်သဘောကျ စီရင်ပေတော့'

'ကောင်းပါပြီ'

ရှမ်းဟို့ကသော်သည် ပြတင်းပေါက်မှရပ်ကာ အောက်သို့ လှမ်းအော်သည်။



'ကြောင်ကျုံ့...ကြောင်ကျုံ့'

'ဟုတ်ကဲ့...ရှမ်းဟို့ကသော်၊ ကျွန်တော်တို့က ကသော်ကြီးရဲ့ ခွင့်ပြုချက်ကို စောင့်နေပါတယ်'

'ငါ စဉ်းစားပြီးပြီ၊ မင်း တွက်ရှာချင် ရှာပေးတော့ မင်း တစ်ယောက်တည်း လာရှာနော်'

'ဟုတ်ကဲ့...အမိန့်အတိုင်း တစ်ယောက်တည်း တက်ရှာပါ့မယ်၊ ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ကဲ...မင်း တက်လာပေတော့'

ရှမ်းဟို့ကသော်သည် ဆန်ကွမ်းချိုအား တီးတိုးပြော၏။

'ရှင် ဒီမှာ ငြိမ်ငြိမ်သက်သက် နေပါ၊ ကျွန်မ ကြိုးစားကြည့်ဦးမယ်'

ဆန်ကွမ်းချိုက ခေါင်းညိတ်ပြလေ၏။

ရှမ်းဟို့ကသော်က ပြေးထွက်သွားသည်။

သူမ ပြေးထွက်ပုံမှာ အလွန်တရာ ပေါ့ပါးလှသဖြင့် သိုင်းပညာ တတ်မြောက်ထားသူ ဖြစ်မကြောင်း ဆန်ကွမ်းချို ရိပ်မိသွားလေ၏။

'ဂျိုင်း'

တံခါးဖွင့်သံ ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်နေမှုဖြင့်ချောင်းကြည့်လိုက်သည်။

ရှမ်းဟိုကတော်သည် ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်ထားသူ တစ်ဦးအား ခေါ်ဆောင်လာ၏။

သူမသည် အပေါ်ဝတ်ရုံရှည်ကြီးကို ချွတ်ချလိုက်သဖြင့် ပါးလွှာလှသော အတွင်းဝတ်စုံသည် သူမ၏ ဖုံးသွားခဲ့သော အလှများကို မဖုံးမဖိနိုင်ဖြစ်သွားတော့သည်။

ကြောင်ကျုံမှာ ရှမ်းဟိုကတော်၏ အလှကို ကြည့်လည်း မကြည့်ရဲ၊ ကြည့်လည်း ကြည့်ချင်သဖြင့် အတော်ကလေး ဒုက္ခရောက်နေရှာတော့သည်။

'ကဲ…မင်း ရှာဖွေချင်တာဘာလဲ ရှာလေ၊ ငါ့အခန်းထဲမှာ ဘယ်သူမှမရှိဘူးဆိုတာ သေချာအောင် ရှာပါ၊ ငါ ခွင့်ပြုပါတယ်'

ရှမ်းဟိုကတော်သည် ထိုစကားများကို ရှိုးရှိုးသားသားလေသံဖြင့် မပြောချေ။

ကြောင်ကျုံအား ကလူ၏သို့ မြူ၏သို့ ပြောဆိုနေသဖြင့် ကြောင်ကျုံခမျာ ပို၍ မနေတတ် မထိုင်တတ် ဖြစ်ရလေတော့သည်။

'ရှင်…ဘာငိုင်နေတာလဲ၊ လာစမ်းပါ၊ ရှာစမ်းပါ၊ ငါ့အိပ်ခန်းထဲ မင်းကို လိုက်ပို့ပေးရဦးမလား'



ရှမ်းဟိုကတော်က ကြောင်ကျုံ၏လက်ကို ဆွဲ၍ခေါ်သည်။

သူမ၏ လက်ကိုင်ပုံမှာ မြူဆွယ်သလို ပွတ်သပ်ကိုင်တွယ်ခြင်း ဖြစ်၍ ကြောင်ကျုံမှာ ရင်ထဲ၌ တဒိန်းဒိန်း ဖြစ်လာတော့သည်။

'ဂိုဏ်းချုပ်ကြီး ကတော်တော်နဲ့ ပြန်လာဦးမှာ မဟုတ်ပါဘူး'

ရှမ်းဟိုကတော် ဘာသဘောနှင့်ပြောသည်ကို ကြောင်ကျုံ သည်။

ကြောင်ကျုံမှာ ရမ္မက်မီးများ ကြွနေပြီဖြစ်၍ ရှမ်းဟိုကတော် ဆွဲခေါ်ရာသို့ တဖြည်းဖြည်း ပါလာသည်။

သူသည် ရှမ်းဟိုကတော်၏ ကပ်ကိုယ်လုံးကို စားမလို ဝါး ကြည့်ပြီး ပခုံးပေါ် လက်တင်လိုက်၏။

'ကျွန်…ကျွန်တော်တို့…'

ကြောင်ကျုံမှာ ရမ္မက်၏သားကောင် ဖြစ်နေသဖြင့် တုန်တုန်ယင်ယင် စိတ်လှုပ်ရှားနေသည်။

'ဖြန်း'

ရှမ်းဟိုကတော်က ကြောင်ကျုံ၏လက်များကို ပခုံးပေါ်မှ ချပစ်လိုက်၏။

ထို့နောက် သူမ၏ ဝတ်ရုံရှည်ကြီးကိုလည်း ကောက်ယူ တ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဒါဘာလုပ်တာလဲ'

ကြောင်ကျုံ နောက်ဆုတ်သွားသည်။

တံခါးဝအထိ ရောက်သွားသည်။

'ဂိုဏ်းချုပ်ကြီး ကွန်လုံမေ် မရှိချိန်မှာ ရန်သူ သူလျှို ရှာ ဆိုပြီး ငါ့အခန်းထဲ ဝင်လာတယ်၊ ငါ့အခန်းထဲ ရောက်ပေ သူလျှိုကိုမရှာဘဲ ငါ့ပခုံးပေါ် လက်လာတင်တယ်၊ မင်း ဘ ပြင်းချင်သလဲ၊ ငါပြောတာ မဟုတ်ဘူးလို့ မင်း စောဒကတ ချင်သလား'

'ကျွန်…ကျွန်တော်'

'ဘာ ကျွန်တော်လဲ၊ ငါ့ကို ဒီလောက် စော်ကားတဲ့ကော ကို ငါက ဒီအတိုင်း ငုံ့ခံနေရမှာလား'

ကြောင်ကျုံ၏မျက်နှာမှာ ဆွတ်ဆွတ်ဖြူသွားသည်။

တစ်ကိုယ်လုံး တုန်လှုပ်နေသည်။

'မင်း ခုထိ မဆင်းသေးဘူးလား'

'ရှမ်း…ရှမ်းဟို့ကတော်ကြီးက ကျွန်…ကျွန်တော့်ကို သ သက် ချောက်ချတာပဲ'

'ဘာ'

ရှမ်းဟို့ကတော်၏ အသံက ကျယ်လောင်စွာ ထွက်ပေါ် သည်။



'မင်းက ငါ့ကိုပြန်စွပ်စွဲနေတာလား၊ ငါက မင်းကို မြှူဆွယ် နေတယ်လို့ ယူဆထားသလား'

'ဒီ…ဒီလိုတော့မဟုတ်ပါဘူး၊ ကျွန်…ကျွန်တော် ရှာ မတောင် မရှာရသေးဘူး၊ ရှမ်းဟို့ကတော်ကြီးက ကျွန်တော့်ကို ချောက် ချနေပြီ၊ ဒါ…ဒါဟာ မရိုးသားတဲ့အချက်ပဲ'

အတော် စေ့စပ်သေချာသူပါကလားဟု ဆန်ကွမ်းချီတွေး နေ၏။

တာဝန်ဝတ္တရားများကို တိတိကျကျ ထမ်းဆောင်သူ တစ် ယောက် ကွန်လုံမေ်၏ လက်အောက်ခံ ဖြစ်နေသည်မှာ လွန်စွာ နှမြောဖွယ် ကောင်းလှပေတော့သည်။

'ဘာလဲ၊ မင်းက ငါ့အခန်းကို ဆက်ရှာဦးမလို့ပေါ့ ဟုတ် လား၊ မင်း ဘာဖြစ်သွားမယ် ထင်သလဲ'

ကြောင်ကျုံက ခြောက်ကပ်စွာ ပြော၏။

'ရှမ်းဟို့ကတော်ရဲ့ ထောင်ချောက် ကို ကြောက်ပြီး ကျွန်တော်မရှာဘဲ ပြန်သွားလို့ ရန်သူ သူလျှိုတွေ့ရင်လဲ ကျွန် တော် သေမှာပဲ၊ ရှမ်းဟို့ကတော်ကြီး တိုင်ကြားရင်လဲ ကျွန် တော် သေမှာပဲ၊ ဒီထဲမှာ ရန်သူရှိနေလို့ ရှာဖွေတွေ့မိရင် ကျွန်တော် သက်သာရာ ရနိုင်သေးတယ်'

'မင်းက ငါ့ကို အာခံသလား'

'ဖြန်း'

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းဟို ကဗေါ်က ပါးရိုက်လိုက်သည်။

ကြောင်ကျုံမှာ ရုတ်တရက် စိတ်ဆိုးသွားသဖြင့် ရှမ်းဟို ကဗော်အား လက်ဝါးဖြင့် ရိုက်ချလိုက်၏။

'ဝုန်း'

'အား'

ရှမ်းဟို ကဗော်မှာ အခန်းထောင့်သို့ လွင့်စဉ်သွားပြီး တစ်လုံးနှင့် နံရိုး ရိုက်မိသွားသည်။

ဆန်ကွမ်းချီမှာ အခြေအနေမဟန်တော့သဖြင့် လျှပ်တစ်ပြက် ခုန်ထွက်သွားလေ၏။

'ဩော်...မင်းတဒီမှာကိုး'

ကြောင်ကျုံ၏ မျက်နှာမှာ ဝင်းပသွားသည်။

မာန်သွင်းပြီး ခုန်ဝင်လာ၏။

ကြောင်ကျုံ၏ သိုင်းပညာမှာ သူ့ အဆင့်အတန်း အား အတော်ကလေး ထက်မြက်သည်မှာ မှန်သည်။

သို့သော် ဆန်ကွမ်းချီကဲ့သို့သော လူမျိုးကိုမူ ညှိနှိုင်းမှုမယှဉ် နိုင်ပါ။

ဆန်းကွမ်းချီက ကပ်ရှောင်ပေးလိုက်၏။



လက်ဝါး တံတောင်များ ရှိသော်လည်း တစ်ချက်မျှမထိဘဲလွတ်သွား၏။

နောက်တစ်ကြိမ်ခုန်ဝင်လာသောအခါတွင်မူ ဆန်ကွမ်းချီက လုံးဝမရှောင်တော့ဘဲ သူ့လက်ကောက်ဝတ် နှစ်ဖက်ကို ဖမ်းဆုပ်လိုက်၏။

ကြောင်ကျုံ ထိတ်လန့်သွား၏။

ထို့ကြောင့် ဒူး၊ ခြေဖျား စသည်တို့ဖြင့်တိုက် ခိုက်ပြန်သည်။

ဆန်ကွမ်းချီက သူ့လက်နှစ်ဖက်ရှောင်တိမ်းသဖြင့် တစ်ကြိမ်မျှ ထိခိုက်မိခြင်း မရှိပေ။

ကြာလျှင် အချိန်ကုန်ရုံသာရှိမည်ဟု ဆုံးဖြတ်ပြီး ဆန်ကွမ်းချီ က ကြောင်ကျုံ၏ခြေကြောကို ထိုးပိတ်လိုက်၏။

ကြောင်ကျုံ ပျော့ခွေသွားသည်။

ဆန်ကွမ်းချီသည် ကြောင်ကျုံအား စိတ်ဆိုးဆိုးဖြင့် ခြေထောက်နှင့် ကန်ပစ်သည်။

တစ်ချီတည်းနှင့် ရှမ်းဟို ကဗော်၏ ခုတင်အောက် ရောက် သွား၏။

'ဝက်မသား၊ ကွန်လုံဝမ်ရဲ့ နောက်လိုက်ခွေး'

သူသည် ရှမ်းဟို ကဗော်အား ပြေးပွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွတ်...ကျွတ်...ကျွတ်'

'ခင်ဗျား ဒဏ်ရာရသွားသလား'

'ကျွန်မ နံရိုးနားက နာတယ်'

ဆန်ကွမ်းချိ စမ်းကြည့်သောအခါ နံရိုးတစ်ချောင်း ကျိုး သွားသည်ကို တွေ့ရ၏။

'နံရိုးနည်းနည်း နာသွားတာပါ'

'ကျိုးသွားတာ မဟုတ်ဘူးလား'

'ခင်ဗျား ခဏလောက်ငြိမ်ငြိမ်နေလိုက်ပါ'

ဆန်ကွမ်းချိက ထိုနေရာကို နည်းနည်း ပွတ်နှိုးသွင်းသော ပွတ်ပေးသည်။

'ခင်ဗျားဆီမှာ ဘာဆေးရှိသလဲ'

ရှမ်းဟို့ကတော့က ပြုံး၍ ပြော၏။

'ကျွန်မ နံရိုးကျိုးသွားတာ မဟုတ်လား၊ ကျွန်မ ဒီလောက် သွေးမကြောင်ပါဘူးရှင်'

သူမသည် အံကြိတ်၍ ထထိုင်သည်။

ဆန်ကွမ်းချိက သူမ၏သတ္တိကို ချီးကျူးမိသည်။



'ကဲ...ရှင်ဘာခေါ်နေတာလဲ၊ ပြေးတော့လေ၊ ဒီအထဲမှာ ဆက်ပုန်းနေလို့တော့ ရှင် ဘယ်လိုမှ မလွတ်နိုင်တော့ဘူး၊ ဪ...ခဏနေဦး၊ ကြောင်ကျို ဘယ်ရောက်သွားသလဲ'

'ခင်ဗျား ခုတင်အောက်မှာ'

'သူ့ကိုပြန်ဆွဲထုတ်၊ သူ့ဝတ်စုံကိုချွတ်ပြီး ရှင်ဝတ်လိုက်'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ သူ့ဝတ်စုံကို ရှင်တို့ကသာ ဘာမှထူးထူး ခြားခြားမသိပေမယ့် ကျွန်သုံဝမ် ဂိုဏ်းသားတွေကတော့ သိ တယ်၊ နောက်ပြီး ခွေးတွေကလဲ ရှိသေးတယ်၊ အနံ့အသက် ချင်း ပြောင်းလိုက်တာပေါ့'

'အား...ဟုတ်တယ်'

ဆန်ကွမ်းချိသည် ကြောင်ကျိုအားဆွဲထုတ်ပြီး အဝတ်ချင်း လဲဝတ်လိုက်၏။

'သူ့ဝတ်စုံမှာ အဆင့်ပြတန်း တံဆိပ် ပါမယ်နဲ့တူတယ်'

'ပါတယ်၊ ကြောင်ကျိုထက်ကြီးတဲ့ခေါင်းဆောင်ကို မတွေ့ လို့ကတော့ ရှင် ဘာမှအန္တရာယ်မရှိဘူး'

'သူနဲ့ ပါလာတဲ့လူတွေ၊ သူ့တပည့်တွေက ကြောင်ကျိုနဲ့ ကျွန်တော့်ကို ခွဲခွဲခြားခြားသိမှာပေါ့'

'ဟာ...ဟုတ်သားပဲ'

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းဟို ကခေတ်သည် ပြဘင်းပေါက်မှ အောက်သို့လှမ်းပြီး အော်လိုက်၏။

'ဟေ့...စီအိမ်တော်စောင့်တွေ'

'ဟုတ်ကဲ့ ကခေတ်ကြီး၊ ကျွန်တော်တို့ စောင့်နေပါတယ်'

'ရှင်တို့ မစောင့်နဲ့တော့၊ ပြန်ကြတော့၊ ကြောင်ကျိုးနောက်က လိုက်လာလိမ့်မယ်'

'ဟုတ်...ဟုတ်ကဲ့ကခေတ်ကြီး၊ ကျွန်တော်တို့ ပြန်ပါတော့မယ်၊ ဆရာကိုသ...'

'ကိစ္စမရှိဘူး၊ အခု ကြောင်ကျိုးက မင်းတို့ကို ပြန်ခိုင်းလိုက်တာပဲ'

အစောင့်များသည် ရှမ်းဟို ကခေတ်အား အောက်မှ ဂါရဝပြုလိုက်ကြ၏။

ထို့နောက် မလိုက်ချင့်လိုက်ချင် ဖြစ်နေသော ခွေးများကို အတင်းအကျပ် ဆွဲဖော်သွားကြလေ၏။

ရှမ်းဟို ကခေတ်သည် အစောင့်များ လှယ်လှယ်ကူကူထွက်သွားသဖြင့် အံ့လှန့်အံ့ဩနေသည်။

ထို့ကြောင့် ချက်ချင်း ပြန်မလှည့်နိုင်ဘဲ အစောင့်များ၏ ကျောပြင်ကို ငေးကြည့်နေမိသည်။

'ခင်ဗျား ဘာငေးနေတာလဲ'



'ဩော်...ဘာမှမဟုတ်ပါဘူး၊ ကဲ...ရှင်လူ့ဖို့ သင့်ပြီ၊ ရှင့်နာမည်ကို မသိရဘူးလား'

'ဆန်ကွမ်းချို'

'ဆန်ကွမ်းချို တဲ့လား'

'ဒီနေ့ ကျွန်တော့် အသက် ကယ်တဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှမမေ့ပါဘူး၊ နောင်ကြုံရင် ကျေးဇူးကို ပြန်ဆပ်ပါဦးမယ်၊ ကျွန်တော်ဟာ ထားဘက်ခေတ်သား သိုင်းသမား တစ်ယောက်ပါ၊ ရှမ်းဟို ကခေတ်အနေနဲ့ ဒီနောက်ပိုင်းမှာကိုယ့်ကိုယ်ကို စောင့်ရှောက်ပါတော့၊ ကျွန်တော် သွားတော့မယ်'

ဆန်ကွမ်းချိုသည် တံခါးမကြီးမှထွက်ရန် ခြေလှမ်း လှမ်းလိုက်စဉ်မှာပင် အပြင်ဘက်မှ တံခါးခေါက်သံ ကြားလိုက်ရလေ၏။

'ဒေါက်....ဒေါက်....ဒေါက်'

ဆန်ကွမ်းချို ခုန်ဆုတ်လာ၏။

ရှမ်းဟို ကခေတ်က ဆန်ကွမ်းချိုအား ခုတင်အောက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

ဆန်ကွမ်းချိုသည် မည်သည့်စကားမျှမပြောတော့ဘဲ ခုတင်အောက်သို့ ဝင်ပုန်းလိုက်၏။

'ဘယ်သူလဲ ဟေ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ကျင်းမေပါ'

ဆန်ကွမ်းချိုသည် ထိုအသံရှင်ကို ကောင်းစွာသိ၏။

ပန်းဥယျာဉ်ထဲ၌တွေ့ခဲ့ရသည့် နန်းတွင်းဝတ်စုံဝတ်ဆင်သည့် အမျိုးသမီးပေတည်း။

'ဘာကိစ္စရှိလို့လဲ'

'ထိန်ဟို ကတော်ရဲ့ အမိန့်အရ လာတာပါ၊ အရေးကြီးတဲ့ ကိစ္စတစ်ခုကို ပြောပြချင်လို့ပါရှင်'

'ခဏနေဦး၊ ငါအဝတ်လဲနေတယ်'

ရှမ်းဟို ကတော်သည် ခုတင်အနီးသို့ ဒူးထောက်ထိုင်ချပြီး လေသံတိုးတိုးဖြင့် ပြောခဲ့၏။

'ဆန်ကွမ်းချို....ဒီဆောင်မဟာ ဒီမိန်းမဆောင် အားလုံးကို စောင့်ရှောက်နေတဲ့ ကွန်လုံဝမ်ရဲ့လက်ရုံးပဲ၊ မိန်းမ အစောင့် အားလုံး သူ့ကိုကြောက်ကြရတယ်၊ သိပ်လဲလျှင်တယ်၊ ဒီအခန်းထဲဝင်လာတာ အကြောင်းမဲ့ဖြစ်ပုံမရဘူး'

ဆန်ကွမ်းချိုသည် ကြောင်ကျိုး၏အလောင်းကို ခုတင်အောက်သို့ ဆွဲယူသည်။

'ကိစ္စမရှိဘူး၊ ကျွန်တော်မရှိမှ ခင်ဗျားမှာ ပြဿနာ ခက်နေမယ်၊ ကျွန်တော်ရှိရင် ခင်ဗျားအတွက် ပိုကောင်းပါတယ်၊ တံခါးသာသွားဖွင့်ပေးလိုက်ပါ'



ရှမ်းဟို ကတော်သည် သည့်ဘက်ကြာမြင့်နေလျှင်မကောင်း တော့သဖြင့် ကပျာကယာထ၍ တံခါးဖွင့်ပေးလိုက်ရသည်။

ဥယျာဉ်ထဲ၌ ဆန်ကွမ်းချိုတွေ့ခဲ့သည့် နန်းတွင်းဝတ်စုံ ဝ ဆင်သည့် အမျိုးသမီးသည် ယပ်ဒတောင်ကို တဖျပ်ဖျပ်ခတ်ရ အခန်းထဲသို့ဝင်လာ၏။

သူမကား ကျင်းမေဟု အမည်ရှိသော အဆောင်မှူး တည်း။

သူမသည် ရှမ်းဟို ကတော်ကိုတော့ ဦးညွှတ်ဂါရဝပြုခဲ့ သည်။

လေးစားရိုသေလွန်း၍တော့ ဟုတ်ဟန်မတူ။

အခြေအနေအရ ဝတ်ကျေ တန်းကျေ ဂါရဝပြုနည်း ပြုခြင်းဖြစ်ပေသည်။

'ဘာကိစ္စလဲ ပြောစမ်း'

ရှမ်းဟို ကတော်သည် တစ်ခန်းလုံးကို ကြိုးကန်း တော မှောက် လျှောက်ကြည့်နေသည့် ကျင်းမေအား မနှစ်မြို့သော လေသံဖြင့် မေးလိုက်၏။

'ကျွန်မကို ထိန်ဟို ကတော်ကြီး လွှတ်လိုက်တာပါ'

'ဘာအတွက်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဥယျာဉ် အဆောင်ဝင်းထဲမှာ သူလျှို ရောက်နေတယ်လို့ ပြောနိုင်းလိုက်လို့ပါ'

'ငါတော့ ညည်း ပြောမှပဲသိတော့တယ်'

'ကျွန်မလဲ ခုမှသိရပါပါ၊ ထိန်ဟို ကတော်ကြီးကမှာလိုက်ပါတယ်၊ ရှမ်းဟို ကတော်ရဲ့အခန်းကို သွားစောင့်ရှောက်ပေးလိုက်ပါတဲ့'

'မလိုပါဘူး'

ကျင်းမေသည် ပိုင်စိုးပိုင်နင်းပင် အခန်းသို့ လျှောက်ကြည့်၏၊ ကံဆိုးချင်တော့ ကြောင်ကျုံး၏ဖိနပ်တစ်ဖက်သည် ခုဆင်နှင့် မလှမ်းမကမ်း၌ ကျတ်ကျနေသည်၊

'ကတော်ကြီး...ဒီမှာကြည့်စမ်း'

သူမသည် ဖိနပ်ကို ညွှန်ပြပြီး ခုတင်အောက်သို့ လက်နှိုက်လိုက်၏၊

ဆိုက်ဆိုက် မြိုက်မြိုက်ပင် ကြောင်ကျုံး၏ခြေထောက်ကို ဆွဲကိုင်မိပြီး ဆွဲထုတ်လိုက်လေ၏၊

'တွေ့ပြီ...ရန်သူ သူလျှိုကို တွေ့ပြီ'

သူမက အားရပါးရ ဆွဲထုတ်ပြီးပြောသည်၊

သူ၏ဝမ်းသာကျေနပ်မှုမှာ တဒင်္ဂအတွင်း ကြေပျက်သွားသည်၊



'ဟင်...ဒါ ကြောင်ကျုံးပဲ'

'ဟုတ်တယ်...အဲဒါ ကြောင်ကျုံးပါပဲ၊ ငါကဒီမှာပါ'

ကျင်းမေသည် ကြောင်ကျုံးကိုဂရုစိုက်နေသဖြင့် ဆန်ကွမ်းချီ ထွက်လာသည်ကို မတွေ့လိုက်မိပေ၊

'ဟင်...ရှင်...ရှင်...'

'ဟုတ်တယ်...ငါပဲ'

'ဒါဆိုရင် ရှမ်းဟို ကတော်'

'ရှမ်းဟို ကတော်နဲ့ဘာမှမဆိုင်ဘူး၊ ရှမ်းဟို ကတော်ကို ငါ ချိပ်ကော်ထားလို့ နှိုးရိုးတစ်ချောင်းကျိုးနေပြီ'

သူမသည် ယပ်တောင်ကို ဖျတ်ခနဲဖြန့်ပြီး ဆန်ကွမ်းချီအား ချပ်တစ်ပြက် တိုက်ခိုက်လေတော့၏၊

'မင်းဟာ လုံးဝအမှတ်မရှိပါလား'

ဆန်ကွမ်းချီသည် သူမ၏ယပ်တောင်ကို လိုက်လုသည်၊

ကျွမ်းကလေး၏ သိုင်းပညာ အဆင့်ကို ပန်းဥယျာဉ်ထဲ တိုက်ပွဲပြီးကတည်းက သိရှိပြီး၍ အထောင်တော့မသေးပေ၊

ရှမ်းဟို ကတော်သည် ထိုင်ခုံတစ်လုံးပေါ်၌ထိုင်ပြီး အေးချမ်းသော မျက်လုံးအစုံဖြင့် စောင့်ကြည့်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမေသည် ရှမ်းဟို့ကဘော်ထက် / သိုင်းပညာ တတ်ကျွမ်းသည်။

ကွန်လုံဝမ်သည် တကယ်စိတ်ချရသည့် ကျောင်းမေနှင့် ကြောင်ကျုံတို့ကို မိန်းမဆောင် အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထား အုပ်ချုပ်စေခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် ဆန်ကွမ်းချီသည် အကြောင်းမဲ့ အချိန်ဖြုန်းမနေတော့ပါ။ ဆယ့်ငါးကွက်အတွင်း ကျောင်းမေအား ဖမ်းဆီးပြီး အကြောထိုးပိတ်ပစ်လိုက်သည်။

ဆန်ကွမ်းချီ အံကြိတ်၍ ပြောလေ၏။

'တကယ်တော့ မင်းဟာ မြေဆိုးမလေးပဲ၊ မင်းကိုအသေသတ်ဖို့ကောင်းတယ်'

ထိုစဉ် သူ့နားထဲသို့ ထူးခြားသော အသံတစ်သံဝင်လာ၏။

'ဒီကိစ္စကို ကျွန်မဆက်ရှင်းမယ်၊ ရှင့်ကိစ္စ ရှင်ဆောင်ရွက်ပေတော့'

နိုင်ချစ်နော်၏ အသံတည်း။

ဆန်ကွမ်းချီက အတွင်းအားသုံး၍ အသံထိန်းပြောသည်။

'ကောင်းပြီ ထားခဲ့မယ်၊ ရှမ်းဟို့ ကတော်ဟာ ကျုပ် ကူညီတဲ့လူပဲ၊ သူ့ကို ကြည့်လုပ်ပေးလှည့်ပါ'

'သွားပါ ကျွန်မ ကြည့်လုပ်လိုက်မယ်'



ဆန်ကွမ်းချီသည် ရှမ်းဟို့ကတော်အား တစ်ချက် ဂါရဝပြုပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့၏။

သူသည် မြေပြင်ကို ခြေတင်မိသည်နှင့် ဗူခြေရှုရပင် လမ်းလျှောက်သည်။

ဤအဆောင်အတွင်း၌ မိန်းမအစောင့်များသာမက ကြောင်ကျုံနှင့် ကြောင်ကျုံတို့၏ တပည့်များကဲ့သို့သော ယောကျ်ားအစောင့်များ ရှိကြောင်းကို သိလိုက်ရသဖြင့် သူသည် စိတ်အေးအေးပင် လမ်းလျှောက်နေတော့သည်။

ထိုစဉ် ပန်းချုံအတွင်းမှ ရုပ်ခန့်လူတစ်ယောက် ခုန်ထွက်လာ၏။

ဓါးတစ်ချောင်း ကိုင်ထားသည်။

ဆန်ကွမ်းချီ၏စိတ်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသော်လည်း ခပ်တည်တည်ပင် လှမ်းကြည့်လိုက်၏။

'ဪ...ဆရာ'

အစောင့်သည် ပန်းချုံအတွင်း ပြန်လည် ခုန်ဝင်သွားပြန်လေ၏။

'အင်း....ငါ့ကို ကြောင်ကျုံရဲ့ ဝေ့စုံက တစ်ခါ ကယ်လိုက်ပြန်ပြီ၊ နို့မဟုတ်ရင် ဒီလူနဲ့ တိုက်ခိုက်သတ်ပုတ်နေရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် ပန်းချုံများအတွင်း၌ ကင်းသမားများ အစောင့်များ ရှိတတ်သည်ကို သတိပြုမိလာသဖြင့် တတ်နိုင်သမျှ ပန်းချုံများနှင့် ဝေးသည့်နေရာကို သွားသည်။

သူရောက်ရှိနေသည့် မိန်းမဆောင်မှာ ရှည်လျားလှသဖြင့် ထိုအဆောင်ကြီးထဲ တစ်ခန်းဝင် တစ်ခန်းထွက် သူမရှာနိုင်ပေ။

အဆိပ်သိုလှောင်ခန်းအကြောင်းကို ကွန်လုံဝမ်သည် မည်သူ့ကိုမျှ အသိပေးထားသည် မဟုတ်ပေ။

ထို့ကြောင့် နိုင်ချစ်နေဘ်ကဲ့သို့သော ဖထမသမီးကြီးမျိုးပင် လိမ်ထားခြင်း ဖြစ်သည်။

ကွန်လုံဝမ်၏ လျှို့ဝှက်မှုသည်လည်း မှန်သည်။

နိုင်ချစ်နေဘ်ကဲ့သို့ အားထားရသူ တစ်ဦးလည်း သူ့အား သစ္စာဖောက်သွားခဲ့ပြီ မဟုတ်ပါလား။

သူ လျှို့ဝှက်ထားသဖြင့် နိုင်ချစ်နေဘ်လည်း အသေအချာ မသိဘဲ ဖြစ်နေသည်။

ထို့ကြောင့် အဆိပ်သိုလှောင်ခန်းသည် အလုံခြုံဆုံး ဖြစ်နေသည်။

ကွန်လုံဝမ်၏ လက်အောက် ငယ်သားများအနက် ကိုးဆယ် ရာနိုင်နှုန်းမှာ အထူးထူးသော အဆိပ်အမျိုးမျိုးဖြင့် ထိန်းချုပ်ခံထားရခြင်းဖြစ်၍ ဤအဆိပ်သိုလှောင်ခန်းကို ဖျက်ဆီးနိုင်လျှင်



အဆိပ်ခန်းမှ အဆိပ်များကို ယူထားနိုင်လျှင် ဤ ကွန်လုံဝမ်ဂိုဏ်းသားများစွာကို ကယ်တင်ရာကျပေမည်။

ထိုအခါ ကွန်လုံဝမ်လည်း ကျဆုံးရပေတော့မည်။

သို့သော် အဆိပ်သိုလှောင်ခန်း မည်သည့်နေရာ၌ မှန်းမသိဘဲ ပိုက်ရှာရခြင်းမှာ ကောက်ရိုးပုံထဲမှ အပ်ကိုရှာရခြင်းထက် ပိုခက်နေသည်။

ဆန်ကွမ်းချီသည် အကြံရပြီး အမြင့်ဆုံးသော ထင်းရှူးပင်ကြီး ထိပ်ဖျားသို့ ခုန်တက်လိုက်သည်။

တစ်ကိုင်းချင်း တက်သွားပြီး တစ်နေရာ၌ အကျအနသိုင်ပြီး ပတ်ဝန်းကျင် အဆောက်အအုံများကို အသေးစိတ် ကျကျနန ကြည့်ရှုစစ်ဆေးလေတော့၏။

ဆန်ကွမ်းချီ၏ အယူအဆ မှန်သည်။

ထိုအကြံရသဘဲ တစ်လမ်းဝင် တစ်လမ်းထွက်၊ တစ်နေရာဝင် တစ်နေရာထွက် လျှောက်ရှာပါက တိုက်ပွဲတစ်ပွဲပြီးတစ်ပွဲ တိုက်ရသာ ရှိမည်။

အဆိပ်သိုလှောင်ခန်းကိုတော့ တွေ့လိမ့်မည် မဟုတ်ချေ။

ဆန်ကွမ်းချီ၏ မျက်လုံးများသည် မိန်းမဆောင်၏ အနောက်ဘက်ရှိ သစ်ပင်အုပ်အုပ်ကလေး ရှိနေသည့်နေရာသို့ ရောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားနေရာအားလုံး ရှင်းလင်းနေသည်။

ထိုတစ်နေရာတည်း သစ်ပင်များ အုပ်နေခြင်းဖြစ်၍ သူ့အမြင်တွင် ထူးခြားနေသည်။

သူသည် သစ်ပင်ကြီးများပေါ်မှ တစ်ပင်ပြီးတစ်ပင် ကူးသန်းရန် အကဲခတ်သည်။

သစ်ပင်တိုင်း အကိုင်းချင်းယှက်နေသဖြင့် ဆန်ကျွမ်းချီသည် မြေပြင်သို့ ပြန်ဆင်းရတော့သည်။

သို့သော် ကံအားလျော်စွာပင် မည်သည့် အနှောင့်အယှက် အတားအဆီးမျှ မတွေ့ရဘဲ ထိုသစ်ပင်အုပ်အုပ်ကလေးနေရာသို့ ရောက်ရှိလာ၏။

သစ်ပင်အုပ်အုပ် ဖြစ်နေရသည့် သဘောကို အနီးရောက်မှ သာ တွေ့ရသည်။

ထိုတစ်ဝိုက်၌ သစ်ပင်ကြီးများ အခေါက်ကလေး နီးနီးကပ်ကပ် ပေါက်နေကြသည်။

ထိုသစ်ပင်များ အပေါ်သို့ ချုံနွယ်ပိတ်ပေါင်းများ နွယ်တက် ကပ်ပေါက်နေကြသဖြင့် ထိုနေရာတစ်ဝိုက် တောအုပ်ကလေးလို ဖြစ်နေရသည်။

'ဒီချုံနွယ်ပိတ်ပေါင်းတွေအောက်မှာ တစ်ခုခုတော့ ရှိမှာပဲ'

သူသည် တီးတိုးရေရွတ်လိုက်၏။



'ဘာတွေ ပြောနေတာလဲ'

ဆန်ကျွမ်းချီမှာ ထိတ်လန့်သွားပြီး ကပျာကယာ လှည့်ကြည့်မိ၏။

ဝတ်စုံနက် ဝတ်ဆင်ထားသည့် နိုင်ချစ်နော်ကို တွေ့လိုက်ရသည်။

'အဆိပ်သိုဒဲလှောင်ခန်းကို ခင်ဗျား မသိဘူးနော်'

နိုင်ချစ်နော်က ခေါင်းခါ၏။

'ဒါက ကွန်လုံဝမ်တစ်ဦးတည်း သိတဲ့ကိစ္စပဲ၊ ကျွန်မ သိမှတော့ ရှင်တို့ကို ထုတ်ပြောလိုက်မှာပေါ့၊ ကျွန်မလည်း တစ်ဖက်တစ်လမ်းက လိုက်ရှာနေတာပဲ'

'အခု ကျုပ်တို့ဝင်လာတာ သိပ်ချောင်နေတယ်၊ ကွန်လုံဝမ် ဘယ်ရောက်နေသလဲ မသိဘူး'

'သူက ကျွန်ုပ်လုဂိုဏ်းကို အပြတ်အသတ် ချေမှုန်းဖို့ သူ့အင်အားတွေကို တောင်ခြေမှာ စုစည်းနေတယ်၊ ဒါကြောင့် ဒီမှာ ဟာနေတာပေါ့၊ နို့မို့ရင် ကျွန်မတို့ ဒီစခန်းကို ခြေချလို့တောင် မရနိုင်ဘူး'

သူမသည် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူမ၏ ရင်ခွင်အတွင်းမှ အနီးဆုံး အကျီအစ်ထည်ကို ထုတ်ယူလိုက်သည်။

'ရော့...ဒါ ပိုးချည်မျှင် အကျီပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

ဤအကျီမှာ သိုင်းလောကသားများ အလွန် လိုချင်တပ်မက်ကြသည့် ရတနာသုံးမျိုးထဲမှ တစ်မျိုးဖြစ်သည်။

နိုင်ချစ်နော်သည်ရတနာတစ်မျိုးဖြစ်သည့်ဝိညာဉ်နတ်ရွှေခြားကို သူ့အား ပေးအပ်ခဲ့ပြီး ဖြစ်ပေသည်။

'ဟာ....ဒါတော့ ခင်ဗျားပဲ ယူပါဗျာ၊ ကျုပ်ကိုချည်း ပေးနေတော့....'

နိုင်ချစ်နော်သည် ခေါင်းစွပ်ကို ဖြုတ်ချလိုက်၏။

ဖြူးဖွေးလှပသော မျက်နှာကလေး ပေါ်လာ၏။

'ဆန်ကွမ်းချို'

သူမက ကြောက်ရွံ့စွာ ခေါ်လိုက်၏။

တုန်ခါလိုက်လှဲနေသည့် သူမ၏လေသံသည် ဆန်ကွမ်းချို၏ အသည်းနှလုံးကို အပြင်းအထန် လှုပ်ခါသွားစေသည်။

'ခင်....ခင်ဗျား....'

'ခင်ဗျားတော့ ဘာတွေ လုပ်မနေစမ်းပါနဲ့၊ ကျွန်မ ပေးတာတွေ အားလုံးကို ငြင်းမယ်လို့ ရှင် စိတ်ကူးထားသလား ဟင်၊ ယူနိုင်တဲ့စွမ်းအားကိုတော့ ကြည်ကြည်ဖြူဖြူပဲ ယူလိုက်ပါရှင်ရယ်'

နိုင်ချစ်နော်၏ မျက်ဝန်းနှစ်စုံမှ မျက်ရည်ပေါက်ကြီးများက လိမ့်ဆင်းကျသွား၏။



ဆန်ကွမ်းချို၏ ဝေဒနာဟောင်းသည် ချက်ချင်း ကြွတက်လာသည်။

ရင်ထဲ လှိုက်တက်လာသည်။

သူသည် နိုင်ချစ်နော်ကို မချစ်၍ မဟုတ်ပါ၊ ချစ်ပါသည်။

သို့သော် ကမ္ဘာလောကကြီးအလယ်၌ တစ်ယောက်တည်း အထီးကျန်ဖြစ်နေရှာသည့် တောတွင်းသားကလေး ယွမ်ရှောက်အား ငဲ့ညှာပြီး သူ အနစ်နာခံခဲ့ရခြင်းဖြစ်သည်။

'မငိုပါနဲ့ နိုင်ချစ်နော်၊ မင်းငိုရင်....'

သူ့ရင်ထဲ အမှန်တကယ်ပင် ဆို့တက်လာ၏။

သူသည် စကားကို ဆက်၍မပြောနိုင်တော့ဘဲ ပိုးချည်မျှင်အင်္ကျီကို လှမ်းယူလိုက်၏။

နိုင်ချစ်နော်သည် ဆန်ကွမ်းချို၏ မျက်လုံးများကို စူးစိုက်ကြည့်ပြီး ဆန်ကွမ်းချို၏ နှလုံးသားများကို အမှန်တကယ် သိမြင်သဘောပေါက်သွားလေ၏။

မျက်လုံးများသည် အသည်းနှလုံး၏ ပြတင်းပေါက်များပင် မဟုတ်ပါလား။

သူမသည် မျက်ရည်များကို လက်ဖဝါးဖြင့် သုတ်ပြီး....

'ဆန်ကွမ်းချို...အင်္ကျီကို ခုပဲဝတ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

'ဒီခြံဝင်းကြီးထဲမှာ အန္တရာယ်ဟာ စက္ကန့်နဲ့အမျှရှိနေပါတယ်။ ရှင် ခုချက်ချင်း ထွက်ပါ'

ဆန်ကွမ်းချိမှာ နှလုံးသားကိစ္စများကို မပြောလိုပေ။

သူ့ပေါက်ကွဲလျှင် နိုင်ချစ်နော်အား မည်သို့မျှ မတားနိုင် မဆီးနိုင်ဖြစ်မည်ကို ကြိုတင်သိသည်။

ထို့ကြောင့် မြန်မြန်ဆန်ဆန်ပင် အပေါ် ဝတ်စုံနက်ကိုချွတ်၍ အင်္ကျီနီကို အတွင်းမှခံဝတ်လိုက်သည်။

ဝတ်စုံနက်ကို အပေါ်မှ ပြန်ဝတ်သည်။

နိုင်ချစ်နော်က ဆန်ကွမ်းချီအား ချစ်မြတ်နိုးသော အကြည့်ဖြင့် ကြည့်ရင်း....

'ကဲ...ကျွန်မ သွားမယ်၊ ဒီခြံဝင်းထဲ နေနေသမျှ ကာလ ပတ်လုံး အန္တရာယ်ဟာ လက်တစ်ကမ်းမှာရှိတယ်ဆိုတာ မမေ့ပါနဲ့'

သူမသည် စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားလေတော့၏။

'ဟင်း....'

ဆန်ကွမ်းချီမှာ သက်ပြင်းရှည်ကြီးကိုသာ မှုတ်ထုတ်လိုက်မိတော့သည်။



သူသည် နိုင်ချစ်နော်မှအပ မည်သည့်မိန်းကလေးကိုမျှ မချစ်ခဲ့ဖူးပေ၊

ထို့အတူပင် ယွမ်ရှောက်မှအပ မည်သူတစ်ဦးကိုမျှ ညီငယ်တစ်ဦးကဲ့သို့ မချစ်ဖူးပေ။

တစ်ချက်ပိုဆိုးသည်မှာ ယွမ်ရှောက်သည် အထီးကျန်အဖေမဲ့ ဘောတွင်းသားကလေးဖြစ်နေပြီး သူ့အသက်သခင်ကျေးဇူးရှင် ဖြစ်ခဲ့ခြင်းပေတည်း။

မြင့်မြတ်သောစိတ်ဓာတ်၊ ကျေးဇူးကို နားလည်သော အသိတရား၊ ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်မှုတို့သည် နိုင်ချစ်နော်အား သူကိုယ်တိုင် ချစ်မြတ်နိုးကြောင်း ထုတ်ဖော် မပြောဆိုစေရန် တားမြစ် ပိတ်ပင်ထားခဲ့လေ၏။

သူသည် စိတ်ပျက်ပျက်ဖြင့် ချုံနွယ်ပိတ်ပေါင်းများဘက်သို့ မျက်နှာလှည့်လိုက်၏။

'ဟင်....'

ချုံနွယ်ပိတ်ပေါင်းများအတွင်း၌ အနက်ရောင် ကျောင်းဆောင်လိုလို အိမ်လိုလို အရာတစ်ခုကို တွေ့လိုက်ရသဖြင့် သူ့ ခြေလှမ်းကို ဆွဲထုတ်မိလိုက်လေတော့၏။

www.burmeseclassic.com

## အခန်း (၁၃)

### ယောအတူ ရှင်မကွာ

သူ၏ရွှေဓားသည် အလင်းတန်းတစ်ခုလို ဝင်းလက်သွားပြီး တရှမ်းရှမ်းမြည်သံနှင့် နွယ်ပင်များ၊ စက္ကူပန်းများ၊ ချုံများ ပြတ်ကျကုန်၏။

ဓားဟင်ယမ်းအတွင်း ရှင်းလင်းသော ဝင်ပေါက်ကြီး ဖြစ်လာသည်။

ကိုက်ငါးဆယ်ခန့် ရှင်းလင်းလာပြီးသောအခါ ထူးခြားသော တံခါးပေါက်ကြီးကို တွေ့လိုက်ရလေတော့သတည်း။

ချုံနွယ်ပိတ်ပေါင်းများအောက်၌ အနက်ရောင် သုတ်ထားသည့် ဤတံခါးကြီးကို တော်ရုံတန်ရုံလူ မြင်နိုင်လိမ့်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



တံခါးကလည်း မြင့်မားလှသည် မဟုတ်ပေ။

ဆန်ကွမ်းချိုသည် တံခါး၏ ရှေ့လက်ကိုင်ကို ကြည့်၏။

နက်မှောင်နေ၏။

သော့ခလောက်ကြီးကလည်း ကြီးမားလှသည်။

တံခါးအခြေအနေ၊ သော့ခလောက်အခြေအနေကို အကဲခတ်ကြည့်ခြင်းအားဖြင့် ဤအခန်းသို့ လူအရောက်အပေါက် နည်းလှကြောင်း ဆန်ကွမ်းချို ခန့်မှန်းသိရှိနိုင်ခဲ့ပါသည်။

သူသည် ပထမဦး သော့ခလောက်ကို လှမ်းကိုင်ရန် လက်လှမ်းမိ၏။

'ရှင့်လက်ဟတ်ကမ်းမှာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတယ်ဆိုတာ သတိထားပါ' ဟူသော နိုင်ချစ်နော်၏စကားကို ကြားယောင်လာသဖြင့် သူ့လက်ကို ပြန်ရုပ်လိုက်သည်။

သူ၏ ဝိညာဉ်လိပ်ပြာနှုတ် ရွှေဓားနှင့် သော့ခလောက်ကို တိုးကော်ကြည့်သည်။

အဆိပ်များလိမ်းသုတ်ထားမည်ကတော့ သေချာသည်။

သူသည် ရွှေဓားကို အပြည့်အဝ ယုံကြည်မှုရှိသဖြင့် ရွှေဓားဖြင့် တိခနဲ ခုတ်ချလိုက်၏။

အံ့သြဖွယ် ကောင်းလောက်အောင် သော့ခလောက်ကြီး တိတိရိရိ ပြတ်ကျသွားလေ၏။



သူသည် အဝင်အထွက်နည်းသည်ဟု မှတ်ထင်ယူဆခဲ့သော်လည်း သူ့သတိဝီရိယကိုမူ လျှော့၍မထားခဲ့ချေ။

သစ်သားတံခါးကို ခြေထောက်ဖြင့် ဝုန်းခနဲ ပစ်ကန်လိုက်ပြီး ခုန်ဝင်လိုက်၏။

ရွှေဓားကိုလည်း အသင့်ကိုင်ထားသည်။

သို့သော် မည်သည့်အန္တရာယ်မျှ ရှိမနေပေ။

သူသည် မှောင်မည်းနေသည့်အတွင်းဘက်သို့ လှမ်းကြည့်၏။

သူ့နောက်ဘက်တွင် အလင်းရောင်ရှိသည်။

ရှေ့တွင် အမှောင်ရှိသည်။

အလင်းတွင် ရန်သူကို ထင်ထင်လင်းလင်း မြင်နိုင်သည်။

အမှောင်တွင် ရန်သူကို ထင်ထင်လင်းလင်း မမြင်နိုင်။

သို့သော် သူ့အနေဖြင့် ကြောက်ပြီး အမှောင်ထဲသို့ မဝင်လျှင် သူ့အဖို့သာ ဆုံးရှုံးနစ်နာမည်။

အဆိပ်သိုလှောင်ခန်းကို သူ့အနေဖြင့် မည်သို့မျှ တွေ့နိုင်လိမ့်မည် မဟုတ်ချေ။

သူသည် အကြားအာရုံကို ဖို၍ ဂရုစိုက် စုစည်းသည်။

မှောင်နှင့်မည်းမည်းထဲတွင် အကြားအာရုံသာ ခန္ဓာကိုယ်၏ လိုခြုံရာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် အရေးတကြီး မဝင်ပေ။

မျက်လုံးများ မှိတ်ပြီး ခေတ္တခဏငြိမ်နေ၏။

အမှောင်ကြည့်ရာ၌ အသားကျသောအခါမှ ရှေ့သို့တစ်လှမ်းချင်း တိုးဝင်သွားလေ၏။

'အင်း... လေချူလိုက်တော့ ကောင်းသွားပြီ၊ ဒီမှန်ရာမှာ လျှို့ဝှက်လေဝင်ပေါက်တွေရှိမှာ သေချာတယ်'

တိုက်ငါးဆယ်ခန့် ဝင်လာမိသည့်အခါ သူ လုံးဝမျှော်လင့်ထားခြင်းမရှိသော လူသံကို ကြားလိုက်ရလေ၏။

'ဘယ်သူဝင်လာတာလဲဟေ'

ဆန်ကွမ်းချီသည် ပြန်ဖြေသည်အထိ မဆိုက်မဲလှပါ။

ရောက်သည့်နေရာ၌သာ ရပ်တန့်လိုက်သည်။

'မေးနေတာ မကြားဘူးလား၊ ဒီအိမ်မည်းကြီးထဲကိုဝင်လာမိတဲ့လူတိုင်း ဘယ်သူမှအသက်ရှင်လျက် ပြန်ထွက်မသွားနိုင်ဘူး၊ ဆယ်နှစ်အတွင်း ဘယ်သူမှ အပြင်ရောက်မသွားကြဘူး'

ဆန်ကွမ်းချီသည် ရှေ့ဓားကို ကန့်လန့်ဖြတ် ကိုင်လိုက်၏။

'ကျွန်တော် ဘာရယ်မဟုတ်ပါဘူး၊ အမှတ်တမဲ့ ဝင်လာမိတာပါ၊ ခင်ဗျားကကော ဘယ်သူလဲ'

ထိုစဉ် တကျွိကျွိ ဘီးလှိမ့်သံများကို ကြားရသည်။



ဆန်ကွမ်းချီ၏အမြင်တွင် မည်းမည်း အရိပ်များသာ မြင်တွေ့နေရသည်။

'မင်း ငါတို့ကိုကြည့်ဖို့ ကြိုးစားနေသလား၊ ကြိုးစားနဲ့၊ ဒီအခန်းပတ်ပတ်လည်မှာ လက်နက်ပုန်းတွေအများကြီးရှိတယ်၊ မင်းအဖနေနဲ့ အသက်ရှင်လျက် ထွက်ဖို့ဆိုတာတော့ မလွယ်ဘူး'

'ကျွန်တော်ကတော့ မသေချင်သေးဘူးဗျာ'

'ဟေ့... အပိုတွေ ပြောမနေနဲ့၊ ဒီအိမ်ထဲ ရောက်လာရင် ရွေးစရာနှစ်လမ်းပဲရှိတယ်၊ တစ်လမ်းသေဖို့၊ တစ်လမ်းက ဒီအိမ်ထဲမှာ တစ်သက်လုံးနေသွားတဲ့လမ်းပဲ၊ တစ်သက်လုံး နေသွားမယ်ဆိုရင်တော့ အသက်ရှင်ခွင့်ရတာပေါ့ကွာ'

ဆန်ကွမ်းချီသည် ကွန်လုံဝမ်၏ ဂိုဏ်းသားများ နေရာအနှံ့ ရှိနေသဖြင့် အံ့သြနေသည်။

'သူတို့တွေဟာ ကွန်လုံဝမ်ကို တကယ် ကြောက်လန့်ကြတာကိုး၊ အင်း... စွမ်းပါပေ့ ကွန်လုံဝမ်ချယ်'

မကြာမီ သူ့မျက်လုံးများသည် အမှောင်ထဲ၌ အကျင့်ရလာပြီး အနည်းငယ်မြင်နိုင်စွမ်းရှိလာသည်။

လူတစ်ဦး ထိုင်နေပုံကို မြင်ရ၏။

ခုံတစ်ခုံပေါ်၌ ထိုင်နေဟန်တူသည်။

သို့သော် လက်တွန်းလှည်း တစ်ခုပေါ်၌ ထိုင်နေခြင်း ဖြစ်ကြောင်း မကြာမီ သိရှိလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ဓားကို ပြန်ရုပ်သိမ်းလိုက်၏။

ဆန်ကွမ်းချိုသည် ရှေ့သို့ ရဲရဲဝံ့ဝံ့ တိုးသွားသည်။

ထိုလူကြီး၊ အနားသို့ ရောက်ရှိသွားသည်နှင့် ထိုလူကြီးက လက်ဝါးနှင့်ရိုက်ချလိုက်သည်။

'ဝုန်း'

ဆန်ကွမ်းချိုမှာ သတိကိုလက်ကိုင်ထားသူဖြစ်၍လျှပ်တစ်ပြက် ခုခံလိုက်သည်။

ဆန်ကွမ်းချို၏ ရင်ထဲ တုန်ခါသွားပြီး နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားရ၏။

ထိုလူကြီး၏လက်တွန်းလှည်းမှာလည်း နောက်သို့ ရွေ့လျားသွားသည်။

'အား....ခင်ဗျားရဲ့ အတွင်းအားက သိပ် ကောင်းပါလား၊ ကျွန်တော့် အသည်းတွေ အူတွေ ကလီစာတွေပါ တုန်သွားတာပဲ'

ဤသို့သော စကားမျိုးကို တစ်ဖက်ရန်သူရှေ့၌ မည်သည့် သိုင်းသမားကမျှ ပြောကြားလိမ့်မည် မဟုတ်ချေ။



ရိုးသားသောဆန်ကွမ်းချိုကမူ မည်သည့်စကားကိုမျှ အဖိုးအကာနှင့် မပြောတတ်ပါချေ။

ထိုလူကလည်း....

'ဒီအိမ်နက်ထဲကို အဆင့်မြင့် သိုင်းသမား တော်တော်များများ ဝင်လာခဲ့ဖူးတယ်၊ ဘယ်သူမှငါ့လက်ဝါးရိုက်ချက်ကို မခံနိုင်ခဲ့ဘူး၊ အခု မင်းလိုလူငယ်ကလေးက ခုခံနိုင်တယ်ဆိုတော့ ငါ သိပ်အံ့ဩနေတယ်၊ မင်းမှာ ဘာများ ထိခိုက်ဒဏ်ရာရသွားသေးသလဲ'

'ဘာမှ မရပါဘူး'

'ဘာကယ်လား'

'ကျွန်တော် မညာတတ်ဘူး'

ဆန်ကွမ်းချိုသည် ဤနေရာသို့ ရောက်ရှိလာခြင်း အတွက် အတော်ကလေး အားတက်လာသည်။

ဤနေရာသည် အဆိပ် သိုလှောင်ခန်းနှင့် တစ်နည်းတစ်ဖုံ ဆက်သက်နေလိမ့်မည်ဟု သူ ယူဆသည်။

အဆင့်မြင့် သိုင်းသမားကြီး၊တစ်ယောက်အား အစောင့်ချထားခြင်းက ဤနေရာသည် အရေးကြီးကြောင်း၊ ဖော်ပြနေသည်ဟု ဆန်ကွမ်းချို ယူဆ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ နားထဲအသွားလောက်သည့် လေချွန်သံကို ကြား လိုက်ရသည်။

လက်တွန်းလှည်းပေါ်မှအတိုးအိုက ခက်ထန်စွာ မေးလိုက် လေ၏။

'မင်း ဘယ်သူလဲ၊ ကွန်လုံဝမ်ဂိုဏ်းသားတော့ မဟုတ်ဘူး'

'ခင်ဗျားကို ဘယ်သူကကွန်လုံဝမ်ဂိုဏ်းသားလို့ ပြောသေး လို့လဲ'

'မင်း ဘာကြောင့် ဒီထဲဝင်လာရတာလဲ'

'ခင်ဗျားကို ထုတ်ဖော်ပြောဖို့ကလဲ ခပ်ခက်ခက်ပဲ'

'ဘာဖြစ်လို့ ခက်ရမှာလဲ ပြောပါ၊ ငါ့ကို ဒီလောက်ကြောက် စရာမလိုပါဘူး၊ မင်းမှာ စွမ်းအားရှိနေတာပဲ'

ဆန်ကွမ်းချီသည် အတန်ကြာစဉ်းစားနေ၏။

'ဒီလူဟာ မှောင်ကြီးထဲမှာပဲထိုင်နေတယ်၊ သူ့ စကားအရ ဒီထဲမှာ နှစ်ပေါင်းများစွာ ခုနစ်နှပ်လဲ နေပါနေတယ်၊ ငါ့ အကြောင်းအမှန်ပြောပြလို့ အန္တရာယ်ရှိပုံမပေါ်ဘူး'

သူသည် ဆုံးဖြတ်ပြီးသည်နှင့် ခပ်ဖြည်းဖြည်း ရှင်းပြလေ သည်။



'ကျွန်တော်ဟာ ကွန်လုံဝမ်ဂိုဏ်းသားမဟုတ်ပါဘူး၊ အရှင်း [illegible]ပြောရရင်တော့ ကျွန်တော်ဟာ ကွန်လုံဝမ်ရဲ့ ရန်သူပဲ'

'ဘုရားရေ၊ မင်းလိုဝယ်ငယ်ရွယ်ရွယ် လူကလေးတစ်ယောက် [illegible] ကွန်လုံဝမ်ကို ရန်ဘက်တစ်ယောက်အဖြစ် သတ်မှတ်ရဲသတဲ့ [illegible]ားကွာ'

'မသတ်မှတ်လို့ ဘယ်ဖြစ်မလဲခင်ဗျာ၊ ကွန်လုံဝမ်က သိုင်း [illegible]လောကတစ်ခုလုံးကို ကျွန်ပြုသားချင်နေတဲ့ ဥစ္စာ'

'ရှင်းပြစမ်းပါဦးကွာ'

'အခုဆိုရင် သိုင်းသမား တော်တော်များများဟာ ကွန်လုံ [illegible]မ်ရဲ့ အဆိပ်ဆေးတွေ မိနေကြတယ်၊ သူခိုင်းသမျှ လုပ်နေရ [illegible]ယ်၊ အဲဒီလူတွေကိုကယ်တင်ဖို့ ကျွန်တော် ဒီအိမ်ထဲ စွန့်ဝင် [illegible]ာခဲ့တာပဲ'

'ဟုတ်လား'

ထိုလူကြီးသည် လက်ဝါးကို ကွေးချည်ဆန့်ချည် လုပ်လိုက် [illegible]

ထို့နောက် အရှိန်ရလာဟန်ဖြင့် ရိုက်ချလိုက်၏။

ဆန်ကွမ်းချီက သတိဝီရိယဖြင့် စောင့်ကြည့်သည်။

အခန်းထဲ၌ လေလှိုင်းများ လှုပ်ခတ်သွားပြီးနောက် [illegible]နေ [illegible]သာ တံခါးကြီးသည် ဂျိုင်းခနဲ ပိတ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတခါ၊ ပိတ်သွားသောအခါ အခန်းထဲ၌ ပို၍မှောင်သွား တော့၏။

ထိုလူကြီးက....

'မင်း ဘယ်သူလဲ'

'ကျွန်တော် ဆန်ကွမ်းချိပါ'

'မင်းရဲ့ ရည်ရွယ်ချက်ကတော့ သိပ်မဆိုးဘူး၊ မင်း ဘာသိ ချင်သလဲ၊ မြန်မြန်ကလေး ပြောစမ်းကွာ'

'ကျွန်တော် မေးခွန်းနှစ်ခု မေးချင်တယ်'

'မေး....ပထမ မေးခွန်းက ဘာလဲ'

'ဒီအိမ်နက်တာ ကွန်ဖျုံဝမ်ရဲ့ အဆိပ်သိုလှောင်ခန်း ဟုတ် တယ် မဟုတ်လား'

'ဒုတိယ မေးခွန်းကကော ဘာလဲ'

'ဒုတိယမေးခွန်းကတော့ ဒီအခန်းဟာ အဆိပ်သိုလှောင်ခန်း မဟုတ်ရင် ဘာလဲ၊ ဆရာကြီးတို့ ဒီမှာ အနေကြာသူ ဖြစ်တာမို့ ဒီမေးခွန်းတွေကို ဖြေနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါ တယ်'

အဘိုးအိုက လက်ညှိုးတစ်ချောင်းထောင်၍....

'တစ်မေးခွန်း၊ ဒါဟာ အဆိပ်သိုလှောင်ခန်း မဟုတ်ဘူး နှစ်မေးခွန်း၊ ဒီအခန်းဟာ တခြားသူတွေအတွက်တော့ မပြော



တတ်ဘူး၊ ငါတို့အတွက်တော့ အကျဉ်းစခန်းတစ်ခုပဲ၊ ငါ ဖြေ နိုင်တာ ဒါပဲရှိတယ်'

'ဟင်'

'မဟင်နဲ့လေ၊ ဒီအခန်းက အဆိပ်သိုလှောင်ခန်းနဲ့ နည်း နည်းမှ ပတ်သက်မှု မရှိဘူး'

'အဲဒါဆိုရင် ခက်တာပဲ၊ အဆိပ်သိုလှောင်ခန်းကို တွေ့မှ သိုင်းသမားတွေကို ကယ်နိုင်မှာဗျ'

'အဲဒါကို ငါသိလို့ မင်းကို ပြောပြသဲ့ မင်း ဘာမှ မဘတ် နိုင်ပါဘူး'

ဆန်ကွမ်းချိမှာ မခံချင်စိတ် ဖြစ်ပေါ်သွား၏။

'ဘာဖြစ်လို့ မတတ်နိုင်ရမှာလဲ'

'မင်း သေသွားမှာမို့ လို့ပေါ့'

'ဟား....ဟား....ဟား၊ ကျွန်တော်က အသေခံပြီး ဖျက်ဆီး ဖို့ ဝင်လာတဲ့လူပဲဗျ'

'အေး....ဒီလိုဆိုရင်တော့ ငါက ပြောရတာပေါ့၊ ဒီနေရာ ဟာ အရေးကြီးတဲ့နေရာပဲ၊ အဆိပ်သိုလှောင်ခန်းကို ဖြတ်သန်း သွားတဲ့ မလွယ်ပေါက် ဖြစ်ချင်ဖြစ်နိုင်တယ်'

ဆန်ကွမ်းချိမှာ များစွာ စိတ်သက်သာရာ ရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တွာ ရမ်းသမ်း လျှောက်ရှာရင်းနဲ့ ကံစွပ်ပြီး အဆိပ်သိုလှောင်ခန်းရဲ့ သော့နံပါတ်ကို ရခဲ့ပြီ၊ ဒါပေမယ့် ...ရဲ့ ဆက် ဖို့ကတော့ လွယ်ဦးမယ် မထင်ဘူး'

'ဘယ်လွယ်လိမ့်မလဲ၊ ဒီအခန်းက မြေပေါ်အခန်းကွ၊ မင်း အနေနဲ့ မြေအောက်ခန်းကို ဆင်းရဦးမယ်၊ အဲဒီ မြေအောက် ခန်းကိုဆင်းတဲ့ လှေကားကို ငါလဲ မသိဘူး၊ မင်းဘာသာ ခက်ခက်ခဲခဲ ရှာရမှာ'

ထိုစဉ် လက်တွန်းလှည်းတွန်းသံ တကျွိကျွိ ကြားရလေ ၏။

အခြား လက်တွန်းလှည်းတစ်စီး ရောက်လာပြန်သည်။

ဆန်ကွမ်းချိမှာ အမှောင်ထဲ၌ လုံးဝမမြင်နိုင်တွမ်း ရှိသွားပေ ပြီ။

လက်တွန်းလှည်းပေါ်မှ လူနှစ်ဦးစလုံး ဆံပင်နှင့် မုတ်ဆိတ် ကျင်စွယ်များမှာ ရှည်လျားလှပေပြီ။

သူတို့အသက်လည်း အိုမင်းရင့်ရော်သော် ပေါ်တ်နေသဖြင့် နှစ် ဦးစလုံး အသက်ငါးဆယ်ထက် ငယ်ကြလိမ့်မည် မဟုတ်ပေ။

သူတို့နှစ်ဦးစလုံး၏ မျက်လုံးများကတော့ အလွန်တောက်ပ လှသည်။

အတွင်းအား ပညာ၌မူ လွန်စွာ အထွမ်းထက်မည့်မှာ သေ ချာနေတော့သည်။



အခန်းမှာ ကျယ်ဝန်းလှသည်တော့ မဟုတ်ပေ။

ဆယ့်ငါးပေပတ်ဝန်းကျင်ခန့် ရှိသည်။

စားပွဲကုလားထိုင်ဟူ၍ လုံးဝမရှိပေ။

ထိုစဉ် ကျောက်နံရံအတွင်း၌ တုန်လှုပ်သောအသံ ထွက် ပေါ်လာသည်။

'မင်းတို့ ဘာတွေ အတိုင်အဖောက် ညီနေတာလဲ၊ ဒီအခန်း ထဲဝင်လာတဲ့ လူစိမ်းတိုင်း သေမင်းပြည်ကို သွားရတယ်ဆိုတာ မင်းတို့ မသိဘူးလား၊ ကိုယ်တာဝန် ...ယ်လုပ်ကြ၊ အဲဒီတာဝန် ကို မကျေပွန်ဘူးဆိုရင် မင်းတို့ကို ...ပြီး ဒဏ်ပေးမယ်'

ဆန်ကွမ်းချိသည် အသံလာရာ အရပ်သို့ နားစွင့်၏။

လူကိုတော့ မမြင်ရပေ။

'ဟင်း…ဒီအခန်းထဲမှာ အဘိုးကြီး တစ်ယောက်တည်းပဲ ရှိ မယ်မှတ်ပါတယ်၊ အခုမှ တစ်ယောက်တည်း မဟုတ်တာ သိရ တော့တယ်၊ သတိထားမှပဲ'

ထိုစဉ် နံရံတွင်းမှ အသံထွက်လာ၏။

'ချာတိတ်ကလေး၊ ဒီအိမ်ထဲရောက်ပြီးမှတော့ ရွေးချယ်စရာ နှစ်လမ်းပဲ ရှိတယ်၊ တစ်လမ်းက သေရမယ်၊ တစ်လမ်းက အသက် ရှင်ခွင့်ရမယ်၊ ဒါပေမယ့် ဒီအခန်းထဲမှာ တစ်သက်လုံး နေရမယ်၊ ကြိုက်တဲ့လမ်းကို ရွေးပေတော့'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားပေးတဲ့လမ်းက စိတ်ပျက်စရာမဲ့၊ တခြားလမ်း မရှိဘူးလား'

အတန်ကြာ တိတ်ဆိတ်သွားသည်။

'ကောင်းပြီ၊ ဒီအခန်းထဲမှာ အဘိုးကြီး လေးယောက် ရှိတယ်၊ သူတို့ကို သတ်ပစ်လိုက်ရင် မင်းကို အသက်ရှင်ခွင့် ပေးမယ်'

မကြာမီ တကျွီကျွီအသံ ကြားရပြီး လက်တွန်းလှည်းလေးခုသည် သူ့အား ဝန်းရံထားလိုက်၏။

ဆန်ကွမ်းချီကလည်း သူ၏ လိပ်ပြာနုတ်ရွှေဓားကို ထုတ်ယူလိုက်၏။

'အင်း....ဒီအဘိုးကြီး တစ်ယောက်စီရဲ့ အတွင်းအားဟာ ငါ့ထက်သာတယ်၊ လေးယောက်စလုံး ဝိုင်းတိုက်ရင်တော့ မြော်စရာ မရှိတော့ဘူး'

သူသည် အဘိုးအိုလေးယောက်အား အကဲခတ်လိုက်၏။

အားလုံး စိတ်ဆိတ်ရှည်ရှည် ဆံရှည်ရှည်များချည်းသာတွေ့ရသည်။

ချုပ်ရည်ကို ခွဲခြား၍ မရပေ။

မှောင်နေသဖြင့် ဗိုဆိုးသည်။

'ဆရာကြီးတို့ လေးယောက်ကို ကြည့်ရတာ ကွန်လုံဝမိရဲ့ အဆိပ်မိထားပုံတော့ မရဘူး'



တစ်ဦးက ဖြေ၏။

'ဟုတ်ဘယ်၊ မရပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ကွန်လုံဝမ် လက်အောက်မှာ ခနနေရတာလဲ၊ ခင်ဗျားတို့ လွတ်မြောက်ချင်ရင် ကျွန်တော် ကူညီပေးမယ်'

အဘိုးအိုတစ်ဦးက နာကြည်းစွာ ပြော၏။

'အခုမှတော့ မရတော့ဘူး'

လက်တွန်းလှည်းလေးခုသည် ရှေ့သို့ တိုးဝင်လာပြီး လက်ဝါးလေးစုံ စုရိုက်လိုက်လေ၏။

'ဝုန်း'

ဆန်ကွမ်းချီသည် ဤလောက်တော့ ပါးနပ်ပါသေးသည်။

ထိုလေးယောက်၏ လက်ဝါးရိုက်ချက်ကို တောင့်ခံလျှင် အရိုးတခြား အသားတခြား ဖြစ်သွားမည်ကို သိရှိ၏။

ထို့ကြောင့် အပေါ်မှ ခုန်ထွက်သွားပြီး စောစောက နံရံထဲမှ အသံထွက်ပေါ်လာသည့်နေရာသို့ ခုန်ဝင်သွား၏။

ထို့နောက် နံရံထဲသို့ သူ၏ရွှေဓားဖြင့် ထိုးသွင်းလိုက်သည်။

'ဗွ'

'အင့်'

www.burmeseclassic.com

www.burmeseclassic.com



ရွှေစားသည် အုံကြွဖွယ်ကောင်းလောက်အောင် လက်ကိုင်ရိုး အဆုံးအထိ နစ်ဝင်သွား၏။

အတွင်းမှ မပီမသ ညည်းညူသံတစ်ချက် ထွက်လာသည်။

'ဟော ... မင်း ဘယ်ပြေးတာလဲ'

အဘိုးအိုလေးဦး၏ လက်တွန်းလှည်းများက သူ့ဆီတိုး ဝင်ပြန်၏။

ဆန်ကွမ်းချို တစ်ပတ်ကျွမ်းထိုး၍ လေထဲမှ ခုန်ထွက်ရပြန်သည်။

ဆန်ကွမ်းချိုသည် ရွှေစားကို နမ်းကြည့်လိုက်၏။

စိမ်းရွှေရွှေ ညှီစို့စို့အနံ့ နံနေပေရာ လူသွေးများ ဖြစ်ကြောင်း သိရှိလိုက်၏။

'ဆရာကြီးတို့ ရပ်လိုက်ကြ၊ ကျွန်တော် ပြောစရာရှိတယ်'

ဆန်ကွမ်းချို၏အသံက ဟိန်းထွက်သွားသည်။

သူတို့လေးယောက် လက်ထဲတွင် ကျောပွတ် ရှည်ကြီး များရောက်ရှိနေကြကြောင်း ဆန်ကွမ်းချို တွေ့လိုက်ရ၏။

သူတို့သည် ဆန်ကွမ်းချို၏စကားကို နားထောင်ကြသည်။

ကျောပွတ်များဖြင့် မရိုက်ကြပေ။

'ဆရာကြီးတို့လေးယောက်စလုံး ခုအချိန်ကစပြီး လွတ်လပ်သွားပါပြီ'





'မင်းက ဘာအကြောင်းအရာနဲ့ ပြောရတာလဲ'

'နံရံနောက်က ခင်ဗျားတို့ကိုညွှန်ကြားနေတဲ့လူကို ကျွန်တော် သတ်သင်လိုက်ပြီ'

'ဟင် ...'

အားလုံး အာမေဍိတ်သံများ ထွက်ကုန်သည်။

အတန်ကြာမှ တစ်ပြိုင်နက်တည်း ပြောကြသည်။

'မဖြစ်နိုင်ဘူး'

ဆန်ကွမ်းချိုက ခပ်မှာမှာ ပြောလိုက်၏။

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ အုတ်နံရံနောက်မှာ ပုန်းခိုပြီး အမိန့်ပေးနေတဲ့လူကို ကျုပ်သတ်ပြီးပြီ၊ ဟောဒီဓားမှာ သူ့သွေးတွေ ပေနေတယ်၊ ခင်ဗျားတို့ကို သူထပ်ညွှန်ကြားနိုင်မသေးသလား၊ အမိန့်ပေးနိုင်သေးသလား၊ နာရီဝက်လောက် စောင့်ကြည့်စမ်းပါဦး'

အဘိုးအိုလေးယောက် တုန့်လှုပ်သွားကြသည်။

သူတို့သည် ငြိမ်သက်စွာ စောင့်မျှော်နားထောင်ကြ၏။

မည်သည့်အမိန့်ပေးသံမျှ ထွက်ပေါ်မလာတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ အဘိုးအိုတစ်ဦးက ပြော၏၊

'မင်းက သူ့ကို ဘယ်လိုသတ်နိုင်တာလဲ၊ သူက နံရံနောက်ကွယ်မှာ နေတာပဲ'

ဆန်ကွမ်းချီက သူ့ဓားကို မြှောက်ပြလိုက်၏၊

'သူ နံရံနောက်ကွယ်မှာနေတာကို ကျွန်တော် သိတယ်လေ၊ ဒါပေမယ့် ကျွန်တော့် ဓားဟာ ဒီနံရံလောက်ကိုတော့ အသာကလေး ဖောက်ထွင်းနိုင်တယ်၊ ဒီအခန်းရဲ့ သော့ခလောက်ကြီးကိုလဲ ဒီဓားနဲ့ပဲ ဖြတ်ခုတ်ဝင်လာခဲ့တာပဲ'

အဘိုးအိုလေးယောက်စလုံး မည်သည့်စကားမျှ မပြောနိုင်ဘဲ ဆန်ကွမ်းချီကိုသာ ငေးမော ကြည့်နေကြသည်၊

သူတို့အား အမိန့်ပေးသည့်လူ သေသွားသည်ကို မယုံကြည်၍ မရတော့ပေ၊

'ခင်ဗျားတို့လေးယောက်စလုံး ကွန်လုံဝမ်ရဲ့ ထိန်းချုပ်မှုကို ခံနေရတယ်၊ အခု....လွတ်မြောက်ပြီ၊ အားလုံး လွတ်မြောက်သွားပါပြီ'

'မောင်ရင် တကယ်ပြောနေတာလား'

'ပြော်'

ဆန်ကွမ်းချီ စိတ်ပျက်သွားသည်၊



'ဆရာကြီးတို့ ဒီအခန်းထဲမှာ စိတ်ကြိုက် လှုပ်ရှားကြပါ၊ လှုပ်ရှားပြီးရင် တံခါးပေါက်ကို ကျော်ပြီးအပြင်ကို ထွက်သွားကြပါ၊ ထွက်သွားလို့ ရပါပြီ၊ ဆရာကြီးတို့ကို တားဆီးမယ့်လူ မရှိတော့ပါဘူး'

မကြာမီ လက်တွန်းလှည်းလေး လေးခုစလုံး ပတ်ပတ်လည် ရွေ့လျားကြတော့၏၊

အတန်ကြာမှ ရပ်ဆိုင်းသွားသည်၊

သူတို့၏လက်ထဲမှ ကျာပွတ်များကို မြေပေါ်သို့ ပစ်ချလိုက်ကြသည်၊

'မောင်ရင့်ကျေးဇူး ကြီးမားလှပါတယ်ကွယ်၊ ဒီကျေးဇူးဟာ ဆပ်လို့ မကုန်နိုင်တဲ့ ကျေးဇူးပါပဲ'

အဘိုးအိုသုံးဦးသည် လက်တွန်းလှည်းပေါ်မှ ဖြည်းညင်းစွာ ထကြ၏၊

တုံ့ဆိုင်းတုံ့ဆိုင်း လမ်းလျှောက်ကြ၏၊

ဆယ်နှစ်ဆယ်မိုး ဤသို့ထိုင်ပြီးမှ ဤသို့ လမ်းလျှောက်နိုင်ခြင်းမှာ သိုင်းသမား အရင့်အမာကြီးများ ဖြစ်နေခြင်းကြောင့်ပင်၊

သာမန်လူဆိုလျှင် အောက်ပိုင်းတစ်ခုလုံး ချည့်နဲ့ပြီး လမ်းလျှောက်နိုင်တော့မည် မဟုတ်ပေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ဘစ်ယောက်မှာမူ ထိုင်မြဲထိုင်နေ၏။

'ဆရာကြီးကကော ဘာဖြစ်လို့ ထမစမ်းတာလဲ၊ ထပါ၊ စမ်းလျှောက်ကြည့်ပါ၊ ဒါလွတ်မြောက်ဖို့ အခွင့်အရေးပဲ'

ဆန်ကွမ်းချိုက ထိုင်နေသည့်အဘိုးအိုအား အားတင်းအကျပ် ဆိုတ်တွန်း၏။

အဘိုးအိုက ခေါင်းခါ၏၊

'မရတော့ဘူး'

'ဘာဖြစ်လို့ မရရမှာလဲ၊ သူတို့ကျတော့လဲ ကောင်းလို့ ပါ တာလား'

'ကျုပ်တို့ခြေထောက်တော့အရိုက်ခံရတုန်းကကျုပ်ရဲ့အကြော တွေ ထိခိုက်သွားတယ်၊ ဒါကြောင့် ကျုပ် ခြေနှစ်ဖက်စလုံး လမ်းလျှောက်လို့ မရတော့ဘူး'

'ဖြစ်ရလေဗျာ'

ဆန်ကွမ်းချို ညည်းညူမိသည်၊

သူသည် ကံဆိုးသော အဘိုးအိုအား လှမ်းတွဲပြီး....

'ကျွန်တော် တွဲပေးမယ်၊ ကြိုးစားပြီး လျှောက်ကြည့်ပါဦး၊ ကြိုးစားလို့ မရတော့ဘူးလဲ စိတ်လျှော့လိုက်တာပေါ့၊ ခုတော့ ရှိတာပါသေးတယ်၊ သွေးမှသွားရင် လျှောက်လို့ ရမယ်နဲ့ တူပါ တယ်'



အဘိုးအိုသည် ဆန်ကွမ်းချိုကို တွဲ၍သာ၏၊

သို့သော် ချက်ချင်းပင် ပြန်ထိုင်ကျသွား၏၊

'မလိုတော့ဘူး'

အခန်းထဲ၌ ဖြည်းညင်းစွာ လမ်းလျှောက်နေကြသည့် အဘိုးအို သုံးယောက်သည် သူတို့၏ လေ့ကျင့်ခန်းများကို ဆက်မလုပ် နိုင်တော့ပေ၊

အယ်နှစ်ဆယ်မိုး အတူတကွ နေထိုင်ခဲ့ကြသည့် သူတို့မိတ် ဆွေကြီးကို မျက်ရည်ဝေသော မျက်လုံးများဖြင့် ဝိုင်းကြည့် နေမိကြသည်၊

မသနိုင်သည့် အဘိုးအိုသည် လက်ကိုအသုံးပြုပြီး သူ့လှည်းကို လျှောက်တွန်းပစ်လိုက်သည်၊

'အင်း...ကြေကွဲစရာပါ၊ ကွန်လုံဝမ်ကိုတော့ သူတို့တော်တော် ဘာကြည်းမှာ ခေါ်သွားတယ်'

လမ်းလျှောက်နိုင်သည့် အဘိုးအိုသုံးဦးသည် ဆန်ကွမ်းချို အား ဦးညွှတ်ဂါရဝပြုကြလေ၏၊

www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်တို့သုံးယောက်စလုံး ဒီဘစ်သက်မှာတော့ ခြေထောက်ကို အသုံးပြုခွင့် မရတော့ဘူးလို့ ထူဆခဲ့ကြတယ်၊ ဒါပေမယ့် ကျုပ်တို့ အယူအဆ မှားသွားခဲ့ပြီ၊ ကယ်တင်ရှင်နဲ့တွေ့လို့ ကျုပ်တို့ ခြေထောက်တွေ ပြန်သုံးခွင့်ရပါပြီ'

ဆန်တွမ်းချိုက ပြန်လည်ဂါရဝပြုပြီး....

'ကျွန်တော် အများကြီး ဝမ်းသာပါတယ်၊ ဆရာကြီးတို့ဆီက အကူအညီတစ်ခု တောင်းချင်ပါသယ်'

လေးယောက်စလုံး ထိတ်လန့်သွား၏၊

'ဘာများလဲ၊ ကျုပ်တို့သိတဲ့ကိစ္စဆိုရင်တော့ ဘာမှပြောစရာ မရှိဘူး'

'ကွန်လုံဝမ်ရဲ့ အဆိပ်သိုလှောင်ခန်း တည်နေရာကို သိဖို့ဟာ ကျွန်တော့် အတွက် သေရေးရှင်ရေးတမျှအရေးကြီးနေပါတယ် သိရင်....'

အဘိုးအိုလေးယောက်စလုံး စကားမပြောနိုင်ဖြစ်သွားသည်၊

အတန်ကြာ ငေးမှိုင်နေကြပြီးမှ ထမရမ်နိုင်သည့် အဘိုးအိုက လှမ်းပြောသည်၊

'ကျုပ်တို့ကို ကွန်လုံဝမ်ရဲ့ လက်ပါးစေတစ်ဦးက အမြတ်မ စောင့်ကြည့်နေတယ်၊ သူဟာ နံရံနောက်ကွယ်မှာပဲ နေတယ် အဲဒီကပဲ အမိန့်ပေးတယ်၊ ကျုပ်တို့ဟာ အမြဲတမ်း သူ့စကား နားထောင်ရတယ်'



ဆန်ကွမ်းချိုမှာ စိတ်မရှည်ချင်တော့ပေ၊

အဘိုးအိုပြောနေသည့် စကားမှာ အဆိပ် သိုလှောင်ခန်း၊ တည်နေရာနှင့် မသက်ဆိုင်သဖြင့် အချိန်ကုန်ရုံသာ ရှိတော့သည်၊

'ဒီလှုနေတဲ့ နံရံအတွင်းကို ဝင်နိုင်ထွက်နိုင်တဲ့ လျှို့ဝှက်တံခါး ရှိရမယ်၊ အဲဒါလဲ လျှို့ဝှက်ခလုတ်နဲ့ ဖွင့်ပိတ်ဘာပဲ ဖြစ်ရမယ်၊ အဲဒီလှုအခန်းဟာ မြေအောက်ကို ဆင်းနိုင်တဲ့အခန်း ဖြစ်ဖို့များ တယ်'

ထိုအဘိုးအိုမှာ လေးယောက်ထဲ၌ အကြာမြင့်ဆုံး အချုပ် ခံရသည့် အဘိုးအိုဖြစ်သည်၊

အတော်ကလေး ခေ့ခေ့စုံစုံ သိနေပေမည်၊

'ကျုပ်ပြောတာကို သဘောပေါက်ရဲ့လား၊ အဆိပ်သိုလှောင် ခန်းကို တည့်တည့်မတ်မတ်ကြီး ရောက်သွားလိမ့်မယ်လို့တော့ မမျှော်လင့်နိုင်ဘူး၊ ဒါပေမယ့်....'

'ဟုတ်ကဲ့...ကျွန်တော် သဘောပေါက်ပါတယ်၊ သဲလွန်စ တော့ ရနိုင်ပါတယ်၊ ကျေးဇူးတင်ပါတယ် ဆရာကြီး'

'လျှို့ဝှက်တံခါးကို ဖွင့်နိုင်တဲ့ ခလုတ်ကိုတော့ ကျုပ်လဲ မသိ ဘူးနော်'

ဆန်ကွမ်းချိုက သူ့စကားကို မြှောက်ပြလိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com


'ကိစ္စမရှိပါဘူး၊ ဟောဒီမှာ ဓားရှိတယ်၊ ခလုတ်မရှာဘူး၊ ခပ်မြန်မြန်ပဲ ဒီဓားနဲ့ ဖြေရှင်းမယ်'

အားလုံးအံ့သြနေခိုက် ဆန်ကွမ်းချီသည် နံရံတွင်းမှ သေဆုံးသူရှိရာ နံရံနေရာသို့ ချဉ်းကပ်သွား၏။

ထိုနံရံကို လေးထောင့်အပေါက်ဖြစ်အောင် ဓားကို ထိုးသွင်းပြီး လှီးချသည်။

နံရံကြီးမှာ ရွှံ့ပျော့ကြီးပမာ တိဗာရိရိ ပြတ်ထွက်သွား၏။

ဆန်ကွမ်းချီသည် လူတစ်ကိုယ် တောင်းစွာဝင်နိုင်ရန် သွက်လက် ဖျတ်လတ်စွာ လှီးဖြတ်နေလေ၏။

မကြာမီ လူတစ်ကိုယ်ဝင်နိုင်သော အပေါက်ကြီးဖြစ်လာ၏။

ဆန်ကွမ်းချီသည် ထိုအပေါက်ထဲသို့ လျှိုဝင်လိုက်၏။

တစ်ဖက်တွင် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးကြီးတစ်ယောက် သေဆုံးနေသည်။

စောစောက သူသတ်လိုက်သည့် လူပင်တည်း။

တစ်ဖက်တွင် မြေအောက်သို့ ဆင်းသွားသည့် လှေကားထစ်များကို ရေးတေးတေး မြင်ရသည်။

ဆန်ကွမ်းချီ လက်ဖျစ်တီးလိုက်၏။

'ကျွန်ုပ်လုံဝမ်ရဲ့ အဆိပ်သိုလှောင်ခန်း ဖြစ်ဖို့များတယ်'

သူသည် တစ်ဦးတည်း ဆင်းသွား၏။

လှေကားထစ် ငါးထစ်ခန့်ရောက်မှ အဘိုးကြီးလေးယောက် သတိရပြီး မြန်တက်လာသည်။

'ဆရာကြီးတို့... ဆရာကြီးတို့ ယူဆတဲ့အတိုင်း မြေအောက်ဆင်းတဲ့ လှေကားတွေ တွေ့ရပြီ၊ အထဲမှာ ဘာရှိမလဲဆိုတာ သာ မသိရသေးတာပါ'

အဘိုးအို လေးဦးသည် သူ့လက်ထဲမှ ဓားကို ဝင်းလက် တောက်ပသော မျက်လုံးများဖြင့် ကြည့်နေကြ၏။

'ဘယ်ကောင်းတဲ့ ဓားပဲဗျာ'

ဆန်ကွမ်းချီက...

'ကဲ...ဓားကောင်းတာကို ခဏအားပေးမယ်ဘားပေါ့ဦး၊ ကျွန်ုပ်လုံဝမ် ရောက်မလာခင် ဆရာကြီးတို့ ထွက်ပြေးကြပါတော့၊ ကျွန်တော်ကတော့ ရှေ့ဆက်ရမယ့် တာဝန်ရှိသေးတယ်'

လက်တွန်းလှည်းပေါ်မှ အဘိုးအိုတသူ မိတ်ဆွေသုံးဦးအား ကြကွဲစွာ လှမ်းပြောလေ၏။

'မိတ်ဆွေတို့... ခင်ဗျားတို့ ခြေတွေ ကောင်းနေကြတော့ များကြီး အဆင်ပြေပါတယ်၊ ခင်ဗျားတို့ ပြေးကြပါ၊ ကျွန်ုပ်လုံဝမ်ကို ပြန်ပြီး လက်စားချေကြပါ၊ ကျွန်တော်ကတော့ မပြေးနိုင်တော့မယ့်အတူတူ ဒီမှာပဲ စောင့်ပြီး ဒီသူငယ်ကို ကူညီတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသုံးဦးမှာ ဆွံ့အနဲ့ ဖြစ်သွားကြသည်။

'ဒီလို ခွဲခြားခွဲခြားလုပ်လို့ ဘယ်ဖြစ်မလဲဗျ၊ ကျုပ်တို့လေးဦးဟာ သေအတူရှင်မကွာပဲ၊ ဒီသူငယ်သာ လာမကယ်ရင် ကျုပ်တို့ လေးယောက်စလုံး ဗုက္ခ တဘဝနဲ့ သေကြရမှာပဲ၊ အခု ကျုပ်တို့ သူ့ကို ကျေးဇူးဆပ်မယ်၊ သေရင်လဲ အရင်းပဲ၊ ကူညီပြီးခါမှ မသေရင် ကျုပ်တို့ အမြတ်ပေါ့ဗျာ'

နိုင်မာ ပြက်သားသော လေသံကြောင့် လက်ဆွန်းလှည်းပေါ်မှ အဘိုးအိုသည် သူ့ညာဘက်လက်ကို မြှောက်ပေးလိုက်သည်။

ကျန်အဘိုးအို သုံးဦးဘာ ထိုညာလက်ကို ခင်မင် မြတ်နိုးစွာ ဝိုင်းဝန်း ဆုပ်ကိုင်လိုက်ကြလေ၏။

သေအတူ ရှင်မကွာ သစ္စာပြုထားသူများပမာ....

❖

## အခန်း (၁၄၄)

## ရင်နာဖွယ်ကောင်းသော အကျဉ်းသားများ

အဘိုးအိုတစ်ဦးက ဆန်ကွမ်းချိအား လှမ်းပြော၏။

'မောင်ရင် အခုပြောတာ ကျုပ်တို့ရဲ့ အသည်းနှလုံးထဲက အားပဲ၊ ကျုပ်တို့ရဲ့အကူအညီကို လက်ခံပါ၊ မောင်ရင် ဆောင်ရွက်တဲ့ ကိစ္စကြီးကို ကျုပ်တို့ တစ်စိတ်တစ်ဒေသ ကူညီပါရစေ'

ဆန်ကွမ်းချိ ဝမ်းသာသွားသည်။

ဤအဘိုးအိုများမှာ အတွင်းအားပညာ၌ အဆင့်မြင့်လှသော ဘိုးလ်ကြီးများဖြစ်၍ သူတို့သာ ကူညီလျှင် များစွာ အောင်မြင်နိုင်စရာ အကြောင်းရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခေါင်းညိတ်ရင်း...

'အတိုင်းထက်အလွန် ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဆရာကြီးတို့ ဒီကနေပြီး ဝင်လာမယ့်လူတွေကို ခုခံကာကွယ်ထားရင် ကျွန်တော် အဖို့ နောက်ကြောင်း အေးတာပေါ့ဗျာ၊ ကဲ... ကျွန်တော် မြေအောက်ခန်းကို တွေ့ခဲ့တယ်၊ သွားတော့မယ်'

အဘိုးအိုတစ်ယောက်က...

'စိတ်ချပါ၊ ကျုပ်တို့ အသက်စွန့်ပြီး ကာကွယ်ထားပါမယ်'

သို့သော်...

လက်ဝဲအစွန်မှ ပုဂ္ဂိုလ်တစ်ယောက်ကမူ...

'ဒီအပေါက်ဝကို စောင့်ရှောက်မယ် ဆိုရင် သုံးယောက် စောင့်ရှောက်လို့ ကောင်းကောင်းကြီး ရပါတယ်၊ ကျုပ်က တော့ မောင်ရင်နဲ့အတူတူ အထဲကိုလိုက်ခဲ့ပါမယ်၊ မောင်ရင်က ခွင့်ပြုမယ်ဆိုရင်ပေါ့'

ဆန်ကွမ်းချီမှာ ခေတ္တ တွေဝေသွားသည်၊

အတန်ကြာ စဉ်းစားပြီးမှ...

'ကောင်းသားပဲ၊ ဆရာကြီးတစ်ယောက်ယောက် ပါလာရင် ကျွန်တော် အတွက် တစ်အားတိုးတာပေါ့'

'ကဲ...ဒါဖြင့်လာ'



အဘိုးအိုက ရှေ့မှ ထွက်သွားသည်၊

အဘိုးအိုသည် လှေကားထစ်များကို ခြေဖြင့်နင်းပြီး...

'မြေအောက် ခန်း ကို သွား တဲ့ လမ်းပဲ၊ ရှေ့က ကျုပ်ပဲ ဦးဆောင် ဆင်းပါရစေ'

'ဆရာကြီး၊ ကျွန်တော် ရှေ့က ဆင်းပါရစေ'

သို့သော် အဘိုးအိုက လက်မခံ၊

'မောင်ရင် နောက်ကနေစမ်းပါ၊ ကျုပ်တို့က မှောင်ထဲမှာ နေခဲ့ရတာကြာတော့ အကြားအာရုံနဲ့ အမြင်အာရုံ သိပ်ကောင်း နေတယ်'

ဆန်ကွမ်းချီမှာ မတားမြစ်နိုင်တော့ပေ၊

အဘိုးအို၏ ခြေထောက်များမှာ ကျွင့်သား ရသွားပြီဖြစ်၍ သာမန်လူများ၏ ခြေလှမ်းအတိုင်း သွက်လက်စွာ ဆင်းချသွား၏၊

ကိုက်တစ်ရာခန့် သွား မိ သော အခါ မြေအောက်လမ်း၌ ဘယ်လမ်းခွဲတစ်ခု၊ ညာလမ်းခွဲတစ်ခု ပေါ်လာသည်၊

အဘိုးအိုက လှည့်မေး၏၊

'မောင်ရင် ဘယ်လမ်းခွဲကို လိုက်ချင်သလဲ၊ ကျုပ်တော့ မဆုံးဖြတ်တတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုက ချက်ချင်း ဆုံးဖြတ်ချက်ချသည်။

'ဆရာကြီး၊ ဘယ်ဘက်ကိုပဲ သွားပါ'

'ကောင်းပြီ'

ဆန်ကွမ်းချိုမှာ မှောင်မည်းမည်းထဲ လမ်းလျှောက်ရင်း စိမ့်ဖူးဆရာတော်၊ လိစင်းနှင့် ကျွန်းဖန်းတို့အား တွေးနေမိ၏။

'သူတို့လဲ ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး'

မြေအောက်ခန်းထဲ ရောက်နေသဖြင့် အချိန်မည်မျှ ရှိသည်ကို ဆန်ကွမ်းချို မသိနိုင်တော့ပေ။

'တစ်ခုတော့ရှိတယ်၊ စိမ့်ဖူးဆရာတော်တို့ကို နိုင်ချစ်နော် ကူညီရင်တော့ ငါ့လိုပဲ အသက်ရှည်နေဦးမှာ သေချာတယ်'

သူ့ စိတ်ထဲ၌ နိုင်ချစ်နော်တစ်ယောက် အဆိပ်အိုးလှောင်ခန်းကို မသိဆိုခြင်းကို သံသယရှိနေသည်။

ထိုအချိန်အခါ၌ ဆန်ကွမ်းချို၏စိတ်များသည် မြေအောက်ကမ္ဘာမှ ကင်းလွတ်ကာ ကွန်လုံဝမ်၏ စံအိမ်တော်ကြီးပေါ်၌ အတွေးရောက်နေလေ၏။

'အင်'

အသံက တိုးညင်းသည်။

ဆန်ကွမ်းချို၏ အတွေးများသည် ပစ္စုပ္ပန် မြေအောက်ကမ္ဘာသို့ အထိတ်တလန့် ပြန်လည် ရောက်ရှိသွား၏။



'ဘာလဲ၊ ဘာဖြစ်တာလဲ'

အဘိုးအိုထံမှ ညည်းညူသံ ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ယူဆပြီး ဆန်ကွမ်းချို လှမ်းမေးခြင်း ဖြစ်သည်။

အခုမှ အဘိုးအို ယိမ်းထိုးကျလာသဖြင့် ဆန်ကွမ်းချို လှမ်းပွေ့ လိုက်၏။

အဘိုးအိုက ရုန်းကန်လိုက်သည်။

'မောင်ရင် ရှေ့ကိုကြည့်၊ ကျုပ်က အရေးမကြီးဘူး၊ သတိ လက်မလျှော့နဲ့'

'ဒဏ်ရာပြင်းထန်သလား၊ ကျွန်တော် အကြော ပိတ်ပေးမယ်'

'မပြင်းထန်ပါဘူး၊ ကျုပ် မိတ်ဆွေဘေးဆီမှာ ဆေးစွမ်းကောင်းတွေ ရှိပါတယ်၊ ကျုပ်ပြန်ပြေးလိုက်မယ်၊ မောင်ရင် ဒီကနေ ခဏ မတိုးပါနဲ့၊ မကြာခင် ကျုပ်ပြန်လာခဲ့ပါမယ်'

သူသည် ပြောပြောဆိုဆို ဆန်ကွမ်းချိုအား တွန်းထိုးပြီး ထွက်ပြေးသွားလေတော့၏။

ဆန်ကွမ်းချိုမှာ နောင်တရမဆုံး ဖြစ်သွား၏။

'ငါတစ်ယောက်တည်း ဒီသို့စိတ်ထွေပြားပြီး သွားနေရင် ခေါင်းဖြတ်ပြီးမှ အသက်ခံရမှန်း သိရမယ်၊ သူဟာ ငါ့အတွက် ခေါ်စာခံ ဖြစ်သွားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဘိုးအိုး၏ သတိပေးစကားကို နာယူ၏။

မည်သည့်ရန်သူက မည်သို့ လုပ်ကြံလိုက်မှန်း သူ မသိလိုက်ပေ။

သူသည် နိုင်ချစ်နော်ပေးသည့် ပိုးချည်မျှင်အင်္ကျီကို သတိရလိုက်သည်။

'အင်း....တော်ပါသေးရဲ့၊ နိုင်ချစ်နော်ဟာ ငါ့အသက်ကို ငါ့ထက်တောင် ပိုစိုးရိမ်သေးတယ်၊ ဟကယ်လို့ ငါသာ ရှေ့ဆက်သွားရင် ဟိုဆရာကြီးလို ငါဒဏ်ရာရမှာ မဟုတ်ဘူး'

သူ တွေးနေခိုက်မှာပင် သူ့နောက်မှ ခပ်သုတ်သုတ်လျှောက်လာသည့် ခြေသံကို ကြားလိုက်ရသည်။

'ဘယ်သူလဲ'

'ကျုပ်ပါ'

အသံက လိုဏ်သံပါနေသည်။

အဘိုးအိုသည် ဆန်ကွမ်းချီ၏ ရှေ့သို့ ဖြတ်ကျော် ခုန်တက်သွား၏။

'ခင်ဗျားမိတ်ဆွေတွေရဲ့ဆေးက တကယ်ပဲ အစွမ်းကောင်းတာကိုး၊ ဆောင်ထားဖို့တောင် ကောင်းသေး'

'ဟင့်အင်း၊ အဲဒီလို မဟုတ်ပါဘူး'



'ဗျာ....ဘာကိုဆိုလိုတာလဲ'

'သူ သေသွားပြီကွယ်'

ဗျာ'

ဆန်ကွမ်းချီမှာ အံ့အား သင့်လွန်းသဖြင့် ဆက်၍ စကားမပြောနိုင်တော့ပေ။

'သူ သေသွားပြီ၊ မောင်ရင့်ရှေ့ကကာကွယ်ပြီး လိုက်ခဲ့ ကျုပ်တို့မိတ်ဆွေ သေသွားပါပြီ'

'ဘယ်လို ဖြစ်ရတာလဲဗျာ၊ ပြောတော့ ဒဏ်ရာက မပြလောက်တဲ့ ပုံစံမျိုးပဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို ဖွင့်မပြောတာလဲ'

'သူဟာ ကျုပ်တို့ဆီ အမြန်ဆုံးပြေးလာတယ်၊ မောင်ရင်တစ်ယောက်တည်း သွားရင် အန္တရာယ် သိပ်ကြီးပါတယ်၊ သူ့ကိုယ်စား ကျုပ်တို့ထဲက တစ်ယောက်ယောက် လိုက်စောင့်ရှောက်ပါလို့ ပြန်လာပြောတာပဲ'

'ကျွန်တော့်ကိုပြောတော့ ဆေးပြန်ကုမလို့တဲ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'သူ့ ရင်ဝမှာ လက်ဝါးရိုက်ချက်တစ်ချက်၊ အဆိပ်အပ်က နှစ်ချောင်း စိုက်ဝင်နေတယ်၊ သူမသေဘဲ ဘယ်ရှိပါမလဲ'

ဆန်ကွမ်းချီမှာ ခေါင်းတယမ်းယမ်းဖြစ်သွားသည်။

မှောင်ကလည်းမှောင် သူတို့လေးယောက်စလုံး မှတ်ဆိတ်ရှည်များချည်းသာဖြစ်နေ၍ နောက်ရောက်လာသည့် အဘိုးကြီးကိုလည်း ပထမ လိုက်ပါစောင့်ရှောက်သည့် အဘိုးကြီးဟုသာ ထင်မှတ်ခဲ့သည်။

'သူ ကျွန်တော့်ကို ပြောဖို့ကောင်းပါတယ်ဗျာ'

အဘိုးအိုက နှစ်သိမ့်၏။

'မောင်ရင် စိတ်မကောင်းမှာစိုးလို့ မပြောတာဖြစ်ပါလိမ့်မယ်၊ သူ့ကိုယ်စား ကျုပ် ရှေ့ကသွားပါ့မယ်'

ဆန်ကွမ်းချီမှာ အတန်ကြာငိုင်နေမိ၏။

သူ စိတ်ထိခိုက်နေသည်။

'ကောင်းပြီ၊ ဆရာကြီး လိုက်ချင်တယ်ဆိုရင်တော့ လိုက်ခဲ့ပါ၊ ဒါပေမယ့် ကျွန်တော် ရှေ့ကတော့ မသွားရဘူး၊ ကျွန်တော့် နောက်ကပဲလိုက်ရမယ်'

အဘိုးအိုက အကြီးအကျယ် ကန့်ကွက်လေ၏။

'ဟာ...ဒါအဓိပ္ပာယ်မရှိဘူး၊ ကျုပ်က နောက်ကလိုက်တော့ မောင်ရင့်အတွက် ဘာအကာအကွယ်ရတော့မှာလဲ၊ ကျုပ်က



ရှေ့ကနေ လက်နက်ပုန်းတွေ ဘာတွေကို တားဆီးမယ်၊ တစ်ယောက်ယောက်က ဝင်တိုက်တာနဲ့ မောင်ရင် အဆင်သင့်ဖြစ်နိုင်တာပေါ့'

ဆန်ကွမ်းချီက ခါးသီးစွာပြောလေ၏။

'လက်နက်ပုန်းမကလို့ မိုးကြိုးလက်နက်ပဲ လာပါစေ၊ ကျွန်တော်ကာကွယ်နိုင်တယ်၊ ကျွန်တော့်မှာ နည်းလမ်းတွေအများကြီးရှိတယ်၊ ဆရာကြီးသာ နောက်ကလိုက်ပါ'

အဘိုးအိုက ငြင်းဆန်နေသည်။

ဆန်ကွမ်းချီက ပြတ်သားစွာ ပြောချေ၏။

'ဆရာကြီး...ကျွန်တော့် စကားကို လက်မခံနိုင်ဘူး ဆိုရင်တော့ ဆရာကြီးရဲ့မိတ်ဆွေတွေဆီကိုပဲ ပြန်သွားပါတော့၊ ကျွန်တော် စကားများများ မပြောချင်ဘူး'

အဘိုးအိုမှာ လက်လျှော့ပြီး ဆန်ကွမ်းချီ၏ နောက်ကလိုက်ရတော့သည်။

'ဆရာကြီး...ကျွန်တော်ဟာ ဆရာကြီးတို့လောက် အတွင်းအားမကောင်းပေမယ့် ဆရာကြီးတို့ထက် သာလွန်တဲ့လက်နက်ပစ္စည်းတွေ ကျွန်တော့်ဆီမှာ ရှိနေပါတယ်၊ နောက်ကနေသာ သတိထားပြီး လိုက်ပါခင်ဗျာ'

ဆန်ကွမ်းချီသည် ဝိဉာဉ်လိပ်ပြာနတ် ရွှေဓားကို ရင်ဝတွင် ကန့်လန့်ဖြတ်တင်ရင်း ရှေ့သို့ တစ်လှမ်းချင်း တိုးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝှီး'

လေတိုက်သံလိုလို ကြားလိုက်ရ၏။

ဆန်ကွမ်းချို၏ခေါင်း မြောက်တက်သွားသည်။

တစ်ချိန်တည်းမှာပင် သူ့ရင်ဝနှင့် နံကြားသို့ ယောက်ခန် ဆောက်ခနဲ ခံစားလိုက်ရ၏။

'ဘာတွေလဲ ဟ'

ဆန်ကွမ်းချို၏စိတ်ထဲ၌ ထိုသို့ပင် ရေရွတ်လိုက်မိ၏။

လာထိသော အရာဝတ္ထုကလေးများသည် အတော်ကလေး အရှိန်ပြင်းထန်၏။

'ဟင်....လူယုတ်မာတွေ၊ အဘော်ကို လူဝါးဝတဲ့ကောင်တွေပါလား'

ရန်သူများသည် အလွန်တရာ ဉာဏ်များသူများ ဖြစ်ကြ၏။

ပထမ၌ လက်ဝါးဖြင့် သေတ္တန်းအား ရိုက်ထုတ်သည်။

လေတွန်းအားနှင့် တစ်ပြိုင်တည်း လက်နက်ပုန်းများကို ပစ်ထုတ်လိုက်ရာ ဆန်ကွမ်းချိုမှာ လေတိုးသံမကြားရတော့ဘဲ နှစ်ချက် ထိမှန်ခံလိုက်ရသည်။

သို့သော် သူသည် နိုင်ချစ်နေဘ်ပေးထားသည့် ပိုးချည်မျှင်အင်္ကျီကို အတွင်း၌ဝတ်ဆင်ထားရာ အဆိပ် လက်နက်ပုန်းများ



အင်္ကျီကို ထိုးဖောက်မဝင်ရောက်နိုင်ဘဲ အပြင်သို့ ပြန်ကျသွားခြင်း ဖြစ်သည်။

ကံကောင်းလေစွ တကား။

ဤလှည့်ကွက်မျိုးကို ဆန်ကွမ်းချိုကဲ့သို့သော သိုင်းလောက အတွေ့အကြုံနည်းပါးသူမှာပြာနှင့် နောက်မှ လိုက်ပါလာသည့် အကိုးအိုပင် ခုခံနိုင်လိမ့်မည်မဟုတ်ပေ။

ဆန်ကွမ်းချိုမှာ ရှက်စိတ်ပေါ်သွားသည်။

နိုင်ချစ်နေဘ်သည် ယခုအချိန်အထိ သူ့အသက်ကို လိုက်ယ်နေခဲ့သည် မဟုတ်ပါလား။

ဆန်ကွမ်းချိုက နောက်သို့လှည့်၍ တိုးတိုးပြောသည်။

နှစ်ယောက်တည်းကြားနိုင်ရုံသာ အတွင်းအားထုတ်၍ထိန်းမှာသည်။

'ဆရာကြီး....ရှေ့မှာ ရန်သူတွေရှိတယ်၊ သိမ်ပါးနပ်တယ်၊ ဆက်ပိုပြီး သတိဝီရိယထားပါ ခင်ဗျာ'

'စိတ်ချပါ၊ ကျုပ်သတိထားပါတယ်'

ဆန်ကွမ်းချိုသည် ရှေ့မှဆက်သွားသည်။

သူ့အာရုံကို တစ်ချက်ကလေးမျှ အပျက်ပြား မခံဝံ့တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လေတိုးသံများ ကြားလိုက်ရသဖြင့် သူ၏ ရှေ့ဘားကို မော့ယမ်းလိုက်၏။

ရှေ့ဘားမှာ စက်ဝိုင်းကြီးသဏ္ဍာန် အရိပ်များ ဖြစ်ပေါ်လာသည်။

တထန်း....ထန်း အသံများ ကြားရသည်။

လက်နက်ပုန်းများ ခားနှင့်ရိုက်ခတ်ပြီး လွင့်ထွက်သွားသံများ ဖြစ်သည်။

ဆန်ကွမ်းချိုမှာ စိတ်ထဲ၌ မခံချိမခံသာ ဖြစ်နေ၏။

'ဒီလူတွေ တကယ်ယုတ်မာတာပဲ၊ မှောင်ထဲက စောင့်ကြိုပြီး အဆိပ်အပ်နဲ့ ချောင်းပစ်တာကတော့ တကယ် မဖွယ်မရာကိစ္စပဲ'

သူသည် အဘိုးအိုအား လှည့်၍ပြောလေ၏။

'ဆရာကြီး....ကျွန်တော်တို့ကို လုပ်ကြံတဲ့လူဟာ မြေအောက်နံရံဘေးမှာ ပုန်းခိုပြီးပစ်တာ ဖြစ်ချင်ဖြစ်နေမယ်၊ လူသူ လုံးဝ မပြတဲ့ ဆက်ပုန်းနေရင် သူ့ကို ကျွန်တော်တို့ ကျော်လာလိမ့်မယ်၊ အဲဒီအခါကျမှ နောက်ကလုပ်ကြံရင် ကျွန်တော်တို့ ဘာမှ တတ်နိုင်မှာမဟုတ်ဘူး၊ ဆရာကြီး နောက်ဘက်ကို သတိထားပါ'

'စိတ်ချပါ၊ မောင်ရင် မပြောခင်ကတည်းက ကျုပ်ကလဲ နောက်ကို ဂရုစိုက်ပြီး လျှောက်ခဲ့ပါတယ်'



အတွေ့အကြုံရှိပြီးသူတစ်ဦးအဖို့ ထိုကိစ္စကို ကြိုတင်တွက်ဆပြီးသားဖြစ်သည်။

ဤသို့ဖြင့် တဖြည်းဖြည်း လျှောက်လာခဲ့ကြရာ နောက်ဆုံးနံရံဘေး၌ ဂူဝတစ်ခုကို တွေ့လိုက်ရသည်။

'ဟော....'

ဆန်ကွမ်းချို အလွန်ဝမ်းသာသွား၏။

'ဆရာကြီး....ဂူဝတစ်ခုတော့ တွေ့ပြီဗျို့၊ အဆိပ်သိုလှောင်ခန်းဟုတ် မဟုတ်တာ မသိနိုင်ဘာ'

အဘိုးအိုက ခေါင်းယမ်း၏။

'မောင်ရင်....ဒါ အဆိပ်သိုလှောင်ခန်း မဖြစ်နိုင်ဘူး၊ အဆိပ်သိုလှောင်ခန်းဆိုရင် ကျုပ်တို့ အသေအကြေ တိုက်ခိုက်ပြီးမှ ဒီနားကို ချဉ်းကပ်နိုင်မှာ'

'ကွန်လုံဝမ်က ဉာဏ်များတယ်၊ လူတွေကို မထင်မှတ်နိုင်တဲ့ နေရာမျိုးမှာ ထားချင်ထားမှာပေါ့'

'စမ်းကြည့်လေ....ကျုပ်တော့ မထင်ဘူး၊ ဒါပေမယ့် သတိတော့ ထားနော်'

ဆန်ကွမ်းချိုသည် ဂူနံရံ၌ နားကပ်၍ နားထောင်လိုက်၏။

အသက်ရှူသံများ ကြားနေရသဖြင့် အားတက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး...အသက်ရှူသံ ကြားနေရတယ်၊ အထဲမှာတော့ လူရှိနေပြီ'

ဆန်ကွမ်းချိုက အဘိုးအိုကို နားထောင်ကြည့်ရန် အချက်ပြ လိုက်၏။

သူက နောက်ဘက်မှ ရန်သူကို စောင့်ကြည့်ပေးသည်။

အဘိုးအိုသည် နားကပ်၍ နားထောင်သည်။

အသက်ရှူသံမှာ ကြားရရုံသာရှိသည်။

သူတို့သာ အတွင်းအား ကောင်းသူများ မဟုတ်ခဲ့လျှင် ထို အသက်ရှူသံကို ကြားနိုင်လိမ့်မည် မဟုတ်ပေ။

အတွင်း၌ ရှိနေသူသည် အတွင်းအားပညာ၌ အလွန်တရာ နက်ရှိုင်းသော ဝါစဉ်ကြီး သိုင်းသမားတစ်ဦးသာ ဖြစ်ရမည်။

ဆန်ကွမ်းချိုသည် သူ၏ ရွှေဓားကို ရင်ဝ၌ ကန့်လန့်ဖြတ် ကာလိုက်၏။

'မိတ်ဆွေ...ဘာဖြစ်လို့ အပြင်ကို ထွက်မတိုက်တာလဲ၊ သတ္တိ ရှိရင် အပြင်ကို ထွက်တိုက်ပါ၊ သိုင်းလောက ထုံးတမ်းစဉ်လာ အတိုင်း တိုက်ခိုက်လို့ ဂုဏ်ငယ်တယ်ဆိုတာ မရှိပါဘူး'

ထိုဂူဝမှာ ဥမင်လမ်းတစ်လျှောက်၏ နံရံအောက်၌ ဖြစ်ပေါ် နေသည့် ဂူဝဖြစ်သည်။

လူတစ်ယောက် ကောင်းစွာ ဝင်ထွက်နိုင်ပေသည်။



အထဲမှ ခပ်သဲ့သဲ့ ရယ်သံ ကြားလိုက်ရ၏။

'ကျုပ်က မင်းတို့ကို ကြောက်စရာ ဘာမှမရှိဘူး၊ လှုပ်လှုပ် ယပ်ယပ် မလှုပ်ရှားနိုင်လို့ မင်းပြောသလို မတိုက်ခိုက်နိုင်တာပဲ ဖြစ်တယ်၊ သတ္တိရှိရင် မင်းဝင်လာလို့ရတယ်'

ဆန်ကွမ်းချိုသည် အဘိုးအိုအား လှည့်ကြည့်သည်။

အဘိုးအိုက ဦးခေါင်းကို ခါယမ်းပြသည်။

မဝင်နှင့်၊ ထောင်ချောက်အတွင်း ကျသွားလိမ့်မည်ဟူသော သဘောပင်။

ဆန်ကွမ်းချိုသည် ဓားကို ရင်ဝ၌ကာပြီး လျှပ်တစ်ပြက် ဝင်သွားလေ၏။

'ဟူး...ဟူး...ဟူး'

လေလုံးကြီး ရိုက်ခတ်သံနှင့်အတူ ဆန်ကွမ်းချို လည်ချောက်ထွက် သွားလေ၏။

အဘိုးအိုက ဆီး၍ထိန်းပေးရသည်။

သို့တိုင် အဘိုးအိုပင် နောက်သို့ ခြေငါးလှမ်းမျှ နောက် ဆုတ်သွားရလေ၏။

အဘိုးအိုက ထိတ်လန့်တကြား ရေရွတ်သည်။

'ဝါ လေသိုင်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကွန်လုံဝမ်ရဲ့ တပည့်တွေထဲမှာ ဒီလိုပညာရှင်မျိုးလဲ ရှိနေ တာပဲလား'

ဆန်ကွမ်းချိုက တီးတိုမေးလေ၏။

အဘိုးအိုက....

'ဒါ ကွန်လုံဝမ်ရဲ့တပည့်မဖြစ်နိုင်ဘူး၊ ငှစာဓနောက်သူပြော စကားထဲမှာ လှုပ်လှုပ်လပ်လပ် မလှုပ်ရှားနိုင်လို့ ဆိုတဲ့စကား ပါတယ်၊ ကွန်လုံဝမ် ဖမ်းထားတဲ့ လူတစ်ဦးဦး ဖြစ်နိုင်တယ်'

'အဲဒီလို လူကိုလဲ ကွန်လုံဝမ် ဖမ်းထားနိုင်တာပဲတဲ့လား'

'အဆိပ်လေ...အဆိပ်'

ဆန်ကွမ်းချို သတိရလာ၏။

ယုတ်မာညစ်ညမ်းစွာ အဆိပ်ခတ်ခံရလျှင် ရှောင်လင်ဂိုဏ်း ချုပ် ဆရာတော်ကြီးပင် ဤသို့ အဖမ်းခံရပေလိမ့်မည်။

'ကိစ္စမရှိပါဘူး၊ ဒီတစ်ခါ ကျွန်တော်တို့ကလဲ အတွင်းအား အကုန်သုံးပြီး ဝင်ကြတာပေါ့'

'ကျုပ်ပါ ဝင်ရမလား'

'နှစ်ယောက်စလုံး ပြိုင်ပြီး၊ အတွင်းအားထုတ်မှ ကျွန်တော် ခုခံနိုင်ရှိမယ်'

'ကောင်းပြီ'



ဆန်ကွမ်းချိုနှင့် အဘိုးအိုတို့သည် လျှပ်တစ်ပြက် ခုန်ဝင်လိုက်ကြလေ၏။

သူတို့၏ ရှိရှိသမျှ အတွင်းအားများကို အားကုန်ထုတ်သုံး၍ ရိုက်ထုတ်ကြသည်။

'ဝုန်း'

'ဟူး....ဟူး....ဟူး'

အတွင်းမှ ရိုက်ထုတ်သည့် လေအားနှင့် အပြင်မှ ရိုက်သွင်းသည့် အတွင်းအားနှစ်ခု ထိပ်တိုက်ရင်ဆိုင်တွေ့သောအခါ ဂူထဲ၌ ပြင်းထန်သော လေပွေကြီးတစ်ခု ဖြစ်သွားပြီး ဆန်ကွမ်းချိုနှင့် အဘိုးအိုတို့၏ ဝတ်စုံများမှာ တဖျပ်ဖျပ် ခါယမ်းသွားရလေသည်။

'ဂူထဲမှာ ဘယ်လိုသိုင်းသမားလဲတော့ မသိဘူး၊ ကြောက်စရာကောင်းတာတော့ အမှန်ပဲ'

ထိုစဉ် ဓလှတိုးသံများ တရှီးရှီး ကြားလိုက်ရသဖြင့် ဆန်ကွမ်းချိုက သူ့ဓားကို တရကြမ်း ဝှေ့ယမ်းရတော့သည်။

အဘိုးအိုက သူ့အကျီသက်စရှည်ဖြင့် ကာကွယ်လေ၏။

တဆန်းဆန်းအသံများ ကြားရပြီး လက်နက်ပုန်းများ ဘေးသို့ လွင့်စဉ်သွားတော့သည်။

သူသည် ထိုသို့ခုခံရင်း တဖြည်းဖြည်း ရှေ့သို့ တိုးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် ပိုးချည်မျှင်အင်္ကျီ ဝတ်ဆင်ထားသည် မဟုတ်ပါလော။

အချို့ လက်နက်ပုန်းများသည် ခါးစက်ဝိုင်းအတွင်းသို့ ထိုးဖောက် ဝင်ရောက်လာ၏။

သို့သော် ပိုးချည်မျှင်အင်္ကျီကိုတော့ မထွင်းဖောက်နိုင်ပါချေ။

အတွင်းမှလူက…

'မင်း တယ်တော်ပါကလား၊ ကြံ့ကြံ့ခံပြီး ရှေ့တိုးလာနိုင်တဲ့ လူဆိုလို့ မင်းတစ်ယောက်တည်းပဲ တွေ့ရသေးတယ်'

စင်စစ် ဂူပေါက်မှာ မှောင်နေသည်သာ ဖြစ်၏။

သို့သော် အတွင်းရောက်လေ ကျယ်ဝန်းသာလေ ဖြစ်သဖြင့် ရှောင်တိမ်းရသည်မှာ လွယ်ကူလာပေသည်။

ဆန်ကွမ်းချိုက လေးလေးနက်နက် လှမ်းပြောလေ၏။

'ကြံ့ကြံ့ခံနိုင်တာတော့ မပြောနဲ့၊ ကွန်လုံဝမ်ရဲ့ စံတော်အိမ်ကို ဖျက်ဆီးဖို့ ကျုပ်ဝင်လာတာပဲ၊ ဝိညာဉ်လိပ်ပြာနုတ် ရှေ့ဓား ပါလာတဲ့နောက် ကျုပ်က ဘယ်သူ့ကို ကြောက်ရတော့မှာလဲ'

မှောင်ထဲမှ ထိတ်လန့်သောအော်သံ ထွက်ပေါ်လာ၏။

'ဝိညာဉ်လိပ်ပြာနုတ်ရှေ့ဓား…အခု ငါကြားလိုက်တဲ့စကားက ဟုတ်ရောဟုတ်ရဲ့လား'

'ဟုတ်တယ်၊ ကျုပ်က ဘာညာစရာ ရှိတာမှတ်လို့'



'ဒါ…ဒါ…ဆိုင်းလောက ရတနာသုံးပါးထဲက တစ်ပါးပဲ၊ ဟုတ်တယ်မဟုတ်လား'

ထိုစဉ် အခြားတစ်နေရာမှ တိုးညင်းသော အသံတစ်သံထွက်လာ၏။

'သူ့ဆီမှာ ဝိညာဉ်လိပ်ပြာနုတ်ရှေ့ဓား ရှိမှတော့ သူ့ကိုယ်ပေါ်မှာလဲ ထိန်ချန်စီချည်မျှင်နဲ့ ရက်လုပ်ထားတဲ့ ပိုးချည်မျှင်အင်္ကျီလဲ ရှိနေတော့မှာပေါ့'

ဆန်ကွမ်းချိုသည် ထိတ်လန့်သွား၏။

'တင်…ဒီဂူထဲမှာ တစ်ယောက်တည်းရှိနေတာမှ မဟုတ်ဘဲ၊ နှစ်ယောက်တောင် ရှိနေပါကလား'

ဆန်ကွမ်းချိုသည် စိတ်ထဲမှထိတ်လန့်မှုကို မပေါ်စေဘဲ…

'ဟုတ်တယ်၊ ဆိုင်းလောကရဲ့ အဖိုးတန်ပစ္စည်း သုံးမျိုးကို ခင်ဗျားတို့ သိထားတဲ့အတွက် ကျုပ် အများကြီးဝမ်းသာတယ်၊ ဆန်ပေါင်ရတနာရှိနေတဲ့ ကျုပ်ကို ခင်ဗျားတို့က ယှဉ်ပြိုင်ချင်သေးလို့လား'

အတွင်းမှ သက်ပြင်းချသံ ကြားလိုက်ရသည်။

'အင်း…မင်းဆီမှာ ဆန်ပေါင်ရတနာတွေ ရှိနေတယ်ဆိုရင်တော့ မင်းဟာ သာမန်လူတစ်ယောက် မဖြစ်နိုင်တော့ဘူး၊ မင်းနာမည်ကို တဆိတ်လောက် ပြောမပြနိုင်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ပြောနိုင်ပါတယ်၊ ကျွန်တော့်နာမည်က ဆန်ကွမ်းချိပါ၊ ဝါရင့်သိုင်းသမားတော့ မဟုတ်ပါဘူး၊ သိုင်းလောကထဲကို မနေ့တစ်နေ့ကမှ ရောက်လာတဲ့သူပါ'

အချိန် အတော်ကြာသည်အထိ ဂူတွင်းမှ အသံထွက်မလာပေ။

ဂူထဲမှလူသည် ဆန်ကွမ်းချိ၏ နာမည်ကို မကြားဖူးသဖြင့် တိတ်တဆိတ် စဉ်းစားနေဟန်တူသည်။

ဆန်ကွမ်းချိ စိတ်မရှည်တော့ချေ။

အော်ငေါက်မေးရန် ဟန်ပြင်လိုက်စဉ်မှာပင် စောစောက အေးဘက်မှအသံ ထွက်ပေါ်လာ၏။

'ဆရာတော်....သိုင်းလောကမှာ အသက်ကြီးတယ် ငယ်တယ် ဆိုတာ မရှိပါဘူး၊ ပညာကြီးတဲ့လူက ဆရာပါပဲ၊ တပည့်တော်နဲ့ ဆရာတော်တို့ကိုပဲကြည့်ပါ၊ သိုင်းပညာအားဖြင့် နာမည် ဂုဏ်သတင်းအားဖြင့် တပည့်တော်တို့ကို ကွန်လုံဝမ်လိုက်လို့မမီပါဘူး၊ ဒါပေမယ့် အခုတော့ ဆရာတော်ကော တပည့်တော်ပါ ကွန်လုံဝမ်ရဲ့ အကျဉ်းသားဘဝ ဖြစ်နေရပါပြီ၊ အခုဆိုရင် ဆယ်နှစ် ဆယ့်နှစ်နှစ်လောက်တောင် ရှိနေရောပေါ့'

ဆန်ကွမ်းချိနှင့် ရင်ဆိုင်ပြောနေသည့်အသံ ထွက်ပေါ်လာသည်။



'ရသေ့ကြီးပြောတာ မှန်တယ်၊ ဒီသူငယ်ဟာ ဆန်ပေါင် ရတနာတွေ ရထားပြီးပြီဆိုတော့ ကျုပ်တို့ထက် အစွမ်းထက်လို့ပဲ'

ဆန်ကွမ်းချိမှာ ဘုရားတသွားရလေတော့၏။

သူ့စိတ်ထဲ၌ အကျဉ်းခံနေရသူများမှာ အိမ်နောက်ထဲမှ အဘိုးအိုများကဲ့သို့ ရိုးရိုးလူများဟု ထင်မိသည်။

ယခုမူ ဆရာတော်တစ်ပါးနှင့် ရသေ့ကြီးတစ်ပါးတို့ ဖြစ်နေချေပြီ။

'ဘုရားရေ့...တရုတ်ဘုန်းတော်ကြီးနဲ့ ရသေ့ကြီးတို့လဲ ကွန်လုံဝမ်ရဲ့ ထောင်ချောက်ထဲ အမိခံနေရတာပါပဲလား၊ နောက်ပြီး သူတို့ အကျဉ်းခံနေရတာ ဆယ့်နှစ်နှစ်လောက် ရှိနေပြီဆိုပဲ'

ထိုစဉ် ထူးခြားသောလေတိုးသံများကို ကြားရပြီးနောက် သူတို့ခေါင်းပေါ်ရှိ ကျောက်သားများကို တစ်စုံတစ်ခုနှင့် ထိခိုက်သံများ ကြားလိုက်ရတော့သည်။

ထိုပြင်းထန်သော ထိခိုက်မှုကြောင့် မီးပွင့်ကလေးများ လင်းလက်လာသည်။

အလွန်တရာ မှောင်မည်းသော နေရာ၌ ထိုမီးပွင့်ကလေးများသည် လွန်စွာတန်ဖိုးရှိလှ၏။

ဆန်ကွမ်းချိနှင့် အဘိုးအိုတို့သည် ဂူတွင်း၌ အကျဉ်းခံနေရတန်ရှိသော ဆရာတော်နှင့်ရသေ့ကြီးတို့ကို ဝိုးတဝါး ဖူးတွေ့လိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှင့် ရသေ့ကြီးဆိုသော်သည်း နှစ်ဦးစလုံး၏ပုံစံမှာ မခြားနားလှပါ။

ထိုရှည်၊ မုတ်ဆိတ်ရှည်ကိုယ်တော်များ ဖြစ်နေကြရာသည်။

ဆရာတော်နှင့် ရသေ့ကြီးတို့သည် ကျောက်ဂူကို ကျောမှီပြီး ထိုင်နေကြဟန်ရှိ၏။

မီးပွင့်များပျောက်သွားသောအခါ ဆရာတော်နှင့် ရသေ့ကြီးတို့၏ ဝိုးတဝါး ရုပ်ပုံလွှာသည်း ပျောက်ကွယ်သွားလေတော့၏။

'ဒါကလေး ဆန့်ကမ်းချီ၊ ကျုပ်တို့ရဲ့ရုပ်ပုံလွှာတွေကို မြင်လိုက်ရပြီမဟုတ်လား'

ဆရာတော်၏ လေသံဖြစ်ပါသည်။

ဆရာတော်သည် သူတို့၏ရုပ်ပုံလွှာများကို မြင်စေခြင်းငှာ ကျောက်ဂူအမိုးကို ကျောက်တုံးငယ်ကလေးများနှင့် ပစ်ခတ်ပြီး မီးပွင့်ထွက်စေခဲ့ခြင်း ဖြစ်ပေသည်။

ဆန့်ကမ်းချီက ဒူးထောက်ထိုင်ချကာ ရှိခိုးကန်တော့လေ၏။

'တပည့်တော် ဂါရဝပြုပါတယ်ဘုရား'

'ကောင်းလေစွ...ကောင်းလေစွ...ကောင်းလေစွ'

'ဆရာတော့်ဘွဲ့ကို မသိရဘူးလား ဘုရား'

'ကျုပ်က ထိန်မုဆရာတော်ပဲ'



'ရှောင်လင် ကျောင်းတော်ကများလား ဘုရား'

'ဟုတ်ပါတယ်၊ ရှောင်လင်ကျောင်းကပါ'

ဆန့်ကမ်းချီသည် ကျွန်လုဂိုဏ်း၌ သိမြင်ခဲ့ဖူးသော တက်မုဆရာတော်ကို သတိရလာ၏။

'တက်မုဆရာတော်ကိုများ သိပါသလား'

'တက်မုလား၊ တက်မုက ကျုပ်ရဲ့ညီတော်ပဲ၊ ဒကာလေးလည်း သိကျွမ်းဖူးလို့လား'

'တပည့်တော်နဲ့ သုံးလေးကြိမ်လောက်တောင် တွေ့ဆုံဖူးပါတယ်၊ တက်မုဆရာတော်ရဲ့ သိုင်းပညာနဲ့သမာဓိဟာ အတွန့်တရာ လေးစား ရှိသလောက်ပါတယ်ဘုရား'

ထိန်မုဆရာတော်က သက်ပြင်းရှည်ကြီးကို ချလိုက်၏။

'ဟင်း....ကျုပ်တို့ ရှောင်လင် ဘုန်းကြီး တွေတင် ကပ်ဆိုက်တာမဟုတ်ဘူး၊ ခွန်းလွန်ဂိုဏ်းက ရသေ့တွေလဲ ကပ်ဆိုက်တာပါပဲ'

'ဩော်...ဆရာတော်နဲ့အတူ အကျဉ်းကျနေတာ ခွန်းလွန်ဂိုဏ်းကဖြစ်ပါသလား'

'ဟုတ်တယ်၊ စုချင်လင် ရသေ့ကြီးဖြစ်ပါတယ်'

'စောစောက ဒကာတော်မှန်းမသိ၊ ရသေ့ကြီးမှန်းမသိဘဲ ပြစ်မှားမိတဲ့အတွက် အပည့်တော်ကို ခွင့်လွှတ်တော်မူပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာတော်က ညွှတ်နူးစွာပြောသည်။

'ဟာ...တစ်ဦးနဲ့တစ်ဦး မသိလို့ဖြစ်ကြတဲ့ကိစ္စပဲ၊ အပြစ်မရှိပါဘူး'

'ဆရာတော်တို့ ဒီမှာ အချုပ်ခံနေရတာ အတော် ကြာပြီလားဘုရား'

'ဆယ့်နှစ်နှစ်လောက်တော့ ရှိပါပြီ'

ဆန်ကွမ်းချိုသည် ထိန်မုဆရာတော်နှင့် စုချုပ်လင် ရသေ့ကြီးတို့၏ နာမည်များကို မကြားဘူးချေ။

မကြားဘူးခြင်းမှာ သူငယ်ရွယ်လွန်းနေသောကြောင့် ဖြစ်သည်။

အကယ်၍ တက်မုဆရာတော်သာ သူနှင့် အတူပါလာပါက ထိန်မုဆရာတော်နှင့် စုချုပ်လင်ရသေ့ကြီးတို့၏ ကျော်ကြားမှု ဂုဏ်သတင်းကို ကောင်းစွာ သိရှိနိုင်ပေလိမ့်မည်။

ဒကာလေး ဆန်ကွမ်းချို၊ ကျုပ်တို့ရဲ့လေသိုင်းကို ခုခံနိုင်တယ်ဆိုတော့ အဆင့်မြင့်သိုင်းပညာတွေကို အတော်ကလေး လေ့ကျင့်ထားတယ်လို့ ခန့်မှန်းရမှာပဲ၊ ဟုတ်တယ်မဟုတ်လား'

'အဲဒီလိုဝန်မခံရဲပါဘူးဘုရား၊ တပည့်တော်က သိုင်းလောကရဲ့ ဆန်ခေါင်ရတနာတွေကို အားကိုးပြီး ဒီဂူထဲ ဝင်တာပါ၊ တပည့်တော်ရဲ့ပညာဟာ သောက်သောက်လားလား မရှိသေးပါဘူးဘုရား'



ထိန်မုဆရာတော်က ခပ်သဲ့သဲ့ ရယ်သည်။

'မဖြစ်နိုင်ပါဘူး၊ ကျုပ် လေသိုင်းနဲ့ရိုက်တာကို ဒကာလေးဆန်ကွမ်းချို အတွင်းအားနဲ့ခုခံပြီး ဝင်လာတာဟာ သိုင်းလောကရဲ့ ရတနာသုံးမျိုးနဲ့ ဘာမှမဆိုင်ပါဘူး၊ ကဲ...ဒါတွေထားပါတော့၊ ဒီခမြဲအောက်လိုဏ်ခေါင်းထဲ ဝင်လာတာအကြောင်းတော့ ရှိမှာပေါ့၊ ပြောနိုင်ရင်တော့ ကျုပ် သိချင်ပါတယ်'

ဆန်ကွမ်းချိုသည် ရှောင်လင်ကျောင်း၏ ထိန်မုဆရာတော်နှင့် ခွန်းလွန်ဂိုဏ်း၏ စုချုပ်လင်ရသေ့ကြီးတို့အား မယုံကြည်ရန်အကြောင်း လုံးဝမရှိသဖြင့် လက်ရှိသိုင်းလောက၌ ကွန်လုံဝမ်၏ လုပ်ဆောင်ချက်များနှင့် ကွန်လုံဝမ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောပြလေ၏။

'ဩော်...ဒကာလေးဆန်ကွမ်းချိုက သိုင်းလောကကြီးတစ်ခုလုံးအတွက် အသက်စွန့်ပြီး ဝင်ရောက်ခဲ့တာကိုး'

'တပည့်တော်တစ်ယောက်တည်းမဟုတ်ပါဘူးဘုရား၊ တပည့်တော်လို သွေးချင်းသွေးပါစေ၊ ကွန်လုံဝမ်ရဲ့ အဆိပ်သိုလှောင်ခန်းကို ဖျက်ဆီးမယ်ဆိုတဲ့ တခြားသူ့ရဲ့ကောင်း သုံးယောက်လည်းပါပါသေးတယ်ဘုရား'

'ဩော်...ကောင်းလေစွ...ကောင်းလေစွ'

ထိန်မုဆရာတော်က အသေခံသူရဲကောင်း သုံးယောက်နှင့် စိမုဆရာမတော်တို့အား ကောင်းချီးပြုတာ ပေးလေတော့သည်။

www.burmeseclassic.com

## အခန်း (၁၄၅)

## ခြိမ်းခြောက်လာသည့် အသံရှင်

'တပည့်တော်စိတ်ထင် အရှင်ဘုရားတို့ဟာ ကျွန်လုံဝမ်ရဲ့အဆိပ်ဒဏ်ကို မခံရဘူးနဲ့ တူပါတယ်'

'အဖမ်းခံရတုန်းကသာ အဆိပ်ဒဏ်ကို ခံလိုက်ရတာပါ၊ နောက်ပိုင်းမှာတော့ ဘာအဆိပ်နဲ့မှ မပတ်သက်တော့ပါဘူး'

'ဒါဖြင့် ဆရာတော်တို့က ဘာဖြစ်လို့ လွတ်မြောက်ဖို့ မကြိုးစားတာလဲ'

ဆရာတော်က ခပ်သဲ့သဲ့ ရယ်ပြီး...

'မကြိုးစားတာက မလွယ်လို့ပဲ ဒကာလေးရဲ့၊ ကျုပ်တို့ပေါင်ကို ပတ်ပြီး သံကြိုးနဲ့ ချည်ထားတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'သံကြိုး ဟုတ်ယား၊ ဟိုကြိုးသေးသေးလေးမဟုတ်ဘူးလား'

'မဟုတ်ပါဘူး၊ သံကြိုးပါ'

'ဘာပဲဖြစ်ဖြစ်လေ....'

ဆန်ကွမ်းချိုသည် ရှေ့သို့ တိုးကပ်လာ၏။

'တပည့်တော်ရဲ့ ရွေခေါ်းဟာ အင်မတန် ထက်မြက်ပါတယ်။ သံသော ဘာသော ဘာမှ ဂရုမစိုက်ပါဘူး၊ ခုက်ရင် ပြတ်တာချည်းပါပဲ၊အရှင်ဘုရားရဲ့ချောင်းကြိုးကို ဖြတ်တောက်ပစ်ပါရစေ'

'ဖြစ်နိုင်ရင် လုပ်ပါ၊ အောင်မြင်ရင် အတိုင်းထက်အလွန်ပါပဲ'

ဆန်ကွမ်းချိုသည် ဆရာတော်၏ နောက်နားသို့ ကပ်သွားပြီး သံကြိုးကို စမ်းသပ်သည်။

ထို့နောက် ပေါင်ရင်းနားမှကပ်၍ ဖြတ်လိုက်သည်။

'အရိုးမှာ ချည်ထားတဲ့ ကြိုးကိုတော့ ဒီက လွတ်မြောက်မှပဲ ဖြုတ်ပါတော့ ဘုရား'

'ဒီလောက်ကလေးက အကြောင်းမဟုတ်ပါဘူး၊ ကဲ....ကျုပ်မိတ်ဆွေ ရသေ့ကြီး စုချင်လင်ကို ကယ်ပါဦး'

ထိုအခါ ရသေ့ကြီး စုချင်လင် တားမြစ်လာလေ၏။

'နေပါစေ.... နေပါစေ၊ ကျုပ်ကို ကယ်ရင် ခင်ဗျားတို့အားလုံးပါ ဒုက္ခရောက်သွားလိမ့်မယ်'



'ဘာဖြစ်လို့လဲ'

'လာကြည့်လေ....ကျုပ်ကို ချည်ထားတာက သံကြိုးမဟုတ်ဘူး၊ ချောမွေ့နေတဲ့ သံချောင်းကြီး ဖြစ်ပါတယ်။ နောက်တက်မှာ ချိတ်ဆက်ထားတဲ့ ကျောက်ကလဲ ကျောက်နံရံမဟုတ်ပါဘူး၊ ကျောက်ပြားအဝိုင်းကြီးတစ်ချပ် ဖြစ်ပါတယ်၊ အဲဒီ ကျောက်ပြားကြီးဟာ ဒီမြေအောက်ဂူကြီးနဲ့ တစ်ဆုံတည်း ပတ်သက်နေမယ်လို့ ကျုပ်စိတ်ထဲထင်နေတယ်၊ ဒီသံချောင်းကို ဖြတ်ပစ်လိုက်တာနဲ့ ဂူကြီး ပြိုကျလာနိုင်တယ်လို့ ကျုပ်ယူဆတယ်၊ ဒါကြောင့် ကျုပ်အသက်တစ်သက်တည်းအတွက်တော့ မစွန့်စေချင်ဘူး'

ထိန်မုဆရာတော်က....

'အို....ကျုပ်တို့ ဆယ်နှစ်ကျော်ကျော် သေအတူ ရှင်မကွာ နေလာခဲ့ကြတာ'

'ဆရာတော် သည်းခံပါ၊ ဆရာတော်တို့မှာ ဆောင်ရွက်စရာကိစ္စတွေ အများကြီး ရှိပါသေးတယ်၊ ဒါဟာ သိုင်းလောကသား ထောင်သောင်းအတွက်ပါ၊ ဒါတွေကို ကာပဲတင်ပြီးရင် ကျုပ်ကို လာကယ်ပါ၊ နောက်တစ်နှစ်လောက် စောင့်ရလို့လဲ ကျုပ်အဖို့ အပန်းမကြီးလှတော့ပါဘူး'

ထိန်မုဆရာတော်မှာ တရားရှင်ဖြစ်သော်လည်း မြေမဆည်နိုင်ဘဲ မျက်ရည်ဝိုင်းလာသည်။

ဆန်ကွမ်းချိုက စုချင်လင် ရသေ့ကြီးအား ဦးညွှတ်ဂါရဝပြု၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ဒီမြေအောက်ဂူကြီးထဲက သွက်နိုင်တဲ့လမ်းကို ရှာပါဦးမယ်၊ လမ်းတွေ့ရင် ရဟန်းကြီးကို ပြန်လာခေါ်ကယ်ပါမယ်'

'အဲဒီအစီအစဉ်ကောင်းတယ်၊ ထိန်မုဆရာတော်ကျုပ်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့၊ ကယ်နိုင်ရတဲ့အခါ လာကယ်ပါ'

ထိန်မုဆရာတော်က စိတ်ထိခိုက်သောလေသံဖြင့် နှုတ်ဆက်၏။

'ကဲ...ဒါဖြင့် ကျုပ်တို့သွားမယ်'

'ကောင်းပါပြီ... သွားကြပါ၊ တော်ကြာ ထမင်းပွဲတဲ့လူနဲ့ တွေ့နေဦးမယ်၊ ခပ်သုတ်သုတ်ကလေး သွားကြပေတော့'

ဆန်ကွမ်းချို၊ ထိန်မုဆရာတော်နှင့် အအိုးအိုတို့သည် နံရံပေါက်ထဲမှ ထွက်လာကြ၏။

ထိန်မုဆရာတော်သည် အခန်းထဲရှိ သူ၏ တောင်ဝှေးကို စမ်းသပ် ကောက်ယူနိုင်ခဲ့၏။

ဆန်ကွမ်းချိုသည် ရှေ့ဆုံးမှ ဦးဆောင်သွားသည်။

အဘယ်ကြောင့် ဤသို့ ဦးဆောင်သွားရခြင်းကို ဆန်ကွမ်းချိုက ထိန်မုဆရာတော်အား ရှင်းပြရသေး၏။

ဆရာတော်က....

'ဟာ...ပိုးချည်မျှင်အင်္ကျီ ဝတ်ထားမှတော့ ရှေ့ဆုံးက သွားသင့်တာပေါ့၊ ဒါပေမယ့် ဒကာလေးခြေထောက်တွေကို အဆိပ်မမိအောင်တော့ သတိထားဦးနော်'



'စိတ်ချပါ ဘုရား'

သူတို့ လျှောက်လာကြရာ ခြေဆယ်လှမ်းခန့်တွင် အကွေ့တစ်ကွေ့၊ နောက်ထပ် ဆယ်လှမ်းခန့်အကွာတွင် အကွေ့တစ်ကွေ့ စသည်ဖြင့် ချိုးကွေ့လာကြရ၏။

ကိုးကိုးဆုံးရာခန့် ချိုးကွေ့လာပြီးသောအခါ အလင်းရောင်ခန်းတစ်ခုကို လင်းခနဲ တွေ့လိုက်ကြရ၏။

'ဟာ...အလင်းရောင်....အလင်းရောင်'

ထိန်မုဆရာတော်နှင့် အိမ်နက်ထဲမှ အဘိုး အိုတို့သည် အလင်းရောင်ကို ဆယ်နှစ်ကျော်မျှ လုံးဝ ထိတွေ့ခဲ့ရခြင်း မရှိသဖြင့် အလင်းရောင်ကို တွေ့သည်နှင့် ဝမ်းသာအားရ အော်ဟစ်ပိုက်ကြလေ၏။

ဆန်ကွမ်းချိုသည်း စိတ်ထဲ၌ ဝမ်းသာမိသည်။

'အင်း...အလင်းရောင်တွေရှိတဲ့ အခန်းကို တွေ့ရပြီးရင်တော့ နောက်ဆုံးအခန်းကို ရောက်ဖြို့နဲ့ တူပါရဲ့'

ဆန်ကွမ်းချို ဤသို့ပင် တွေးမိသည်။

သုံးယောက်စလုံး သတိဝီရိယကြီးစွာ ချဉ်းကပ်လာကြရာ လျှောက်သွားများကို အိမ်ခန်းကဲ့သို့ ထွင်းထားသော အခန်းတစ်ခန်းကို တွေ့ကြရလေ၏။

ဤအခန်းမှာ လျှို့ဝှက်အခန်း ဟုသည်ဟန်မတူပေ၊

www.burmeseclassic.com

www.burmeseclassic.com



အသေအချာ လေ့လာသောအခါ ကျောက်သားတံခါး[illegible] လည်းရှိ၍ အဖွင့်အပိတ်ပြုလုပ်နိုင်ကြောင်း တွေ့ရသည်။

ယခုမူ ကျောက်တံခါးကို ဘေးသို့ တွန်းဖယ်ထားသဖြင့် အခန်းထဲမှ အလင်းရောင်ကို အလွယ်တကူ တွေ့လိုက်ရခြင်း ဖြစ်ပေ၏။

ထိန်မုဆရာတော်က အားလုံးကို သတိပေး၏။

'အသံမထွက်စေနဲ့နော်၊ အခန်းထဲကလူ သိသွားလိမ့်မယ်'

[illegible] အတွင်းအားပညာ မြင့်မားသူများ၊ ကိုယ်[illegible] [illegible] အခန်းအနီးသို့ လုံးဝ အသံ[illegible] [illegible] ချဉ်းကပ်နိုင်စွမ်း ရှိကြသည်။

[illegible] တံခါးပေါက်အနီးသို့ ပထမဦးဆုံး ချဉ်း[illegible] [illegible]

[illegible] ကြားရသည်တွေ့ကြားရတဲ့ ထူးထူးခြားခြား တိတ်ဆိတ်[illegible] [illegible] ချောင်းကြည့်လိုက်၏။

[illegible] အခန်း....

[illegible]....

[illegible]....

သစ်သား [illegible]ပေါ်တွင် ဆံပင်ဖားလျား ချထားသော အမျိုးသမီးတစ်ဦး ထိုင်နေ၏။



သူမ ထွတ်ထားသော အစိမ်းရောင်အင်္ကျီမှာ အရောင်ပျက် [illegible]လု ရှိနေချေပြီ။

သူမ၏မျက်နှာကို မမြင်ရသဖြင့် အသက်မည်မျှ ရှိသည်ကို [illegible]ခန့်မှန်း၍မရဘဲ ရှိနေ၏။

အခြား နေရာများသို့ အကဲခတ်ကြည့်ရာ အတွင်းဘက်၌ [illegible]ခန်းတစ်ခန်းလိုလို တွေ့ရသည်။

ထိုနေရာ၌ မီးရောင် မရောက်ရှိသဖြင့် မည်သည့် အရာများ [illegible]နေမှန်း တိတိကျကျ သေသေချာချာ မသိရတော့ပေ။

'အဟမ်း....အဟမ်း'

ဆန်ကွမ်းချိုက ချောင်းဟန့်လိုက်၏။

ဆံပင်ဖားလျားနှင့် အမျိုးသမီးက လုံးဝလှည့်မကြည့်ပေ။

ထိန်မုဆရာတော်က....

'ဒကာလေး ဆန်ကွမ်းချို၊ သတိထား'

'စိတ်ချပါဘုရား'

ဆန်ကွမ်းချိုသည် အတွင်းသို့ ပြန်လှည့်တော....

'တဆိတ်လောက် မေးမြန်းပါရစေခင်ဗျာ'

ထိုအခါကျမှ အမျိုးသမီးက သူတို့ဘက်သို့ မျက်နှာ လှည့်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးမှာ အသက်ကြီးလှပြီ။

ငါးဆယ်ထက် ယိုဘ်လျော့မည် မထင်ပေ။

မျက်ခုံးမျက်လုံး၊ နှာတံများကို ကြည့်ခြင်းအားဖြင့် ငယ်စဉ်က အလွန်တရာလှပမည်ကို လုံးဝသံသယဖြစ်ရန် မရှိပေ။

'ရှင်က ကျွန်မကို စကားပြောနေတာလား'

'ဟုတ်ပါတယ်၊ ကျွန်တော်က ခင်ဗျားနဲ့ စကား ပြောချင်တာပါ'

ထိုမိန်းမသည် သက်ပြင်းတစ်ချက် ချပြီးနောက် လုံး၀ စကားမပြောတော့ပေ။

ဆန်ကွမ်းချို ဦးနှောက်ခြောက်သွား၏။

ဘယ်လိုမိန်းမလည်းဟု တွေးနေမိသည်။

သို့သော် ပြေရာပြေကြောင်းပြောပြီး ကျွဲရူးထံမှ အကြောင်းအရာများကို စုံစမ်းမည်ဟု ဆုံးဖြတ်ပြီးနောက်ပိုင်း သိမ်မွေ့နူးညံ့စွာပင် ဆက်၍မေးသည်။

'ကျွန်တော် စကားတစ်ခွန်းလောက် မေးပါရစေ၊ ခင်ဗျား ကွန်လုံ၀မ်ကို မြင်ဖူးပါသလား'

'ကွန်လုံ၀မ်'

ကွန်လုံ၀မ်ဟူသော စကားလုံးများသည် အလွန်တရာ ဆွဲဆောင်နိုင်သော စကားလုံးများ ဖြစ်၏။



တစ်ဖက်သို့လှည့်သွားသည့် ထိုမိန်းမသည် ဆန်ကွမ်းချိုဘက်သို့ ချာခနဲလှည့်လာ၏။

သူမသည် ဆန်ကွမ်းချိုကို မျက်တောင်မခတ် စိုက်ကြည့်ပြီးနောက်...

'သူ ဘယ်အချိန်လောက် ပြန်လာမလဲ၊ ဘယ်အချိန်ပြန်လာမယ်ဆိုတာကော ရှင် သိလို့လား'

မေးခွန်းနှင့် အဖြေမှာ အမြီးအမောက် မတည့်ကြပေ။

ဆန်ကွမ်းချိုက ဆိုလိုရာ မေးသည်။

ထိုမိန်းမကလည်း သူ့ဆိုလိုရာကို ပြန်မေးသည်။

ဆန်ကွမ်းချိုသည် ကွန်လုံ၀မ်ကို စိတ်မချပေ။

'ကွန်လုံ၀မ်ဟာ အင်မတန်ညာဏ်များတယ်၊ ဒီမိန်းမကြီးကို ဒီနေရာမှာ တမင်စောင့်နိုင်းထားတာလား မသိဘူး'

သူသည် သတိထားပြီး အခန်းထဲသို့ ဝင်သွား၏။

ထိုစဉ် သူမမြင်နိုင်သည့် အခန်းထောင့်မှ ချိုအေးသော အသံတစ်သံ ပေါ်လာ၏။

'ရှင်တို့ ဘာပြောချင်သလဲ၊ ကိစ္စရှိရင် ကျွန်မနဲ့ပြောပါ၊ တော်ရုံတန်ရုံကိစ္စကိုတော့ ကျွန်မ ရှင်းပြနိုင်ပါတယ်'

အသံကြားရာသို့ ကြည့်လိုက်သောအခါ နုနယ်ပျိုမျစ်သော ဆယ့်ခုနစ်နှစ်ခန့် အမျိုးသမီးငယ်တစ်ဦးကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမဝတ်ထားသည့် ဝတ်စုံများမှာလည်း ပေါက်ပြဲနေသည်။

ဖြူဖွေးသော အသားများပင် အစုတ်အပြဲ များ ကြား မှ မလုံ့တလုံ ထွက်ပေါ်နေသည်။

နုံချာစုတ်ပြဲခဲ့သော အဝတ်အစားများသည် သူမ၏အလှကို မဖုံးကွယ် မဖျက်ဆီးနိုင်ဘဲ ရှိနေလေ၏။

ဤကဲ့သို့သော အကျဉ်းခန်းမျိုးနှင့် ဤမျှ လှပသော မိန်းကလေးမျိုးမှာ လိုက်ဖက် တင့်တယ်သော အရာများ မဟုတ်ကြပေ။

မြင်မကောင်းသောအရာများသည်၊ ဤသို့ပင် မြင်တွေ့ရတတ်ချေသည်တကားဟု ဆန်ကွမ်းချီ သံဝေဂ ပွားနေတော့သည်။

ဆန်ကွမ်းချီမှာ ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ခင်ဗျား ဘယ်သူလဲ'

'ကျွန်မလား'

'ခင်ဗျားက ဒီအခန်းရဲ့ အရှင်သခင်လား'

မိန်းကလေးက ခြောက်ကပ်စွာ ရယ်လိုက်၏။

ထိုသို့ ရယ်လိုက်သည့်အခါ သူမ၏အလှသည် ပို၍ပေါ်လွင်လာသည်။

'အရှင်သခင်လို့ပြောရင် မှားပါလိမ့်မယ်၊ ဟိုမှာထိုင်နေတာက ကျွန်မရဲ့မေမေပဲ'



'ဟင်....ခင်ဗျားရဲ့ မေမေ'

'ဟုတ်ပါတယ်၊ ကျွန်မနဲ့ကျွန်မမေမေဟာ လူမှန်း သိတတ်စကတည်းက ဒီအကျဉ်းခန်းထဲမှာ အကျဉ်းချခံနေရတာပါ'

'ဗျာ....ခင်ဗျားတို့လဲအကျဉ်းသားတွေပဲလား၊ ဒီမြေအောက်လိုဏ်ခေါင်းဟာ အကျဉ်းသားတွေကိုအကျဉ်းချထားတဲ့ထောင်ကြီးပါပဲလား'

'ဒါ ခင်ဗျားအမေ အရင်းလား'

'အမေအရင်းပါ'

'ခင်ဗျားတို့မှာတော့ ထိန်ချန်စီကြီးနဲ့ ယိန်းချုပ်ခံရရင် ခံရ၊ မခံရရင် သံကြိုးနဲ့ အချည်နှောင်ခံထားရမှာသေချာတယ်'

'ကျွန်မတို့ အဲဒီကျောက်တံခါးကိုလွန်ပြီး တစ်ဖဝါးတောင် မထွက်ခွာနိုင်ပါဘူး'

'ခင်ဗျားတို့ရဲ့ ဘဝဖြစ်စဉ်ကို ပြောပြစမ်းပါဗျာ'

'ကျွန်မတို့ရဲ့ဘဝဖြစ်စဉ်ကို ကျွန်မ မသိပါဘူး'

'ဘာ'

'ကျွန်မတို့ရဲ့ဘဝဖြစ်စဉ်ကို ကျွန်မမသိဘူး၊ နောင်လဲဘယ်တော့မှ သိခွင့်ရတော့မှာ မဟုတ်ပါဘူး'

'ဒါကဘယ်သိုအဓိပ္ပာယ်လဲ၊ ခင်ဗျားတို့ အဆိပ်ခတ် ခံရလို့လား'

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ကျွန်မအမေဟာ ဦးနေခက်ပျက်သွားပြီး အရင်တုန်းကတော့ ကျွန်မငယ်သေးတယ်ဆိုပြီး ဘာဖြစ်စဉ်ကို မပြောခဲ့ဘူး'

ထိုမိန်းကလေးက ကြေကွဲစွာ ဆက်ပြောနေသည်၊

'လောကကြီးဟာ သိပ်ကြောက်စရာကောင်းတာပဲ၊ လောကကြီး ဘယ်လိုကြောက်စရာကောင်းတယ်ဆိုတာ ကျွန်မ မသိပါဘူး၊ ကျွန်မအမေက ကျွန်မကို အဲဒီစကားပဲ ပြောထားလို့ ကျွန်မကလဲ ဒါပဲပြန်ပြောတာပါ၊ ကျွန်မကြီးလာတော့အမှားအမှန် ဝေခွဲလာနိုင်တော့ ကျွန်မအမေက ရူးနေပြီ၊ ကဲ…ကျွန်မတို့ရဲ့ဘဝဖြစ်စဉ်ကို ကျွန်မ ဘယ်လိုလုပ် သိနိုင်ခွင့်ရှိတော့မလဲ'

ဆန်ကျွမ်းချို စိတ်ပျက်သွားသည်၊

ကျွဲမိန်းမကြီးနှင့် ကျွဲမိန်းကလေးတို့၏ ဘဝမှာ သနားစရာကောင်းသည်မှန်သော်လည်း ကွန်လုံဝမ်၏အဆိပ်သို့ လျှောင်ခန်းကိုရှာဖွေမည့် ကိစ္စအတွက် သည်သို့မျှ အကူအညီ မပေးနိုင်ကြ၍ ဖြစ်ပေသည်၊

'ကဲ…ဒါဖြင့်ရင်လဲ ကျုပ်ကိုခွင့်ပြုပေဦးတော့'

ဆန်ကျွမ်းချိုသည် ပြန်၍ လှည့်ထွက်လာ၏၊

သူသည် သမင့်လည်ပြန် ပြန်၍ လှည့်မေးလိုက်သည်၊

'ဘာပြောစရာရှိလို့လဲ'



'ကျွန်မအမေက ဦးနေခက်မကောင်းဘူး ဆိုပေမယ့် သိပ်အပြင်းအထန်ကြီးမဟုတ်ပါဘူးရှင်၊ သူဟာ တစ်ခါတစ်ရံ ဦးနှောက် ကြည်ကြည်လင်လင်ဖြစ်တတ်ပါတယ်'

'အဲဒါ ကျုပ်တော်ကဘာလုပ်ပေးရမလဲ'

'ခေတ္တခဏ စောင့်ကြည့်ပါရှင်၊ ကျွန်မ်မေမေ ဦးနှောက်ကြည်လင်လာတဲ့ အချိန်မှာ ကျွန်မတို့ရဲ့ ဘဝဇာတ်ကြောင်းတွေကို ပြန်ပြောင်း ပြောနိုင်လာလိမ့်မယ်'

ဆန်ကျွမ်းချို ခေတ္တ တွေဝေသွား၏၊

'ကွန်လုံဝမ်ရဲ့စံအိမ်မှာ အကျဉ်းခံရတဲ့လူမှန်သမျှ ကွန်လုံဝမ်ရဲ့ရက်စက်မှု၊ ယုတ်မာမှုကိုခံရတဲ့လူမရှိဘူး၊ ဒီတော့အဲဒီအကြောင်းတွေကိုပြောပြဖို့ လူတိုင်းအသင့်ရှိကြတယ်၊ ဦးနှောက်ပျက်နေတဲ့မိန်းမ သတိပြန်ရလာလို့ သူ့ဘဝ ဇာတ်ကြောင်းကို ပြန်ပြောပြရင်လဲ ကွန်လုံဝမ်ဘယ်လိုရက်စက်[illegible] ဆိုတာကိုပဲ ပြောပြမှာပဲ၊ ဒီမှာ အလကားသက်သက် အချိန်ဖြုန်းသလိုဖြစ်နေတော့မှာပဲ'

ဆန်ကျွမ်းချိုသည် ထိုသို့တွေးလိုက်မိသဖြင့်…

'နေပါစေတော့ဗျာ၊ ကျုပ်တို့မှာ အရေးကြီးဆောင်ရွက်စရာကိစ္စတွေ ရှိသေးလို့ သွားပါတော့မယ်၊ ခင်ဗျားတို့လဲ ကိုယ့်ကိုယ်ကိုဂရုစိုက်ကြပါ'

ဆန်ကျွမ်းချိုသည် ကျောက်တံခါးအပြင်သို့ထွက်သွားခဲ့လေသည်၊

www.burmeseclassic.com

www.burmeseclassic.com



'ခဏပါရှင်....ခဏကလေးပါ၊ ကျွန်မအိုဘဝမှာလူစိမ်း သူစိမ်းဆိုလို့ ရှင်တို့ကိုပဲ တွေ့ကြရတာပါ၊ ခဏလောက်စောင့်ကြပါရှင်၊ ကျွန်မတောင်းပန်ပါတယ်'

မိန်းကလေးအသံမှာ လွန်စွာ သနားစရာကောင်းနေသည်၊ တိုးလျှိုးတောင်းပန်သံကြောင့် အပြင်မှ နားထောင်နေသူများ ပင် ရင်နင့်သွားသည်၊

ရှေ့ဆက်လျှောက်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ထားသော ဆန်ကွမ်းချိုပင်လျှင် တွေဝေသွား၏၊

ကရုဏာသက်ဖွယ်ကောင်းသော မိန်းကလေး၏ အသံသည် ဆန်ကွမ်းချို၏ ခြေလှမ်းများကို အမှန်ဘကာယ် တုံ့နှေးသွားစေခဲ့သည်၊

'ရှင့်သူငယ်ချင်းတွေကိုလဲ အထဲဝင်ခိုင်းလိုက်ပါရှင်၊ ခဏကလေးစောင့်ကြပါ၊ ကျွန်မတို့အတွက် ပို့ထားတဲ့ မသေစာ ရိက္ခာကလေးတွေထဲက စုဆောင်းထားတဲ့ရိက္ခာကလေးတွေလဲ အနည်းအကျဉ်းရှိပါသေးတယ်၊ အဲဒါလေးတွေနဲ့ ဧည့်ခံပါရစေရှင်'

ထိန်မုဆရာတော်သည် ထိုစကားကို ကြားလိုက်ရသည်နှင့် ထိတ်ခနဲ ဖြစ်သွား၏၊

'ဒကာလေး ဆန်ကွမ်းချို၊ သတိထားနော်၊ ကွန်လုံဝမ်ကော ကွန်လုံဝမ် လက်အောက်ငယ်သားတွေကော အင်မတန် ဉာဏ်များကြတယ်၊ ကျုပ်တို့အဆိပ်မိရင် မကောင်းတော့ဘူး'



ဆရာတော်က အတွင်းအားဖြင့်ထိန်းပြောသဖြင့် ဆရာတော် ပြောသည့်စကားကို ဆန်ကွမ်းချိုသာ ကြားရ၏၊

ဆန်ကွမ်းချိုမှာ မိန်းကလေး လိမ်မည်ဟု မယုံကြည်ပေ၊

အဆိပ်ဆိုလျှောင်ခန်းကို ရှာဖွေရာ၌ နှောင့်နှေးမည်ကိုသာ စိုးရိမ်သည်၊

'သူတို့ကိုသနားပြီး စောင့်နေရင် ငါတို့ပဲ သက်သက်အချိန် ကုန်မှာပဲ၊ ငါတို့ကိစ္စက သိုင်းလောကကြီးတစ်ခုလုံးနဲ့ပတ်သက်တယ်၊ သူတို့အတွက်ကြန့်ကြာလို့မဖြစ်ဘူး၊ မြန်မြန် သွားမှပဲ'

ဆန်ကွမ်းချိုသည် ထိုသို့တွေးပြီး မိန်းကလေးအား ညင်သာစွာ လှမ်းပြော၏၊

'ခင်ဗျားရဲ့စေတနာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော် ဆောင်ရွက်ရမယ့်ကိစ္စက အချိန်ကို ရွှေနဲ့ဆက်ပြီး တန်ဖိုးထားရလောက်အောင် အရေးကြီးနေတော့ ခင်ဗျားဆီမှာ အချိန်မဖြုန်းနိုင်တာကိုတော့ စိတ်မကောင်းပါဘူး'

မိန်းကလေးသည် ဒေါသသံပါး ပြေးထွက်လာ၏၊

သို့သော် မကြာမီပင် တုံ့ခနဲ ဖြစ်သွားသည်၊

သူမ၏နောက်တွင် မပြတ်တောက်နိုင်သော ထိန်ချုန်စီကြိုး ကလေးကို တွေ့နေရ၏၊

ဆန်ကွမ်းချို စိတ်မကောင်းပါ၊

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာတော်နှင့် အဘိုးအိုတို့လည်း ကိုယ်ချင်းစာနာမှုကြောင့် စိတ်ထိခိုက်သွားကြသည်။

ထိန်မုဆရာတော်က....

'ဟင်း....သူတို့လဲ ကျုပ်တို့လိုပဲကိုးဗျ၊ ဒီမြေအောက်ခန်းထဲ ရောက်နေတဲ့ လူတွေကတော့ တကယ့်ကံကြမ္မာတူတွေချည်းပဲ ကလား'

အဘိုးကြီးက ဝင်ပြောသည်။

'ဒါပေမယ့် သူတို့က ဘုရည့်တော်တို့ထက် အများကြီး လွတ်လပ်ပါသေးတယ်၊ အခန်းကျယ်ကြီးထဲမှာ လွတ်လွတ်လပ်လပ် နေနိုင်တယ်၊ မီးအိမ်ထွန်းပေးထားတယ်၊ ကွန်လုံ့ဝမ်ဟာ သူတို့ကို အထူးအခွင့်အရေး ပေးထားပုံပဲ'

ဆန်ကွမ်းချိုက....

'အကျဉ်းသားဟာ အကျဉ်းသားပါပဲဗျာ၊ သူတို့လဲ စိတ်ညစ်နေကြမှာပါ၊ အရေးကြီးတာက ကွန်လုံ့ဝမ်ကို ပျက်စီးသွားအောင် လုပ်ဖို့ပဲ'

ထိန်မုဆရာတော်က ခေါင်းညိတ်၏။

'ဒကာလေး ဆန်ကွမ်းချိုသာ ကြိုးစားပါ၊ ကျုပ်တို့ကလဲ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသရွေ့ ကူညီပါ့မယ်'

'ဆရာတော်....ဒီမိန်းကလေးတွေကို ဒီအတိုင်းပဲ ထားခဲ့ပါ့ ရစေ၊ မိန်းကလေးရဲ့မိခင်ဟာ ဦးခေါင်းပျက်နေတော့ သူ့သမီး

www.burmeseclassic.com



ကို သိုင်းပညာသင်ပေးနိုင်မှာ မဟုတ်ပါဘူး၊ သူကိုယ်တိုင်ကလဲ ရူးနေရှာတယ်၊ ဒီနှစ်ယောက်ကို ကယ်ထုတ်လာရင် တပည့်တော်တို့အဖို့ ကိုယ့်လုပ်ငန်းကိုကိုယ် သေသေချာချာ ဆောင်ရွက်နိုင်တော့မှာ မဟုတ်ပါဘူး၊ ကပည့်တော်တို့အားလုံး အောင်မြင်လာတဲ့အခါကျမှ....'

'လုပ်ပါ၊ ဒကာလေး ဆန်ကွမ်းချိုရဲ့ ဆုံးဖြတ်ချက်အတိုင်းလုပ်ပါ၊ ကျုပ်တို့အနေနဲ့ တစ်ဦးတစ်ယောက်ထက် အများစုအရေးကို ကြည့်ရမှာပေါ့၊ မျက်စောင်းမွေးတစ်ဆုံး ကြည့်လို့မဖြစ်ဘူး၊ မျက်စိတစ်ဆုံး ကြည့်ကြရမယ်'

ဆန်ကွမ်းချို၊ ထိန်မုနှင့်အဘိုးအိုတို့သည် မိန်းကလေးကိုတပ်မံနှုတ်မဆက်တော့ဘဲ ထွက်ခွာလာခဲ့ကြ၏။

မိန်းကလေး၏ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးသံသည် သူတို့နောက်သို့ လေနှင့်အတူ လိုက်ပါလာသေး၏။

ဆန်ကွမ်းချိုက တီးတိုးပြောသည်။

'ငါမသေသေးရင် မင်းတို့သားအမိကို လာကယ်မှာပါကွယ်'

သူတို့သည် တစ်ကွေ့ပြီးတစ်ကွေ့ ရောက်လာကြ၏။

မကြာမီ မှောင်နှင့်မည်းမည်း ဖြစ်လာပြန်၏။

အလင်းရောင် ဝင်ပေါက်များ မရှိတော့သဖြင့် ညှိုးမှောင်သွားခြင်း ဖြစ်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒကာလေး ဆန်ကွမ်းချို၊ ဒီမှောင်ထဲမှာ ကျုပ် ရှေ့ကနေ ထွက်မယ်'

'ဆရာတော်၊ တပည့်တော်မှာက ဆန်ပေါင် ရတနာရှိနေပါတယ်'

'ဘာပေါင်ပဲ ဖြစ်ဖြစ်ပါ၊ ကျုပ်တို့ဟာ အကျဉ်း ကျနေလို့ စိတ်ဓာတ်ပျက်ပြားပြီး ဒီအတိုင်းထိုင်မနေခဲ့ဘူး၊ အတွင်းအား ကျင့်စဉ်တွေကို အမြဲတမ်းကျင့်ခဲ့တယ်၊ အမှောင်ထဲမှာ ကျုပ် သွားနိုင်ပါတယ်'

'ဆရာတော့်သဘောပါပဲ'

ဆရာတော်သည် တောင်ဝှေးကို အဆင်သင့် ပြင်ပြီးနောက် ရှေ့မှ ဦးဆောင်ထွက်သည်။

ဆန်ကွမ်းချိုနှင့် အဘိုးအိုတို့က နောက်မှရန်သူကို သတိထားပြီး ကပ်လိုက်လာကြ၏။

ထိုသို့လျှောက်နေစဉ်အတွင်း မိန်းမဝိုသံလိုလို၊ မပီမသစကား ပြောသံလိုလို ကြားလိုက်ရ၏။

သုံးယောက်စလုံး ရပ်တန့်သွားကြ၏။

နားစွင့်ကြ၏။

စကားသံများက မသဲကွဲသဖြင့် ရှေ့ဆက် လျှောက်ကြပြန်သည်။



'ငရဲပဲ....ငရဲပဲ၊ အလင်းရောင်မမြင်ရတဲ့ဘဝမှာ ငါဘာဖြစ်လို့ ဆက်ပြီးအသက်ရှင်ကျန်နေရတာလဲ'

ကြေကွဲဝမ်းနည်းစွာ ရေရွတ်နေသည်။

မိန်းမအသံကို ပီပီသသကြားလာရ၏။

သူတို့ပတ်ဝန်းကျင်၌ အခန်းတစ်ခန်း ရှိနေသည်မှာ သေချာနေပြန်လေပြီ။

ဆန်ကွမ်းချိုက ဆရာတော်အား တီးတိုးသတိပေး၏။

'ဆရာတော်...ဒီအခန်းကို ရှာမနေနဲ့တော့၊ ရှေ့သာ ဆက်လျှောက်ပါ၊ တပည့်တော်ကိုကိုစွ ခေါင်မြင့်ရင် ဒီဂူကြီးထဲက သူတွေကို တစ်ခေါက်ပြန်ရှာမယ်မယ်'

'ကောင်းတယ်'

ဆရာတော်သည် မိန်းမငိုသံကို ဂရုမစိုက်တော့ဘဲ ရှေ့သို့သာ ဆက်လျှောက်လေ၏။

ကိုက်ငါးဆယ်ခန့် လျှောက်မိသော အခါတွင်မူ အေးစက်တော် ရယ်သံကို ကြားလိုက်ရလေ၏။

ထိုသို့သော ရယ်ပုံမျိုးကို ကွန့်လုံစမ်သာ ရယ်တတ်ပေသည်။

'အကျဉ်းသားတွေ...ငါ့အကျဉ်းသားတွေ'

'ဘယ်သူလဲဟော့'

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာတော်က တောင်ဝှေးကိုဆောင်၍ အော်ဟစ်လိုက်၏။

'မင်းတို့ဇာစ်တွေကို တစ်နာရီခလောက် အခွင့်အရေးပေးမယ်၊ ဘယ်လမ်း ရွေးသင့်တယ်ဆိုတာ ကိုယ့်ဘာသာ ရွေးချယ်ကြ၊ မင်းတို့ဟာ အင်မတန်ကြီးကျယ်တဲ့ ပြစ်မှုကြီးတွေကို ကျူးလွန်ခဲ့ကြပြီ၊ ရှေ့ဆက်ပြီးတော့လဲ ကျူးလွန်ဖို့ ကြံနေကြပြီ'

အသံ တိတ်သွားပြန်သည်။

အမှောင်ထဲ၌ တိတ်ဆိတ်ငြိမ်သက်မှု ကြီးစိုးလာသောအခါ အသက်ရှူကျပ်သလို ဖြစ်လာ၏။

မွန်းနစ်သလို ဖြစ်လာ၏။

'မင်းတို့ ကျူးလွန်ခဲ့တဲ့အပြစ်တွေ ကျေအေးစေဖို့ ငါ မင်းတို့ကိုယ်စား ဂိုဏ်းချုပ်ကြီးကို တောင်းပန်ပေးမယ်၊ အဲဒီလို တောင်းပန်နိုင်ဖို့အတွက် မင်းတို့ရှေ့မှာရှိတဲ့ ကျောက်စားပွဲပေါ်က အတိတ်မေ့ ဆေးလုံးတွေကိုတော့ သောက်ဖို့လိုတယ်'

ဆန်ကွမ်းချီက တီးတိုးပြောလိုက်၏။

'ဆရာတော်...ဒါ ကွန်လုံဝမ် မဟုတ်သေးဘူး၊ ဒါဆို ဒီလူကို လှည့်ဖြားလို့ ရနိုင်တယ်'

အဘိုးအိုက....

'အသံလာရာကို ခန့်မှန်းပါ၊ ခေါင်မိုးက လာတာလား မသိဘူး'



'အသံလာရာကို ဖမ်းရခက်တယ်၊ နံရံထဲကလိုလို ခေါင်မိုးပေါ်ကလိုလိုပဲ'

ဆန်ကွမ်းချီက သူ့စိတ်ထင်ကို ပြောပြ၏။

ထိန်မုဆရာတော်က အတွင်းအားထုတ်၍ စိန်ခေါ်လေ၏။

'ဇကာကြီးဟာ အဆင့်ငယ်မယ့် ပုဂ္ဂိုလ်တော့ မဟုတ်ဘူး၊ ဘာဖြစ်လို့ မျက်နှာချင်းဆိုင် မတွေ့ရဲတာလဲ'

'ကျုပ်ဟာ အလုပ် သိပ်များတယ်၊ ခင်ဗျားတို့နဲ့ တွေ့ပြီး အလကား အချိန်ကုန်မခံနိုင်ဘူး'

'အလကားညာတာ၊ ခင်ဗျား ကျုပ်တို့ကိုကြောက်နေတယ် ဟုတ်လား'

ဆန်ကွမ်းချီက ထိုလူ မခံချင်အောင် ဝင်၍ပြောလေ၏။

ဆန်ကွမ်းချီ၏ နှိုးဆွစကားသည် အလွန်တရာ ထိရောက်သွား၏။

အသံရှင်မှာ ယမ်းပုံမီးကျ ဒေါသူသွစ်းတော့၏။

'ဘာပြောတာလဲဟေ့'

'ခင်ဗျား ကျုပ်တို့ကို ကြောက်တယ်လို့ ပြောနေတာ'

'ထွီ...မင်းတို့ကိုလား ငါကကြောက်မှာ၊ ယန်ရှင်လိုလူစားတောင် ငါ့ကို ကြောက်ရတာ၊ မင်းတို့လို မခလောက်သေး

www.burmeseclassic.com



မလေ့လာက်စားတွေကို ငါက လုံးဝဂရုမစိုက်ဘူး၊ ကောင်းပြီ၊ ငါ့အလုပ်တွေကို ပြီးပြတ်အောင် လုပ်လိုက်မယ်၊ မင်းတို့ ငါ့ကို တစ်နာရီအတွင်း တွေ့ရစေမယ်'

ထိုလူ၏ စကားဆုံးသည်နှင့် မည်းမှောင်နေသော အခန်းသည် ရုတ်တရက် အလင်းရောင်များ ဖြာကျလာ၏။

ဤသို့ဖြစ်စေရန် ခလုတ်ခက်ခဲခဲ စီမံထားရမည်ကတော့ သေချာနေသည်။

သူတို့ရှေ့ ဆယ်ကိုက်ခန့် အကွာတွင် ပိတ်ဆို့ထားသော ကျောက်တံခါးတစ်ချပ်ကို တွေ့ရသည်။

ထိုကျောက်တံခါးမှာ မှန်သားကဲ့သို့ ကြည်လင်၍ အတွင်း၌ စားပွဲတင်လုံးရှိပြီး စားပွဲပေါ်၌ ပုလင်းတစ်လုံးတင်ထား၏။

ထိုတံခါးသည် တဖြည်းဖြည်း မြင့်တက်သွားသည်။

'အထူးပြုလုပ်ထားသော တံခါးပေတည်း၊'

ဆန်ကွမ်းချီသည် လှစ်ခနဲခုန်ဝင်သွားပြီး ပုလင်းကို ဆွဲယူကာ လှစ်ခနဲခုန်ထွက်လာ၏။

ထိုနိမုဆရာတော်က....

'ဒကာလေး ဆန်ကွမ်းချီ၊ အဲဒီလေ့က အတင့်မရဲပါနဲ့၊ ပုလင်းမှာ အဆိပ် ဖြူးမထားဘူးလို့ ဘယ်သူမှ အာမ ခံနိုင်ပါဘူး'



ဆန်ကွမ်းချီက ရယ်ရင်း....

'ကျွားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီဆရာတော်၊ အခုလူက တပည့်တော် လေးစားတဲ့ နောင်ကြီးထန်ရှင်ကိုတောင် ဂရုမစိုက်ဘူးလို့ သူ့ကိုယ်သူ ပြောနေတော့ တပည့်တော်တို့ကို အောက်တန်းကျတဲ့နည်းနဲ့ ဒုက္ခပေးမှာမဟုတ်ဘူး'

သူသည် ပုလင်းဖုံးကိုဖွင့်၍ ဆေးလုံးအနီကလေး သုံးလုံးကို လက်ဖဝါးပေါ် သွန်ကြည့်၏။

ထို့နောက် ပုလင်းထဲ ပြန်ထည့်ကာ ပုလင်းကို အတွင်း အိတ်ထဲ ထည့်သိမ်းလိုက်လေ၏။

'ဆရာတော်...တပည့်တော်တို့ သုံးယောက် အဲဒီလူကို အနိုင်ယူနိုင်ပြီဆိုရင် ဒီဂူထဲက ထွက်နိုင်ပါပြီ'

'ဟုတ်ဘယ်၊ ကျုပ်လဲ အဲဒီလိုပဲ ထင်တာပဲ၊ အဲဒီလူနေနေတဲ့ အခန်းဟာ အဆိပ်သိုလှောင်ခန်းဖြစ်မယ် ထင်သလား'

'တပည့်တော်တော့ မထင်ဘူး'

'ကျုပ်လဲ မထင်ဘူး၊ ဒါပေမယ့် ဒီလူဟာ ဝမ်ကိုကျီးမှာတော့ အတော်ကလေး အရေးပါ အရာရောက်မယ့် ပုံစံမျိုးရှိနေတယ်'

'ဒီလူဟာ ခုလောလောဆယ်ထွက်ပေါ်လာမှာ မဟုတ်သေးဘူး၊ သူ့စကားအရ တစ်နာရီလောက်ကြာမှ ထွက်လာလိမ့်မယ်'

'ဒါဆိုရင် ကျုပ်တို့ အနားယူဖို့ အချိန်ရတာပေါ့၊ သူနဲ့ မျက်နှာချင်းဆိုင် မတိုက်ခိုက်ခင် ကျုပ်တို့ သုံးယောက်စလုံး အားမွေးဖို့ လိုတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ်'

ထိန်မုဆရာတော်၊ ဆန်ကွမ်းချီနှင့် အဘိုးအိုတို့သည် ကျောက် ဂူနံရံ၌ ဇာပ်ထိုင်ကာ အတွင်းအား ကျင့်စဉ်များ၊ လေ့ကျင့်ကြ တော့၏။

သူတို့စိတ်ထဲ၌ မကြာမီကာလအတွင်း ပြင်းထန်သောတိုက် ကြီး ဆင်နွှဲရတော့မည်ဟု ယုံကြည်ထားကြပေသည်။

တစ်ဖက်လူကလည်း သူတို့အား ပဿိုင်းအတွင်းမှ ဖားများ နှယ် သဘောထားနေလေသတည်း။

အခန်း (၁၄၆)

**ကွန်လုံဝမ်၏ အခါပေးဆရာ**

ပင်လယ်ပြင်၌ စိတ်ချောက်ချားဖွယ်ရာကောင်းသော ငြိမ် သက် တိတ်ဆိတ်မှု တစ်မျိုးရှိသည်။

ထိုသို့ တိတ်ဆိတ်ငြိမ်သက်သည့် အချိန်တွင် ရေပြင်၌ လှိုင်း ကြက်ခွပ်ကလေးမျှပင် မရှိတော့။

လေသည် အနည်းငယ်မျှ မတိုက်တော့။

ငါးပျံများလည်း မမြူးတော့။

ပင်လယ်စင်ရော်ကို မြင်ရန်ကား ဝေလာဝေး။

ထိုသို့ ငြိမ်သက်ပြီးနောက် ပင်လယ်ပြင်၌ မုန်တိုင်းကျလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မြေအောက်ဂူအတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

မည်သည့်အသံမျှ မကြားရတော့၊

သိုင်းသမားသုံးဦး၏ အသက်ရှူသံကလည်း တိုးညင်းလွန်းလှသည်၊

ဤအခန်းထဲ၌ မကြာမီ ပြင်းထန်သော တိုက်ပွဲကြီးများ ဖြစ်ပွားတော့မည်ဟု ထင်မှတ်ရပေသည်၊

တစ်နာရီခန့်ကြာသည်နှင့် အလင်းရောင်များ ရုတ်တရက် ပျောက်သွား၏၊

အလင်းရောင် ပြန်ပေါ်လာသည့်အချိန်၌ မြေအောက်ဂူထဲ၌ လူတစ်ယောက် ပိုလာတော့သည်၊

ထိုလူသည် ထူးခြားဆန်းကြယ်သော ဝတ်စုံကြီးကို ဝတ်ဆင်ထား၏၊

မျက်နှာကိုလည်း ခေါင်းစွပ်ကြီးတစ်ခု စွပ်ထား၏။

ခြေဖျားလက်ဖျားမှစ၍ လုံးဝလုံခြုံသောဝတ်စုံဖြစ်ပေသည်။

ထို့ပြင် လက်ဝဲလက်ထဲ၌ ပုလင်းငယ်တစ်လုံး၊ လက်ယာလက်၌ တောင်ဝှေးတစ်ချောင်း ကိုင်ထား၏၊

တောင်ဝှေး၏ထိပ်၌ ဆူးချွန်များ ရှိသည်။

မည်သို့သော အစွမ်းရှိသည်ကိုမူ ဆန်ကွမ်းချီ မသိပေ။



'ဒီလူဟာ ဒီလိုထူးဆန်းတဲ့ အဝတ်ကို အကြောင်းမဲ့ ဝတ်မှာ မဟုတ်ဘူး၊ အကြောင်းတော့ ရှိလိမ့်မယ်'

သူ၏ ဝိညာဉ်လိပ်ပြာနတ် ရှေမားကို ဆွဲထုတ်လိုက်သည်။

ထိန်မုဆရာတော်နှင့် အဘိုးအိုတို့သည် သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သူများဖြစ်၍ စုရပ်မနေဘဲ လှုပ်ရှားခဲ့လိုက်၏။

စစ်မျက်နှာ ဖြန့်လိုက်ခြင်း ဖြစ်ပေသည်၊

ရန်သူသည် သုံးဘက်အုံးတန်သို့ တိုက်ခိုက်ရပေတော့မည်။

ရန်သူသည် ငြိမ်သက်စွာ အကဲခတ်နေ၏။

ထိန်မုဆရာတော်က...

'ဒကာကြီးရဲ့ အစွမ်းကို ကြည့်ကြရအောင်၊ ဘယ်လောက် စွမ်းသလဲဆိုတာ အကဲခတ်မယ်'

ဆံရှည်ရှည်၊ မုတ်ဆိတ်ရှည်ရှည်၊ အဝါရောင် ဖျော့ဖျော့ ဖောင်းနွမ်းသော သင်္ကန်းကို ဝတ်ဆင်ထားသည့် ထိန်မုဆရာတော်သည် အလွန်တရာ ပေါ့ပါးစွာ ခုန်ဝင်သွားပြီး ရန်သူအား တောင်ဝှေးဖြင့် ရိုက်ချလေ၏၊

'ဖြောင်း...'

ရန်သူက ဆူးချွန်ရှိသော တောင်ဝှေးဖြင့် ရိုက်ကာ ထွက်ပြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း....'

ထိန်မုဆရာတော်မှာ ဝါဂွမ်းကလေး လေထဲ၌ လွင့်မျောသလို လွင့်မျောထွက်သွား၏။

ဆန်ကွမ်းချီက ရှေ့သို့ ခုန်တက်လာ၏။

'ဆရာတော်....ကျေးဇူးပြု၍ နောက်ဆုတ်ပါ၊ တပည့်တော်ရင်ဆိုင်ပါရစေ၊တပည့်တော်လက်ထဲကဓားဟာ ရတနာတစ်မျိုးပါ'

ထိန်မုဆရာတော်၏အတွင်းအားသည် အလွန်တရာပြင်းထန်သည်၊

ရန်သူ၏ အတွင်းအားကလည်း အလွန်တရာ ပြင်းထန်နေသဖြင့် ဆရာတော် စိတ်လှုပ်ရှားသွားသည်၊

ကွန်လုံဝမ်၏ လက်အောက်၌ ဤသို့လူမျိုး ဆယ်ယောက်ရှိလျှင် သိုင်းလောကကြီး ငါးပါးမှောက်နိုင်သည်ဟု ဆရာတော် တွက်ဆသည်၊

ဆရာတော်သည် အခြေအနေကို စောင့်ကြည့်နိုင်ရန် နောက်ဆုတ်ပေးလိုက်၏။

ဆန်ကွမ်းချီမှာ ယခင်က အလွန်တရာ ရိုးသားခဲ့သူ ဖြစ်၏။

ရိုးသားလွန်းသဖြင့် လူနုံလူအ ကဲ့သို့ပင် အထင်သေးစရာဖြစ်လာခဲ့သည်၊



ယခုမူ အတွေ့အကြုံက သူ့အား တဖြည်းဖြည်း သင်ကြားလာသဖြင့် ယခင်ကလို ရန်သူများအား အထင်သေးမှု မရှိတော့ပေ၊

ယခုလည်း ရန်သူ၏ လက်ယာလတ်မှ ဆူးချွန် ပါသော တောင်ဝှေးကို မကြည့်ချေ၊

လက်ဝဲလက်မှ ပုလင်းလေးကိုသာ ကြည့်နေမိသည်၊

ကွန်လုံဝမ်၏ ဘက်တော်သားမှုအား ကြောက်ရွံ့မည် ဆိုလျှင် အဆိပ်ဆေး လတ်နက်များဆိုသာ ကြောက်ရွံ့ရမည် မဟုတ်ပါလား။

သူသည် ရွှေဓားကို ရင်ဘတ်၌ကာ၍ပြီး ရှေ့တိုးလာ၏၊

တစ်ဦးနှင့် တစ်ဦး ခုနစ်ပေကွာသည်အထိ လျှောက်သွားသည်၊

'ခင်ဗျားဘယ်သူလဲ၊ ခင်ဗျားအပြောအရ ဆရာကြီးထန်ရှင်ကတောင် ဦးညွှတ်ရမယ်လို့ ဆိုတော့ ခင်ဗျားက ဆရာကြီးထန်ရှင်ကို သိလို့လား'

'ဟား...ဟား...ဟား'

ထိုလူကလည်း သည်းထန်စွာရယ်မောလေ၏၊

'ငါက သူ့ဂိုဏ်းတူဦးလေးပဲ၊ ငါ့ကိုဦးမညွှတ်လို့ ရမလား'

'ဒါဖြင့် ဆရာကြီးထန်ရှင်ရဲ့ ဆရာရဲ့ညီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်...မင်းက ကျွန်လုဂိုဏ်းထဲကလား'

'ဟုတ်တယ်ဆိုရင်လဲမှန်တယ်၊ မဟုတ်ဘူးဆိုရင်လဲ မှန်တယ်၊ ကျုပ်ဟာ ဆရာကြီးထန်ရှင်ရဲ့မဟာ ရပ်ခံချက်အရဒီကိုထွက်လာ ခဲ့ရတာပဲ'

'မင်းက ထန်ရှင်ရဲ့လူပေါ့'

'အမှန်တရားဘက်က ရပ်တည်တဲ့လူလို့ ပြောပါ'

တိုလွှာ အေးစက်စက်ရယ်ပြီး...

'မင်းက ကွန်လုံဝမ်ကို အမှားဘက်ကရပ်တည်တဲ့လူလို့ ဆိုချင်သလား'

'လုပ်ရပ်တွေကိုကြည့်ပါလားဗျာ၊ ကျုပ်ကပြောပြနေရဦးမှာလား'

'သူတို့ညီအစ်ကိုက ကိုယ့်အစွမ်းနဲ့ကိုယ်ထိပ်တန်းမှာရပ်တည်ဖို့ ကြိုးစားနေကြတာပဲ၊ ဘာမှအပြစ်မရှိဘူး'

'ဟား...ဟား...ဟား...ခင်ဗျားဟာ ကျုပ်ထက်အများကြီး အသက်ကြီးတယ်၊ ဒါပေမယ့် ကျုပ်မခလေးစားဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကွန်လုံဝမ်လိုလူဆိုးကို လူကောင်းထင်နေလို့ပဲ၊ အင်း...တကယ်တော့ ချီ ချီချင်း၊ အစွယ် အစွယ်ချင်း ပေါင်းကြတာပါပဲကလား'

'အောင်မာ...မင်းက ငယ်ငယ်ကလေးရှိသေးတယ်၊ ကြီးကြီးကျယ်ကျယ်ပြောလို့'



'ကြီးကျယ်တယ်လေ၊ ကျုပ်က ကွန်လုံဝမ်နဲ့ နောင်ကြီးထန်ရှင်ရဲ့အကျင့်စရိုက်တွေကို သိနေလို့ပဲဗျ၊ သူတို့ဟာ အဖြူအမည်းလို ခြားနားတယ်၊ မီးနဲ့ရေလိုကွာခြားတယ်၊ နောင်ကြီးထန်ရှင်ရဲ့စိတ်သဘောထားဟာ ပင်လယ်ကမ်းခြေလို ကျယ်ပြော ပြန့်ပြူးတယ်၊ သနားကြင်နာတတ်တယ်၊ သူတစ်ပါးကိုကူညီချင်တယ်၊ အများအတွက် ကိုယ်ကျိုးစွန့်ဖို့ ဝန်မခလေးဘူး'

ဆန်ကွမ်းချီ၏လေသံမှာ တဖြည်းဖြည်း မာထန်လာသည်။

'ကွန်လုံဝမ်ဟာ သဘောထားကျဉ်းမြောင်းတယ်၊ သူ့စိတ်ထားဟာ ရေတွင်းလိုပဲ၊ သူတစ်ပါးကိုရက်စက်သိုတယ်၊ သတ်ဖြတ်ခုတာကိုသာအောကျတယ်၊ သံသယများတယ်၊ ကိုယ့်ထက်သာရင်နောင့်ယှက်ဘူး၊ သိုင်းလောကမှာ ဘုရင်လုပ်ချင်တယ်၊ သိုင်းပညာတစ်ခုတည်းနဲ့ သိုင်းဘောရာဇ်လုပ်ဖို့ခက်ခဲတော့ ဆေးဝါးအကူအညီနဲ့ အုပ်စိုးဖို့ကြိုးစားတယ်၊ ခင်ဗျားဟာ ကွန်လုံဝမ်ရဲ့ဦးလေးတော်ပေမယ့် ခင်ဗျားကိုတောင် ကွန်လုံဝမ်ကရိုသေမှာမဟုတ်ဘူး၊ အကြောင်းတစ်ခုခုကြောင့် ခင်ဗျားကို ဦးစားပေးနေတာပဲ ဖြစ်ရမယ်'

ရန်သူသည် ငြိမ်နေ၏။

ဆန်ကွမ်းချီက ဆက်ပြော၏။

'လွန်ခဲ့တဲ့ ခြောက်လကျော်ကျော်လောက်က ကျုပ်တို့ဟာ ကွန်ကဓတော်နဲ့ တွေ့ဆုံခဲ့တယ်၊ ခင်ဗျားနောင်တော်ကြီးရဲ့သမီးပေါ့၊ သူ့ဆီက အကြောင်းအရာ အတော်များများသိခဲ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်မှာ လူ့ပြည်မှာ အနှစ်တစ်သိန်းလောက် မနေသင့်တဲ့ လူပဲ'

'မင်း....ဒါတွေကို ထန်ရှင်ဆီက သိတာလား'

'ကွန်ကတော်ဆီက သိတာများတယ်၊ နောင်ကြီးထန်ရှင်က ကွန်လုံဝမ်ကို ပထမတုန်းက သတ်ဖို့စိတ်မကူးခဲ့ဘူး၊ နောက်ပိုင်းကျမှတော့ မသတ်ရင်မဖြစ်တော့ဘူးလို့ ပြောတယ်'

'တစ်ဆင့်ကြားစကားကို ယုံရင် မင်းရှုံးမှာပေါ့'

'ဟား....ဟား....ဟား၊ လက်တွေ့မှာလဲ မြင်ပြီးပါပြီဗျာ ဟောဒီမှာ ကျုပ်ကယ်လာတဲ့ လူနှစ်ယောက်၊ စင်ဗျား သိပြီ ဖြစ်မှာပါ၊ ဟိုဆရာကြီးဟာ'

အဘိုးကြီးက ဝင်ပြော၏။

'ကျုပ်နာမည် ကျင့်ရွှယ်တောက်'

ကျင့်ရွှယ် တောက် ဆိုသည်မှာ ဆန်ကွမ်းချို့ အဖွဲ့ဘဝ နာမည်ကျော်ကြား လူသိများခဲ့သော သိုင်းဆရာကြီးဖြစ်၏။

'ဟောဒီဘက်ကတော့ ရှောင်လင်ကျောင်းတော်က ထိန် ဆရာတော်ပဲ၊ သူတို့ကို ကျုပ် ကယ်ထုတ်လာခဲ့တယ်၊ သူတို့ လူမဆန်တဲ့နည်းနဲ့ အကျဉ်းချခံထားရတယ်၊ ဘယ် သိုင်းဂိုဏ်း ကမှ ဒီလို ယုတ်ယုတ်မာမာ အကျဉ်းမချဘူး'

ပညာရှိထန်ရှင်၏ ဂိုဏ်းတူ ဦးလေးတော်သူက သူ့ လက်ထဲ ပုလင်းကို ရှေ့ ယမ်းပြရင်း....



'အေး....အခု မင်းကိုပါ လူမဆန်တဲ့နည်းနဲ့ ချုပ်ထားမယ် ကွ၊ ဒီမှာ ပုလင်းကိုတွေ့သလား၊ ဒီပုလင်းဟာ အတိတ်မေ့စေ တဲ့ ဆေးငွေ့ပုလင်းပဲ၊ ဒါကို ချေပစ်လိုက်ရင် ဒီအခန်းထဲမှာ အငွေ့တွေ လွင့်ပျံ့ကုန်မယ်၊ မင်းတို့ရဲ့သိုင်းပညာ ဘယ်လောက် ကောင်းကောင်း ဒီအဆိပ်ငွေ့အန္တရာယ်ကိုတော့ မခုခံနိုင်ဘူး'

ဆန်ကွမ်းချို့မှာ အကြီးအကျယ် ထိတ်လန့်သွားသည်။

သို့သော် ထိတ်လန့်သည့်ဟန်ကို သူ့မျက်နှာ၌ မပေါ်အောင် ထိန်းထားနိုင်ခဲ့သည်။

ရန်သူအ....

'ငါဟာ အဆိပ်အမျိုးမျိုးကိုနိုင်တယ်၊ ဒါပေမယ့် ငါကိုယ် တိုင် ဒီအဆိပ်ငွေ့ကို ကြောက်တယ်၊ ဒါကြောင့် ခုလို ဝတ် ဆင်ထားရတာပဲ'

ဆန်ကွမ်းချို့သည် ထိုအဆိပ်ငွေ့ ပုလင်းကို ချေမှုပစ်လိုက် လျှင် ငါတို့တော့ ဒုက္ခပဲဟု တွေးမိ၏။

သို့သော်....

ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း တဟားဟား ရယ်မော လိုက်လေ၏။

'မင်း ဘာရယ်တာလဲ၊ လွယ်လွယ်ကူကူနဲ့ အတိတ်မေ့သွား ပြီဆိုတာသိလို့ ရယ်တာလား'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကို ရယ်ချင်တာဗျ၊ ကျုပ်တို့ သိုင်းသမားတွေထဲမှာ အတွင်းအားကောင်းတဲ့လူတွေ အများကြီးရှိတယ်၊ အတွင်းအား ကျင့်စဉ် လေ့ကျင့်၊ နှလုံးခုန်တာကို ဖြည်းဖြည်းချင်းရပ်၊ အဲဒီ ကနေ တစ်နာရီ၊ နှစ်နာရီ၊ တစ်ပတ် နှစ်ပတ်အထိ အသက်မရှူ ဘဲ နေနိုင်တယ်ဆိုတာ ခင်ဗျားမသိဘူးလား၊ ဟား...ဟား... ဟား၊ ခင်ဗျားရဲ့ အဆိပ်ငွေ့က ကျုပ်တို့ကို ဘာဒုက္ခပေးနိုင် မှာလဲ'

ရန်သူ တွေဝေသွားသည်။

အတွင်းအားကျင့်စဉ် တကယ်တမ်း ပေါက်မြောက်အောင် မြင့်သူများသည် ဆန်ကွမ်းချီ ပြောသည့်အတိုင်း ပြုလုပ်နိုင်စွမ်း ရှိပေသည်။

ဆန်ကွမ်းချီအနေဖြင့်လည်း ရန်သူအား ခြိမ်းခြောက်ရမည် သာ ဖြစ်၏။

ထန်ရှင်၏ ဦးလေးတော်ဖြစ်လျှင် ဤသို့ ခြိမ်းခြောက်ခြင်း ပင်လျှင် လျှော့နည်းနေသေး၏။

ဆန်ကွမ်းချီ အဓိကထားသည့်အချက်မှာ ရန်သူ၏ လက်ထဲ အဆိပ်ငွေ့ပုလင်းကို အောက်သို့ ပစ်မချစေရန်သာ ဖြစ်သည်။

အဆိပ်ငွေ့ပုလင်း အောက်သို့ချရန် ဆန်ကွမ်းချီသည် ဆာ လက်၍ ထိုးစစ်ဆင်ပြန်လေတော့၏။

'ခင်ဗျားက ကျုပ်ပြောတာကို မယုံဘူးလား၊ ခင်ဗျားသာ ပညာရှိထန်ရှင်ရဲ့ ဦးလေးမှန်ရင် ကျုပ်ပြောတာကို ယုံရမှာပေါ့ ဗျာ'



လျှော်၌ ဆူးကလေးများရှိသည် ဆိုသည့်စကားမှာ အလွန် န်၏။

ရန်သူသည် မခံမရပ်နိုင် ဒေါသထွက်လာလေ၏။

'မင်းကို လက်နက်နဲ့တိုက်မှ နိုင်တယ်ဆိုရင် သိုင်းလောကကို နှုတ်ဆက်ပစ်လိုက်မယ်'

'ဟား...ဟား...ဟား၊ အပြောကတော့ တကယ်ကြီးတာ တစ်ဖက်က ဆူးချွန်တောင်ဝှေး၊ တစ်ဖက်က အဆိပ်ငွေ့ င်း၊ ဒါနဲ့တောင် သိုင်းပညာနဲ့ အနိုင်ယူမယ်လို့ ကြွားနေ းတယ်၊ ဟား...ဟား...ဟား'

ထိန်မုံအရှင်တော်သည် ဆန်ကွမ်းချီ၏ပရိယာယ်ကို တဖြည်း ည်း နားလည် သဘောပေါက်လာ၏။

ကျင်ရွှယ်တောက်လည်း သဘောပေါက်သည်။

ရန်သူသည် သူ၏ ဆူးချွန်တောင်ဝှေးကြီးကို ပစ်ချလိုက်ပြီး ဆိပ်ငွေ့ပုလင်းကို အသာအယာ အောက်ချလိုက်၏။

ဆန်ကွမ်းချီမှာ သူဆင်ထားသော အကွက်ထဲသို့ ရန်သူဝင် သည်ကို တွေ့ရသဖြင့် ကျေနပ်သွားသည်။

'ဒီလူဟာ ပညာရှိထန်ရှင်ရဲ့ ဦးလေးတော် ဖြစ်ပေမယ့် ကွန် ပ်ရဲ့ အသုံးတော်ခံဖြစ်နေတာ ဘာမှမထူးဆန်းဘူး၊ မခံချင် ာင် ပြောလိုက်တာနဲ့ စာင်ချီထည်းအကွက်ထဲ ဝင်လာတာ ကွန်လုံဝမ်ဆိုရင် ဒီနည်းကို သုံးလို့ရမှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် ထိုသို့တွေးပြီး သူ့ခါးကို မြှောက်ပြလိုက်၏။

‘ကျုပ်ကတော့ ရှေခါးနဲ့ ကိုက်မှာနော်’

‘ဟော ကောင်...စကားမရှည်နဲ့၊ ရှေခါးမကလို့ မိုးကြိုးဓား ပဲဖြစ်ဖြစ်၊ ငါ ဂရုမစိုက်ဘူး’

‘ကောင်းပြီ...ဒီလိုဆိုရင် တိုက်ပြီ’

ဆန်ကွမ်းချိုသည် သူ့ခါးကို ဝှေ့ယမ်းပြီး ခုန်ဝင်သွား၏

သူ့ခါးသည် အလင်းတန်းစက်ဝိုင်း အဖြာဖြာထွက်ပြီး ရှ အား လွှမ်းခြုံသွားသည်။

ထန်ရှင်၏ဦးလေးတော်သည် ခါးစက်ဝိုင်းကို အသာရှော ကွင်းသွား၏။

ဆန်ကွမ်းချို သိပ်အံ့ဩသွားသည်။

‘ငါ့ခါးစက်ဝိုင်းဟာ နဂါးပတ်ကျော့ကွင်း၊ သိုင်းကွက် တော်ရုံတန်ရုံလူ ဒီလို လွယ်လွယ်မထွက်နိုင်ဘူး’

သူ့စိတ်ထဲ ထိုသို့ရေရွတ်နေစဉ် ရန်သူက လက်ဝါးဖြင့် ချ၏။

‘ဝုန်း’

မလတိုးသံပြင်းထန်လှပြီး ဆန်ကွမ်းချိုပင် နှစ်လှမ်းခန့် ပေးရသည်။



လက်ဝဲလက်ဖြင့် ခုခံလိုက်သဖြင့် တစ်ကိုယ်လုံး ထုံကျဉ်သွား၏။

‘ဟင်း...သူ့အတွင်းအားက ပြင်းထန်လှချည်လား၊ ဒါကြောင့်လဲ သူ ဘဝင်မြင့်နေတာပဲ ဖြစ်ရမယ်’

ဆန်ကွမ်းချို မပေါ့ဆဝံ့တော့ပေ၊

သူ၏အတွင်းအားများကို ပြန်စုစည်းလိုက်ရ၏။

တစ်ချက်ကောင်းထိသွားသည်နှင့် ပွဲပြီးသွားနိုင်သည်။

သို့သော် ရန်သူတော်ကြီးမင် ရုတ်တရက်မတိုက်ဘဲ ခေတ္တကြီး ရပ်သွား၏။

အကြောင်းမှာ ဆန်ကွမ်းချို၏ အတွင်းအားကို သူထိတ်လန့်သွားသောကြောင့်တည်း။

ဤကဲ့သို့သော လူရွယ်ကလေးတစ်ယောက်၏ အတွင်းအားသည် သူကဲ့သို့သော သိုင်းသမားအရင့်အမာကြီး တစ်ယောက်အား ဤသို့ ထုံကျဉ် ချောက်ချားသွားစေနိုင်ပါသလား။

နှစ်ဦးနှစ်ဖက်စလုံး ထိတ်လန့်နေကြပေပြီ။

ဆန်ကွမ်းချိုမှာ စောစောစီးစီး လက်နက်ကိုင်ထားရသဖြင့် တပန်းသာနေ၏။

ထန်ရှင်၏ဦးလေးတော်မှာ ဆန်ကွမ်းချိုအား မျက်တောင်မခတ် စိုက်ကြည့်ရင်း ရှေ့တိုးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ တစ်ဦးနှင့်တစ်ဦး ရန်စောင်နေခိုက် ထိန်မုဆရာတော်သည် မသိမသာ ကျောက်ဂူနံရံဘေးသို့ ချဉ်းကပ်သွား၏။

သူသွားနေသည့်နေရာမှာ အဆိပ်ငွေ့ပုလင်းကလေးချထားသည့် နေရာဖြစ်ပေသည်။

ဆန်ကွမ်းချီသည် တက်မုဆရာတော်၏ အကြံကိုရိပ်မိလိုက်သဖြင့် ရန်သူမရိပ်မိစေရန် လျှပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်တော့သည်။

'ဝှီး...ဝှစ်...ဝှစ်'

ရွှေရောင်ဓား၏စက်ဝိုင်းများမှာ ကြောက်မက်ဖွယ်ရာ လှုပ်ရှားနေသည်။

ထန်ရှင်ဦးလေးတော်သည် ရှောင်ရင်းတိမ်းရင်းမှ လက်ဝါးများ ရိုက်ထုတ်နေ၏။

'ဆရာကြီး ကျုပ်ရဲ့ဓားကို ခုခံနိုင်အောင် ခုခံနော်၊ မခုခံနိုင်လို့ကတော့ မလွယ်ဘူး၊ ကွန်လုံဝမ်ကော ခင်ဗျားတော သိက္ခာကောင်းကောင်းကျပြီသာမှတ်ပေတော့၊ ကျုပ်ရဲ့နောင်ကြီးထန်ရှင်ရဲ့ ဆရာကြီးပါ သိက္ခာကျသွားလိမ့်မယ်'

ဆန်ကွမ်းချီက မီးလောင်ရာလေပင့်သည့်စကားများကို ထပ်တလဲလဲ ပြောဆိုလိုက်သည်။

ထန်ရှင်၏ဦးလေးတော်သူသည်လက်အိတ်ရှည်ကြီး စွပ်ထားသဖြင့် ဓား၊ လှံ လက်နက်တို့၏ဒဏ်ကို ခုခံနိုင်သော လက်အိတ်ပေလောဟု ဆန်ကွမ်းချီ စိုးရိမ်နေပေသေး၏။



ထိုသို့ထင်စေရန်အကြောင်းတစ်ခုမှာ ရန်သူသည် သူ၏ဓားကို တောက်ထုတ်ရန်နှင့် ဖမ်းဆုပ်မိရန် ကြိုးစားနေသည့်အချက်ပေတည်း။

'ဆရာကြီး၊ ခင်ဗျားဒုက္ခရောက်လိမ့်မယ်နော်'

'ဟား....ဟား....ဟား....မင်းသာ မင်းရဲ့ဓား ငါ့ဆီ မပါအောင်ကြိုးစားပါ၊ ပါလာရင်တော့ မင်းမလွယ်ဘူး'

ထိုအချိန်တွင် ထိန်မုဆရာတော်သည် အဆိပ်ငွေ့ပုလင်းကို ဆွဲယူရရှိသွားပေပြီ။

ထိုပုလင်းရရှိပြီးနောက် သူတို့အား အကျပ်ကိုင်နိုင်သည့် လက်နက်မရှိတော့ပြီကိုသိ၍ ထိန်မုဆရာတော်က ဓားခင်ရွေ့ဖြင့်ဝင်ရောက် တိုက်ခိုက်တော့သည်။

ဆန်ကွမ်းချီက အတိုးအို ကျင်ရွှယ်တောက်အား လှမ်းအော်လိုက်၏။

'ဆရာကြီး၊ ကျွန်တော်တို့ဟာ အထက်လမ်းဂိုဏ်းသားတွေနဲ့ တိုက်ခိုက်နေတာမဟုတ်ဘူး၊ ကွန်လုံဝမ်ရဲ့ ဆရာနဲ့ တိုက်ခိုက်နေတာ၊ မာရားတာမရှိဘူး၊ သိုင်းလောက စည်းကမ်းနဲ့ ညီဖို့မလိုဘူး'

'လာပြီဟေ့....ဝင်ပြီ'

ကျင်ရွှယ်တောက်လည်း အော်ဟစ်၍ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီ၏ အယူအဆမှာ အလွန်မှန်ကန်သည်၊

ဤရန်သူကြီးသာ ကျောက်မူလအခန်းထဲသို့ ပြန်လည်ရောက်ရှိသွားလျှင် သူတို့အားလုံး ထွက်ပေါက်ပိတ်ကုန်ပေလိမ့်မည်။

သုံးယောက် တစ်ယောက် တိုက်သည့်တိုင် ရန်သူကြီးသည် လူတို့အား လက်ရည်တူယှဉ်ပြိုင်လျက်ရှိသည်။

ကျင်ရွှယ်တောက်၏ ရိုက်ချက်များသည် ရန်သူကြီးအား ထိခိုက်စေခဲ့သော်လည်း ရန်သူကလုံးဝမဖြုံဘဲ သူတို့ကိုပင် ကန်ထုတ်လိုက်ပေသေးသည်။

ထို့ကြောင့် ဆန်ကွမ်းချီမှာ သူ၏ရွှေဓားကို ပို၍အားကိုးရတော့၏။

ထိန်မုဆရာတော်က ဆန်ကွမ်းချီ၏ သူ့ဓသကိုယ်သေ တိုက်ကွက်များကိုမြင်သောအခါ အရေးတကြီး လှမ်းအော်၏၊

'ဒကာလေး ဆန်ကွမ်းချီ၊ ဒီလောက်စွန့်စားဖို့မလိုပါဘူး၊ သူကျုပ်တို့ကို ရေရှည်မတိုက်ခိုက်နိုင်ပါဘူး'

ဆန်ကွမ်းချီသည် ထိန်မု ဆရာတော်၏ တားမြစ်ချက်ကို မကြားဘဲ တဇွတ်ထိုး တိုးဝင်လေတော့၏။

ရန်သူကြီးသည် အနီးကပ်ဝင်လာသည့် ဆန်ကွမ်းချီ၏လက်ကို ဖမ်းဆုပ်သည်။

သို့သော် ဆန်ကွမ်းချီက ဝိုက်၍ရှောင်လိုက်သဖြင့် လက်ကောက်ဝတ်ကိုမမိဘဲ ဖြစ်သွားသည်။



လက်မတင်ကလေးလွတ်သွားသည့်အတွက် ရန်သူကြီးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး တရကြမ်း ဝင်ဘိုက်တော့သည်၊

ဆန်ကွမ်းချီ၏ရွှေဓားကို လက်ငါးချောင်းဖြင့်ဖမ်းဆုပ်လိုက်သည်၊

'အား'

ရန်သူတော်ကြီး၏ လက်ချောင်းကလေးများ ပြတ်ထွက်သွား၏၊

သွေးများ ရဲခနဲဖြာကျလာသည်၊

သူသည် ငယ်သံပါအောင်အော်ပြီး လူသုံးယောက်၏တိုက်ကွက်ကို ရှောင်ပြေးလေတော့၏၊

ထိုသူပြေးပုံမှာ အလွန်တရာလျင်မြန်လှသဖြင့် ထိန်မုဆရာတော်သည်း မတားဆီးနိုင်ဘဲ ဖြစ်သွားသည်၊

မကြာမီ ဂူတစ်ခုလုံး မှောင်ကျသွား၏၊

ထိန်မုဆရာတော်နှင့် ကျင်ရွှယ်တောက်တို့မှာ အတွေ့အကြုံရင့်ကျက်လှသူဖြစ်၍ ရန်သူနောက်သို့ ပြေးမလိုက်ကြပေ၊

နေရာ၌ပင် ရပ်နေ၏၊

ကျင်ရွှယ်တောက်က ဆန်ကွမ်းချီအား လှမ်း၍သတိပေး၏၊

www.burmeseclassic.com

www.burmeseclassic.com



'သူ့ရဲကောင်းလေး...ဆန္ဒမဲဇော်နဲ့၊ နေရာမှာပဲ ရပ်နေပါ'

'ဟုတ်ကဲ့၊ ကျွန်တော် ရပ်နေပါတယ်'

မကြာမီ သူတို့အားလုံး လက်တွဲလိုက်ကြ၏။

ဆန်ကွမ်းချီက....

'ရန်သူတော်ကြီးတော့ ကျောက်တံခါးထဲ ပြေးဝင်သွားပြီ အဲဒါကို ဘယ်လိုဖွင့်မလဲ၊ မဖွင့်နိုင်ရင် ဒီနေရာက အမြန်ခွာမှ ဖြစ်မယ်၊ ဒီနေရာမှာ ချက်ချင်း အန္တရာယ်တွေ ကျရောက်လာလိမ့်မယ်'

'ဟုတ်တယ်'

ထိန်မုဆရာတော်က ထောက်ခံလိုက်သည်။

ဆန်ကွမ်းချီက....

'မီးခတ်ကျောက် မပါတာ သိပ်နာတယ်'

ထိန်မုဆရာတော်က ရယ်ရင်း....

'ဒီကာလေး ဘာရှာချင်လို့လဲ'

'ဟောဒီ ကျောက်နံရံမှာ လျှို့ဝှက်ခလုတ် ရှိရမယ်၊ အဲဒီ ခလုတ်ကို ရှာချင်တာပါ'

'ဒါလား....ဒါဆိုရင်တော့ သိပ်မပူပါနဲ့၊ ကျုပ်က အမှောင်ထဲမှာ ဆယ်နှစ်ကျော်တျော် နေလာခဲ့တာပဲ၊ ခတော်ရုံတန်ရုံမှစ္စည်း



ကို ကျုပ်မျက်စိနဲ့ ရှာဖွေနိုင်ပါတယ်၊ ကြောင်မျက်စိတစ်ပိုင်း ဖြစ်နေပါပြီ'

'ဒါဆိုရင် ဆရာတော်ပဲ ကျေးဇူးပြုပြီး ရှာပေးတော်မူပါ'

ဆရာတော်သည် သူတို့ရှေ့ ကိုက်ငါးဆယ်ခန့်အကွာ၌ ပိတ်ဆို့နေပြီဖြစ်သော ကျောက်တံခါးတစ်ပြင်လုံးကို ရှာဖွေစစ်ဆေးသည်။

မသင်္ကာဖွယ်ရာ ပစ္စည်းတစ်ခုမှ မတွေ့ရပေ။

'အံ့ဩစရာပဲ'

ထိန်မုဆရာတော်က မှတ်ချက်ချလေ၏။

ဆန်ကွမ်းချီက....

'ဆရာတော်... နည်းနည်းကလေးဘောင် ထူးခြားတဲ့နေရာ မရှိဘူးလား'

'မရှိဘူး၊ ကျုပ် အသေအချာ စစ်ဆေးပြီးပြီ'

ကျင့်ရွှယ်ဘောက်က....

'သူ ဝင်ပြေးသွားတာ ဒီနေရာပဲ၊ တပည့်တော်တို့ အမှတ်မှားပါဘူး'

သူသည် ပြောပြောဆိုဆို ကျောက်တံခါးကြီးကို လက်ဝါးဖြင့် ရိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



တုထည်ကြီးမားသော ကျောက်တံခါးကြီးဖြစ်၍ လက်ဝါးဖြင့်ကို အနည်းငယ်မျှ မဖြုံပါပေ။

'ဆရာကြီး ကျင်ရှယ်တောက်.... အလကား ဒုက္ခခံမနေနဲ့။ အကျိုးရှိမှာမဟုတ်ဘူး'

ကျင်ရှယ်တောက်သည် ဆန်ကွမ်းချီအား အလွန်တရာ လေးစားသဖြင့် သူ့ကြိုးပမ်းမှုကို ချက်ချင်း ရပ်ဆိုင်းပစ်လိုက်သည်။

ကျင်ရှယ်တောက်က...

'သူ့ရဲ့ဓားခလေး...မောင်ရင့်လက်ထဲက ဓားဟာ သိုင်းလောကရဲ့ ရတနာတစ်ပါးပဲ၊ အဲဒီဓားနဲ့ ကျောက်သားကို ထွင်းကြည့်ပါလား'

'မထွင်းနဲ့'

ထိုသို့ တားမြစ်လိုက်သူမှာ ထိန်မုဆရာတော် ဖြစ်၏။

သူက ဆက်၍ပြော၏။

'ကျောက်သားက ဘယ်လောက်ထူမှန်း မသိနိုင်ဘူး၊ အဲဒီကျောက်တံခါးပေါ်ကို ဓားနဲ့ ဖြည်းဖြည်းခြစ်ပါ၊ ကျုပ်စိတ်ထင် ခလုတ်ကို တွေ့လိမ့်မယ်လို့ ယူဆတယ်'

ဆန်ကွမ်းချီသည် မည်သည့်စကားမျှ မပြောတော့ဘဲ ထိန်မုဆရာတော် မိန့်ကြားသလို လိုက်လုပ်တော့သည်။



ဓားသည် ကျောက်တံခါး နေရာအနှံ့အပြား လျှောက်သွားသည်။

'ထပ်....'

မကြာမီ ကျောက်သားမြင် တစ်နေရာ၌ သံလိုက်ဖြင့် ကပ်လိုက်သလို ဓားသည် သွားကပ်နေ၏။

ထပ်ခနဲ အသံထွက်လာ၏။

'တွေ့ပြီ...ကျောက်တံခါးကိုဖွင့်တဲ့ ခလုတ်ဘဲ ဖြစ်လိမ့်မယ်'

'ဒါဖြင့် ဖွင့်လိုက် ဒကာလေး'

'မောင်ရင်...သတိထားနော်'

'စိတ်ချပါ'

ဆန်ကွမ်းချီသည် ဓားကပ်နေသည့်နေရာသို့ လက်ဖြင့် ဖိနှိပ်ချလိုက်၏။

'ချောက်...'

ကျောက်တံခါးကြီးသည် အလွန် လျင်မြန်စွာ ပွင့်သွားလေတော့၏။

ထိန်မုဆရာတော်က သူ၏ တောင်ဝှေးကို ဝှေ့ယမ်းပြီး...

'ဖယ်ကြ၊ ကျုပ် ဦးဆောင်ပြီးဝင်မယ်၊ ကျုပ်ကိုယ်တိုင် ထမ်းရွက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီမတား မြစ်နိုင်မီ ဆရာတော်သည် ခုန်ဝင်သွား၏

ဆန်ကွမ်းချီလည်း လိုက်ဝင်ရတော့သည်။

အဘိုးအို ကျင်ရှယ်ဘောက်က နောက်ဆုံးမှလိုက်၏။

ဤကျောက်ဂူမှာ ရန်သူတော်ကြီး၏ ပိုင်နက်ဖြစ်၍ ဂူကြမ်း ပြင် လက်မတိုင်း လက်မတိုင်း အသက်အန္တရာယ် ရှိပေသည်။

ကိုက်တစ်ရာခန့် ရှေ့သို့သွားသည့်တိုင် မည်သည့်အန္တရာယ်မှ မတွေ့ရသဖြင့် အံ့ဩနေ၏။

မကြာမီ မီးရောင်လဲ့လဲ့ကို တွေ့လိုက်ကြရသည်။

'ရှေ့မှာ မီးရောင်'

'သတိထား'

တစ်ယောက်ကိုတစ်ယောက် သတိပေးရင်း ရှေ့တိုးလာကြ သည်။

ကျောက်ဂူထဲ၌ထူးထူးခြားခြား မှန်တံခါးလိုကျောက်သား တံခါးနှစ်ချပ် တပ်ထားကြောင်း တွေ့ရ၏။

ထိန်မုဆရာတော်သည် ထိုတံခါးချပ်ကို တောင်ဝှေးဖြင့် ထိုး လိုက်ရာ လွယ်လွယ်ကူကူ ပွင့်သွား၏။

သူတို့မြင်ရသော မီးရောင်လဲ့လဲ့သည် ထိုတံခါးအတွင်း၌ ရှိနေသည်။



'ဟာ...ဒါတွေက ဘာလဲဟ'

ဆီမီးခွက်ကလေးများကို တစ်ခုနှင့်တစ်ခု ငါးပေအကွာ၌ ချထားကာ မီးထွန်းညှိထားကြောင်း တွေ့ရသည်။

ထူးခြားသည့် အချက်မှာ ဆီမီးခွက်ထဲမှ မီးတောက်များ သည် အလွန်တရာပြင်းထန်ပြီး ပြာလဲ့လဲ့ ဖြစ်နေခြင်းပေတည်း။

ဆီမီးခွက်ပေါင်း နှစ်ဆယ့်လေးခွက်ရှိသည်။

ထိန်မုဆရာတော်က....

'သတိထား၊ ဒီဆီမီးခွက်တွေဟာ ဒထောင်ချောက် ဖြစ်နိုင် တယ်'

သူ့စကားမှုဆုံးသေးမီ အောက်ခံ ဆီမီးခွက်ကလေးများ သည် အလိုအလျောက် အရည်ပျော်ကျသွားပြီးနောက် ဆီမီး ခွက်ထဲမှ လောင်စာအရည်များသည် ဆန်ကွမ်းချီတို့ ဘက်သို့ လျှောခနဲ စီးဆင်းလာတော့၏။

'ဝုန်း'

တစ်ချိန်တည်းမှာပင် သူတို့၏နောက်မှ မှန်ကဲ့သို့သောတံခါး သည်း ပိတ်သွား၏။

ဆီမီးခွက်ထဲမှ လောင်စာရည်များသည် သူတို့သုံးဦးရှိရာသို့ အရှိန်ဖြင့် စီးဆင်းတောက်လောင်လာရာ ထိန်မုဆရာတော် သည် မီးရှိန် သူတို့ဘက်မဟပ်စေရန် သက်န်းစဖြင့် ခါယမ်းပစ် လေ၏။

www.burmeseclassic.com

www.burmeseclassic.com



‘နောက်ဆုတ်ကြ၊ ဒါဟာ ဆိန့်မီးလောင်တိုက်သွင်းတဲ့ကိစ္စပဲ၊ ဆန်ကွမ်းချိန့် ကျင်ရွှယ်တောက်၊ ဘေးဘက်နဲ့ အပေါ်ဘက်ကို သတိထားကြ၊ လက်နက်ပုန်းတွေ ထွက်လာနိုင်တယ်’

ဆရာတော်က မီးတောက်ကြီးများကို တဝုန်းဝုန်းနှင့် တားဆီးနေရလေတော့သတည်း။

## အခန်း (၁၄၆)

## ကွန်ထုံဝမ်၏ အခါပွေးဆရာ

ဆန်ကွမ်းချီသည် မှန်ကဲ့သို့ဖြစ်နေသောတံခါးကို ဝိဉာဉ်လိပ်ပြာနှတ်ရွှေခါးဖြင့် ထိုးခွဲလိုက်၏။

‘ကျွမ်’

ဓားကို ဝှေ့ယမ်းလှိုးထုတ်လိုက်ရာ ကျောက်မှန်ကြီးသည် လူတစ်ကိုယ် ဝင်ထွက်နိုင်သည့် အပေါက်ကြီး ဖြစ်သွား၏။

‘ဆရာတော် ထွက်ပေါက်ရပြီ’

‘ဒကာလေးဆန်ကွမ်းချီနဲ့ ဒကာကြီး ကျင်ရွှယ်တောက်တို့ အရင်ထွက်ကြပါ၊ ကျုပ်ချက်ချင်းလိုက်ထွက်မယ်’

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုနှင့် ကျင်ရွယ်တောက်တို့ လျှိုထွက်သွားကြသည်။ ထိန်မုဆရာတော်သည် နောက်ဆုတ်လာပြီး အပေါက်မှလျှိုထွက်လိုက်၏။

သုံးဦးစလုံးမှာ မီးအပူရှိန်ဟပ်ခြင်းကြောင့် ချွေးဒီးဒီးကျနေသည်။

'တော်တော်ယုတ်တဲ့ ဒကာပဲ'

ထိန်မုဆရာတော်က နဖူးမှ စီးကျလာသည့် ချွေးများကို သင်္ကန်းဖြင့် သုတ်လိုက်၏။

ဆန်ကွမ်းချိုက ရယ်၍ပြော၏။

'ဆရာတော်....ဒါဟာ သူ့တကယ့်ထောင်ချောက် မဖြစ်နိုင်ပါဘူး၊ အရံအတား ထောင်ချောက်ပဲ ဖြစ်မှာပါ၊ တကယ့်ထောင် ချောက် ဆိုရင် တပည့်တော်တို့ထဲက တစ်ယောက်ယောက်တော့ မုချသေပြီ'

ကျင်ရွယ်တောက်က ထောက်ခံ၏။

'မှန်ပါတယ်၊ အဲဒီ ရန်သူတော်ကြီးဟာ မမျှော်လင့်ဘဲနဲ့ လက်ချောင်းကလေးတွေ ပြတ်သွားလို့ အတော်ကလေး သွေးပျက်သွားပုံ ရပါတယ်'

ထိန်မုဆရာတော်က ရယ်၏။

'ဒါက ဒကာကြီး စိတ်ထင်ပါ၊ သိုင်းလောကသားတွေအတွက် ခြေပြတ် လက်ပြတ်တာဟာ ဘာမှ မဆန်းပါဘူး၊



အသက်ကိုတောင် လောင်းကြေးတင်သလို တင်ထားကြသေးတာ၊ ဒါက ဘာမှမထူးဆန်းပါဘူး'

ဆန်ကွမ်းချိုက သူ့ပေါင်ကို ပုတ်လိုက်၏။

ဆရာအော်အာ။ အရေးတကြီး လှမ်းခေါ်လိုက်၏။

'ဆရာတော်'

'ဘာလဲ ဒကာလေး ဆန်ချိုကွမ်း'

'အခု ထွက်ပြေးသွားတဲ့ ရန်သူတော်ကြီးဟာ တပည့်တော်တို့ကို သတ်ချင်ရင် လွယ်လွယ်ကလေးပဲ'

'ဘယ်....ဘယ်လို'

'ဒီမြေအောက်ခန်းကြီးကို ဖြိုချပစ်လိုက်ရင် တပည့်တော်တို့ သုံးယောက်စလုံး မြေမြှုပ်သင်္ဂြိုဟ်ပြီးသား ဖြစ်သွားတာပေါ့'

ထိန်မုဆရာတော်ကော အသိုးအိုကျင်ရွယ်တောက်ပါ မျက်စိမျက်နှာ ပျက်သွားသည်။

ထိန်မုဆရာတော်က....

'ဒီမြေအောက်ဂူကို ဖျက်မယ်ဆိုရင်တော့ ကျုပ်ရဲ့ မိတ်ဆွေကြီးကို ပြန်ကယ်မှ ဖြစ်မယ်'

'ဘယ်သူလဲ'

ဆန်ကွမ်းချိုက မေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ရသေ့ကြီး စုချင်လင်လေ၊ သူ့ကိုတော့ ဒီမြေအောက်သင်္ချိုင်းထဲ ထားမပစ်နိုင်ဘူး၊ ကျုပ်မိတ်ဆွေကို ပြန်ကယ်ပြီး ဒကာလေးတို့နှစ်ယောက်ကို မေတ္တာရပ်ခံပါတယ်'

ဆန်ကွမ်းချီမှာ ထိန်မုဆရာတော်၏ မေတ္တာရပ်ခံချက်ကို ငြင်းပယ်ရန် မစွမ်းသာချေ။

'ကဲ...ဒါဖြင့်လဲ မြန်မြန် သွား ကယ်မှ ပဲ၊ ကယ်ပြီးတာနဲ့ အမြန်ဆုံး ထွက်ပေါက်ရှာရမယ်'

ကျင်ရှယ်တောက်က ဝင်၍အကြံပေး၏။

'ရှေ့မှာ ထွက်ပေါက်မရှိရင် နောက်ကြောင်း ပြန်လှည့်ကြတာပေါ့'

'ကဲ...ထွက်ပေါက်ကို ခဏ ထားဖယ်ထားကြပါ၊ ကျုပ်ရဲ့မိတ်ဆွေ ရသေ့ကြီးဆီ သွားကြရအောင်'

ထိန်မုဆရာတော်က အော်ဟစ်ပြီး နောက်ကြောင်းပြန်လှည့်ပြေးသဖြင့် ဆန်ကွမ်းချီနှင့် ကျင်ရှယ်တောက်တို့သည်လည်း ဆရာတော်အား အမီပြေးလိုက်ရတော့၏။

ဆရာတော်ကား အမှောင်ကို ထွင်းဖောက် မြင်နိုင်သူမဟုတ်ပါလား။

## အခန်း (၁၄၇)

## အတွင်းထွက် ကူညီမှု

မကြာမီ အချိန်အတွင်းမှာပင် ထိန်မုဆရာတော်၏ အကျဉ်းပေါက်ဟောင်းသို့ ပြန်လည်ရောက်ရှိလာလေ၏။

'ရသေ့ကြီး စုချင်လင်၊ ကျုပ်ပြန်လာပြီ'

ထိန်မုဆရာတော်က အော်ဟစ်ပြီး ဂူပေါက်ထဲသို့ ပြေးဝင်၏။

အထဲသို့ရောက်သည့် အခါတွင်မူကား...

ရသေ့ကြီးစုချင်လင်မှာ တစ်ကိုယ်လုံး အေးစက်ပြီး သေဆုံးနေလေတော့၏။

ထိန်မုဆရာတော်မှာ ဖြေမဆည်နိုင်အောင် ဖြစ်သွားသည်။

'ဆရာတော်...သိပ်ပြီး ဝမ်းနည်းပူဆွေးမနေပါနဲ့၊ ကွန်လုံကြောင့် သေတဲ့လူတွေဟာ များနေပါပြီ၊ ရသေ့ကြီး စုချင်လင်ဟာ အဲဒီအများကြီးထဲက တစ်ယောက်ပဲ ဖြစ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာတော်က ကြေကွဲစွာ ပြော၏။

'ဩော်...သူသေမယ်ဆိုတာ ကြိုတင်သိနေတော့ ကျုပ်တ...
လိုက်ဖို့ ငြင်းဆန်လိုက်တာကိုး၊ ဖြစ်ရလေ မိတ်ဆွေကြီးရ...

ဆန်ကွမ်းချိသည် မြေအောက်ဂူထဲ၌ အချိန်မဖြုန်းလိုတော...
ချေ။

ထိုဂူထဲတွင် အဆိပ်သိလှောင်ခန်း၏ အရိပ်အခြည်ကို မ...
ရသည့်အပြင် သူတို့အားလုံး မြေမြှုပ်ခံရမည့်ကဲ့သို့ဖြစ်နေသ...
သူ့ အနေဖြင့် အမြန်ဆုံး အပြင်ထွက်လိုသည်။

အပြင်ထွက်ရန် လမ်းမှာလည်း နောက်ကြောင်း ပြန်...
ရုံသာရှိသည်။

ဝင်ခဲ့သည့်အပေါက်မှ ပြန်ထွက်ရုံသာ ရှိသည်။

ဆန်ကွမ်းချိက အခြေအနေအရပ်ရှင်ကို ရှင်းပြပြီး လာ...
အတိုင်း တရှုံကြမ်း ပြေးထွက်လာကြ၏။

သူတို့ဝင်ခဲ့စဉ်က မတွေ့ခဲ့ရသော တံခါးနှစ်ချပ်ကို ရိုက်...
ပစ်ခဲ့ကြသည်။

မြေအောက်သေ့ကားထဲမှ အိမ်နက်ထဲသို့ ပြန်လည်ရော...
လာသည့်အခါတွင် ကြေကွဲဖွယ်ရာ မြင်ကွင်းကို တွေ့ရသ...
ထိန်မုဆရာတော်မျက်ရည်ကျသကဲ့သို့ အဘိုးအိုကျင်ရွှယ်တော...
လည်း မျက်ရည်ကျရလေတော့၏။



ဆန်ကွမ်းချိနှင့် ထိန်မုဆရာတော်တို့က ကျင်ရွှယ်တောက်
အား ဖေးမခေါ်ယူခဲ့ရသည်။

'ဆရာကြီး...ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့၊ သူတို့ဟာ
ကွန်လုံဝမ်ကို ဖျက်ဆီးဖို့ သူတို့အသက်တွေကို စတေးသွားခဲ့ကြ
တာပါ၊ သူတို့အတွက် တာဝန်ကျေအောင် ကျွန်တော်တို့က
ကွန်လုံဝမ်ကို တိုက်ရမယ်'

ဤသို့ဖြင့် အိမ်နက်ထဲမှ ထွက်လာခဲ့ကြရလေ၏။

သူတို့သုံးယောက် မြေအောက်ဂူထဲ၌ အချိန်မည်မျှ ကြာနေ
ခဲ့သည် မသိ။

ပြင်ပ၌မူ လတ်ဆတ်သော လေပြည်လေညင်းနှင့် နံနက်ခင်း
၏ နေခြည်နုနုတို့ကို သုံးယောက်စလုံး လန်းဆန်းစွာ ခံစား
တွေ့ထိလိုက်ကြရလေ၏။

ထိန်မုဆရာတော်နှင့် ကျယ်ရွှယ်တောက်တို့သည် ကောင်း
ကင်ပြာကြီးကို မော့ကြည့်၏။

လေနှင့် ပြေလွှားနေသော တိမ်များကို အထူးအဆန်းပစ္စည်း
များကဲ့သို့ ငေးကြည့်ကြသည်။

'အင်း...ကျုပ်ရဲ့ နောက် ပိုင်း သက် တမ်း တွေ မှာ ခုလို
ကောင်းကင်ပြာကြီးကို တွေ့ရလိမ့်မယ်လို့ အိပ်မက်တောင်မမက်
ရဲခဲ့ပါဘူး၊ ခုတော့ ကျုပ်ကတော့ တွေ့နေရပါပြီ၊ ကံဆိုးသူ
မိတ်ဆွေရသေ ကြီးကတော့...'

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာတော်သည် စကားကို ဆုံးအောင် မပြောနိုင်[illegible] တော့ဘဲ ဆို့နစ်သွားသည်။

ထိန်မုဆရာတော်၏ အလွမ်းအဆွေးမာတ်သည် အဲဒီ[illegible] ကျင်ရွှယ်တောက်ထံသို့ပင် ကူးစက်သွားပြန်သည်။

'ကြည့်စမ်း....အိမ်တွေ အဆောင်တွေ တော်တော်များတာ[illegible] ပဲ၊ ဒီနေရာဟာ ကျုပ်နေခဲ့တဲ့ တြိနိုင်ဒေသထက် အဆပေါင်[illegible] များစွာ ကြီးကျယ်ခမ်းနားတယ်။ အင်း...ကျုပ် မျက်စိထဲမှာ[illegible] တော့ မွေးရပ်မြေ တြိနိုင်ဒေသကို ခုချက်ချင်းပဲ ပြေးသွားချင်[illegible] မိပါတယ်ဗျာ'

ဆန်ကွမ်းချိုသည် ဝါဒဉ်ကြီး သိုင်းသမားနှစ်ဦးအား [illegible] ကြည့်နေမိ၏။

သံမကိုကဲ့သို့ မာကျောလှသော ဆရာကြီးများသည် [illegible] ကောင်းထောက်မစွာ အကျဉ်းစခန်းမှ လွတ်မြောက်လာခဲ့ပြီး နောက် မိတ်ဆွေဟောင်းနှင့် ဇာတိဟောင်းကို ပြန်လည်တသ[illegible] အမှတ်ရနေကြ၏။

ဆယ်နှစ်ဆိုသော အချိန်ကာလမှာ တိုတောင်းသောအချိန်[illegible] ကာလ မဟုတ်ပါပေ။

ဤဆယ်နှစ်တာကာလအတွင်း သူတို့၏ မိသားစုများ၊ မိတ်[illegible] ဆွေ အပေါင်းအသင်းများ၊ ဇာတိကျေးရွာများ၌ အပြောင်း[illegible] အလဲများစွာ ဖြစ်ပေါ်နိုင်ပေသည်။



ဆန်ကွမ်းချိုသည် သိုင်းလောကအတွင်း ဝင်ရောက်လာချိန် မကြာမြင့်သေးသော်လည်း ပညာရှိထန်ရှင်နှင့် လက်ပွန်းတတီး နေခဲ့ရသည့်အတွက် အတွေးအခေါ် ရင့်ကျက်လာသည်။

အမြင်လည်း ကျယ်လာသည်။

'ဆရာတော်နဲ့....ဆရာကြီးတို့'

'ဒကာလေး ဆန်ကွမ်းချို၊ ဘာပြောချင်လို့လဲ'

'ဩော်....တပည့်တော်က ဒီအဆောက်အအုံတွေအကြောင်း ရှင်းပြချင်လို့ပါ'

'ရှင်းပြပါ၊ ဒကာလေး ရှင်းပြမှပဲ ကျုပ်တို့လဲ သိမှာပေါ့၊ ဆယ်နှစ်ဆယ်မိုး မြေအောက် အကျဉ်းထောင်ထဲ နေနေရမှ တော့ မြေပေါ်က ထူးခြားချက်တွေကို ဘယ်သိနိုင်တော့မှာလဲ'

'ဟောဒီဟိုမှာ့က အဆောင်တွေကို တွေ့ပါသလား'

'တွေ့ပါတယ်'

'အဲဒါ မိန်းမဆောင်တွေပါပဲ ဆရာတော်၊ ကွန်လုံဧမ်ရဲ့ ကိုယ်လုပ်မောင်းမတွေရဲ့ အဆောင်တွေဆိုရင် ပိုမှန်ပါတယ်'

'ဘုရားရေ၊ မိန်းမဆောင်လို့ သတ်သတ်မှတ်မှတ် လုပ်ထား ရအောင် ကွန်လုံဝမ်က မိန်းမဘယ်နှစ်ယောက်ရှိနေလို့လဲ'

'သူ့ရဲ့ပထမ မယားကြီးတစ်ယောက်သေသွားပါပြီ၊ သူ့ သက် [illegible]ကြောင့် သေသွားတာပါပဲ'

www.burmeseclassic.com



'အခုဟာတွေက ဘာတွေလဲ'

'လူ့ရဲ့ ကိုယ်လုပ်မကောင်းမတွေပေါ့'

'ဟင်....သူက ဘယ်လိုဂိုဏ်းချုပ်လဲ ဖဘာလေးရဲ့'

'သိုင်းလောက အတွင်းမှာရှိတဲ့ ဘယ်ဂိုဏ်းချုပ်နဲ့မှ မတူတဲ့ ဂိုဏ်းချုပ်ပဲပေါ့ဆရာတော်၊ ဒီလူဟာ တန်ခိုးအာဏာကိုတကယ် မက်မောပြီး သူ့ကိုယ်သူ ကောရာဇ်တစ်ပါးလို အဘင်မှားနေတဲ့ လူပေါ့'

'အင်းလေ၊ ဒါကြောင့် မို့လဲ ကျုပ်တို့ကို မြေအောက် အကျဉ်းထောင်ထဲ ပို့ခဲ့တာပဲပေါ့'

'တပည့်တော် ဖြိုချင်တာက အဲဒီအကျဉ်းထောင်တွေရဲ့ရှေ့ မှာ ပန်းဥယျာဉ်တစ်ခုရှိတယ်၊ အဲဒီပန်းဥယျာဉ်ရဲ့ ရှေ့မှာ ကွန် လုံဝမ်ရဲ့ စံတော်အိမ်ကြီးရှိတယ်၊ ဒီ ပြင် နေ ရာ တွေ မှာ လဲ အဆောက်အအုံတွေ ရှိကောင်းရှိနိုင်ပါသေးတယ်၊ အခုဟာက တပည့်တော် မြင်ခဲ့သလောက် ပြောပြထားတာပါ၊ တကယ်လို့ ကျွန်တော်တို့နဲ့ လူချင်းကွဲသွားခဲ့ရင် ဆရာဘို့ဘာသာ ထွက် ပေါက်ရှာနိုင်အောင် မြေအနေအထားကို ပြောပြထားတာပါ'

ကျင့်ရှယ်တောက်က....

'ကျုပ်စိတ်ထင် ကျုပ်တို့အပမ်းခံရစတုန်းကတော့ ဒီလောက် အဆောက်အအုံတွေ များမယ်မထင်ဘူး'

ဆန်ကွမ်းချီက မြုံးချိပြောသည်။



'ဟာ....ဘယ်ရှိနိုင်မလဲ၊ ကျွန်တော် စိတ် ထင် တော့ ဒီ အဆောက်အအုံတွေဟာ ဆရာကြီးတို့ကိုဖမ်းပြီးမှ ဆောက်တာ ဖြစ်လိမ့်မယ်၊ သူဟာ မြေအောက်အကျဉ်းထောင်လို သူ့ဘစ်ပါး ကို ဒုက္ခပေးနိုင်တဲ့ဟာမျိုး ပထမဆုံးဆောက်မှာ သေချာတယ်'

ထိန့်မုဆရာတော်က....

'ကဲ....ကျုပ်တို့ ဘာလုပ်ကြမလဲ'

'တပည့်တော် ဆက်ပြောပါဦးမယ်၊ အောဒီ ကွန်လုံဝမ်ရဲ့ စံတော်အိမ် မြေနေရာအားလုံးကို သစ်လုံးတွေနဲ့ ပတ်ပတ်လည် ကာရံထားပါတယ်၊ တပည့်တော်တို့အနေနဲ့ သစ်လုံးနံရံတွေအား ရောက်ရင် ကွန်လုံဝမ်ရဲ့ လက်တွင်းကလွတ်ဖို့ ကိုးဆယ်ရာခိုင်နှုန်း သေချာပါပြီ'

'အခု သစ်လုံးနံရံတွေဆီ သွားမှာလား'

'မသွားသေးပါဘူး၊ စံတော်အိမ်ဆီသွားမယ်၊ အခု တပည့် တော်ရဲ့ လာရင်းရည်ရွယ်ချက်က ဘာမှ မပေါက်မြောက်သေး တာပဲ'

'လာရင်း ရည်ရွယ်ချက်'

ထိန့်မုဆရာတော်က တီးတိုးရွတ်ဆိုလိုက်၏။

ဆန်ကွမ်းချီက....

'အဆိပ်သိုလှောင်ခန်းကို ဖျက်ဆီးဖို့ကိစ္စလေ'

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာတော်က ဆင်ခြင်တွေးဆကာ ပြောသည်။

'ဒကာလေး ဆန်ကျွမ်းချို၊ ဒီမြေအောက်အကျဉ်းထောင်ဟာ အတော်ကလေး လုံခြုံတယ်၊ အဆိပ်သိုလှောင်ခန်းကို ဒီမြေအောက် အကျဉ်းထောင်မှာပဲ ထားသင့်တယ်၊ နောက်ပြီး နောက်ဆုံး တွေ့ခဲ့ရတဲ့လူကလဲ ကွန်လုံဝမ် အတော် အားကိုးပုံရတယ်'

ကျင်ရှယ်တောက်က...

'ဒါပေမယ့် အဲဒီလူ လက်ချောင်းတွေ ပြတ်သွားတယ်လေ'

ဆန်ကျွမ်းချိုက ခေါင်းတဆတ်ဆတ်ညိတ်ပြီး...

'ဟုတ်ပါတယ်၊ ပထမတုန်းကတော့ အဲဒီလူကို ကျွန်တော် အတော်အထင်ကြီးပါတယ်၊ သိုင်းပညာလဲ အတော် ထက်မြက်နေတော့ ကွန်လုံဝမ်ရဲ့ ဂိုဏ်းတူဦးလေး ဖြစ်နေမလား လို့ ထင်မှတ်မှားခဲ့မိပါတယ်၊ ဒါပေမယ့် သူဟာ ကျွန်တော်တို့ကိုကြောက်ပြီး ထွက်ပြေးသွားတယ်၊ အဲဒီ တစ်ချက်တည်းနဲ့ သူဟာ ကွန်လုံဝမ်ရဲ့ ဂိုဏ်းတူဦးလေး မဟုတ်ဘူးဆိုတာ ထင်ရှားသွားတယ်၊ အဲဒီလူမရှိရင် မြေအောက်ခန်းမှာလဲ အဆိပ်သိုလှောင်ခန်း ရှိမှာ မဟုတ်ဘူး'

ထိန်မုဆရာတော်က...

'ကွန်လုံဝမ်ရဲ့ စံတော်အိမ်ထဲမှာကော ရှိနိုင်ပါ့မလား'



'တပည့်တော်လဲ အတော်စဉ်းစားရ ကျပ်နေတယ်၊ အခုဆိုရင် ကွန်လုံဝမ်ဟာ အနှ နယ်ပယ်ထဲကို ရန်သူရောက်နေပြီဆိုတာ သိသွားပြီ၊ စံတော်အိမ်ထဲ ဝင်ရှာဖို့မပြောနဲ့ ဒီသစ်လုံးနယ်မြေ အတွင်းကတောင် အထော်လွတ်အောင် ကြိုးစားရမယ်နဲ့ တူတယ်'

'ကျုပ်လဲ ဒါပဲ ပြောချင်တာပါပဲ၊ မြေအောက် အကျဉ်းထောင်ထဲက လွတ်လာတာတောင် အတော် ကံကောင်းတယ်လို့ ပြောရမယ်၊ သူ့ စံတော်အိမ်ထဲ ဝင်ဖို့ကတော့...'

ထိုစကားကို ကျင်ရှယ်တောက်က ဝင်ပြောခြင်းဖြစ်သည်။

ဆန်ကျွမ်းချိုက...

'ဟုတ်ကဲ့...ကျွန်တော် အဲဒါကို ချိန်နေတာပါ၊ မြေအောက်ခန်းကို အစောင့်အကြပ် နည်းနည်းကလေးထားပေမယ့် ဒီမြေအောက်ခန်းကို ရှာတရက် တွေ့ဖို့ မလွယ်တဲ့အတွက် အတော်ကလေး ဘေးကင်းနေတယ်၊ ကွန်လုံဝမ်ရဲ့ စံတော်အိမ်ကတော့ ထီးတည်းကြီးဖြစ်နေတော့ အစောင့်အကြပ် ပိုများမယ်၊ တပည့်တော်ရဲ့ မိတ်ဆွေသုံးယောက်ကတော့ အဲဒီစံတော်အိမ်ထဲ ဝင်သွားကြပြီ၊ တပည့်တော်ကသာ မိန်းမဆောင်ဘက်ကို ထွက်လာပြီး မြေအောက်အကျဉ်းထောင်ဆီ မမျှော်လင့်ဘဲ ရောက်လာခဲ့တာပါ'

ထိုသို့ စကားပြောနေစဉ် ရုတ်ချည်းမှတ်သံကို ကြားရပြီး ...ဥယျာဉ်ထဲမှ တလှုပ်လှုပ် တရွရွ ဖြစ်လာသော ကွန်လုံဝမ်၏ အစောင့်တပ်သားများကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟော...ပြောရင်းဆိုရင်း....'

ဆန်ကွမ်းချို၊ ထိန်မုဆရာတော်နှင့် ကျောင်းရှယ်တောက်တို့သည် ရှင်ပေါင်တန်း၏ အသင့် စောင့်နေလိုက်ကြ၏။

ဆန်ကွမ်းချို၏ လက်ထဲတွင် သိုင်းလောက၏ ရတနာတစ်ပါး ဖြစ်သည့် ဝိညာဉ်လိပ်ပြာနုတ် ရွှေဓား ရှိသည်။

ထိန်မုဆရာတော်၏ လက်ထဲတွင် တောင်ဝှေးရှိသည်။

ကျောင်းရှယ်တောက်၏ လက်ထဲတွင်မူ မည်သည့် လက်နက်မျှ မရှိပေ။

လက်နက်မရှိခြင်းအတွက်လည်း ကျောင်းရှယ်တောက်အခုနဖြင့် မည်သို့မျှ စိတ်အနှောင့်အယှက် ဖြစ်ပုံမရပေ။

ကိုယ်ကျပ်အင်္ကျီအနက် ဝတ်ဆင်ထားသူ ဆယ့်နှစ်ယောက် သည် မကြာမီ သူတို့သုံးယောက်နှင့် မျက်နှာချင်းဆိုင် လာရပ် မိလေ၏။

ထိုသူများထဲမှ နှစ်ယောက်မှာ ခေါင်းဆောင်ဖြစ်ဟန်ရှိသည်။

ကိုယ်ကျပ်အင်္ကျီနက်များသည် ချက်ချင်း အစုနှစ်စု ကွဲသွား ပြီး ဘယ်ဘက်မှတစ်စု၊ ညာဘက်မှတစ်စု ဝိုင်း၍တိုက်ကြလေ တော့၏။

ဆန်ကွမ်းချိုက အားလုံးကို သတိပေးလိုက်၏။



'ဆရာတော်နဲ့ ဆရာကြီး...ကျွန်တော်တို့သစ်လုံးခံတပ် အပြင် ရောက်အောင် ထွက်ကြမယ်။ စီတော်အိမ်ကိုဝင်ဖို့ မလွယ်တော့ ဘူး'

'ဒီဆုံးဖြတ်ချက် မှန်တယ်'

ထိန်မုဆရာတော်က ထောက်ခံ၏။

ထိုအချိန်မှာပင် တိုက်ပွဲလည်း စတင်လေတော့၏။

တဒိုး၊ဝှီး တဝှစ်ဝှစ်ဖြင့် တိုက်ခိုက်သည့် တိုက်ပွဲမှာ မကြာ မြင့်လှပါ။

ထိပ်သီးအဆင့်ရှိသိုင်းသမားသုံးဦးကို ကွန့်လုံဝမ်၏သစ်တပ် ဝင်းစောင့် အစောင့်ဆယ့်နှစ်ဦးမှာ မည်သို့မျှ မယှဉ်ပြိုင်နိုင်ပါ။

သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်သွားကြ၏။

ခေါင်းဆောင်နှစ်ယောက်မှာ နောက်ဆုတ်ပြေးသွားကြ၏။

ကျောင်းရှယ်တောက်က လိုက်လံသုတ်သင်ရန် ဟန်ပြင်၏။

ဆန်ကွမ်းချိုက တားလိုက်၏။

'ဆရာကြီး မလိုက်နဲ့၊ အဲဒီနှစ်ယောက် သေလဲ မထူးဘူး။ နောက် အယောက်နှစ်ဆယ်လောက် ရောက်လာလိမ့်ဦးမယ်။ ကျွန်တော်တို့ ဝန်းဥယျာဉ်ထဲက ခပ်မြန်မြန် ထွက်နိုင်အောင် ကြိုးစားရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒကာလေး...ပန်းဥယျာဉ်ထဲကထွက်ပြီးရင် သစ်လုံးခြံစည်းရိုးနဲ့ နီးသွားပြီလား'

'နီးပြီလို့ ဆိုရမယ်၊ လက်ဝဲဘက်ကို ဦးတည်ပြီး လျှောက်ရမယ်၊ ဝါးတော တွေ့နိုင်တယ်၊ သစ်သား အိမ်ကလေးတွေ မတွေ့နိုင်ဘူး၊ ဘာမှဂရုမစိုက်ဘဲ သစ်လုံး ခြံစည်းရိုးနားရောက်အောင် ပြေးသင့်တာပဲ'

ဆန်ကွမ်းချိုသည် စကားဆုံးသည်နှင့် ပြေးထွက်သွားလေတော့၏။

ထိန်မှုဆရာတော်နှင့် ကျင်ရှယ်တောက်တို့ ဆက်ကြပ်မကွာ ပြေးလိုက်သွားကြသည်။

'ဟာ....'

သူတို့အားလုံး ပန်းခင်းအလယ်ရောက်သည်နှင့် တန့်ခနဲ ရပ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ပန်းခင်းများအကြား၌ ဝပ်လျှိုးပုန်းအောင်းနေဟန်တူသော မိန်းမဆောင် စောင့်ရှောက်သည့် သိုင်းမယ် ဆယ့်ငါးဦးခန့် ဝုန်းခနဲ ခုန်ထလိုက်ကြသောကြောင့်တည်း။

'ဒကာလေး...ဒီတစ်ခါတော့ မိန်းကလေးတွေပါလား'

'အမှန်စကားကတော့ ဒီပန်းဥယျာဉ်ပတ်လည်ဟာ မိန်းခလေးတွေရဲ့ အစောင့်အရှောက်ချည်းပဲ၊ ခုနကတွေ့တဲ့ ကိုယ်ကျော်



အက်ချီနက် ဆယ့်နှစ်ယောက်ကတော့ အသူး စေလွှတ်လိုက်တဲ့ လူတွေဖြစ်နိုင်တယ်'

'သူတို့ကို ဘယ်လိုလုပ်မလဲ'

'သူတို့ကတော့ တပည့်တော်တို့ကို အသေသတ်ဖို့ ကြိုးစားကြမှာပဲ၊ တပည့်တော်တို့ကတော့ သက်ယက်ညှာညှာ လုပ်ကြရမှာပဲ'

'ကောင်းပါတယ်'

ဆရာတော်နှင့် ဆရာကြီး ကျင်ရှယ်တောက်တို့သည် ဆန်ကွမ်းချိုထက် အသန့်တရာဝါစဉ်ကြီးသော သိုင်းသမားကြီးများ ဖြစ်ကြသော်လည်း သူတို့၏ အသက်သခင် ကျေးဇူးရှင် ဖြစ်နေသော ဆန်ကွမ်းချိုကို အလွန်လေးစားကြသည်။

ဆန်ကွမ်းချိုက....

'ဆရာတော် တပည့်တော်တို့ ဒီဥယျာဉ်ထဲက ထွက်လာတာနဲ့ ပြိုင်နက် ကွန်လုံဝမ် အိမ်တော်စောင့်တွေနဲ့ အကြီးအကျယ် တိုက်ရမှာသေချာတယ်၊ အဲဒီအချက်ကို ကြိုတင်ပြောထား ပါတယ်'

'အခုတွေ့တဲ့သိုင်းသမားတွေထက် အရည်အသွေး ပိုများ ကို ဆိုလိုတာလား'

'ပိုလဲများမယ်၊ ပိုလဲ စနစ်ကျမယ်၊ ကွန်လုံဝမ်ဟာ သူ့ သမားတွေကို တပ်ဖွဲ့ပုံစံနဲ့ ဖွဲ့စည်းပေးထားတယ်၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်တို့၊ ဆရာကြီးတို့ အာဖမ်းမခံရမီကဆိုရင်တော့ ကွန်လုံဝမ်ရဲ့ ဝမ်ဂိုဏ်းဟာ သာမန်ဂိုဏ်းတစ်ဂိုဏ်းလိုဖွဲ့စည်းတာပါပဲ၊ နောက်ပိုင်းကျတော့ သူ့စိတ်ကူးဟာ ဇာစ်မျိုးဆန်းသွားပုံ ရပါတယ်'

'ဒကာလေး ကျုပ်သိပြီ၊ ကွန်လုံဝမ်ဟာ ဘုရင်ရှး ရှာသွားပြီမဟုတ်လား'

'တပည့်တော်တော့ အဲဒီလိုသင်တာပဲ၊ ဒါကြောင့်မို့ သူ့ဂိုဏ်းသားတွေဟာ သိုင်းသမားတွေအတက် ကေရာဇ်ရဲ့ တပ်သားတွေနဲ့ ပိုတူတာပေါ့'

ထိုစဉ် သူတို့ရှေ့မှ အော်ဟစ်သံများ ပေါ်လာ၏။

'ရှင်တို့အားလုံး လက်နက်ချပြီး အဖမ်းခံကြပေတော့'

မိန်းကလေး ဆယ့်ငါးယောက်၏ ခေါင်းဆောင် ဖြစ်ပုံရသော အဝါရောင်ဝတ်ဆင်သည့်မိန်းကလေးက ဆန်ကွမ်းအားကြည့်ပြီး အမိန့်ပေးလိုက်လေ၏။

ဆန်ကွမ်းချီသည် ထိုမိန်းကလေးကို အသေအချာကြည့်

သူဝင်လာကာစကတွေ့ရသည့် ယပ်တောင်ကိုင် ကျောင်းလောဟု လေ့လာသည်။

ကျောင်းမေ မဟုတ်ပေ။

ကျောင်းမေကို နိုင်ချစ်နေ်က ရှမ်းဟိုကတော်၏အခန်းသို့ တစ်နည်းတစ်ဖုံစီရင်ပြီး ဖြစ်မည်တူပေသည်။



'တာဖြစ်လို့ ငါတို့က လက်နက်ချရမှာလဲ၊ ငါတို့က ဒီပန်းဥယျာဉ်ထဲက ထွက်ခွာမလို့ပါ၊ မင်းတို့ကို အနှောင့်အယှက်ပေးမလို့လာတာမဟုတ်ပါဘူး'

'ခစ်...ခစ်...ခစ်၊ ဒီစံတော်အိမ် ဝင်းထဲ ဝင်ပြီးတဲ့လူဟာ အသက်ရှင်လျက်တော့ ဘယ်တော့မှထွက်ခွင့်မရဘူးရှင့်'

'ဒါဆိုတော့ မင်းတို့အထင်ပါ'

မိန်းကလေးများသည် ဓားကိုယ်စီဆွဲ၍ တိုက်ခိုက်ကြ၏။

ဆန်ကွမ်းချီ၊ ယိန့်မုဆရာတော်နှင့် ကျင်ရှယ်ဟောက်တို့က ဒိုးလောက်ဆိုင် ကျောချင်းကပ်လိုက်၏။

ပတ်လည်မှ မိန်းကလေးများကို လုံခြုံ သိပ်သည်းစွာ ခုခံကြ၏။

ကျင်ရှယ်ဟောက်က ရယ်၏။

'အင်း...မိန်းကလေးတွေဆိုတော့လဲ ဒီလောက်ပဲရှိမှာပေါ့လေ'

သည်တိုက်ပွဲကလည်း လတ်ရည်မျှသော တိုက်ပွဲမဟုတ်ချေ။

မိန်းကလေး ဆယ့်ငါးယောက်လုံးကို ဆန်ကွမ်းချီ တို့က အကြာပိတ်နိုင်ခဲ့သည်။

'ဆရာတော်နဲ့ ဆရာကြီးတို့ ပန်းဥယျာဉ်ထဲက ထွက်ခွာကြရတော့မယ်၊ ဒီအစ်ခါတွေရမယ့် ကွန်လုံဝမ်ရဲ့ လက်အောက်ငယ်သားတွေကိုတော့ အထင်မသေးကြပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်စလုံး ပန်းဥယျာဉ်ထဲမှ ထွက်ခဲ့ကြ၏။

လက်ယာဘက်တွင် ကွန်လုံဝမ်၏ စံအောင်အိမ်ကြီးကို တွေ့ရသည်။

လက်ဝဲဘက်သို့အကွေ့တွင်ပင် သူတို့အား ကိုယ်ကျပ်အင်္ကျီ နက်ဝတ်ဆင်သူ နှစ်ဆယ့်လေးယောက်တို့က ဝိုင်းဝန်းထားကြလေတော့၏။

ထိုလူများက သူတို့အား သတိပေးမနေကြတော့ပေ။

လက်နက်မျိုးစုံဖြင့် ဝိုင်းဝန်း တိုက်ခိုက်ကြတော့၏။

ထိုအမည်းသားနှစ်ဆယ့်လေးယောက်တို့မှာ ထန်ရှင်၏ အမှုထမ်း လေးဆယ့်ရှစ်တပ်ဖွဲ့ကဲ့သို့ပင် ပူးပေါင်းတိုက်ကွက်ဖြင့် လေ့ကျင့်ထားသူများဖြစ်၍ ဆန်ကွမ်းချီတို့သုံးယောက်မှာ ပထမတိုက်ပွဲများကဲ့သို့ လွယ်လွယ်ကူကူမတိုက်ခိုက်နိုင်တော့ပေ။

အောင်သံဟစ်သံများ၊ မာန်သွင်းသံများဖြင့် ဆူညံစွာ ခုခံနေရစဉ်မှာပင် နောက်ထပ် အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်သည့် ကွန်လုံဝမ်၏ဘက်တော်သားများ ထပ်မံရောက်ရှိလာကြပြီး အပြင်စည်းဝိုင်းတစ်ဝိုင်း ထပ်မံ ဝိုင်းလိုက်ကြပြန်သည်။

ထိန်မှုဆရာတော်နှင့် ကျင်ရှယ်တောက်တို့သည် ကွန်လုံဝမ်၏ အလေ့အကျင့်ကို ဆန်ကွမ်းချီသော် ထိတွေ့မှုမရှိခဲ့ကြသဖြင့် ဆန်ကွမ်းချီ ကြိုတင်သတိပေးခြင်းအတွက် မှန်လှပါပေသည်ဟု စိတ်ထဲမှ ချီးကျူးမိခဲ့ကြသည်။



ဤသို့မှန်ကန်ခြင်းကပင် သူတို့ ခက်ခက်ခဲခဲ ထွင်းဖောက်တိုက်ခိုက်ရမည့်လက္ခဏာဟု သုံးသပ်မိကြ၏။

သူတို့သုံးယောက် ခုခံတိုက်ခိုက်ရာတွင် ဆန်ကွမ်းချီက ဗဟိုချက်ဆုံး၊ အနောက်ပြောင်ခမြောက်ဆုံး ခုခံတိုက်ခိုက်သည်။

ထိုသို့ တိုက်ခိုက်ခြင်းမှာ သူ့ခန္ဓာကိုယ်၌ ထိန်ချုန်စီဟုခေါ်သော မီးချည်မျှင်အင်္ကျီနှင့် ဝိဉာဉ်လိပ်ပြာနတ်ဒရွှေ့ဓားကို ကိုင်ဆွဲထားသောကြောင့် ဖြစ်ပေသည်။

ထိန်မှုဆရာတော်နှင့် ကျင်ရှယ်တောက်တို့သည် သိပ်သည်း ကျစ်လျစ်စွာတိုက်ခိုက်နိုင်သည့် ကွန်လုံဝမ်၏ ဘက်တော်သားများကို တွေ့ရသည့်အခါ ယခင်တိုက်ပွဲများကဲ့သို့ အထင်မသေးတော့ပေ။

ထိုစဉ် ဆူးရှနသောကျွဲချိုမှုတ်သံကြားလိုက်ရပြီးနောက် သူတို့အားဝိုင်းတိုက်ခိုက်နေကြသည့် အင်္ကျီနက်များသည် ရုတ်တရက် နောက်ဆုတ်သွားကြလေ၏။

'ဟ....ဒါဘယ်လိုဖြစ်တာလဲ'

မကြာမီ ထိုလူများ၏ နောက်မှ ပိုက်လုံးကြီးများကို ကိုင်ထားပြီး ထူးဆန်းသောဝတ်စုံ ဝတ်ဆင်သူများ ရှေ့သို့တိုးဝင်လာကြ၏။

ဆန်ကွမ်းချီက အရေးတကြီး အော်သိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်တို့....ဝင်တိုက်ကြ တော့၊ သူတို့ပိုက်တွေကို လုံး မမြောက်စေနဲ့'

စကားမဆုံးမီပင် ဆန်ကွမ်းချိုသည် လွှားခနဲ လွှားခနဲ ခုန် ဝင်သွားလေ၏။

ထိန်မုဆရာတော်နှင့် ကျောင်းသားတောက်တို့သည် အတွေ့အကြုံ ရင့်ကျက်လှသော ဝါစဉ်ကြီး၊ သိုင်းသမားကြီးများဖြစ်၍ ဆန် ကွမ်းချို၏ အရေးပေါ် အမိန့်ကို ကြား လိုက်သည်နှင့် ဆန်ကွမ်း နည်းတူ ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားကြလေ၏။

ပိုက်လုံးကြီးများကိုကိုင်မြှောက် လာသူများမှာထောက်အတွင် စရှုန်းသုန်းကား ဖြစ်သွားကြရ၏။

'အား....'

'ရှီး....'

'ဝှစ်....'

'ဒုတ်....ဒုတ်'

နွားအုပ်ထဲ ကျား ဝင်သလို ရှုတ်ရှက်သဲသဲ ဖြစ်နေခိုက် ပိုက် တစ်ခုမှ ရှီးခနဲ အသံထွက်လာပြီး မီးတောက်များ ထွက်လာ

ထိုမီးတောက်မှာ ဆန်ကွမ်းချို့တို့ဘက် မလှည့်နိုင်ဘဲ သူ သူပြန်လှည့်မိသဖြင့် ပိုက်ကြီး တစ်ခုကို ကိုင်ထားသော အကျီုင် တစ်ယောက်၏ ခန္ဓာကိုယ်မှာ ချက်ချင်း မီးစွဲသွားလေ၏။



မီးစွဲခန္ဓာကိုယ်ကြီးဖြင့် သူ့လူအုပ်စုအတွင်း ပြန်ဝင်ပြေးရာ ဆိုပတ်ဝန်းကျင်တစ်ခုလုံး ရှုတ်ရှက်သဲသဲ ဖြစ်သွားရပြန်သည်။

'အဲဒီကောင်ကို ရှင်းပစ်လိုက်'

ကိုယ်ကျပ်အနက်ရောင် ဝတ်ဆင်ထားသည့် ခေါင်းဆောင် ဖြစ်ဟန်ရှိသူက သူ့လူတစ်ယောက်အား အမိန့်ပေးလိုက်ရာ ထို သူက သူ့လက်ထဲမှလှံကို ဆွဲမြှောက်ပြီး တစ်ရှိန်ထိုး ပစ်သွင်း လေ၏။

'ရှီး....'

'ဒုတ်....'

'အင့်....'

မီးစွဲသည့်လူမှာ ကျောပြင်၌ လှံအန်းလန်းစိုက်လျက် မှောက် ပြီး လဲကျသွားလေတော့၏။

ထိုစဉ် ကျွဲချိုမှုတ်သံ ကြားရပြီး ကြီးတပ်သံလုံးကိုင် လူကြီး ကြီးယောက်တို့က သူတို့၏ သံလုံးကြီးများကို တဝှီးဝှီး ဝှေ့ ယမ်းလျက် ခုန်ဝင်လာကြလေ၏။

ထိုလူများသည် အင်အားကြီးမားရုံသာမက သူတို့၏ ကြိုး တပ် လက်နက်များကိုလည်း လျှပ်တစ်ပြက် ရုပ်သိမ်းနိုင်စွမ်း ကြလေ၏။

ဆန်ကွမ်းချိုသည် ရန်သူများကို ခုခံရင်းမှ ထိန်မုဆရာတော် နှင့် ကျောင်းသားတောက်တို့အား အတွင်းအားဖြင့်ထိန်း၍ လှမ်း ပြောသည်။

www.burmeseclassic.com



'ဆရာတော်တို့... တပည့်တော် လမ်းဖွင့်ပြီး တိုက်ပါမယ်၊ တပည့်တော်တို့ ထွက်ခွင့်ရရင် ကိုယ်လွတ်ရုန်းထွက်ကြပါ၊ တပည့်တော် နောက်က လိုက်လာခဲ့ပါမယ်'

'ဟာ... ဒီလို ဘယ်ဟုတ်မလဲ၊ သေအတူရှင်မကွာပေါ့၊ ဘာဖြစ်လို့ ခွဲထွက်ရမှာလဲ'

ထိန်မုဆရာတော်နှင့်ကျင်ရှယ်တောက်တို့သည် သူတို့တစ်သက်လုံး ဤအမှောင်ကမ္ဘာကြီးအတွင်း၌သာ ကုန်ဆုံးရတော့မည်ဟု စိတ်ကိုးတိုးချထားခဲ့ရာမှ ဆန်ကွမ်းချီ၏ ကယ်ထုတ်မှုကြောင့် လွတ်မြောက်ခဲ့ကြရသဖြင့် ဆန်ကွမ်းချီအတွက် သူတို့အသက်ဆုံးချင်ဆုံးပါစေဟု ဆုံးဖြတ်ထားခဲ့ကြသည်။

ဆန်ကွမ်းချီက သူ လမ်းဖွင့်မည်။

ဆရာတော်တို့ လွတ်အောင် ရုန်းထွက်ပါဟု ပြောသည့်အခါတွင်မူ ခါးခါးသီးသီး ငြင်းဆန်ကြတော့သည်။

ထိုစဉ် ဆန်ကွမ်းချီနှင့် တိုက်ခိုက်နေသည့် ကြိုးတပ်သံလုံးရှိုင်လူကြီးက တရှမ်းရှမ်းဖြင့် ဆန်ကွမ်းချီအား အချက်ပြ၏။

ဆန်ကွမ်းချီ အံ့သြသွားသည်။

သူ့တိုက်ကွက်များကို ပြင်းပြင်းထန်ထန် မထုတ်ဘဲ လျှောလိုက်သည်။

ထိုလူက လေသံဖြင့် ပြော၏။



'တိုက်ကွက်ကို မလျှော့နဲ့၊ ပြန်တင်ပါ၊ တိုက်ရင်းနဲ့ စကားပြောမယ်'

ဆန်ကွမ်းချီသည် ထိုလူကို မယုံစားရဲသဖြင့် သတိဝီရိယထားပြီး သူ့တိုက်ကွက်ကို ပြန်တင်ရသည်။

တကယ်တမ်းတိုက်လျှင် ဆန်ကွမ်းချီအနေဖြင့် ထိုလူကို အနိုင်ယူနိုင်သည်။

လူဘာပြောမည်ကို သိလိုသဖြင့် ပြောသည့်အတိုင်း တိုက်ကွက်ကို မြှင့်တင်လိုက်၏။

'ကျုပ်ကို အပြင်းအထန်ဆုံး တိုက်ပါ၊ ကျုပ်က တဖြည်းဖြည်း နောက်ကို ဆုတ်သွားမယ်၊ ဝိုင်းထားတဲ့ တပ်သားတွေက ကျုပ်ကို အများကြီး ယုံကြည်မှု ရှိနေတယ်'

'ဝိုင်းထားတဲ့ လူတွေရဲ့နောက်ဘက်မှာ တခြားတပ်သားတွေ ရှိတော့ဘူးလား'

'မရှိဘူး၊ အဲဒီကနေ ခြံစည်းရိုးကို တစ်ဟုန်ထိုး ပြေးရင် လွတ်သွားပါပြီ'

ဆန်ကွမ်းချီသည် ကွန်လုံဝမ်၏ လက်အောက်ငယ်သားတိုင်း အဒိပ်တစ်မျိုးမဟုတ်တစ်မျိုး မိထားကြောင်း သိထားသဖြင့် အရမ်းယုံ၍ မဖြစ်ကြောင်း ကိုယ့်ကိုယ်ကို ပြန်လည်သတိပေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိမိတစ်ယောက်တည်းအနေဖြင့်မူ စမ်းသပ်ကြည့်သင့်ကြောင်း ဆုံးဖြတ်မိသည်။

‘ကောင်းပြီ’

ဆန်ကွမ်းချီက သူ့တိုက်ကွက်ကို မြှင့်တင်လိုက်၏။

တစ်ရှိန်ထိုး တိုက်သောအခါ ကြိုးတပ်သံလုံးကိုင် လူကြီးသည် တပြည်းပြည်း နောက်ဆုတ်သွားလေ၏။

‘ဒကာလေး...ဆန်ကွမ်းချီ’

ထိန်မုဆရာတော်က လှမ်းအော်၏။

ဆန်ကွမ်းချီတစ်ဦးတည်းကျွံသွားပြီးရန်သူ့ လက်ထဲကျရောက်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

‘ဆရာတော်နဲ့ ဆရာကြီး ကျင်ရှယ်တောက်...ကျွန်တော့်ကို မျက်ခြည်ပြတ်မခံပါနဲ့၊ ကျွန်တော့်နောက်ကို ကပ်လိုက်ပါ’

ထိန်မုဆရာတော်က တစ်ဖက်ရန်သူအား ခုခံရင်း ဆန်ကွမ်းချီနောက်သို့ ကပ်လိုက်သည်။

ကြိုးတပ်သံလုံးလက်နက်ကိုင်သူမှာ တရကြမ်း ဆုတ်ခွာသွားသဖြင့် ချပ်ကြောင်းကြီး ဖြစ်ပေါ်သွား၏။

ဆန်ကွမ်းချီကလည်း တစ်ရှိန်ထိုးလိုက်၍ တိုက်ခိုက်သည်။

ဝိုင်းပတ်ထားသည့် စည်းဝိုင်း အပြင်သို့ ရောက်သွားခိုက် ကြိုးတပ်သံလုံးကိုင်လူကြီးသည် ဝုန်းခနဲ လဲကျသွား၏။



တမင်ခြေချော်ပြီး လှဲချလိုက်ခြင်းသာ ဖြစ်သည်။

ဆန်ကွမ်းချီသည် ထိုလူကြီးအား ကျော့ရှောင်ထွက်ပြေး၏။

ထိန်မုဆရာတော်ကလည်း ထက်ကြပ်မကွာ လိုက်သည်။

ကြိုးတပ်သံလုံးကိုင်လူကြီးက ဝုန်းခနဲခုန်ထပြီး အော်ဟစ်တော့သည်။

‘ဟေ့...မင်းတို့ ဒီလို ပြေးလို့လွတ်မယ်ထင်သလား’

ဆန်ကွမ်းချီနှင့်ထိန်မုဆရာတော်တို့ပြေးရာနောက်သို့ တစ်ရှိန်ထိုး ပြေးလိုက်သည်။

ဆန်ကွမ်းချီရော ထိန်မုဆရာတော်ပါ ကိုယ်ဖော့ပညာအလွန်ကောင်းသဖြင့် နာရီဝက်ခန့်ပြေးမိသည်နှင့် သစ်သားစည်းရိုးအနီးသို့ ရောက်ရှိလာလေတော့သည်။

မကြာမီ ကြိုးတပ်သံလုံးကိုင် လူကြီးလည်း သူတို့အနီးသို့ ရောက်ရှိလာ၏။

ထိန်မုဆရာတော်က တိုက်ခိုက်ရန် ဟန်ပြင်နေသဖြင့် ဆန်ကွမ်းချီက တားလိုက်ရ၏။

‘ဆရာတော် မလုပ်နဲ့၊ သူက တပည့်တော်တို့ကိုကူညီတာ’

‘ခင်ဗျားတို့ ဘာဖြစ်လို့ မပြေးသေးတာလဲ’

ဆန်ကွမ်းချီက ထိုလူကြီးကို ဦးညွှတ်ဂါရဝပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ် နောင်ကြီး'

ထိုလူက ခေါင်းခါ၏၊

'ကျေးဇူးတင်ဖို့ မလိုဘူး၊ အကြောင်းရှိလို့ ကူညီရတာပဲ၊ ခင်ဗျားတို့ လွတ်အောင်ပြေးကြပါ'

ဆန်ကွမ်းချိုသည် ထိုလူအားတစ်ချက် လှမ်းကြည့်ပြီး....

'နောင်ကြီး၊ ကျုပ်တို့ကို တစ်ခုကူညီပါဦးဗျာ'

'ဘာလဲ'

'ကျုပ်ရဲ့ဆရာကြီးတစ်ယောက် တိုက်ပွဲထဲမှာ ပိတ်ကျန်ရစ်ခဲ့တယ်၊ ခုဆို—'

'ဟာ...ကျုပ်ကူညီရမယ့်လူထဲမှာ သူမပါဘူး'

'ကူညီတာပဲဗျာ'

'ဟင့်အင်း...ခင်ဗျားတို့သာ ပြေးကြပေတော့'

ဆန်ကွမ်းချိုမှာ တောင်းပန်၍မရတော့သဖြင့် ထိန်မုံ ဆရာတော်အား လှမ်း၍တောင်းပန်လေ၏၊

'ဆရာတော် ဒီကခဏစောင့်ပါ၊ တပည့်တော် အထဲကို ပြန်ဝင်မယ်၊ ဆရာကြီးကျွင်ရွယ်တောက်ကို ဝင်ကယ်လိုက်ဦးမယ်'

'အို...ဘာဖြစ်လို့ ကျုပ်တစောင့်ရမှာလဲ၊ ကျုပ်လဲပြန်လိုက်မှာပေါ့'



ဆန်ကွမ်းချိုက ခေါင်းညိတ်၏၊

'ကဲ...ဒီလိုဆိုရင် ဝင်ကြစို့'

ကွန်လုံဝမ်၏ လက်အောက်ငယ်သား ဖြစ်သည့် ကြိုးတပ်သံလုံးကိုင်လူကြီးမှာ စိတ်ရှုပ်သွားသည်၊

'ခင်ဗျားတို့ သိပ်ခက်ပါလား'

'မခက်ပါဘူး၊ ခင်ဗျားဘာမှမကူညီတော့ ကျုပ်တို့ဘာသာပြန်ကယ်ရတော့မှာပေါ့'

'ကဲ...ခင်ဗျားတို့ ဒီအပြဲစောင့်ကြ၊ ကျုပ် ပြန်ကြည့်လိုက်မယ်'

'သိပ် မကြာစေနဲ့နော်'

ထိုလူကြီးသည် လုံးဝ အဖြေမပေးတော့ဘဲ ချက်ချင်းလှည့်ပြေးတော့သည်၊

အချိန်သည် ရွေ့နှင့်ဆက်၍ တန့်ဖိုးထားရမတတ် အဖိုးတန်နေသည်၊

ဆန်ကွမ်းချိုသည် ထိုလူကြီး၏ ကျောပြင်ကို အဝေး၌ ပျောက်ကွယ်သွားသည့်အထိ ငေးမော ကျန်ရစ်ခဲ့လေ၏၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄၈)

## ကံကြမ္မာ တစ်ဆစ်ချိုး

ဆန်ကွန်းချို၏ စိတ်ထဲ၌ ကမ္ဘာတစ်ယာညကိ်လောက် ကြာသည့်အချိန်ကိုပင် နှစ်တစ်ရာခန့်ကြာမြင့်သည်ဟု ထင်မှတ်နေ၏။

ထိန်မုဆရာတော်မှာလည်း တောင်ဝေး ပြုံးပြုံးဖြင့်သူ၏ အရောင်အဆင်းမရှိတော့သည့် သင်္ကန်းကြီးကို ပြန်ဆင် ဝတ်ရုံနေသည်။

ထိုအချိန်မှာ အဝေးမှ တရိပ်ရိပ်ပြေးလာသည့် လူရိပ်များကို တွေ့ရတော့သည်။

လူတစ်ယောက်ကို နောက်မှ တစ်စုတစ်ဝေး ပြေးလိုက်လာသည့် ပုံသဏ္ဌာန်မျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာ ---ကာ်သည် မှောင်ထဲ၌အယ်နှစ်ကျော်မျှ နေခဲ့ရသည့်အတွက် အလွန်တရာ အမြင်သန်သည်။

'ဒကာလေး ဆန်ကွမ်းချိ၊ အခု ရှေ့ဆုံးက ပြေးလာတာ ဆရာကြီး ကျင်ရွှယ်တောက်ပဲ'

'ဟာ...ဒီလိုဆိုရင် ဆရာတော်ပဲ ဒီသစ်လုံးခံတပ်ကို အရင်ကျော်လိုက်ပါ၊ တပည့်တော်က ဆရာကြီး ကျင်ရွှယ်တောက်ကို စောင့်ခေါ်လိုက်မယ်'

'ကောင်းပြီ'

ဆရာတော်သည် သစ်လုံးခံတပ်၏တစ်နေရာကို တောင်ဝှေး ထောက်သွင်းလိုက်၏။

မြေပေါ်မှ တစ်ချက် ခုန်တက်လိုက်ရာ တောင်ဝှေးပေါ်သို့ ရောက်ရှိသွား၏။

တစ်ချက်မျှကိုယ်ဖော့ပြီး ခုန်တက်လိုက်ပြန်ရာ သစ်လုံးများ ထိပ်၌ ရပ်မိသွား၏။

ဆန်ကွမ်းချိက တောင်ဝှေးကိုခုန်၍ ဆွဲဖြုတ်ပြီးဆရာတော်အား ပစ်ပေးသည်။

ဆရာတော်က တောင်ဝှေးကို လှမ်းဖမ်းပြီး...

'ဒကာလေး ကျုပ် ဒီကစောင့်မယ်၊ သူ့ကို ဒကာလေး ဘယ်လိုကူညီမလဲ'



'တပည့်တော်ခပ်လှမ်းလှမ်းကရပ်စောင့်နေမယ်၊ ဆရာကြီး ကျင်ရွှယ်တောက် ပြေးပြီးတပည့်တော်ပခုံးပေါ် ခြေတစ်ချက် ထောက်ခုန်လိုက်ရင် ဒီသစ်လုံးတွေအပေါ် လွယ်လွယ်ကလေး ရောက်နိုင်ပါတယ်'

'ဒကာလေးကျတော့ကော'

'တပည့်တော်က ပေးချိနေတော့ ဒီသစ်လုံးခံတပ်ကို ကျော်ဖို့ လွယ်ပါတယ်ဘုရား'

ဆရာတော်သည် ကျင်ရွှယ်တောက် တစ်ဦးတည်းကြား နိုင်လောက်အောင် အတွင်းအားထုတ်၍ လှမ်းပြောလိုက်၏။

'ဒကာကြီးကျင်ရွှယ်တောက် ဒီဘက်ကိုတစ်ခါတည်း ပြေးလာ၊ ဒကာလေးဆန်ကွမ်းချိရဲ့ပခုံးပေါ်ကို ကိုယ်ဖော့ပြီး ခုန်တက်လိုက်ပါ၊ ဒါမှ တစ်ခါတည်း သစ်လုံးခံတပ်ကိုကျော်သွားနိုင်မယ်'

ဆရာကြီးကျင်ရွှယ်တောက်သည် ဆန်ကွမ်းချိနှင့် ထိန်မုဆရာတော်တို့ သူ့အားစောင့်နေသည်ကို တွေ့ရသောအခါ အလွန်အရာ အားတက်သွား၏။

ထိန်မုဆရာတော် ပြောသည့်အတိုင်းပင် ကိုယ်ဖော့ပညာကို သုံးလျက် ဆန်ကွမ်းချိ၏ပခုံးပေါ် ခြေတစ်ဖက် ထောက်သည်။

သူ၏ခန္ဓာကိုယ်ကြီးသည် ငှက်ကြီးတစ်ကောင် ပျံတက်သွားသည့်အသွား ခြံစည်းရိုးသစ်လုံးချွန်များအပေါ် ရောက်ရှိသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှ ကိုယ်ကျပ်အင်္ကျီနက်များသည် လေသံ တဟူး ဟူးထအောင် ပြေးလိုက်လာကြသည်။

သူတို့အားကူညီသည့် ကြိုးတပ် သံလုံးကိုင်လူကြီးတော့ ပါမလာတော့ပေ။

'ဒကာလေးဆန်ကွမ်းချို တက်လာတော့'

ဆန်ကွမ်းချိုသည် ထိန်မုဆရာတော်၏ သတိပေးအော်ဟစ်သံကို ကြားသည်နှင့် ဓားကို သစ်လုံးများအလယ်လောက် ရောက်အောင် ခုန်၍ထိုးစိုက်လိုက်၏။

ထို့နောက် သူ့ခန္ဓာကိုယ်ကို နှစ်ချက်မျှ လွှဲခါပြီး နောက်ကျောဘက်မှလှန်ကာ ပြောင်းပြန် ကျွမ်းထိုးတက်သွား၏။

ဓားကိုလည်း အတွင်းအားထုတ်ကာ နုတ်ယူသွားသည်။

သူသည် သစ်လုံးချွန်များပေါ်မှ လွှားခနဲ ကျော်တက်သွားကာ တစ်ဖက်သို့ ကူးရောက်သွားသည်။

ထိန်မုဆရာတော်နှင့် ကျွင်ရွယ်တောက်တို့လည်း မြေပြင်ပေါ် ခုန်ချပြီး ဆန်ကွမ်းချိုနှင့်အတူ ပေါ့ပါးစွာ ပြေးလိုက်ကြတော့သည်။

ဆန်ကွမ်းချိုသည် ပြေးရင်းလွှားရင်း စဉ်းစားလာသည်။

ကွန်လုံဝမ်၏ လက်အောက်ငယ်သားများမှာ အဆိပ်ဆေးမိထားသဖြင့် မည်သူမျှ သစ္စာမဖောက်ဝံ့ကြပေ။



သို့ဖြစ်လျှင် သူ့အား အဘယ်ကြောင့် ကူညီပေးရသနည်း။

ဆန်ကွမ်းချို တွေးနိုင်သည့် အချက်မှာ ထိုကြိုးတပ် သံလုံး တစ်နက်ကိုင်လူကြီးသည် ကွန်လုံဝမ်၏ စံတော်အိမ်စောင့်များ နက် အဆောင်အတန် အားကျာရှိသည့် ခေါင်းဆောင်ငယ်တစ်ဦး ဖြစ်ရမည့်အပြင် နိုင်ချစ်နော်နှင့် တစ်နည်းတစ်ဖုံ ပတ်သက်မှု ရှိမည်ဆိုသည့် အချက်ပင်တည်း။

ထိုသို့ တွေးလိုက်မိသည့်အတွက် အထဲ၌ ကျန်ရစ်ခဲ့သည့် စိမုဆရာတော်နှင့် လက်ဝဲရံ လက်ယာရံ လူငယ်နှစ်ဦးအတွက်လည်း နည်းငယ် စိတ်အေးသွားသည်။

ဆန်ကွမ်းချိုသည် သူတို့နောက်သို့ မည်သူမျှ လိုက်မလာမှန်း ချာသွားသောအခါမှ အပြေးရပ်လိုက်သည်။

'ဒကာလေး၊ ဘာဖြစ်လို့ အပြေးရပ်လိုက်တာလဲ'

ထိန်မုဆရာတော်က လှမ်းမေးလေ၏။

'တပည့်တော်တို့ အဖော်သုံးယောက် အဲဒီ ကွန်လုံဝမ်ရဲ့ တော်အိမ်ထဲမှာ ကျန်ရစ်ခဲ့ပါတယ်၊ တပည့်တော် တစ်ယောက်တည်း ထွက်ပြေးလာတာ ဘယ်မျှတပါတော့မလဲ၊ တို့ကို ပြန်ကယ်ရဦးမယ်လေ'

ဆန်ကွမ်းချိုသည် သူနှင့်ပါလာသည့် အဖော်များအကြောင်း ခုမှ ခရေစေ့တွင်းကျ ရှင်းပြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာတော်နှင့် ကျောင်းရှယ်တောကတို့မှာ ဇသချာပြန်များ ဖြစ်၍ ဆန်ကွမ်းချို ထိုသို့ ရှင်းပြသည်နှင့် ကွန်လုံဝမ်၏ စံတော် အိမ်သို့ တစ်ခေါက်ပြန်သွားရန် ချက်ချင်းသဘောတူကြသည်။

သူတို့ ပြန်ပြေးလာစဉ်မှာပင် အဝေးမှ တရိပ်ရိပ်ပြေးလာသူ တစ်ဦးကို တွေ့လိုက်ကြရသဖြင့် သစ်ပင်များအကွယ်၌ ဝ... ရောက် ပုန်းလျှိုးလိုက်ကြရသည်။

သူတို့ ပုန်းကွယ်ရာအနီးသို့ ရောက်လာသဖြင့် အသေအချာ ကြည့်လိုက်ရာ ကြိုးတပ်သံလုံးလက်နက်ကိုင်သူ သူတို့၏ ကျေးဇူး... ရှင် ဖြစ်နေသဖြင့် ဆန်ကွမ်းချိုက ခုန်၍ထွက်တွေ့လိုက်၏။

'နောင်ကြီး'

'ဩော်...ခင်ဗျားတို့ ဘာဖြစ်လို့'

'ကျွန်တော်တို့ရဲ့ ရဲဘော်သုံးယောက် ဒီစံတော်အိမ်ထဲ... ကျန်ရစ်ခဲ့တယ်၊ ပြန်ကယ်ရဦးမယ်'

ထိုလူက ခေါင်းခါ၏။

'အဲဒါကို ကျုပ်ပြောမလို့ဘဲ၊ အဲဒီအတွက် ဘာမှစိတ်မပူ... ခင်ဗျားတို့သာ ရှေ့ဆက်သွားကြပါ၊ ခင်ဗျားလူတွေ အန္တရာ... မရှိပါဘူး၊ ရှေ့ဆက်သွားရင် ခင်ဗျားတို့ကို အကြိုထောက်မ... လူ တွေ့ရမယ်'

'ကျွန်တော့်ရဲ့ ရဲဘော်တွေ တာဝန်ကျေရဲ့လား'



'တာဝန်ကို မပြောပါနဲ့၊ ခင်ဗျားတို့ပဲ အသက်မသေအောင် ...တောင် အတွင်းလူတွေက ကယ်ထုတ်လိုက်ရတာ'

ဆန်ကွမ်းချို မျက်နှာညှိုးသွားသည်။

ထိန်မုဆရာတော်သည် ဆန်ကွမ်းချို၏ ခံစားမှုကို ချက်ချင်း ...သဘောပေါက်လေ၏။

'ဒကာလေး ဆန်ကွမ်းချို၊ အဆိပ်သိုလှောင်ခန်းက ကွန်လုံ ...မ်မှတစ်ပါး အခြားဘယ်သူမှ မသိကြတာဘဲ၊ အစောင့်တွေက ...များပုန်းခိုတ် များနေတဲ့ဥစ္စာ၊ ဒီအတွက် စိတ်မယိုခိုက်သင့် ...ဘူး၊ အခု ကြုံတွေ့ရတဲ့အခြေအနေကို ကျန်လုကိုဖက်ချုပ်နဲ့ ...ဆွေးနွေးသင့်ပါတယ်'

ဆန်ကွမ်းချိုမှာ ထို့ထက်လည်း ပို၍မတွမ်းဆောင်နိုင်တော့ ...ဖြင့် စိတ်ပျက်လက်ပျက် ခေါင်းညိတ် သဘောတူရတော့၏။

ဆန်ကွမ်းချိုက ကြိုးတပ်သံလုံးလက်နက်ကိုင် လူကြီးအား ဦး... ...တ် ဂါရဝပြုလေ၏။

'နောင်ကြီးက ဘယ်သွားမလို့လဲ'

'ခင်ဗျားတို့ ပြန်ဝင်လာမယ်ဆိုတာကို ရိပ်မိလို့ အလစ်ပြေး ...လာရတာ၊ ဒီအကြောင်းပြောဖို့ပဲ၊ ကဲ...ခင်ဗျားတို့ ကျုပ် ...ားကို နားထောင်ပါ၊ ကျုပ်သွားတော့မယ်'

ထိန်မုဆရာတော်နှင့် ကျောင်းရှယ်တောကတို့ကလည်း လေးစား ... ဂါရဝပြုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိဘူး၊ ကျုပ်ကလဲ လူတစ်ယောက်ကို ကူညီတာပါ ကဲ...သွားတော့မယ်'

ထိုလူကြီးသည် နောက်ကြောင်းကိုပြန်လှည့်ကာ ပြေးထွက်သွားလေတော့သည်။

ဆန်ကွမ်းချီက...

'ကဲ...ဆရာတော်တို့ တပည့်တော်နဲ့ပဲ လိုက်ခဲ့ကြပါ၊ ကျွန်ုပ် ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ကြရအောင်'

သူတို့သည် ဆန်ကွမ်းချီ ဦးဆောင်ရာနောက်သို့ ပြေးလိုက်ကြလေ၏။

ထိန်မုဆရာတော်နှင့် ကျွင်ရွှယ်တောက်တို့မှာ မှတ်ဆိတ်၊ ရှည်များနှင့် လွန်စွာ ကြည့်ရှုရုပ်ဆိုးလှသည်။

သာမန် အရပ်သားများ မြင်တွေ့သွားပါက သွေးလန့်သွားလောက်ပေသည်။

ဆန်ကွမ်းချီသည် အနောက်စူးစူးသို့ ခရီးဆက်သည်။

ကြီးတပ်သံလုံးကိုင် လူက ထိုခရီးသို့ လမ်းညွှန်လိုက်သည် မဟုတ်ပါလော။

မကြာမီ မြစ်ဆိပ်ကမ်းတစ်ခုသို့ ရောက်ရှိလာကြ၏။

ဆန်ကွမ်းချီမှာ တန့်ခနဲ ရပ်သွားသည်။



'ဟင်...ဟိုလူ လမ်းညွှန်တာတော့ မှားပြီ၊ ရှေ့မှာ မြစ်တစ်စင်း ခံနေမှတော့ ရှေ့ကို ဘယ်လို ခရီးဆက်တော့မှာလဲ'

ဆန်ကွမ်းချီ၏ စကားကြောင့် ထိန်မုဆရာတော်သည် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ် အကဲခတ်၏။

ချောင်းကြီးသူ ရှိလိုရှိငြား အကဲခတ်ခြင်း ဖြစ်သည်။

မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။

ကျွင်ရွှယ်တောက်က မြစ်ထဲသို့ လက်ညှိုးထိုးပြ၏။

'ဟိုမှာ လှေနှစ်စင်း ဒီဘက်ကိုလာနေပြီ'

သူတို့ လှမ်းကြည့်လိုက်ရာ အမှန်တကယ်ပင် လှေနှစ်စင်း လှော်ခတ်လာနေကြောင်း တွေ့ရလေ၏။

လှေတစ်စင်း၏ လှေဦးထိပ်တွင် ဆံပင် ဖွာလျားချထားသော အမျိုးသမီးတစ်ဦး ရပ်နေ၏။

ဆန်ကွမ်းချီက ပြုံး၍ ပြောလိုက်၏။

'ဆရာတော်တို့၊ အဲဒါ ကျွန်တော်တို့ကို လာကြိုတဲ့ လှေတွေပါ၊ ကွန်သုံဝမ်ရဲ့တပည့် ကြီးတပ်သံလုံးကိုင်သူဟာ အားလုံး အမှန်တွေကိုချည်း ပြောသွားတာပဲ'

ထိုသို့ ပြောနေခိုက်မှာပင် လှေနှစ်စင်းသည် ကမ်းစပ်သို့ ကပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖားလျား ချထားသည့် မိန်းမပျိုသည် ကမ်းစပ်သို့ ရောက်လာ၏။

နိုင်ချစ်နော်ပေတည်း၊

ဆန်ကွမ်းချိုသည် လူစိမ်းများကြားတွင်ဖြစ်၍ ကျွန်လူဂိုဏ်း၏ တိုက်ခိုက်ရေး နည်းပညာမှူး အဆင့်ဖြစ်သည့် မိန်းမပျို နိုင်ချစ်နော်အား ဦးညွှတ်ဂါရဝပြု နှုတ်ဆက်ရလေ၏။

'ဒီက ရွှောင်လင်ကျောင်းတော်ကထိန်မုဆရာတော်၊ဟော ဟိုဘက်က ဆရာကြီးကတော့ တြိနိုင်ငံဒေသက ကျင်ရှယ်တောက် ဖြစ်ပါတယ်'

ဆရာတော်နှင့် ဆရာကြီးကျင်ရှယ်တောက်တို့သည် ငယ်ရွယ်ပျိုမျစ်သည့် မိန်းကလေး၏အဆင့်ကို မည်သည့်ရာထူး၊ မည်သည့် အဆင့်ရှိမှန်း မသိသဖြင့် သာမန်အနေဖြင့်သာ ရပ်၍ကြည့်နေကြ၏။

ကျင်ရှယ်တောက်က...

'မောင်ရင်...သူက ဘယ်သူလဲ'

'သူက ကျွန်လူဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းပညာမှူးလေ ဂိုဏ်းချုပ်ကြီးထက် အဆင့်ငယ်ပေမယ့် ကျွန်လူဂိုဏ်းထဲမှာတော့ ဂိုဏ်းချုပ်ကြီး အို့ယန်ထုနီးပါး ဩဇာအာဏာ ရှိပါတယ်'

ဆန်ကွမ်းချိုက စကားကို ခေတ္တရပ်ပြီး...



'ပညာရှိထန်ရှင် မသေမီက သူ့နေရာကို ဆက်ခံဖို့ ရွေးချယ်ခဲ့တဲ့ မိန်းကလေးဟာ သူပါပဲ၊ ကွန်လုံဝမ်ကို တိုက်ခိုက်ဖို့ စီစဉ်နေတဲ့ တိုက်ခိုက်ရေး နည်းပညာမှူးဟာ သူပါပဲ ဆရာကြီး'

'ဩော်...'

ထိန်မုဆရာတော်နှင့် ဆရာကြီး ကျင်ရှယ်တောက်တို့က ထို အခါကျမှ ဂါရဝပြုကြသည်၊

နိုင်ချစ်နော်ကလည်း ပြန်လည်ဂါရဝပြု၏၊

ဆန်ကွမ်းချိုက...

'နိုင်ချစ်နော်...ဆရာတော်နဲ့ ဆရာကြီးဟာ ကွန်လုံဝမ်ရဲ့ မြေအောက် အကျဉ်းထောင်ထဲမှာ ဆယ်နှစ်ကျော် အကျဉ်းချခံခဲ့ရတဲ့အတွက် လက်ရှိ သိုင်းလောကနဲ့ အဆက်ပြတ်နေပါတယ်'

'ဟုတ်ကဲ့... ဆရာတော်တို့ ဆရာကြီးတို့ကို တွေ့ရတဲ့အတွက် အင်မတန်ပဲ ဝမ်းသာပါတယ်၊ ကွန်လုံဝမ်ကို တိုက်ဖို့ တစ်တပ်တစ်အား တိုးတာပေါ့၊ ဆရာကြီးတို့လဲ သိပ်ပင်ပန်းနေတယ်၊ ဟောဟိုဘက်က လှေပေါ်ကို တက်ကြပါ၊ လှေထဲမှာ စားစရာသောက်စရာတွေစီစဉ်ထားတဲ့အတွက် လှေပေါ်မှာ စားသောက်အနားယူကြပါ၊ လှေသမားတွေက ကျွန်မတို့ရဲ့ ယာယီစခန်းကို ခေါ်ဆောင်သွားပါလိမ့်မယ်'

ထိန်မုဆရာတော်က ဆန်ကွမ်းချိုအား လှမ်းမေး၏၊

'ဒတာလေး... ဆန်ကွမ်းချို၊ ဒတာတော့ မလိုက်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်က ဝင်ပြော၏။

'သူလဲ လိုက်မှာပါ ဘုရား၊ အရှင်ဘုရားတို့သာ ခရီးနှင်နှင့်ကြပါ၊ နောက်က ထပည့်တော်တို့ လိုက်ခဲ့ပါမယ်'

ထိန်မုဆရာတော်နှင့် ကျောင်းသားတော်တို့သည် လှေပေါ်လှမ်းတက်ပြီး ပေါင်းမိုးထဲ ဝင်သွားကြ၏။

လှေလည်း ကမ်းမှခွာ၍ ချက်ချင်း ထွက်ခွာသွားသည်။

နိုင်ချစ်နော်က ထွက်ခွာသွားသောလှေကို ငေးမောနေသည့် ဆန်ကွမ်းချိုအား လှမ်းပြော၏။

'ကဲ...ရှင်လဲ ထက်ငေလ'

ဆန်ကွမ်းချိုသည် လှေပေါ်လှမ်းတက်လိုက်၏။

'ကျုပ်ကိုပေးလိုက်တဲ့တာဝန်ကတော့ မအောင်မြင်ခဲ့ပါဘူး အဲဒါကို...'

'ကျွန်မ သိပါပေါ့၊ ကျွန်မကိုယ်တိုင်ပဲ ရှင့်တို့ကို အကူအညီပေးခဲ့တာပဲ၊ စိမုဆရာတော်နဲ့ လိစင်းတို့ ကျန်းမာန်းတို့လဲ ပြန်ရောက်နေကြပါပြီ'

'သူတို့လဲ အဆိပ် ဒီလှောင်ခန်းကို မတွေ့ဘူးပေါ့'

'ဒါပေါ့၊ သူတို့မပြောနဲ့ ကျွန်မလဲ မတွေ့ဘူး၊ ရှင်ကတော့ ကျွန်မတို့ထက် ကံကောင်းခဲ့သေးတယ်'

'ဘာကို ဆိုလိုတာလဲ'



'စံတော်အိမ်ရဲ့ မြေအောက်အကျဉ်းထောင်ကို သွားတွေ့လို့ အဲဒီအကျဉ်းထောင်ရှိမှန်း ကျွန်မတောင် မသိဘူး၊ ကျွန်မဟာ ကွန်လုံဝမ်ရဲ့ မွေးစားသမီးကြီးဖြစ်တဲ့ ပထမသခင်မပါ၊ ကွန်လုံဝမ် ဘယ်လောက် လျှို့ဝှက်တယ်ဆိုတာ ရှင်ခန့်မှန်းကြည့်ပေါ့'

'ဟင်း...အဆိပ်သိုလှောင်ခန်းလဲ သူတစ်ယောက်တည်းသိတဲ့ နေရာမှာ ရှိမှာပေါ့'

'ဒါပေါ့'

'ကွန်လုံဝမ်ဟာ စံတော်အိမ်ထဲမှာ ရှိနေသေးလား'

နိုင်ချစ်နော်က ဘာနစ်ခစ် ရယ်မောလေတော့၏။

'ကွန်လုံဝမ်သာ ရှိနေရင် ရှင်နဲ့ကျွန်မတို့ အဲဒီထဲဝင်ပြီး ခုလို ဘယ်မွေနိုင်မလဲ၊ ကွန်လုံဝမ် အပြင်စခန်းကို ရောက်နေတယ်လေ၊ ကွန်လုံဝမ်ရဲ့ စံတော်အိမ်မှာ တကယ့် အမာခံတပ်သားတွေ မရှိတော့ဘူး'

နိုင်ချစ်နော်သည် ပေါင်းမိုးထဲမှ စားသောက်ဖွယ်ရာများကို ကုန်းပတ်ပေါ်သို့ ထုတ်လာ၏။

သူမသည် အစိမ်းရောင်ဖတ်စုံဖြင့် လွန်စွာ ပန်းရနေ၏။

အစားအသောက်များကလည်း ဖွယ်ဖွယ်ရာရာ ရှိလှသည်။

'ကဲ...တာဝန်စကားတွေကို ခုအချိန်ကစပြီး ရပ်နားလိုက်ပေတော့၊ ရှင်တို့ သိပ်ပင်ပန်းလာတာကို သိလို့ ကျွန်မ ဒါတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ပြင်ဆင်လာတာပဲ၊ ဘေးမတော်ဂန်းကျင်က မြစ်ပြင်ရဲ့အလှကို ကြည့်ပြီး အားရပါးရ စားလိုက်စမ်းပါ'

ထိန်မုဆရာတော်နှင့် ကျင်ရှယ်တောက်တို့ စီးနင်းလိုက်ပါသည့် လှေမှာ သူတို့မြင်ကွင်း၌ မရှိတော့ပေ။

သူတို့၏ လှေမှာမူ ယခုတိုင် ကမ်းစပ်မှ မခွာနိုင်သေးပေ။

'နိုင်ချစ်နော်...ခင်ဗျားက ဘာဖြစ်လို့တင်ကြိုသည်လိုပဲတော်စားဆင်ယင်ထားရတာလဲ'

'ဒီနေရာက ကွန်လုံဝမ်ရဲ့ စံနတော်အိမ်နဲ့ နီးတယ်လေ၊ အစစအရာရာ ကြိုတင်ပြင်ဆင်ထားခြင်းဟာ မမှားနိုင်ဘူး၊ ကဲ...ရှင်စားမှာသာစားစမ်းပါ၊ ပြောရင်း ပြောရင်းနဲ့ ဒီကွန်လုံဝမ်ဆီ ပဲ စကားလမ်းကြောင်းက ပြောင်းပြောင်းလာတယ်'

ဆန်ကွမ်းချီ နှုတ်ပိတ်သွားသည်။

အစားအသောက်များကိုသာ မက်မက်မောမောနှင့် စားတော့သည်။

သိုင်းသမား သူ့ရဲကောင်းသည်လည်း လူသားပင် ဖြစ်သည်။

အာဟာရသိဒ္ဓိ ပြီးသည်မဟုတ်ပါ။

နှစ်ရက်တာနီးပါး အစာငတ်ရေငတ် ဖြစ်ခဲ့ရသည့်အတွက် ဆန်ကွမ်းချီမှာ မြိန်ရည်ယှက်ရည် စားသောက်နေတော့သည်။

'ဆန်ကွမ်းချီ၊ ရှင် အရက်ကော သောက်သလား'



'မက်မက်မောမော မတုတ်ပေမယ့် ကြုံရင်တော့ သောက်လိုက်တာပါပဲ'

'ကျွန်မရဲ့လှေထဲမှာ အကောင်းဆုံးအရက် ပါလာတယ်'

ဆန်ကွမ်းချီ ငြိမ်နေလိုက်၏။

နိုင်ချစ်နော်က အရက်အိုးကလေးတစ်အိုး ယူလာသည်။

ဆန်ကွမ်းချီအတွက် ခွက်တစ်ခွက်ထဲ ငှဲ့ထည့်ပေးသည်။

ဆန်ကွမ်းချီ မော့သောက်လိုက်၏။

သူမက ဆန်ကွမ်းချီထက်ပင် ပို၍သောက်သည်။

ဆန်ကွမ်းချီ၏ မျက်နှာသည် အရက်တန်ခိုးကြောင့် နီရဲလာသည်။

နိုင်ချစ်နော်၏မျက်နှာက ပို၍ပင် နီလို့နေသေးသည်။

'လူ့ဘဝထဲမှာ ခုလို စိတ်ချမ်းမြေ့စွာ နေရမယ့်အချိန်ဟာ သိပ်ရှိတာမဟုတ်ဘူး၊ ကျွန်မ သီချင်းတစ်ပုဒ်ဆိုပြမယ်၊ ရှင်နားထောင်မလား'

ဆန်ကွမ်းချီသည် ပညာရှိထန်ရှင်၏ကိုယ်စား တိုက်ခိုက်ရေးနည်းပညာများ တာဝန် ထမ်းဆောင်နေရသည့် မိန်းကလေးအား ကြည့်မိလေ၏။

သူမသည် ကြိုးလေးသေစွ တဘဲစန်များကို ခေတ္တခဏ ဘေးပုံချကာ စိတ်လိုလက်ရ သီချင်းဆိုချင်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဪ...ဘယ်သောက်ပဲ ဉာဏ်ပညာကြီးသည်ဆိုစေ မိန်းမ ဆိုသည်မှာ မိန်းမပါပဲကလားဟု တွေးနေသည်။

'ဒဟာဒီအရက်ဟာ ဘာအရက်လဲ ရှင်သိသလား'

ဆန်ကွမ်းချိုက သိချင်၊ နားထောင်လိုပါသည်ဟု မပြော သဖြင့် နိုင်ချစ်နော်က သူမ၏လက်ထဲမှ အရက်အိုးကို မြှောက် ပြပြီး မေး၏။

'ဒါ ဘာအရက်လဲ သိလား'

'ဟင့်အင်း...မသိဘူး'

'ဒါ ကိုးကျော့သမီးမျို အရက်ပဲ'

'သိပ်ပြင်းသလား'

'ရှင်သောက်ပြီးပြီပဲ၊ မသိဘူးလား'

'ခင်ဗျား သိပ်မသောက်နဲ့ မူးနေမယ်'

'ခစ်...ခစ်...ခစ်၊ ကျွန်မ မမူးပါဘူး၊ ရှင်က ဘာစဆိုဘာ သတ္တိမရှိဘဲ၊ အရက်ကလေးတောင် မူးအောင် မသောက်ဝံ့ဘူး'

နိုင်ချစ်နော်သည် တခစ်ခစ်ရယ်မောလိုက်ပြီးနောက် အရက် ကို ခပ်မြားမြား မော့သောက်လိုက်ပြန်သည်။

ကိုးကျော့သမီးမျို အရက်မှာ အလွန်တရာ ပြင်းထန်သော အရက်ဖြစ်၍ ပထမဘစ်ချိုသောက်စဉ်ကပင် နိုင်ချစ်နော် အတော် မူးနေသလိုပြီ။



နိုင်ချစ်နော်လောက် မသောက်သည့် ဆန်ကွမ်းချိုပင် မူးနေ ပြီ မဟုတ်ပါလား။

မြစ်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသော လေအေးအေး သည် အရက်သောက်သူ နှစ်ဦးအား ပို၍ မူးယစ်စေပေသည်။

ယခု တစ်ဦးနှင့်တစ်ဦး စိတ်ထဲက အလွန်တရာ ချစ်ခင်စွဲလန်း ပါလျက် မိမိတို့၏ အချစ်ကို မဖော်ထုတ်ရဲကြသည့် ချစ်သူနှစ်ဦး သည် မျက်နှာချင်း ဆိုင်နေမိကြပေပြီ။

'ရော့ပါ၊ ရှင်တာ ဘာဖြစ်နေတာလဲ၊ သောက်စမ်းပါ'

နိုင်ချစ်နော်က ဆန်ကွမ်းချို၏ လက်ကို ဖမ်းဆွဲလိုက်၏။

ထိုအထိအတွေ့သည် နှစ်ဦးစလုံးအား အကြီးအကျယ် ထိတ် လန့် မချောက်ချားစေလိုက်သည်။

ဆန်ကွမ်းချိုရော နိုင်ချစ်နော်ပါ တစ်ကိုယ်လုံး ပူနွေးသွား ကြသည်။

ဆန်ကွမ်းချိုသည် နိုင်ချစ်နော်အား မူးယစ်ရီဝေစွာ ကြည့် ပြီး လက်ကို ပြန်လည်ဖမ်းဆုပ်သည်။

နိုင်ချစ်နော်၏ ခန္ဓာကိုယ်ကလေးမှာလည်း ဖြည်းဖြည်း ဆန်ကွမ်းချို၏ ရင်ခွင်ထဲသို့ ကျရောက်လာသည်။

နိုင်ချစ်နော်သည် အလွန်တရာ မူးယစ်နေပြီဖြစ်၍ ဆန်ကွမ်း ချိုကို တင်းကျပ်စွာ ပြန်လည်ဖက်တွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုကလည်း နိုင်ချစ်နော်အား ပြန်လည်ဒုပွေ့ဖက်ပြီး နမ်းရှုံ့နေလေ၏။

ထိုစဉ် နားထဲအသွားမဘတ် ရှုဲခနဲ လေချွန်သံကြားလိုက်ရ၏။

ထိုလေချွန်သံက ဆန်ကွမ်းချို၏ အသိတရားကို ပြန်လည်ထိန်းချုပ်စေလိုက်သည်။

ထိုလေချွန်သံကား သူ၏ညီ ယွမ်ရှောက်၏ လေချွန်သံပင် မဟုတ်ပါလား။

ဆန်ကွမ်းချိုသည် မြစ်ရေကို လက်ဖြင့်ခပ်ယူပြီး နိုင်ချစ်နော်၏ မျက်နှာကို ပက်ဖျန်းလိုက်၏။

မူးယစ်ရီဝေနေသော နိုင်ချစ်နော်မှာ အနည်းငယ် အမူးပြေသွားပြီး ဆန်ကွမ်းချို၏ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

သို့သော် တကယ်တမ်းအားဖြင့် မရုန်းထွက်နိုင်ချေ။

သူမအနေဖြင့် အမူးလွန်နေသည် မဟုတ်ပါလား။

ဆန်ကွမ်းချိုမှာ သူ့လောက် အရက်မမူးသည့်အပြင် ယွမ်ရှောက်နှင့်ပတ်သက်၍ အလွန်တရာ စောစာနာထားသူဖြစ်၍ နိုင်ချစ်နော်နှင့် သူ ဤသို့ဤပုံဖြစ်နေပါက ယွမ်ရှောက်က သူ့ကိုယ် သူ သတ်သေသွားနိုင်သည်ကို သိရှိထားသဖြင့် နိုင်ချစ်နော်အား ရင်ခွင်မှခွာထုတ်လျက် ကုန်းပတ်ပေါ် သိပ်လိုက်သည်။



ဆန်ကွမ်းချို ဖယ်ထုတ်လိုက်မိသည်မှာ လက်မတင် အချိန်မီရုံကလေးရှိသည်။

မကြာမီ ယွမ်ရှောက်၏လှုရိပ်ကို တွေ့လာရတော့သည်။

ဆန်ကွမ်းချိုသည် ကိုးကျွေ့သမီးဖျော်အရက်ကို ယင်မ မော့သောက်လိုက်၏။

ညစ်ညူးနေသောစိတ်များ မပျောက်ပါစေတော့ဟူသော သဘောဖြင့် ထပ်မံသောက်ခြင်း ဖြစ်သည်။

သူသည် အရက်အိုးကို လက်ဖြင့်ပိုက်ပြီး လှေပေါင်းမိုးအောက်သို့ တိုးဝင်လိုက်၏။

ထို့နောက် ရီဝေ နောက်ကျိစွာ အိပ်ပျော်သွားပြန်လေတော့၏။

ယွမ်ရှောက်သည် တရိပ်ရိပ် ပြေးလွှားလာရာမှ လှေပေါ်သို့ ခုန်တက်လိုက်၏။

ဝတ်စုံ ဖရိုဖရဲဖြင့် အိပ်နေသည့် နိုင်ချစ်နော်ကို တွေ့ရသောအခါ သူ ထိတ်လန့်သွားသည်။

သူသည် လှေပေါင်းမိုးထဲသို့ ဝင်ကြည့်ပြန်သောအခါ အရက်အိုးကိုဖက်၍ အိပ်နေသော သူ့အစ်ကိုကြီးကို တွေ့ရပြန်လေ၏။

သူ ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆန်ကွမ်းချိုကို တွေ့ရတိုင်း အားသစ်အင်သစ် ဖြစ်ပေါ်၏။

သူ့အစ်ကိုကြီးသည် သူ့ဘဝ၏ အလင်းရောင်ပင် မဟုတ်ပါလော။

ဤအလင်းရောင်ဖြင့် သူသည် သူ၏နှလုံးသား၌ မြှုပ်နှံရသည့် ရတနာကို တွေ့မြင်ခဲ့ရသည် မဟုတ်ပါလော။

'အစ်ကိုကြီး...အစ်ကိုကြီး'

ဆန်ကွမ်းချိုကား တုတ်တုတ်မျှ မလှုပ်ချေ။

'အစ်ကိုကြီး၊ ကျွန်တော် ယွမ်ရှောက်လေ၊ အစ်ကိုကြီးထထ'

ဆန်ကွမ်းချိုသည် တစ်ဖက်သို့ စောင်းသွား၏။

သူ့ရင်ချွန်ထဲမှ ကိုးကွေ့သမီးပျိုတံဆိပ် အရက်အိုးသည် တစ်ဖက်သို့ လိမ့်ဆင်းသွားပြီး လက်ကျန်အရက်များ ဖိတ်စင်သွားလေ၏။

ယွမ်ရှောက်သည် ဆန်ကွမ်းချိုအား နှိုး၍ မရသောအခါ လှေဦးသို့ ပြန်ထွက်လာ၏။

နိုင်ချစ်နော်အား လှုပ်နှိုးပြန်သည်။

နိုင်ချစ်နော်သည် မှုးမှုးရှုးရှုးဖြင့် ယွမ်ရှောက်၏လက်မောင်းကို လှမ်းကိုင်သည်။



တစ်ချိန်လုံး နိုင်ချစ်နော်၏အသားကို မကိုင်ဖူးသည့် ယွမ်ရှောက်သည် တစ်ကိုယ်လုံး တုန်လှုပ်သွားလေ၏။

'အစ်မလေး...အစ်မလေး'

နိုင်ချစ်နော်သည် အလွန်တရာမူးယစ်နေသဖြင့် ယွမ်ရှောက်၏ အသံကို ဆန်ကွမ်းချို၏အသံဟု ထင်မှတ်သဖြင့် ယွမ်ရှောက်၏ ရင်ခွင်ထဲသို့ တိုးဝင်လာပြန်၏။

သူမဝတ်ဆင်ထားသည့်အဝတ်အစားများမှာပို၍ ဖရိုဖရဲဖြစ်သွားပြန်သည်။

နိုင်ချစ်နော် မူးနေသည့်အဖြစ်ကို ယွမ်ရှောက်မသိချေ။

အဘယ်ကြောင့်ဆိုသော် တောတွင်းသားကလေးယွမ်ရှောက်သည် အရက်၏တန်ခိုးအာနိသင်ကို မသိသောကြောင့်ပေတည်း။

ရိုးသားသေချယွမ်ရှောက်သည် သူ့အား ဆန်ကွမ်းချိုအမှတ်ဖြင့် တိုးဝင် ဝင်ဖက်သည့် နိုင်ချစ်နော်၏ အပြုအမူကို သူ့အား ချစ်ခင်နှစ်သက်ပြီး တိုးဝင်ဖက်သည့်အပြုအမူဟု မှတ်ယူနားလည်လေသည်။

ထို့ကြောင့် နိုင်ချစ်နော်အား ပြန်လည်ပွေ့ပိုက်သည်။

နိုင်ချစ်နော်သည် ယွမ်ရှောက်အား မည်သည့် အခါတမျှ ချိုချိုသာသာဆက်ဆံခြင်းမရှိခဲ့ပေမယ့် ဤသို့ မဆက်ဆံခြင်း၏ အဓိကအကြောင်းရင်းမှာ သူနှင့် ဆန်ကွမ်းချိုတို့၏ မေတ္တာ

www.burmeseclassic.com



လမ်းခရီး၌ ယွမ်ရှောက်ကိုဆူးဖြောင့်ခလုတ်သဖွယ်အတားအဆီး ဖြစ်နေခြင်းကြောင့် ဖြစ်၏။

ယခုမူ အလွန်ထူးခြားလှစွာ သူ၏ရင်ခွင်ထဲ တိုးဝင်လာ ချေပြီ။

ယွမ်ရှောက်သည် နိုင်ချစ်နော်၏ ထူးခြားသောအတွေ့အ ဖရိုဖရဲဖြစ်နေသည့် အတက်အဆင်းများကြားမှ ရင်မီးတော ဖွယ် အလှများကို တွေ့ထိခံစားလိုက်ရသည်။

ထိုစဉ်ရုတ်တရက်လှေစောင်းသွားပြီး လှိုင်းအရှိန်၌ရေများ ဖြန်းခနဲ လွင့်စဉ်ဘက်လာသည်။

ထိုရေအားအေးသည် နိုင်ချစ်နော်၏ခန္ဓာကိုယ်အားပက်ဖျန်း လိုက်သလိုဖြစ်သွားပြီး သူမသည် လူးလွန့် လှုပ်ရှားလာသည်

နိုင်ချစ်နော်မှာ မရအေးနှင့် ပက်ဖျန်းခံရမှုကြောင့် သ ပြန်ဝင်လာ၏။

လေးလံသောသူမ၏မျက်လုံးများကို ကြိုးစား၍ ဖွင့်ကြ သောအခါ ပထမပိုင်း၌ ဆန့်ကွမ်းချီဟုပင် ထင်နေမိသေး

သို့သော် ဒုတိယအကြိမ် လှိုင်းအရိုက် ရေအေးများ လိုက်ရသောအခါတွင်မူ သူမအား ပွေ့ဖက်ထားသူမှာ ရှောက်ဖြစ်မှနကြောင်း ထိတ်လန့်တကြား သိရှိလိုက်ရ သည်။



သူမ၏ ဦးခေါင်းအား ဆိုးဆိုးရွားရွား လွှမ်းမိုးနေသည့် ရတ်၏ တန်ခိုးအာနိသင်များသည် ရုတ်ခြည်း လျှော့ကျ ပျောက်ကွယ်သွားသလို ခံစားလိုက်ရသည်။

ထိုအချိန်တွင် ယွမ်ရှောက်၏ အကြမ်းပတမ်း သပြုအမူမှာ အောင်မြင်လုဆဲဆဲ ရှိနေလေပြီ။

"အင့်"

နိုင်ချစ်နော်သည် ယွမ်ရှောက်၏အရေးကြီးသောသူ့ကြော ကို ထိုးပိတ်လိုက်၏။

ယွမ်ရှောက်သည် နိုင်ချစ်နော်၏ မျက်လုံးများ ထိတ်လန့် တကြားဖြစ်နေသည်ကို မြင်လိုက်ကတည်းက သူလည်း အလန့် တကြားဖြစ်သွားပြီး နိုင်ချစ်နော်နည်းတူ သူကလည်း ပြန်သည် အကြောထိုးပိတ်သည်။

နှစ်ယောက်သား အကြော ထိုးပိတ်မှုမှာ အံ့ဩဖွယ်ရာပင် တိုက်တိုက်ဆိုင်ဆိုင်ကြုံကြိုက်သွားပြီး နှစ်ယောက်စလုံးပျော့ခွေ မြောသွားကြလေတော့သတည်း။

နိုင်ချစ်နော်၏ လှေကလေးမှာ လှိုင်းလုံးကလေးများ၏ ပျော့ရှိုက်ခတ်မှုကိုခံစားရင်း တငြိမ့်ငြိမ့်လှုပ်နေသည်။

အချက်မူးနေသည့်ဆန့်ကွမ်းချီမှာလည်း တစ်ညလုံး အိပ်ပျော် နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ကမ်းစပ် ကိုက်သုံးရာခန့်အကွာ သစ်ပင်ကြီး တစ်ပင်၏ ခြေရင်းသို့ ကွန်လုံဝမ် ရောက်ရှိလာခဲ့သည်။

သူသည် ထန်ရှင်၏ သင်္ချိုင်းဂူရှိရာ ဘောင်ကုန်းပတ်လည် သူ၏အဲစောင့်တပ်သားများကို ပတ်လည် ချထားသည့်နေရာ ယာဉ်ယီစခန်းသို့ ပြန်လာခြင်းဖြစ်ပေသည်။

ထိုယာဉ်ယီစခန်းမှာ ကွန်လုံဝမ်၏ စံအိမ်တော်နှင့် အဝေး ကလေး ကွာလှမ်း၏။

ထိုထင်းရှူးပင်ကြီးအောက်၌ ရပ်နေသည့် ကွန်လုံဝမ်သ စံတော်အိမ်သို့ပြန်သွားရန်စိတ်ကူးကိုပယ်ဖျက်လိုက်ပြီး ကျွန် ဂိုဏ်းသားများ၏ လှုပ်ရှားမှုကို စူးစမ်းရန် ဆုံးဖြတ်လိုက် သည်။

သူ ဦးတည်ထွက်လာသည့်နေရာကား ဆန်ကွမ်းချို၊ နိုင် နော်နှင့် ယွမ်ရှောက်တို့အိပ်စက်နေကြသည့် လှေကလေး ဆို ကပ်ထားသည့် နေရာသို့တည်း။

ထိုမြစ်ကမ်းတစ်လျှောက်တွင် ကျွန်လုဂိုဏ်းသားများအသ အလာရှိသည်ကို ကွန်လုံဝမ် ယခင်ကတည်းက ခိုစမ်းသိ ဖြစ်၏။

ထို့ကြောင့် မြစ်ကမ်းစပ်သို့ ဦးတည်ထွက်ခွာလာခြင်း သည်။



သူ တရိပ်ရိပ်ပြေးထွက်လာခဲ့ရာ မြစ်ကမ်းမှလှိုင်းရိုက်သံများ ဖျပ်ဖျပ် ကြားလာရ၏။

'အင်း...အဲဒီမြစ်ကမ်းတစ်လျှောက်မှာ ပုန်းခိုပြီးခြေရာခံချင် န်လုဂိုဏ်းသား တချို့ကို ခြေရာခံနိုင်မယ်၊ ဗီကောင်တွေ ကြံနေဘယ်ဆိုတာ သူတို့ထဲက အဆင့်မြင့်ဂိုဏ်းသားတစ်ဦး ဖမ်းစစ်ရင် သိလာနိုင်တာပဲ'

ကွမ်လုံဝမ်သည် တသွင်သွင်စီးဆင်းနေသည့် မြစ်ရေပြင်ကြီး ာမ်းကြည့်၏။

သူ၏စူးရှသောမျက်လုံးသည် ကမ်းစပ်၌ ထိုးစိုက်ထားသည့် ကလေးကို မှောင်ထဲ၌ ခပ်ရေးရေး တွေ့လာရ၏။

'ဟော...လှေတစ်စင်းပါလား၊ အချိန်မတော်ထိုးစိုက်ထား လှေပဲ၊ တံငါလှေဖြစ်ရင်ဖြစ်နေမှာပေါ့လေ'

ကွမ်လုံဝမ်သည် တဖြည်းဖြည်း ရှေ့တိုးလာလေ၏။

www.burmeseclassic.com

## အခန်း (၁၄၉)

### အလှုမယ်၏ ဆုံးဖြတ်ချက်

ကွန်လုံဝမ် ကိုက်တစ်ရာခန့်ရောက်ရှိလာသောအခါ လရောင်လည်း မှိန်သွား၏။

တိမ်မည်းညိုများက လရောင်ကိုအုံ့ဆိုင်းသွားသောကြောင့်ဖြစ်သည်။

ကွန်လုံဝမ်သည် စူးရှတောက်ပသော မျက်လုံးများဖြင့် လှေကလေးကို လှမ်းကြည့်၏။

လှေဦး၌ ယောကျာ်းတစ်ဦးနှင့် မိန်းမတစ်ဦး အိပ်နေသည်ကို တွေ့ရသောအခါ ကွန်လုံဝမ် ပြုံးလိုက်မိ၏။

'ဟင်း...ဒီလိုတင်ငါသည်မျိုးတွေလဲ ရှိသေးသကိုး'

ကွန်လုံဝမ်သည် ရှေ့သို့ တိုးမလာတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ရှောင်ထွက်သွားလေတော့၏။

ကံကောင်းလေစွ။

ကွန်လိုဝမ်သာ ထိုလှေကလေး ရှိရာသို့ တည့်တည့်မတ်မတ် ရောက်ရှိသွားခဲ့လျှင် ကျွန်လုဂိုဏ်းကြီးသည် လုံးဝ အခရေးနိမ့်သွားရပေလိမ့်မည်။

ဆန်ကွမ်းချီ၊ နိုင်ချစ်နော်နှင့် ယွမ်ရှောက်တို့သည် သူတို့ကို မည်သူသတ်သွားမှန်း မသိဘဲ သေဆုံးသွားခဲ့ကြရပေလိမ့်မည်။

နံနက်လင်းသောအခါ ဆန်ကွမ်းချီသည် အိပ်ရာမှ နိုးလာ၏။

ရုတ်တရက်အားဖြင့် သူ မည်သည့်နေရာသို့ ရောက်ရှိနေမှန်းသည်။ မသိပေ။

ကိုးကွေ့ မိန်းမပျိုတံဆိပ် အရက်အိုးကို တွေ့ရသောအခါ သူ၏ ပစ္စုပ္ပန်ကာလကို ဆက်စပ်မိသွားလေ၏။

လှေပေါင်းမိုးအတွင်းမှ ငုံ့ထွက်လိုက်သည်နှင့် ဆန်ကွမ်းချီမှာ ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့၏ မဖွယ်မရာ ပုံသဏ္ဌာန်များကို တွေ့လိုက်ရသဖြင့် တစ်ခေါင်းလုံး မူးမိုက်သွားသကဲ့သို့ ခံစားလိုက်ရလေ၏။

သူ့ရင်ထဲမှ နှလုံးသည်းပွတ်များ အထက်အောက် ပြောင်းဆန်ကုန်သည်။

တုန်လှုပ်ခြင်း၊ ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ယူကျုံးမရခြင်း စသည့် ဝေဒနာမျိုးစုံကို တစ်ပြိုင်တစ်မကြီး



စားလိုက်ရသဖြင့် ရင်ခေါင်းထဲမှ သွေးများ ပျို့တက်မတတ် ဖြစ်လာခဲ့ရသည်။

ဆန်ကွမ်းချီသည် လှေပေါ်မှနေ၍ သူ့ဦးခေါင်းကို ခရထဲ နှစ်လိုက်၏။

အတန်ကြာ ရေထဲစိမ်ပြီးမှ ဦးခေါင်းကို ပြန်ဖော်သည်။

အေးစိမ့်သောရေသည် မီးတောက်မတတ် ပူလောင်နေသော ဦးနှောက်များကို အနည်းငယ် သက်သာရာရစေခဲ့သည်။

သူသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

သူ့စိတ်အာရုံများသည် ပိုင်မာစန်းတောင်သို့ ရောက်ရှိသွားသည်။

ကွန်လိုဝမ်၏ တွန်းချမှုကြောင့် ကျောက်တောင်ကမ်းပါး ပေါ်မှ လွင့်စဉ်ကျခဲ့ရသည့်ခံစားမှုကို ယခုတစ်ဖန် ပြန်လည် ခံစားခဲ့ရပြန်၏။

သူ့အား ယွမ်ရှောက် ကယ်တင်ပုံတို့ကို ပြန်လည် အမှတ်ရမိသည်။

နှင်းသီးများ ဆွတ်ခူးကျွေးမွေးပုံ၊ ပြုစုပုံတို့ကို ပြန်လည် မြင်ယောင်လာ၏။

'အသက်သခင် ကျေးဇူးရှင်'

'ဆရာတူ ညီအစ်ကို'

www.burmeseclassic.com

www.burmeseclassic.com



'အင်း.... ဒီပုံစံကိုသာ ကျွန်လုဂိုဏ်းသားတွေ မြင်လိုက်ရင်တော့ တိုက်ခိုက်ရေး နည်းဗျူဟာမှုရဲ့ သိက္ခာတွေ ရေစုန်မျော ကုန်တော့မှာပဲ'

ထူသည် ထိုအတွေးကို တွေးလိုက်မိသည်နှင့် ယွမ်ရှောက်အား ဦးစွာ လှုပ်နှိုးလိုက်သည်။

'ညီလေး ယွမ်ရှောက်.... ထတော့၊ မိုးလင်းနေပြီ'

ယွမ်ရှောက် တုတ်တုတ်မျှ မလှုပ်ပေ။

'ညီလေး....ထတော့'

ဆန်ကွမ်းချီသည် ယွမ်ရှောက်ကို ထပ်မံနှိုးသော်လည်း နိုး၍ မရသဖြင့် နိုင်ချစ်နော်အား နှိုးပြန်သည်။

နိုင်ချစ်နော်လည်း မနိုးပြန်သဖြင့် ဆန်ကွမ်းချီ အံ့ဩသွားသည်။

အလေအချာ လေ့လာကြည့်ရှုသောအခါ သွေးကြောပိတ် ခံထားရသည့်ပုံစံမျိုး ဖြစ်နေသည်ကို တွေ့ရှိရသည်။

အဘယ်ကြောင့် ဤသို့ဖြစ်နေသည်ကို သူလည်း မစဉ်းစား တတ်တော့ပေ။

သူသည် ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့၏ သွေးကြောများ ပွင့်သွားစေရန် လက်ဖြင့် အသာပုတ်ပေးလိုက်၏။



ယခုချက်ချင်း သွေးကြောပွင့်မည်တော့ မဟုတ်ပေ။

တမင် ချိန်ဆပြီး သွေးကြောဖွင့်ပေးခြင်း ဖြစ်၏။

ယခုပုံစံနှင့် သူ့အား မြင်တွေ့သွားလျှင် နိုင်ချစ်နော်ရော ယွမ်ရှောက်ပါ အရှက်ကြီးရှက်သွားကြပေလိမ့်မည်။

'ငါသွားမှ ဖြစ်တော့မယ်'

ဆန်ကွမ်းချီသည် ကမ်းစပ်ပေါ်သို့ ခုန်တက်ပြီး တရိပ်ရိပ် ထွက်ပြေးသွားရာ မကြာမီ ပျောက်ကွယ်သွားလေတော့၏။

ကွမ်းတစ်ယာညက်ခန့်ကြာသည့်အခါတွင် နိုင်ချစ်နော်ကော ယွမ်ရှောက်ပါ သွေးကြောများ ပွင့်သွား၏။

နိုင်ချစ်နော်သည် အဝတ်အစားမရှိဖရဲဖြစ်နေသည့် သူမ၏ အဖြစ်အပျက်ကို ပြန်လည်သတိပြုမိသောအခါ မျက်နှာ တပြင် လုံး သွေးဆုတ်ဖြူရော်သွား၏။

'ဝုန်း'

သူမသည် စိတ်ဆိုးမာန်ဆိုးဖြင့် ယွမ်ရှောက်အား လက်ဝါး ဖြင့်ရိုက်ချသည်။

လျှပ်တစ်ပြက် ရှက်တရက်ဖြစ်၍ ယွမ်ရှောက်ခုခံသည့်တိုင် အရှိန်ကိုမထိန်းနိုင်ဘဲ ရေထဲသို့ လွင့်စဉ်ကျသွားသည်။

သူမသည် ဆန်ကွမ်းချီကို ရက်ခြည်း သတိရသဖြင့် ရေ ပေါ်ငါးမိုးထိသို့ ကမန်းကတန်း ဝင်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေထဲ၌ ဆန်ကွမ်းချိုကိုမတွေ့ရသောအခါ သူမ၏မျက်နှာပြင်တစ်ခုလုံး ရဲတက်သွားပြီး ကိုယ့်ကိုယ်ကို သတ်သေချင်စိတ် ပေါက်သွားလေ၏။

'သွားပြီ...သူ...သူ...ငါတို့ကို အသင်မှားသွားပြီ'

နိုင်ချစ်နော်သည် ပေါင်းမိုးအတွင်းထိုင်၍ ချုံးပွဲချ ငိုသေတော့၏။

ထိုအချိန် ရေထဲသို့ လွင့်စင်ကျသွားသည့် ယွမ်ရှောက်သည် လှေပေါ်သို့ တွယ်တက်လာသည်။

သို့ရာတွင် နိုင်ချစ်နော်၏ ဒေါသကိုတွေ့ခဲ့ရပြီး ဖြစ်သဖြင့် လှေဦး၌ ငုတ်တုတ်ကလေး ထိုင်စောင့်နေရှာသည်။

နိုင်ချစ်နော်မှာလှေဝမ်းထဲ၌ ကြေကွဲစွာ ဆက်ငိုတော့သည်။

နောက်ဆုံး မျက်ရည်မထွက်နိုင်တော့သည့် အခါမှ သူမ၏ ဆံပင်များကို သပ်ချပ်အောင် ပြုပြင်ပြီး ပေါင်းမိုးအတွင်းမှ ထွက်လာလေသည်။

ယွမ်ရှောက်သည် တောတွင်းသား လူနုံလူအ ဖြစ်သော်လည်း နိုင်ချစ်နော်ငိုကြွေးနေသည်ကို မသိနိုင်လောက်အောင် နုံအသည်တော့ မဟုတ်ပါလေ။

'အစ်...အစ်မလေး၊ ကျွန်...ကျွန်တော် မှား...မှား...'

ယွမ်ရှောက်မှာ ရှေ့စကားကို ဆက်မပြောနိုင်ဘဲ ထစ်အနေလေ၏။



နိုင်ချစ်နော်၏ မျက်နှာသည် စောစောကလို တင်းမာခြင်း မရှိတော့ပေ။

'ရှင်နဲ့ကျွန်မ ဘာမှ မမှားသေးပါဘူး၊ ရှင် ဘာမှတောင်းပန်စရာ မလိုဘူး'

သူတို့နှစ်ဦး လှေဦး၌ရပ်၍ စကားပြောနေစဉ်မှာပင် ကမ်းစပ်သို့ တောသူဘောင်သား အဝတ်အစားများ ဝတ်ဆင်ထားသည့် လူငယ်ကလေးတစ်ယောက် ရောက်ရှိလာသည်။

သူ့လက်ထဲတွင် အထုပ်ကြီးတစ်ထုပ် ပါလာ၏။

'ဗျို့ဆရာတို့၊ ဟောဒီမှာ အထုပ်'

သူသည် ပြောပြောဆိုဆို သူ့လက်ထဲမှ အထုပ်ကြီးကို လှေပေါ်သို့ ပစ်တင်ပေး၏။

ယွမ်ရှောက်က လှမ်းဖမ်းလိုက်သည်။

'ဒါ ဘာအထုပ်လဲ'

နိုင်ချစ်နော်က လှမ်းမေး၏။

လူငယ်ကလေးက ခေါင်းခါသည်။

'မသိဘူး၊ လူတစ်ယောက်က ဒီအထုပ် သွားပေးပါဆိုလို့ လာပေးရတာပဲ၊ ကျွန်တော် သွားတော့မယ်'

ထိုလူငယ်ကလေးသည် ထိုမျှသာပြောပြီး ပြေးထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်သည် ထိုလူငယ်လေး၏ပြုံးပုံကို အကဲခတ်၏။

သိုင်းပညာ လုံး၀မတတ်သော တောသူတောင်သား လူငယ်ကလေးတစ်ဦးသာ ဖြစ်ကြောင်း သိရှိလိုက်သည်။

'အထုပ်ကို ဖြေကြည့်စမ်း'

ယွမ်ရှောက်သည် နိုင်ချစ်နော်၏ အမိန့်အတိုင်း အထုပ်ကို ဖြေလိုက်၏။

အတွင်းမှ အသစ်စက်စက် ယောကျ်ားဝတ်စုံတစ်စုံနှင့် မိန်းမဝတ်စုံတစ်စုံ ထွက်လာသည်။

ယွမ်ရှောက်က ဝမ်းသာအားရ အော်လိုက်၏။

'ဒါတွေ ဘယ်သူ ပို့လိုက်တာလဲ မသိဘူး၊ ကျွန်တော်တို့အတွက် တန်ကျပြီ'

သူ မော့ကြည့်လိုက်သောအခါ မျက်ရည်ဖြိုင်ဖြိုင် ကျနေသော နိုင်ချစ်နော်အား တွေ့လိုက်ရသဖြင့် လုံးဝနှုတ်ပိတ်သွားလေ၏။

'အဲဒါ... ရှင့်အစ်ကိုကြီး ပို့လိုက်တာပေါ့'

နိုင်ချစ်နော်က မျက်ရည်များကိုသုတ်ရင်း ကြေကွဲစွာပြော၏။

ယွမ်ရှောက် ခုန်ထလိုက်၏။

'ဟုတ်တယ်၊ ကျွန်တော့်အစ်ကိုကြီးကို ဟိုအထဲမှာတွေ့တယ် အခု အစ်ကိုကြီး ဘယ်မှာလဲ'



'ထွက်သွားပြီ၊ ရှင်နဲ့ ကျွန်မရဲ့ ပုံစံတွေကို ကြည့်ပြီး သူ ထွက်သွားတာ၊ ဒီအဝတ်အစားတွေက သူ ပို့လိုက်တာပေါ့၊ ကဲ... ရှင်လဲ ဒီအဝတ်တွေ လဲလိုက်ပါ၊ ကျွန်မလဲ ဒီအဝတ်တွေ လဲလိုက်ပါ့မယ်'

နိုင်ချစ်နော်သည် လွန်စွာ ယူကျုံးမရ ဖြစ်သွားသည်။

ယခုအခါ ညည်းညူမှု မြင်ရှိမရတော့ပါ။

သူ ကိုယ်သူသာ အပြစ်တင်နေတော့သည်။

'ယွမ်ရှောက် ကျွန်မတို့ ကုန်လုံဝမ်ကို နှိမ်နင်းမယ်၊ ပြီးမှ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်း အေးချမ်းတဲ့ဘဝမှာ အခြေချမယ်၊ တစ်သက်လုံး နေသွားမယ်'

ယွမ်ရှောက်က ဝမ်းသာအားရ ခေါင်းညိတ်၏။

'အစ်မလေး ဘာပဲပြောပြော ကျွန်တော် သဘောတူတယ်၊ ကျွန်တော်ကို စိတ်မဆိုးဘူးပေါ့နော်'

နိုင်ချစ်နော်သည် ယွမ်ရှောက်အား ငေးကြည့်နေမိ၏။

ယွမ်ရှောက်သည် သူမအား နတ်ဘုရားမတစ်ပါးကို ကိုးကွယ်သကဲ့သို့ ကိုးကွယ် ချစ်မြတ်နိုးနေကြောင်း တွေးမိပြီး 'ရင်ထဲ၌ နာကျင်လာမိ၏။

'ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ စိတ်မဆိုးပါဘူး၊ ရှင့် အစ်ကိုတလဲ့ ရှင်နဲ့ သဘောတူထားတဲ့ဥစ္စာ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်အစ်ကိုကြီးဟာ ကျွန်တော့်အပေါ် သိပ်ကောင်းတယ်၊ သူဟာ ကျွန်တော် အဖေပဲ၊ သူဟာ ကျွန်တော့် အမေပဲ၊ သူဟာ ကျွန်တော့် ဆရာပဲ'

နိုင်ချစ်နော်က ကြေကွဲစွာပြုံးရင်း....

'ဟုတ်ပါပြီ၊ ရှင့်အစ်ကိုကြီးဟာ ရှင့်အပေါ် ကောင်းလွန်းလို့ သူ့အသည်းနှလုံးကို ထုတ်ပြီး ရှင့်ကိုပေးလိုက်တာပဲ'

'ဗျာ....ဘာရလဲ၊ အသည်းနှလုံး'

နိုင်ချစ်နော်၏ စကားကို ယွမ်ရွှောက် နားမလည်တော့ပေ

နိုင်ချစ်နော်က....

'ကဲ....ဒါတွေ မစဉ်းစားနဲ့တော့၊ ကျွန်ုပ်လုံဝမ်ကို သတ်ပြီးမချင်း ကျွန်မလက်ကလေးကိုတောင် ထိဖို့ မကြိုးစားနဲ့ ကြားရဲ့လား'

'ဟုတ်....ဟုတ်ကဲ့၊ အစ်မလေး သဘောပါ'

'အခု ကျွန်လုဂိုဏ်းသားတွေနဲ့ ပြန်ဆုံရမယ်၊ ရှင့်အစ်ကိုကြီးကို မြန်မြန်ရှာရမယ်'

'ဟုတ်တယ် ပြန်ရှာရမယ်၊ ကျွန်တော့် အစ်ကိုကြီးက အစ်မလေးကိုကြည့်တာ တစ်မျိုးပဲ၊ ကျွန်တော်တော့ နားမလည်ဘူး အစ်မလေးကိုတွေ့ပြီး ကျွန်တော် စားမဝင် အိပ်မပျော်တာတွေ အစ်မလေးအကြောင်း မေးတာတွေကို အစ်ကိုကြီးဟာ စိတ်ရှည်



လက်ရှည် ရှင်းပြတယ်၊ နောက်ပြီး သူ သက်ပြင်းချတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ အစ်မလေးအကြောင်း သူ့ကို မမေးရဘူးလို့ ကျွန်တော့်ကို အမိန့်ပေးတယ်၊ သူ ဟန်မလေးကို မမုန်းပါဘူးနော်'

နိုင်ချစ်နော်မှာ မျက်ရည်များ ဝေ့လာပြန်၏၊

'သူ ကျွန်မကို ဘယ်မုန်းမလဲ၊ ရှင် ကြားထဲကရှုပ်နေလို့ သင်ကျွန်မကို ချစ်လျက်သားနဲ့ မချစ်ဘူးလို့ ပြောနေတာ၊ အခုတော့ ပိုဆိုးသွားပြီ'

ဤစကားများကို နိုင်ချစ်နော် ပါးစပ်မှ ထုတ်ဖော်ပြောဆိုခြင်း မဟုတ်ပါချေ၊

ရင်ထဲမှ ပြောလိုက်ခြင်းသာ ဖြစ်ပါတော့၏၊

သူမ တကယ်တမ်းပြောသည့် စကားမှာမူ....

'ရှင့်အစ်ကိုကြီးအကြောင်း ဘာမှတွေးမနေနဲ့၊ ရှင့်အစ်ကိုကြီးဟာ သူ့တစ်ပါးအတွက် အနစ်နာခံဖို့ပဲ စိတ်ကူးနေတဲ့လူ ဖြစ်ကြောင်းဆိုတဲ့ဘဲ့ကို သူ့အသည်းနှလုံးကို စတေးပြီး ယူမယ့်လူ၊ ကဲ....ဒါတွေ ထားလိုက်တော့၊ ကျွန်မတို့ သွားချိန်တန်ပြီ'

နိုင်ချစ်နော်သည် ထိုမျှသာပြောပြီး လှေကလေးကို ကမ်းမှ ခွာသည်၊

နိုင်ချစ်နော်ကတစ်ဖက်၊ ယွမ်ရွှောက်ကတစ်ဖက် လှော်ခတ်သောအခါ လှေကလေးသည် ရေပေါ်၌ တရိပ်ရိပ် ပြေးလေတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ နိုင်ချမ်းနေဘ်၏ လှေကလေးသည် ကမ်းစပ်တစ်နေရာသို့ ထိုးစိုက်လေ၏။

ဤနေရာကား နိုင်ချမ်းနေဘ်က ယာယီစခန်း တည်ဆောက်ထားသည့် နေရာပင်။

လှို သူမ၏လှေ ဆိုက်ကပ်လာသည်နှင့် သစ်ပင်များပေါ်၌ ကင်းစောင့်နေသူများ ချုံနွယ်များအကြားမှ ပုန်းအောင်းနေသူများ ထွက်လာပြီး ကြိုဆိုကြ၏။

ထိုစခန်း၌ ယာယီတဲကလေး ဆယ်လေးလုံးခန့်ရှိသည်။ သူမသည် တဲတစ်တဲ၌ ဝင်ရောက်ပြီး ကျွန်လုဂိုဏ်းသားတစ်ဦးအား တီးတိုးအမိန့်ပေးလိုက်၏။

မကြာမီ ဆန်ကွမ်းချီ ဦးဆောင်သော လူအုပ်စုကြီး ရောက်ရှိလာတော့၏။

ထိုအုပ်စုထဲတွင် စိမ့်ဆရာတော်၊ သက်ယာရှုံလူငယ်လီ‌ဟောင်နှင့် လက်ဝဲရုံလူငယ် ကျွန်းဖန်းတို့ ပါရှိလာ၏။

အခြားဂိုဏ်းသားတစ်ဦးက ထိန်မှုဆရာတော်နှင့် ဆရာကြီး ကျင်ရှယ်တောက်တို့ကို ခေါ်ဆောင်လာ၏။

စိမ့်ဆရာတော်သည် ရှည်လျားသော ဆံမုတ်ဆိတ်၊ အရေ လျော့နေသော သင်္ကန်းဘွဲ့ကို ဝတ်ဆင်ထားသည့် ထိန်မှုဆရာတော်အား ဂရုစိုက်ကြည့်နေလေ၏။



သူသည် ထိန်မှုဆရာတော်၏ လက်ထဲမှ တောင်ဝှေးကို မျက်စိလွှဲဖယ်ရန် မတတ်နိုင်သကဲ့သို့ ဖြစ်နေလေ၏။

ဆန်ကွမ်းချီသည် စိမ့်ဆရာတော်အား ရှင်းလင်းပြောပြလိုက်၏။

'ဆရာတော်...ဒီဆရာတော်ဟာ ဆရာတော်တို့ရဲ့ ရှောင်လင်ကျောင်းတော်က ထိန်မှုဆရာတော်ပါပဲ၊ တက်မှုဆရာတော်ဆက်ဒါစဉ်ကြီးတယ်လို့ သိရပါတယ်'

စိမ့်ဆရာတော်သည် ရုတ်တရက် ခုန်ထွက်သွားပြီး ထိန်မှုဆရာတော်၏ရှေ့၌ ဒူးထောက် ထိုင်ချလိုက်လေ၏။

'နောင်တော်ကြီး...နောင်တော်ကြီး၊ တပည့်တော်ဟာ စိမ့်ပါ၊ နောင်တော်ကြီးထက် အများကြီး ဝါစဉ်ငယ်ပါတယ်ဘုရား'

ထိန်မှုဆရာတော်က ခေါင်းညိတ်လေ၏၊

'ညီတော်ကို တွေ့ရတဲ့အတွက် ငါအများကြီးဝမ်းသာတယ်၊ ခုအချိန်မှာတော့ ဘာပဲဖြစ်ဖြစ် ကျွန်လုဂိုဏ်းကို ကူညီရမှာပဲ၊ တော်လဲ ပိုင်းဖြတ်ထားလိုက်ပေါ့၊ ညီတော်ရယ်၊ ကျုပ်ရယ်၊ တက်မှုရယ်ဆိုရင် ရှောင်လင်ကျောင်းတော်ရဲ့ စစ်ကူအင်အားဆိုးဘူးလို့ ဆိုရမှာပေါ့'

'မှန်ပါ...ညီတော်လဲ ကူညီဖို့ ပိုင်းဖြတ်ပြီးပါပြီဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်း....ဒီက သူ့ရဲကောင်း ဆန်ကွမ်းချိကတော့ ကျုပ် ဟောဒီက ဆရာကြီးကျင့်ရွှယ်တောက်ကိုကယ်ထုတ်ခဲ့တဲ့ အသ သခင် ကျေးဇူးရှင်ပဲ'

'မှန်ပါ၊ တပည့်တော်နဲ့လဲ အလွန်ပဲ ရင်းနှီးတဲ့ သူ့ရဲကော ဖြစ်ပါတယ်ဘုရား'

ထိုစဉ်....

'ဆရာတော်တို့ ရှေးဟောင်း နှောင်းဖြစ်တွေ ပြောပြ ဆိုရင်တော့ တပည့်တော်တို့ရဲ့တိုက်ရေးခိုက်ရေးကိစ္စကိုဆွေး ကြတာပေါ့'

ထိန်မုဆရာတော်က ခေါင်းညိတ်၏၊

'ကျုပ်တို့ ပြောပြီးပါပြီ၊ ဒကာမကြီး ဆွေးနွေးချင်တာ ပြောပါ'

နိုင်ချစ်နေဘ် လက်ခုပ်သုံးချက် တီးလိုက်သောအခါ ကျ ဂိုဏ်းသားနှစ်ယောက် ခြံရံထားသည့် တစ်ကိုယ်လုံး အနက် ဝတ်ရုံကြီး လွှမ်းခြုံထားသူတစ်ဦး ရောက်ရှိလာ၏

ထိုလူက လက်ဟန် အနေအထားဖြင့် အမှတ်အသား ပြုလုပ်ပြသည်၊

နိုင်ချစ်နေဘ်ကလည်း အမှတ်အသားတစ်ခု ပြုလုပ်ပြ ပြီးသွင်ပြီးချင်း...



'ကဲ...ကွန်လုံဝမ် အခု ဘယ်မှာရှိသလဲ'

'တန့်ယန်ကုန်းမှာပါ'

'တန့်ယန်ကုန်းက ဒီကနေ ဘယ်လောက်ဝေးသလဲ'

'ငါးမိုင် ပျော့ပျော့လောက် ဝေးလိမ့်မယ်'

'ငါးမိုင်ဆိုတာ ဘာမှတာမှတ်လို့၊ ကောင်းပြီ၊ မင်း သွား နိုင်ပြီ'

ထိုလူက နိုင်ချစ်နေဘ်အား အရိုအသေပေးပြီး ထွက်ခွာသွား သည်၊

ဆန်ကွမ်းချိက လှမ်းမေး၏၊

'သူ ဘယ်သူလဲ'

'ကျွန်မက သူ့အသက်ကို ကယ်ခဲ့ဖူးတယ်'

'ဪ...ကျုပ် သိပြီ၊ ကွန်လုံဝမ်ရဲ့ စံတော်အိမ်က ကြိုးတပ် စံလုံးလက်နက်ကိုင်တဲ့လူလဲ အဲဒီလိုပဲ ဆိုပါတော့'

'ဟုတ်တယ်'

'အခု ကျုပ်တို့ တန့်ယန်ကုန်းကို သွားကြမယ် ဆိုပါတော့'

'ဒါက ရှင့်အလုပ်မဟုတ်ပါဘူး'

ဆန်ကွမ်းချိမှာ ရင်ထဲ၌ အောင့်သွား၏၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထန်းရှင်နှင့် သစ္စာပြုညီနောင် မဖြစ်ခဲ့လျှင်၊ သိုင်းလောကအပေါ် စေတနာမထားခဲ့လျှင် တစ်ချိန်တည်း လိုည်ထွက်သွားမိမည် ဖြစ်ပေသည်။

ယခုမူ အကြောင်းအမျိုးမျိုးကို တွေးတောလျက် ခေါင်းငုံ့ခံနေလိုက်ရသည်။

ထိုအချိန်မှာပင် မြင်းစီးလူဘစ်ဆိုက် ဒုန်းစိုင်းလာကြောင်း တွေ့ရသည်။

ကျွန်လုဂိုဏ်းချုပ်ကြီး အို့ယန်ထုံပင် ဖြစ်တော့၏။

နိုင်ချစ်နော်က ဦးညွှတ်ဂါရဝပြုသည်။

ဂိုဏ်းချုပ်ကြီး၊ အို့ယန်ထုံ၏မျက်နှာမှာ အလွန်တရာညှိုးနွမ်းလျက်ရှိ၏။

ကျွန်လုဂိုဏ်း၏ ရပ်တည်နိုင်ရေးကိစ္စ၌ သူ့အစွမ်းအစပြုမဟုတ်ဘဲ နိုင်ချစ်နော်၏ အစွမ်းအစအပေါ် အားကိုးနေရခြင်းအတွက်ကိုလည်း စိတ်မချင်းကျနေပုံရ၏။

ငင်စစ် အို့ယန်ထုံ ကိုယ်တိုင် ဦးစီး တိုက်ခိုက်လျှင်လည်းမည်သို့မျှ မနိုင်နိုင်ပေ။

ကျွန်လုံဝမ်သည် အို့ယန်ထုံဆက်သိုင်းပညာကောင်းရှုံမှာကောက်ကျစ်မှုထွင်လည်း စီဘင်ဆိုက်သူတစ်ဦး ဖြစ်နေသောကြောင့်တည်း။



'ဘယ့်နှယ်လဲ မိန်းကလေး၊ ကွန်လုံဝမ်ရဲ့ ယာယီစခန်းကို သိပြီလား'

'သိပါပြီ ဂိုဏ်းချုပ်ကြီး၊ အခုပဲ ကျွန်မတို့ သွေးတိုးစမ်းမလို့ လှုံ့စုံနေပါတယ်'

'သွေးတိုးစမ်းရုံဆိုရင်တော့ မိန်းကလေးကိုယ်တိုင် လိုက်ဖို့လိုမယ် မထင်ဘူး'

'ကျွန်မကိုယ်တိုင်လိုက်မှ ဖြစ်မယ်ရှင့်'

အို့ယန်ထုံက ဆန်ကွမ်းချီအား လှမ်းကြည့်လိုက်၏။

'ဘယ့်နှယ်လဲ သူရဲကောင်းလေး၊ အဆိပ်သိုလှောင်ခန်းကို တွေ့ခဲ့ရဲ့လား'

ဆန်ကွမ်းချီမှာ မချိပြုံး ပြုံးလိုက်ရသည်။

'ကျွန်တော် မတွေ့ခဲ့ပါဘူး၊ ဒါပေမယ့် ကွန်လုံဝမ်ရဲ့ အဆိပ်ဒဏ်ခံနေရတဲ့ လူတွေကို ဘယ်လို ပြန်ထိန်းချုပ်ရမလဲဆိုတာကို ကျွန်တော် အမြဲပဲ တွေးနေမိပါတယ်၊ တစ်နည်းနည်းနဲ့တော့ အဖြေရှာရမှာပါ'

'ကောင်းပါလေရဲ့ကွယ်၊ မောင်ရင့်ကိုလဲ ကျုပ် အားကိုးပါတယ်၊ မောင်ရင်တို့သာမရှိရင် ကျုပ်အဖို့တော့ လက်ရှိုးပြုတ်သလို ဖြစ်နေမှာပဲ'

နိုင်ချစ်နော်က ဝင်မပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီးနဲ့ အတူတူပါလာတဲ့ မြင်းစီး သူရဲတွေဟာ တကယ် သုံးလို့ရနိုင်ပါ့သလား'

အိုယန်ထုံက ခေါင်းညိတ်၏။

'အခုပါလာတဲ့ငါးယောက်ဟာ မြောက်ရိုင်းလွင်ပြင်မှာ ရှပ်ရှပ်ချွချွ ခုခံခဲ့တဲ့ လက်ရွေးစင်ဘပ်သားရှစ်ယောက်ထဲက ကျန်နေတဲ့ ငါးယောက်ပါ၊ နှစ်ယောက်ကတော့ အပြင်းအထန်ဒဏ်ရာ ရနေတယ်၊ တစ်ယောက်ကတော့ ကျဆုံးသွားပါပြီ၊ အခု ငါးယောက်ကို မိန်းကလေး ကြိုက်သလိုအသုံးချနိုင်ပါတယ်'

'အိပ်ကောင်းတယ်၊ အခု ကျန်မ သွားမယ့်အစီအစဉ်က လွယ်လဲ ဆိပ်များလို့မဖြစ်ဘူး၊ ပါသွားတဲ့လူတွေကလဲ ဒေါင်ခေါင် မြည်တွေ ဖြစ်နေရမယ်'

'ကျုပ်လိုက်ဖို့ လိုသေးသလား'

'ဂိုဏ်းချုပ်ကြီးအနေနဲ့ကတော့ နောက်ပိုင်းမှာပဲ အုပ်ချုပ်နေတာ ကောင်းပါတယ်၊ အခု ကျန်မခေါ်သွားမယ့် လူတွေဟာ ဂိုဏ်းချုပ်ကြီး တကယ်အားကိုးလို့ရတဲ့ လူတွေချည်းပါပဲ'

ဆန်ကွမ်းချီက ထိန်မုဆရာတော်နှင့်လည်းကောင်း၊ ဆရာကြီးကျောင်ရွှယ်ဘောက်နှင့်လည်းကောင်း မိတ်ဆက်ပေးလေ၏။

အိုယန်ထုံသည် မြင်းပေါ်မှဆင်း၍ ဖက်သဲတကင်း နှုတ်ဆက်လေ၏။



ထိန်မုဆရာတော်နှင့် ကျောင်ရွှယ်ဘောက်တို့သည် မာန်မာနကင်းလှသော ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား တစ်ကြိမ်တည်းတွေ့ရုံမျှဖြင့် လေးစားခင်မင်သွားကြလေသ၏။

'မိန်းကလေး အခု ဘယ်သူတွေကို ခေါ်သွားမလဲ'

နိုင်ချစ်နေဘ်က လက်ညှိုးထိုးပြပြီး နာမည်များကို ရွတ်ပြသွားလေ၏။

သူမ ရွေးချယ်သည့်လူများတွင် ဆန်ကွမ်းချီ၊ ယွမ်ရောက်၊ ထိန်မုဆရာတော်၊ စိမုဆရာတော်၊ ကျောင်ရွှယ်ဘောက်၊ လီစင်းနှင့် ကျွန်းဖန်း၊ လက်ရွေးစဉ် ဂိုဏ်းသား ငါးဦးတို့ဖြစ်လေ၏။

အိုယန်ထုံသည် အတော်အတန် စိတ်ချသွားသည်။

နိုင်ချစ်နေဘ် ခေါ်ဆောင်သွားသည့် လူများသည် တရုတ်ကျောက်၏ စစ်ဘပ်ဘွစ်တပ်စာမျှ အစွမ်းရှိနေသည်ကို ရိပ်မိထားသောကြောင့်တည်း။

'ကောင်းပါလေရဲ့ကွယ်... ကဲ... မိန်းကလေး ချီတက်ပေတော့'

သိုင်းသမားများအားလုံးက ဂိုဏ်းချုပ်ကြီးအိုယန်ထုံအား ဂါရဝပြုပြီး စထင်ထွက်ခွာသွားကြလေတော့၏။

တန့်ယန်ကုန်း။

တန့်ယန်ကုန်း ဆိုသည်မှာ ကွန်လုံဝမ်၏ ယာယီစခန်းသစ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်မနော်သည် သိုင်းသမားအုပ်စုကြီးကို ဦးဆောင်ထွက်ခွာလာ၏။

ငါးမိုင်နီးပါးမျှ လျှောက်လာပြီးသောအခါ အလွန်ဘာရုနက်ရှိုင်းသောသစ်တောကြီးကို တွေ့ရ၏။

ထိုသစ်တောကြီးဟာ တန့်ယန်ကုန်းတည်း။

စွန်လုံဝမ့်သည် ထိုနက်ရှိုင်းသော သစ်တောကြီး၏အလယ်တွင် စခန်းချနေ၏။

ထိုစခန်းမှနေ၍ ကျွန်လုဂိုဏ်းအား အမြစ်ပြုတ်ရန် အစီအစဉ်များ ရေးဆွဲနေ၏။

ထိုစခန်းသစ်ကိုသည်း လျှို့ဝှက်ထားသည်။

ထိုစခန်းသစ်ဖွဲ့စည်းလိုက်ခြင်းကြောင့် ဆန်ကွမ်းချို၊ စိမ့်ဆရာတော်နှင့် လူငယ်နှစ်ဦးတို့ စံဘော်အိမ်အတွင်းသို့ ဝင်မနိုင်ခြင်းဖြစ်ခဲ့ပသည်။

သစ်တောထဲသို့ အတော်အတန်ဝင်ပြီးသည်နှင့် နိုင်ချစ်နော်က ပထမစည်းကြောင်းအဖြစ် လက်ရွေးစဉ်ဂိုဏ်းသားငါးဦးကို နေရာချထားပေးသည်။

လက်ရွေးစင်ဂိုဏ်းသား ငါးဦးသည် သစ်ပင်များ အကြိုအကြား၌ ချက်ချင်း ကိုယ်ရောင်ဖျောက်သွားကြ၏။

ထိုနေ့ည ဆက်၍ ဝင်လာကြသည်။



မိုင်ဝက်မျှပျော့ပျော့ခန့်တွင် ခရီးဘစ်ဒထောက်နားသည်။

နိုင်ချင်နော်က စိမ့်ဆရာတော်အား လက်အုပ်ချီ၍လျှောက်ထား၏။

'ဒါက ဒုတိယစည်းပါ၊ ဒီစည်းမှာ အရှင်ဘုရားကဦးဆောင်ပြီး လက်ယာရံလူငယ် သီစင်းနဲ့ လက်ဝဲရံလူငယ် ကျွန်ုပ်ဖန့်တို့ စောင့်ကြပ်ပါလို့ တောင်းပန်ပါတယ်'

စိမ့်ဆရာတော်က ခေါင်းညိတ်၏။

'စိတ်ချပါ၊ ဧကာဥ၊ ကျုပ်တို့ တာဝန်ကျေစေရပါမယ်'

စိမ့်ဆရာတော်နှင့် လူငယ်နှစ်ဦးတို့သည်ချက်ချင်းကိုယ်ရောင်ဖျောက်လိုက်ကြ၏။

နိုင်ချစ်နော် ခေါ်လာသူများမှ လက်ယာရံနှင့် လက်ဝဲရံလူငယ်နှစ်ဦးမှအပ ကျွန်လူများမှာ ဝါဒ၌ သိုင်းသမားချည်းသာဖြစ်၍ အရိပ်မြုံအကောင်ထင် အလွန်လျင်သူများဖြစ်ကြ၏။

နိုင်ချစ်နော်သည် တတိယစည်းကြောင်းအထိ ခပ်သုတ်သုတ် လျှောက်လာပြန်သည်။

'ဒါကတော့ တတိယစည်းကြောင်းပါ၊ ဒီစည်းကြောင်းက တပည့်တော်တို့နဲ့ အနီးကပ်ဆုံးဖြစ်တဲ့အတွက် ယိမ့်မုဆရာတော်နဲ့ ဆရာကြီးကျွင်ရှယ်ဘောက်တို့အာဝန်ယူပါလို့ မေတ္တာရပ်ခံပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိန်မှုဆရာတော်နှင့် ကျင်ရှယ်တောက်တို့မှာ ယခုအထိ ဆံပင်၊ မုတ်ဆိတ်များကို ရိတ်ပယ်ရခြင်းမရှိသေးသဖြင့် အလွန်ဆိုးရွားသော ပုံစံများဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍ တာဝန်ယူနေကြလေ၏။

သူတို့နှစ်ဦးသည် အနီးရှိ သစ်ပင်ကြီးများပေါ်သို့ ခုန်တက်သွားကြသည်။

နောက်ဆုံး ကွန်လုံဝမ်နှင့်ရင်ဆိုင်မည့်သူဆို၍ နိုင်ချစ်နေဝ်၊ ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့သာ ကျန်ရှိတော့သည်။

နိုင်ချစ်နေဝ်သည်ရှေ့မှဦးဆောင်ပြီး ခပ်သုတ်သုတ်ပြေး၏။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့မှာ သူမထက် ကိုယ်ဖော့ပညာ သာလွန်သူများဖြစ်၍ အသာကလေး ရင်ပေါင်တန်းလိုက်နိုင်ကြ၏။

သူတို့သုံးယောက်စလုံး အလွန်တရာမျက်စိလျင်သူများ ဖြစ်၍ ကွန်လုံဝမ်၏မုန်းလျှိုးသော ကင်းသုံးထပ်ကို တွေ့ရှိခဲ့ပြီးဖြစ်သည်။

ကင်းသမားများကလည်း တားဆီးခြင်းမရှိ၍ အေးအေးဆေးဆေးပင် ဖြတ်ကျော်ခဲ့ကြ၏။

နောက်ဆုံးအဆင့်တွင်မှ အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် သိုင်းသမားဆယ်ယောက်က ဓားကိုယ်စီဖြင့် လျှပ်တစ်ပြက် ခုန်ထွက်တားဆီးလာလေ၏။



နိုင်ချစ်နေဝ်က....

'မင်းတို့ ငါ့ကိုမတားနဲ့၊ ဝါဟာ မင်းတို့ရဲ့ ပထမသခင်မပဲ'

ဟားဆီးသူတစ်ဦးက အေးစက်စက် ပြန်ပြော၏။

'ပထမသခင်မဆိုရင် သစ္စာဖောက်ပဲ၊ သစ္စာဖောက်ကို တိုက်ရုံပဲရှိတယ်'

'အေး...မင်းတို့မဆိုးဘူး၊ သွား...ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်ကိုပြောလိုက်၊ သမီးတော်ဟောင်းဖြစ်တဲ့ ကျန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းပညာမှူး နိုင်ချစ်နေဝ်က စေတမန်အဖြစ်နဲ့ တွေ့ဆုံဖို့ ရောက်ရှိလာတယ်လို့ သတင်းပို့လိုက်'

နိုင်ချစ်နေဝ်၏အသံက အမိန့်သြဇာသံ အပြည့်အဝပါသည်။

ဆန်ကွမ်းချီဆိုလျှင် ဤသို့ ပြောဆိုနိုင်လိမ့်မည်မဟုတ်ချေ။

အကျီနက်တစ်ဦးက....

'ဒါဖြင့် ခဏစောင့်ကြ၊ ကျုပ် သတင်းသွားပို့မယ်'

သူသည် စကားဆုံးသည်နှင့် သစ်တောထဲ လှည့်ထွက်ပြေးတော့သည်။

သစ်တော ထူထပ်သဖြင့် တခဏ်အတွင်း၌ပင် ပျောက်ကွယ်သွား၏။

နိုင်ချစ်နေဝ်သည် ဝင်ခွင့်အမိန့်ကို စောင့်ရင်း ဆန်ကွမ်းချီအား လှမ်းမေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ထိန်ချုန်စီအင်္ကျီ ဝတ်ထားသလား'

'ဟုတ်ကဲ့...ဝတ်ထားပါတယ်'

'ကွန်လုံဝနဲ့တိုက်ရင် ကျွန်မက ပထမဦးဆုံး တိုက်မှာပါ၊ ကျွန်မအတွက် စိတ်မပူပါနဲ့၊ ကျွန်မဆီမှာ အပြာရောင်ထိန်ချုန်စီအင်္ကျီတစ်ထည်ရှိတယ်၊ ကျွန်မ ဝတ်ထားတယ်'

ထိန်ချုန်စီ အင်္ကျီဆိုသည်မှာ သိုင်းလောက၏ ရတနာသုံးမျိုးအနက်မှ တစ်မျိုးဖြစ်သည့် ပိုးချည်မျှင်အင်္ကျီကို ခေါ်ဆိုခြင်းဖြစ်သည်။

ယွမ်ရှောက်သည် မသိနားမလည်သော မျက်လုံးကြီးများဖြင့် သူ့အစ်ကိုကြီးကို တစ်လှည့်၊ သူအလွန်ချစ်လှသော နိုင်ချစ်နော်ကို တစ်လှည့် ငေးကြည့်လျက်ရှိနေလေ၏။

အခန်း (၁၅၀)

## သူရဲကောင်း၏ စေတနာ

ဆန်ကွမ်ချီသည် နိုင်ချစ်နော်ကိုလည်းကောင်း၊ သူ့ညီယွမ်ရှောက်ကို လည်းကောင်း သိပ်စကားမပြောခဲ့လိုပေ။

ကွန်လုံဝမ်နှင့် တိုက်ရသည့် တိုက်ပွဲတွင် သူသေလျှင်သေ၊ မသေလျှင် ကွန်လုံဝမ်သေက အလွန်ကောင်းချိမ့်မည်ဟု တွေးနေသည်။

ယွမ်ရှောက်သည် မထုံထက်တေး ဖြစ်ခဲ့နသည့် သူ့အစ်ကိုကြီး၏ အမူအရာကို ထူးဆန်းသည်ဟု မထင်မိပေ။

ဆန်ကွမ်းချီသည် ယခင်ကလည်း မလိုအပ်ဘဲ စကားများများ ပြောသူ မဟုတ်ခဲ့ပေ။

မကြာမီ သဟင်းပိုသူ ပြန်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ကို ဂိုဏ်းချုပ်ကြီးက ဖိတ်ခေါ်လိုက်ပါတယ်'

နိုင်ချစ်နော်က ဦးဆောင်ပြီး ဝင်သည်။

သတင်းပို့သူ အက်ျီနက်က လမ်းပြဆောင်၏။

ကွမ်းတစ်ယာညက်ခန့် ခရီးဆက်ပြီးသောအခါ အလွန်တရာကြီးမားသော ဇရပ်ဟောင်းကြီး တစ်ဆောင်ရှိရာသို့ ရောက်ရှိလာကြလေ၏။

မည်သည့် နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော ဇရပ်မှန်း မည်သူမှ မခန့်မှန်းနိုင်ကြချေ။

အလွန်တရာကြီးမားသော တိုင်ကြီးများကို အသုံးပြုထား၏။

ဇရပ်အလယ်ကောင် ခန်းမကြီးကလည်းကျယ်ဝန်းလှသည်။

ခန်းမကြီး၏ အစွန်းတွင် အလွန် တရာ မြင့်မားသော ကုလားထိုင်ကြီးတစ်လုံးရှိနေပြီး ထိုထိုင်ခုံပေါ်တွင် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူတစ်ဦး ထိုင်နေ၏။

ကွန်လုံဝမ်မှအပ အခြား မည်သူမျှ မဖြစ်နိုင်ပေ။

သို့ရာတွင် သူ့ဝဲယာ၌ မည်သည့် သက်တော်စောင့်မျှ မရှိသဖြင့် အလွန်ထူးခြားနေသည်။

လမ်းပြပို့ဆောင်သူက ဒူးထောက် ထိုင်ချကာ ရှိခိုးဂါရဝပြုသည်။



'ဂိုဏ်းချုပ်ကြီး ခင်ဗျား၊ တွေ့ဆုံလိုသူတွေ ရောက်ရှိလာပါပြီ'

အေးစိမ့်သော ကွန်လုံဝမ်၏အသံက ငုန်ပာည်း၍ ထွက်ပေါ်လာသည်။

'အိမ်း....ထားခဲ့ဘော့၊ မင်း တာဝန်ကျတဲ့နေရာကို ပြန်သွားပေတော့'

ထိုလူသည် ချက်ချင်း ပြေးထွက် ပျောက်ကွယ်သွား၏။

နိုင်ချစ်နော်က ဂါရဝပြုပြီး....

'ကျုန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းပညာမှူးက ဝမ်ဂိုဏ်းချုပ် ဆရာကြီးကွန်လုံဝမ်ကို ဂါရဝပြု နှုတ်ဆက်ပါတယ်'

ကွန်လုံဝမ်က အေးစိမ့်စွာ ပြောသည်။

'မင်းဟာ ငါ့သမီးပဲ၊ ဘယ့်နှယ် ကျုန်လုဂိုဏ်းရဲ့ တိုက်ခိုက်ရေး နည်းပညာမှူး ဖြစ်ရမှာလဲ'

'ကွန်လုံဝမ်ရဲ့သမီးတော် ပထမ သခင်မဟာ သေဆုံးသွားပါပြီ'

'ဘယ်လိုလုပ် သေဆုံးရမှာလဲ၊ ငါ့မှာ အားကိုးအားထားပြုစရာဆိုလို့ ဒီသမီးတစ်ယောက်ပဲ ရှိတာပဲဥစ္စာ'

ဆန်ကွမ်းချီသည် နောက်ဘက် ခပ်လှမ်းလှမ်း၌ ရပ်နေသော်လည်း နိုင်ချစ်နော်အတွက် စိုးရိမ်ပူပန်နေသော ယွမ်ကျောက်

www.burmeseclassic.com



ကမူ နိုန်ချစ်ခနော်နှင့် လက်တစ်ကမ်းအကွာ၌ သွားရပ်နေလေ၏။

'ကျွန်မကို အရိုးစိမ့်အဆိပ်အပ်စိုက်တာ ရှင်ပဲ မဟုတ်လား။ သင်္ချိုင်းထဲပို့ပြီးမှ အားကိုးချင်တယ်ဆိုတဲ့ စကားဟာ ရယ်စရာ ပြက်လုံးပဲ'

'တကယ်ပါ၊ တတိယသမီး မကြွယ်ကိုကိုဟာ ညည်းလို အားမကိုးရဘူး၊ ငါသေရင် ငါက ဘယ်သူ့ကို လွှဲပေးခဲ့ရမှာလဲ၊ အရိုးစိမ့်အပ်စိုက်တာက ညည်း စိတ်လွတ်ကိုယ်လွတ် မလုပ်နိုင်အောင် တားတဲ့ သဘောပဲ'

'အဲဒီအဆိပ်အပ်ကို ဆရာကြီးတစ်ယောက်က ထုတ်ပေးခဲ့တယ်'

'ငါကလဲ အဆိပ်ဖြေဆေး မှန်မှန်ပေးမယ်လို့ ပြောခဲ့သားပဲ'

'ဒါတွေ ဆွေးနွေးချင်လို့ လာတာမဟုတ်ဘူး'

'ဘာလဲ၊ ညည်းက ရန်ဖြစ်ချင်လို့လား'

'ဟုတ်တယ်'

'ဒါဆိုရင် ကျွန်လုဂိုဏ်းကအဆင့်မြင့်သိုင်းသမားတော်တော်များများကို ခေါ်လာဖို့ကောင်းတယ်'

'အဲဒီအတွက်တော့ မပူပါနဲ့၊ ကျွန်မ အားလုံးစီစဉ်ခဲ့ပါတယ်'



'မင်းတို့နဲ့ သိုင်းကွက်ပေါ်ဆယ် ယှဉ်ပြိုင်ဖို့တော့ မလိုဘူး မင်းတို့သုံးယောက်စလုံးကို ကြက်ကလေး ငှက်ကလေးတွေလို ဖမ်းနိုင်တယ်၊ သိရဲ့လား'

နိုင်ချစ်ခနော်က မခန့်လေးစား ရယ်လေတော့၏။

'ကျွန်မတို့ကို ဖမ်းမယ် ဟုတ်လား၊ ကျွန်မတို့ကို မဖမ်းခင် တော်အိမ်က အကျဉ်းထောင်ကို သွားစစ်ဆေးစမ်းပါဦး'

ကွန်လုံဝမ်၏ မျက်နှာ၌ သားရေ မျက်နှာတု တပ်ဆင်ထားသဖြင့် အမူအရာ ပြောင်းလဲသည်ကို မတွေ့နိုင်ပါ။

သို့သော် သူ့မျက်လုံးများ အရောင်ပြောင်းလဲသွားသည်ကိုမူ ဆန်ကွမ်းချို သတိပြုလိုက်မိသည်။

နိုင်ချစ်ခနော်က အေးစက်စက် ပြောလေ၏။

'ရွှေဝင်လင်ကျောင်းက ထိန်မုဆရာတော်ရယ်၊ အဝင်အဝစောင့်ကြပ်နေတဲ့ ဆရာကြီးလေးယောက်ထဲက ဆရာကြီး ကျင်ယယ်တောက်ရယ်၊ အဲဒီနှစ်ယောက်ကို ကျွန်မတို့ ကာယတင်ပေးခဲ့ပြီးပြီ'

အလွန်တရာ ဣန္ဒြေကောင်းလှသော ကွန်လုံဝမ်မှာ လှုပ်လှုပ်ရွားရွား ဖြစ်သွားတော့သည်။

'နှင် ဘာပြောလိုက်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကာ 'စံတော်အိမ်ရဲ့ မြေအောက် အကျဉ်းထောင်ထဲက အကျဉ်းသားနှစ်ယောက်ကို ကျွန်မတို့ ကယ်တင်ခဲ့ပြီးပြီ၊ ဒီတန်ဆောင်မုန်းရဲ့ အပြင်မှာ အဲဒီပုဂ္ဂိုလ်ကြီးနှစ်ဦး စောင့်နေကြပါတယ်။ ဘုရားကျောင်းချုပ်ကြီး ကွန်လုံဝမ်ကသာ သဘောတူရင် သူတို့ တစ်ဦးချင်း တိုက်ကြမှာပါ'

'သယ်...'

ကွန်လုံဝမ်၏ လက်များ လျှပ်တစ်ပြက် လှုပ်ရှားသွားသည်။

နိုင်ချစ်နေဘ်သည် မျက်နှာဆီသို့ လွင့်လာသည့် အဆိပ်အပ်များကို ဓားဖြင့် ရိုက်ထုတ်လိုက်သော်လည်း ခန္ဓာကိုယ်ဆီသို့ လာသည့် အဆိပ်အပ်များကိုမူ ရှောင်တိမ်းခြင်း၊ ရိုက်ထုတ်ခြင်း မပြုပေ။

သူမ၏ ခန္ဓာကိုယ်၌ ထိန်ချန်စီအင်္ကျီ ဟူသော ပိုးချည်ထည် အင်္ကျီ ဝတ်ဆင်ထားသဖြင့် အဆိပ်အပ်များသည် ခန္ဓာကိုယ်ထဲသို့ တိုးမဝင်နိုင်ဘဲ ကဖြုတ်ဖြုတ် လွင့်စဉ်ကျသွားသည်။

ကွန်လုံဝမ်မှာ လွန်စွာ အံ့အားသင့်သွား၏။

'ညည်း ဘယ်လိုပညာတွေ ထပ်သင်ထားသလဲ'

သူသည် လက်နက်ပုန်း ပစ်ခတ်သည့် အတတ်ပညာတွင် တစ်ဖက်ကမ်းခတ်သူ ဖြစ်၏။

အဆိပ်ပညာတွင် ထန်ရှင်နှင့်တန်းတူ ထက်ကျမ်းသူ ဖြစ်၏။



ယခု သူ၏ ပညာများသည် အချည်းနှီးဖြစ်လျက် ရှိနေလေပြီ။

သူသည် သိုင်းလောက၌ ထင်သလို လုပ်လာခဲ့သူ ဖြစ်၏။

ထန်ရှင် မရှိသည့်နောက် သူလုပ်တိုင်း ဖြစ်ရမည်ဟု ပို၍ ယုံကြည်လာခဲ့၏။

ယခု သူလုပ်တိုင်း မဖြစ်တော့ပေ။

သူ၏ လုံခြုံလှသော စံတော်အိမ်၏ မြေအောက် အကျဉ်းထောင်လည်း ဖောက်ထွင်းခံခဲ့ရပြီ။

စွန့်ပစ်ထားသော သစ္စာဖောက် သမီးကလည်း အဖထက် သားတစ်လကြီး ဟူသော စကားပုံလို မိမိအား ပြန်လည် ညာပြုနေခဲ့လေပြီ။

ထို့ကြောင့် သူ၏ ဒေါသသည် ယမ်းပုံမီးကျ ပေါက်ကွဲရတော့၏။

နိုင်ချစ်မနော် လိုချင်သည်ကလည်း သည်ပုံစံပင်။

ထိုမှသာ ကွန်လုံဝမ်၏ မှားကွက်ကို ထောက်ပြီး အနိုင်ယူမည်ဟု ယုံကြည်၏။

သူမသည် ယခုအခါ၌ကွန်လုံဝမ်ကိုသိပ်မကြောက်တော့ပေ။

မကြောက်ခြင်းမှာ အကြောင်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်က ခြောက်လ ခုနစ်လတာမျှပိုင်မာစန်းတောင်ရှိ ထူးခြားအံ့သြဖွယ်ကောင်းသောကျောက်တံခါးဝသို့လိုက်ပ ပြသည်။

ထိုနေရာ၌ သိုင်းလောက၏ ရတနာသုံးမျိုးကို တွေ့ရသည်။

ထိုနေရာ၌ပင် ယွမ်ရှောက်က သူ တတ်မြောက်ထားသည့် သိုင်းပညာရပ်များကို သင်ကြားပေးသည်။

ထို့ကြောင့် ယခု နိုင်ချစ်နော်မှာ ယခင် ကွန်လုံဝမ်၏သိ နိုင်ချစ်နော် မဟုတ်တော့ပေ။

အတော်ကာလသိုး ပညာပြည့်ဝနေသော နိုင်ချစ်နော် ဖြစ် သည်။

ကွန်လုံဝမ်က ခြိမ်းခြောက်၏။

'နင်က ငါနဲ့ တစ်ယောက်ချင်းယှဉ်ပြိုင်ရဲလို့လား' ပြော

နိုင်ချစ်နော်က ကွန်လုံဝမ် မခံချင်အောင် ဘမင်ရယ်ပြသည်

'ကျွန်မနဲ့ ယှဉ်ပြိုင်ချင်တယ်ဆိုရင်တော့ ကျွန်မက ငြင်းပယ် တယ်ထင်တော့မလဲ'

ဆန်ကွမ်းချီသည် ရှေ့သို့ ဘသာတိုးလာပြီး သူ၏ လက်ထဲ ရှိ ဓားကို လှမ်းပေးသည်။



'ရော့... ဒီဓားကို ယူပါ၊ ခင်ဗျား ဒီအတိုင်း ပြိုင်ရင် မနိုင်နိုင်ပါဘူး၊ ဒီဓားကိုင်ထားရင် မနိုင်တောင် ရှုံးတော့ မရှုံးဘူး'

နိုင်ချစ်နော်သည် ဆန်ကွမ်းချီ၏ပြောစကားကို လက်ခံသည်။

ထို့ကြောင့် ဓားကို လှမ်းယူ၏။

'ရှင်တို့ နည်းနည်း နောက်ဆုတ်ကြပါ'

ဆန်ကွမ်းချီ နောက်ဆုတ်သွား၏။

ယွမ်ရှောက်လည်း ဆုဝ...ပေးသည်။

သို့ရာတွင် ယွမ်ရှောက်၏ ခန္ဓာကိုယ်မှာ လေးညို့မှ ထွက် တော့မည့် မြားတံလို ဖြစ်နေသည်။

နိုင်ချစ်နော်သာ တစ်စုံတစ်ခု ဖြစ်လျှင် သူ ကစ်ဟုန်ထိုး ဝင်တိုက်မည်မှာ သေချာနေသည်။

ကွန်လုံဝမ်သည် နိုင်ချစ်နော်၏လက်ထဲမှ ဓားကိုတစ်ချက် အကဲခတ်ပြီး...

'ကဲ...မင်းကို တန်းတူယှဉ်ပြိုင်ရင် ငါသိက္ခာကျတယ်၊ မင်း စိတ်ကြိုက်သုံးကွက်အသာယူပေတော့၊ သုံးကွက်အတွင်းမှာ ငါ ပြန်မတိုက်ဘူး၊ ရှောင်ရုံပဲရှောင်မယ်'

နိုင်ချစ်နော်က ရယ်ပြီး...

www.burmeseclassic.com



'သုံးကွက်အသားပေးတာတွေ၊ အလျှော့ပေးတာတွေ ဘော ချိတ်ထား၊ ရှင့်လက်နက်ကို ထုတ်ပေတော့၊ ဒီဓားဟာ ပေါ့ သေးသေးမဟုတ်ဘူး၊ သံကိုတောင်ဖြတ်နိုင်တယ်'

ကွန်လုံဝမ်က မာကျောစွာ ပြန်ပြောသည်၊

'သုံးကွက်တိုက်စမ်းပါဦး၊ သုံးကွက်တိုက်ပြီးလို့မှ မနိုင်ရင် ငါ့လက်နက်ကိုထုတ်ပါ့မယ်'

'ကောင်းပြီ၊ ဒါဆို ကျွန်မတိုက်ပြီ'

သူမသည် 'နဂါးမင်းခြေသည်းဆန့်' သိုင်းကွက်ဖြင့် စတင် တိုက်ခိုက်၏၊

ကွန်လုံဝမ်က နိုင်ချစ်နော်၏ဓားကိုလျှပ်တစ်ပြက်ဖမ်းဆွဲ၏၊

သို့သော် ချက်ချင်းနောက်ပြန်ဆုတ်သွားသည်၊

'ငါ သုံးကွက်အသာပေးထားတာ မေ့သွားတယ်ဟေ့၊ ဒီ တစ်ကွက်ကိုလျှော့ပစ်လိုက်၊ နောက်ထပ်သုံးကွက် ပြန်တိုက်'

'ကောင်းပြီ၊ ကျွန်မကတော့ သိပ်ခြင်းနေမှာ မဟုတ်ဘူး၊ တစ်ခုတော့ပြောထားမယ်၊ ဒီဓားကိုတော့ လာမထိနဲ့နော်'

သူမသည် ဓားကွက်သုံးကွက် ဆက်တိုက်ထုတ်သည်၊

ဤပညာမှာ ကွန်လုံဝမ် သင်ပေးထားသော ပညာမဟုတ် ပေ၊



ကွန်လုံဝမ် အမှန်တကယ် ထိတ်လန့်သွားသည်။

'ဟင်...ဘာဝင်မြင့်မယ်ဆိုလဲ မြင့်လောက်နေတာကိုး၊ ထူး ဆန်းတဲ့ ဓားကွက်တွေ သုံးနိုင်နေတာကိုး'

သူ တွေးတောနေခိုက်မှာပင် ဓားသည် ငလယ်လှိုင်းလုံးကြီး များ တစ်လုံးပြီးတစ်လုံး ရိုက်ခတ်လာသကဲ့သို့ အဆက်မပြတ် တိုက်ခိုက်လာတော့သည်၊

ကွန်လုံဝမ်မှာ သုံးကွက်လည်း မဘတ်နိုင်၊

ခုနစ်ကွက်လည်း မတတ်နိုင်၊

နောက်သို့ နှစ်ပေခန့်ဆုတ်ပေးရတော့သည်၊

နိုင်ချစ်နော်သည် သူမ၏မွေးစားဖခင်ဟောင်းကို အသာစီး မှ တိုက်နိုင်သဖြင့် စိတ်ဓာတ်တက်ကြွလာ၏၊

ရှေ့ဓားကို ပြန်လည်ရုပ်သိမ်းပြီး တခစ်ခစ်ရယ်လေ၏၊

'လက်နက်မထုတ်သေးဘူးလား၊ နောက်ထပ် ကျွန်မဆက် တိုက် တိုက်နိုင်ရင် လက်နက်ထုတ်ဖို့ အခွင့်အရေး ရှိတော့မှာ မဟုတ်ဘူး'

ကွန်လုံဝမ်သည် မည်သည့်စကားမျှ မပြောဘဲ လှစ်ခနဲခုန် ဝင်လာပြီး နိုင်ချစ်နော်အား အကြောထိုးပိတ်လာ၏။

မြန်လိုက်သည့်ဖြစ်ခြင်း။

'သတိထား'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကုမ်းချီ၏အော်သံသည် တန့်ယန့်ကုန်းတစ်ဝိုက်၌ ကျယ်လောင်စွာ လွင့်ပျံ့သွား၏။

ကွန်လုံဝမ် ညာဏ်များသည်။

လက်နက်ထုတ်ရန်ပြောဆိုနေစဉ် အလစ်ဝင်တိုက်ခြင်း ဖြစ်သည်။

နိုင်ချစ်နော်သည် သူမ၏ဓားမြှောင်အကြောင်းကို သိပြီးသားဖြစ်ပုံရသောကြောင့် လှစ်ခနဲ ဘေးသို့ရှောင်လိုက်ပြီး ကိုးကျော်ဓားဆိုင်းကို ထုတ်သည်။

ဓားရောင်သည် လေးဘက်လေးတန်၌ ပိတ်ဆို့နေ၏။

ကွန်လုံဝမ် မူးခြောနေဟန်။

နောက်သို့ ခုန်ဆုတ်သည်။

ဝေါ်သလည်း ပြေးထွက်သည်။

ထိုကိုးကျော်ဓားသိုင်းသုံးကွက်သည် သူသင်ကြားပေးလိုက်သည့် ဓားသိုင်းပညာမဟုတ်ပေ။

အကယ်၍ နိုင်ချစ်နော်ကသာ စိတ်ကူးတစ်မျိုး ပေါက်ပြီး သူသင်ကြားပေးခဲ့သည့် ဓားသိုင်းပညာကို သုံးပါက ချက်ချင်း ဖမ်းဆီးနိုင်မည်ဟု ကွန်လုံဝမ် ယုံကြည်၏။

နိုင်ချစ်နော်မှာမူ သူ့ကိုယ်သူ ဖို၍ ယုံကြည်စိတ်ချသွား၏



ဆရာနှင့် မွေးစားဖခင်ဖြစ်သူသည် အမှားအား လုပ်ချင်ယင်ပီ လုပ်၍ မရသောကြောင်း မျက်မြင် ကိုယ်တွေ့ ဖြစ်နေသည် မဟုတ်ပါလား။

'ဘယ့်နှယ်သဲ၊ လက်နက် မထုတ်သေးဘူးလား'

ကွန်လုံဝမ်သည် သူ၏ အတွင်းအိတ်ထဲမှ မည်းမည်းအခွံ တစ်ခု ထုတ်ယူလိုက်၏။

ရှန်ခနဲရိုက်ချလိုက်သည့်အခါ ကျောပွတ်တစ်ချောင်းဖြစ်နေကြောင်း တွေ့ရှိရပေ၏။

'မင်းရဲ့ပညာတွေ ငါထင်ထားတာထက်ကောင်း တိုးတက်နေပါလား'

သူသည် ရွှေဓားကို တစ်ချက် လှမ်းကြည့်ပြီး....

'မင်းကို ငါမေးမယ်၊ မှန်မှန်ဖြေစမ်း'

'ဘာမေးချင်သလဲ'

'မင်းလက်ထဲက ရွှေဓား'

'ဒီဓားက သာမန်ဓားမဟုတ်ဘူး၊ သမိုင်းရှိတယ်'

'နားလည်ပြီ၊ ဒါဟာ ဝိညာဉ်နတ် လိပ်ပြာ ရွှေဓားပဲပေါ့'

'မှန်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်....တခြား ရတနာနှစ်မျိုးလဲ ဒီဓားနဲ့အတူ ပေါ်လာရတော့မှာပေါ့'

'တစ်ခုပေါ်လာမှတော့ နောက်နှစ်ခု ပေါ်လာတာ မဆန်းပါဘူး၊ သိုင်းလောကရဲ့ အန္တရာယ်ကောင်ကို သုတ်သင်ဖို့အချိန်ကိုက် အခါကိုက် ထွက်ပေါ်လာတာပဲလို့ ကျွန်မတော့ ယုံကြည်တယ်'

ကွန်လုံဝမ်သည် သက်ပြင်းချ၍ ခပ်တိုးတိုးပြော၏။

'ငါဟာ စံတော်အိမ်ကြီးကိုတည်ဆောက်တယ်၊ မြေအောက်အကျဉ်းထောင်ကြီး တည်ဆောက်တယ်၊ သိုင်းသမားတွေကို စုစည်းသိမ်းသွင်းခဲ့တယ်၊ ဒါတွေဟာ သိုင်းလောကကြီး တစ်ခုလုံးကို အုပ်စိုးဖို့ပဲလို့ မင်းထင်သလား'

'ကျွန်မ သိပါတယ်၊ ရှင်ဟာ တရုတ်ပြည်ရဲ့ ဧကရာဇ်ကြီးအာဏာကို လုယက်တိုက်ခိုက်ပြီး ဧကရာဇ်ကြီးဘွဲ့ခံမလို့ မဟုတ်လား'

ကွန်လုံဝမ်က လေးပင်စွာ ခေါင်းညိတ်၏။

'မင်း သိသားပဲ၊ ငါ့တာဝန်ဟာ အင်မတန်ကြီးမားတယ်၊ နောင်တစ်နေ့ ငါ့တာဝန်ကို ဆက်ခံနိုင်မယ့်လူဟာ မင်းပဲ ရှိတယ်၊ မင်းသာ သဘောပေါက်ပြီး ငါ့ဆီ ပြန်ခိုဝင်လာရင် မင်းကို ငါ့အရိုက်အရာ ဆက်ခံရမယ့်လူလို့ အတည့်အလင်း ကြေညာမယ်'



နိုင်ချစ်နော်က ခေါင်းခါပြီး ငြင်းဆန်၏။

'ရေသတ္တဝါဟာ ရေထဲမှာပဲ နေသင့်တယ်၊ ကုန်းသတ္တဝါဟာ ကုန်းပေါ်မှာပဲ ရှိသင့်တယ်၊ ဘယ့်နှယ် မအော်မရော ဘုရင့်ဧကရာဇ်ရဲ့အာဏာကိုလုဖို့ ကြံစည်ရတာလဲ၊ ဒါဟာ မဖွယ်ရာတဲ့ အကြံအစည်မို့လို့ ကျွန်မ သဘောမတူပါဘူး'

'မင်းတကယ် စဉ်းစားပြီးပြီလား'

'စဉ်းစားစရာ မလိုပါဘူး၊ ကျွန်မက ရှင်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ'

'မင်း....ဆန်ခေါင်ရတနာအကြောင်းကော သေသေချာချာ သိရဲ့လား'

'အစွမ်း သိပ်ထက်တယ်လေ'

'မင်းသိတာတွေက အသေးအဖွဲတွေပဲ၊ နက်နက်နဲနဲသိတဲ့လူဟာ ဒီရတနာသုံးမျိုးနဲ့ သိုင်းလောကရဲ့ ဧကရာဇ်ဘွဲ့ကို ရယူနိုင်တယ်'

ဆန့်ကွမ်းချီသည် ထိုရတနာသုံးမျိုးနှင့် ပတ်သက်၍ ထန်ရှင်က မည်သို့မျှ ရှင်းလင်းဖွင့်ဆိုခဲ့ခြင်း မရှိကြောင်း စဉ်းစားမိလာ၏။

ကွန်လုံဝမ်က ဆက်ပြောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါဟာ ဒီရတနာသုံးမျိုးရရှိဖို့ တစ်သက်လုံး ကြိုးစားလာခဲ့ရတယ်၊ မမျှော်လင့်ဘဲနဲ့ ငါ့ကိုပုန်ကန်တဲ့လူက ဒီရတနာသုံးမျိုးကို ရသွားတယ်၊ တကယ်လို့ မင်းသာ အမြင်မှန်ရပြီး ငါနဲ့ ပူးပေါင်းရင် တရုတ်ပြည်တစ်ပြည်လုံးဟာ ငါ့ခြေထောက်အောက်ကို ပြားပြားဝပ် ရောက်ရှိလာလိမ့်မယ်၊ ဒီရတနာသုံးမျိုးရဲ့ နက်ရှိုင်းတဲ့ဟာနဲ့ဖိုးကို သိတဲ့လူဆိုလို့ ယန်ရွှင်နဲ့ငါ နှစ်ယောက်တည်းပဲရှိတယ်'

'ကျွန်မ ဝမ်းနည်းပါတယ်၊ မဖြစ်နိုင်ပါဘူး'

ကွန်လုံဝမ်၏အသံသည် မိုးခြိမ်းသကဲ့သို့ ရုတ်တရက် ကျယ်လောင်လာ၏၊

'ငါက အေးအေးဆေးဆေး ပြောပြနေတာကို မင်းက အတင်း ငြင်းဆန်နေသလား၊ ကောင်းပြီ၊ မင်းကို အရင်ဆုံး သတ်မယ်'

မကြာမီ ခနနှင့် ကျော့ပွတ်တို့၏ တိုက်ပွဲ စတင်လာတော့သည်၊

ကွန်လုံဝမ်သည် အရက်စက်ဆုံးသော တိုက်ကွက်များဖြင့် ညှာတာ တိုက်ခိုက်သဖြင့် နိုင်ချစ်နော်မှာ အသူးသတိထား နေရလေတော့၏၊

သူသည် ရှေ့မှာစောင့်ဆိုင်းရသည်ကို သိနေသည့်အတွက် ခနနှင့် ထိပ်တိုက်မဖြစ်အောင် သတိထားနေရသည်၊



ထို့ကြောင့် တိုက်ပွဲမှာ သူမသာကိုယ်မသာ အနေအထားမျိုး ဖြစ်နေရ၏၊

ဤသို့ဖြင့် သိုင်းကွက်ခုပေါင်း ငါးဆယ်မျှ နှစ်ဦးသား ယှဉ်ပြိုင်နိုင်ခဲ့ကြသည်၊

သို့သော် ကွန်လုံဝမ်၏ ကျော့ပွတ်သည် တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ အင်အားကြီးမားလာသည်ကို နိုင်ချစ်နော် သတိပြုလာမိသည်၊

တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ အသက်ရှူ ကျပ်လာခဲ့ရခြင်းအတွက် နိုင်ချစ်နော် အစိုးရိမ် ကြီးလာရသည်၊

ကွန်လုံဝမ်အား ဤ ဓားကလေးတစ်လက်ဖြင့် အနိုင်ယူနိုင်သည်ဆိုလျှင် ကွန်လုံဝမ်၏ အရင့်အမာ သိုင်းပညာများကို ရေထဲ မျှောပစ်ရုံသာ ရှိတော့သည် မဟုတ်ပါလော၊

ထိုအချိန်တွင် ဆံနက်ကွမ်းချီသည် ယွမ်ရှောက်အား လက်တို့ခေါ်ပြီး တီးတိုး မှာကြားနေ၏၊

'ရှမ်း'

ကျော့ပွတ်ရိုက်ချက် တစ်ချက်သည် နိုင်ချစ်နော်၏ ညာဘက်လက်မောင်းကို ရှမ်းခနဲ ရိုက်မိသွားသဖြင့် လက်ထဲမှ ဝိညာဉ်သိပ်ပြာနှုတ်ရွှေဓား လွတ်ကျသွားတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်သည် ကြောက်လန့်စရာ ကောင်းလောက်အောင် ရယ်မောပြီး နိုင်ချစ်နေဘ်၏ ရင်ဝ အကြောက်ုပိတ်ရန် ခုန်ဝင်လာသည်။

'ရပ်လိုက်'

ယွမ်ရှောက်သည် ကျယ်လောင်စွာ အော်ဟစ်ပြီး ဥက္ကာပျံ ပျံသန်းသလို ကွန်လုံဝမ်ထံသို့ တစ်ရှိန်ထိုး ဝင်သွားသည်။

မြန်လွန်းလှသဖြင့် ရိပ်ခနဲသာ မြင်လိုက်ရသည်။

သူသည် နိုင်ချစ်နေဘ်အား ကယ်တင်ရန် ရှိသမျှ အင်အားကို အသုံးပြုပြီး ခုန်ဝင်သွားသည့် ခလယ်ှင်းအသည်ပင် အဟူးဟူး မြည်သွားခဲ့ရသည်။

ယွမ်ရှောက်၏ တိုက်ကွက်သည် မည်မျှ ပြင်းထန်သနည်း ဆိုသော် ကွန်လုံဝမ်ကဲ့သို့သော အရင့်အမာ သိုင်းသမားကြီးပင် ယှဉ်မတိုက်ရဲတဲ နောက်ဆုတ်ပေးခဲ့ရသည်အထိ ဖြစ်ခဲ့ရလေ၏။

နိုင်ချစ်နေဘ်မှာ သိသိသာသာပင် တိုက်ပွဲစည်း အပြင်သို့ ထွက်သွားရသည်။

ဆန်ကွမ်းချီက လျင်မြန်စွာ ချဉ်းကပ်ပြီး လာရောက် မေးမေသည်။

'ဒဏ်ရာ သိပ်ပြင်းထန်သလား'

နိုင်ချစ်နေဘ်က ဆန်ကွမ်းချီ၏လက်ကို ပုတ်ချသည်။



'ကျွန်မရဲ့ဒဏ်ရာ မပြင်းထန်ဘူး၊ အောက်ကျနေတဲ့ ဓားက အရေးကြီးတယ်၊ မြန်မြန်ပြန်ရအောင်ယူလိုက်'

ဆန်ကွမ်းချီသည် ဓားကို လှမ်းကြည့်လိုက်၏။

ကွန်လုံဝမ်သည် ယွမ်ရှောက်ကို ရှောင်တိမ်းရင်း ရွှေဓားကို ကျာပွတ်ဖြင့် လိပ်ယက် ဆွဲယူသွားသည်။

ထိုမြင်ကွင်းသည် ဆန်ကွမ်းချီအား အကြီးအကျယ် တုန်လှုပ်ချောက်ချားစေသော မြင်ကွင်းဖြစ်၏။

သူသည် ကြားရသူတိုင်း နားပင်းသွားမတတ် အော်ဟစ်ပြီး တစ်ရှိန်ထိုး ခုန်ဝင်သွားတော့သည်။

သို့သော် ကွန်လုံဝမ်မှာ ကျာပွတ်ကိုင်ရာ၌ အလွန်ဘာရာ ကျွမ်းကျင်သူဖြစ်၍ ရွှေဓားကို လိပ်ပတ်ထားရင်းမှ ဆန်ကွမ်းချီအား ရွှေဓားဖြင့် တိုက်ခိုက်တော့သည်။

ရွှေဓားသည် အလွန်တရာ အစွမ်းထက်၏။

ကွန်လုံဝမ်၏ လက်ထဲရောက်သွားသျှင် မိုးကြိုးလက်နက်တမျှ အစွမ်းထက်သွားပေလိမ့်မည်။

ထို့ကြောင့် မိုက်မိုက်ကန်းကန်း ဝင်လုရန် ဆိုးဖြတ်ခြင်း ဖြစ်ပေသည်။

ထိုအချိန်၌ ယွမ်ရှောက်သည် နိုင်ချစ်နေဘ်၏ဘေး၌ပြန် ရောက်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်၏ ကျွမ်းပွတ်သည် မြေလိမ့်မြေကောက်သဏ္ဌာန်၊ ရေလှိုင်းသဏ္ဌာန် စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် ဆန်ကွမ်းချီအား တိုက်ခိုက်နေ၏။

ကျွမ်းပွတ်ချည်းဆိုလျှင် ဆန်ကွမ်းချီ တိုက်ခိုက်ပုံမျိုးနှင့်သာ ဆိုပါက ကွန်လုံဝမ် မျက်ဖြူဆိုက်သွားနိုင်၏။

ယခုသော် ကျွမ်းပွတ်ထိပ်ဖျားတွင် အရောင်တဝင်းဝင်း ဖြစ်နေသည့် ရွှေဓားဆီ ရောင်ခြည်ရှိနေသဖြင့် ဆန်ကွမ်းချီမှာ ကွန်လုံဝမ်ကို မည်သို့မျှ ထိခိုက်အောင် လုပ်နိုင်ဘဲ ရှိနေလေ၏။

သို့သော် ကွန်လုံဝမ်မှာလည်း အသက်စွန့် တိုက်ခိုက်နေသည့် ဆန်ကွမ်းချီကြောင့် ကျွမ်းပွတ်ဖျားမှ ရွှေဓားကို သူ့လက်ထဲသို့ အရောက် ဆွဲယူနိုင်ဘဲ ရှိနေ၏။

လက်ထဲ အရယူလိုက်သည်နှင့် ဆန်ကွမ်းချီ၏ ထိုးနှက်မှုကို ခံရမည်မှာ သေချာနေသည်။

ဆန်ကွမ်းချီ အခြေမလှ ဖြစ်နေသည်ကို တွေ့ရသောအခါ နိုင်ချစ်နေသည့် ယွမ်ရှောက်အား လှမ်း၍အမိန့်ပေး၏။

"ယွမ်ရှောက်...ဝင်ကူလိုက်"

ယွမ်ရှောက်သည် တစ်ရှိန်ထိုး ခုန်ဝင်ပြီး ကွန်လုံဝမ်အား လက်ဝဲဘက်မှ တိုက်ခိုက်၏။



ကွန်လုံဝမ်မှာ မုန်တိုင်းတိုက်သလို အပြင်းအထန် တိုက်ခိုက်ကြသော လူငယ်နှစ်ဦးနှင့် ကြုံတွေ့ရသောအခါ စိတ်ပူ...
...သည်။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့မှာ တိုက်ကွက် ကြံ့ခိုင်ပါ...
...သည်နှင့်အမျှ ချွေးဒီးဒီး ကျလာသည်။

စင်စစ် အတွင်းအား အလွန်ကောင်းသော ကွန်လုံဝ...
...လျှင် အလွန်တရာ ပင်ပန်းနေသောပြီ။

သို့သော် မျက်နှာပုံးအတွ စွပ်ထားသဖြင့် သူ့ပင်ပန်းမှုကို...
...သူမျှ မရိပ်မိနိုင်ဘဲရှိသည်။

သူသည် ရွှေဓားကိုလည်း အလွန် လိုချင်နေ၏။

သို့သော် ယူ၍လည်းမရဘဲ ဖြစ်နေသည်။

ထိုသောကသည် ခန္ဓာကိုယ်ပင်ပန်းသည်ထက် ပိုကြီး...
...နေ၏။

ဆန်ကွမ်းချီသည် ယွမ်ရှောက်နှင့် ပလေ့မှတ်ရင်း ...င်ကြား...
...သည့် သိုင်းကွက်များကို သုံးသည်။

သို့သော် ထိုသိုင်းကွက်များမှာ ကွန်လုံဝမ်နှင့် တန်းတူ...
...ညီတူ ရှိရုံမျှသာ ဖြစ်နေသည်။

တစ်ကြိမ်တွင် ဘေးမှနေ၍ ယွမ်ရှောက်က လက်ဂါးဖြင့်...
...ရိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဗုန်း....'

ရေလှိုင်းကွန်လုံဝမ်ကလက်ဝဲလက်ဖြင့်ပြန်ရိုက်ထုတ်လိုက်ရာနှစ်ယောက်တိုက်ခိုက် ထုန်ခါသွားသည်။

ကျွမ်းရှောက်မှာ သွေးအန်မတတ် ရင်ထဲ ပျို့တက်လာပြီးဆိုပါက ဆုတ်သွားရသည်။

အချိန်၌ ကွန်လုံဝမ်၏ အာရုံ အနည်းငယ် ပျက်သွားယခု ကျောပွတ်ယိပ်ဖျား၌ လိပ်ပတ်ယူထားသော ရွှေသည့်ကြိုး အောက်သို့ ပြန်ကျသွားလေတော့၏။

ဆန်ကွမ်းချီသည် လေနီကြမ်းဆင်သလို တစ်ရှိန်ထိုး တိုးသည်။

'ရှမ်း....ရှမ်း....ရှမ်း'

'ဝှစ်....ဝှစ်....ဝှစ်'

ကွန်လုံဝမ်သည် ရွှေဓားလွတ်ကျသွားသဖြင့် ရင်ထဲ၌ဖားဖြစ်သွားသည်။

ဆန်ကွမ်းချီဝင်လုသည်ကို တားဆီးသည့်အနေဖြင့် ကျောပွတ်တိုက်ကွက်ကို အရှိန်မြှင့်၍ တိုက်တော့သည်။

ဓားမှာ သူတို့နှစ်ယောက်အကြား၌ ကျနေပြီး ဆန်ကွမ်းချီလည်း မလုနိုင်၊ ကွန်လုံဝမ်လည်း မရနိုင်ဘဲ ဖြစ်ခဲ့လေသောသည်။



နိုင်ချစ်နေဘ်က အတွင်းဒဏ်ရာရသွားဟန်တူသည့်ယွမ်ရှောက်အား လှမ်း၍ပြောသည်။

'သူ နောက်ကို နှစ်လှမ်းလောက်ပဲ ဆုတ်ခွာသွားပါစေ၊ ကျွန်မဓားကို ရအောင်ပြန်ယူမယ်'

ထိုစကားသံကို ဆန်ကွမ်းချီလည်း ကြား၏။

ယွမ်ရှောက် ဝင်တိုက်လာသည်နှင့် တစ်ပြိုင်နက် သူသေဆိုယ်သေ တိုက်ကွက်သုံးကာ တစ်ဟုန်ထိုး ဝင်တိုက်တော့သည်။

ကွန်လုံဝမ်မှာ ခြေသုံးလှမ်းမျှ ဆုတ်ခွာသွားရတော့၏။

နိုင်ချစ်နေဘ်သည် ညာလက်၌ ဒဏ်ရာရထားသဖြင့် ဓားကို ဘယ်လက်ဖြင့် ရိပ်ခနဲ ဝင်ထောက်ပြီး ကြမ်းပြင်ထက်၌ လိမ့်ထွက်သွား၏။

'ရှမ်း....'

စိတ်ဆိုးမာန်ဆိုးဖြင့် ဖြစ်နေသော ကွန်လုံဝမ်၏ ကျောပွတ်သည် ဆန်ကွမ်းချီ၏ ပခုံးသားကို သွေးခြင်းခြင်း နီသွားအောင် ရိုက်ချလာ၏။

ဆန်ကွမ်းချီမှာ တိုက်ကွက်ပျက်သွားပြီး နောက်သို့ ယိုင်ဆင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်မှာ မျက်စိတစ်မှိတ် လက်ဖျစ်တစ်တွက် မျှ သာ ကြာသည်။

ကွန်လုံဝမ်အဖို့ ကြီးကျယ်သော ဆုံးရှုံးမှုကြီး ဖြစ်သွားခဲ့ ရသည်။

သူသည် နာကြည်း ခံခက်လွန်းလှသဖြင့် ယွမ်ရှောက်အား ကြောက်မက်ဖွယ်ရာ တိုက်ခိုက်တော့သည်။

ယွမ်ရှောက်မှာ အကြောက်အလန့် လုံးဝရှိသူ မဟုတ်သဖြင့် သေးများ ပွက်ပွက်ဆူလာပြီး ကွန်လုံဝမ်နှင့် တန်းတူရည်တူ အတွင်းအားထုတ်၍ တိုက်တော့၏။

ဆန်ကွမ်းချီ တစ်ကိုယ်လုံးမှာ သွေးခြင်းခြင်း နီနေသည်။

သူသည် သူ၏ သွေးကြောအချို့ကို လက်ညှိုးနှင့် ထိုးပိတ် အကျိုလက်စရှည်ကို ဆွဲဖြဲပြီး ဒဏ်ရာကို ခက်ခဲစွာ ပတ်တီးစည်း နေသည်။

နိုင်ချစ်နော်က အရေးတကြီး အော်ဟစ်အမိန့်ပေး၏။

'ယွမ်ရှောက်...ဆန်ကွမ်းချီ၊ တတိယ စည်းကြောင်းကို ပြ ဆုတ်'

သူမသည် ဘယ်လက်ဖြင့် ဓားကိုဝှေ့ယမ်းပြီး ယွမ်ရှောက် အား အကူအညီပေး၏။

သူတို့ တဖြည်းဖြည်း ဆုတ်သာကြသည်။



ကိုယ်ကျပ်အင်္ကျီနက်ဝတ်ဆင်သူလေးယောက် ကွန်လုံဝမ်၏ နောက်မှ ဘွားခနဲ ရောက်လာပြီး တစ်ရှိန်ထိုး တိုက်ခိုက်လာ သည်။

တတိယစည်းကြောင်းသို့ အဆုတ်မြန်သဖြင့် ထိန်မုဆရာ တော်၏ တောင်ဝှေးကြီးနှင့် ဆရာကြီး ကျင်ရွယ်ဘောက်တို့၏ ဓားက အချိန်မီ ဝင်ရောက်အစွမ်းပြနိုင်လာ၏။

သူတို့သည် ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်ထားသူ လေး ယောက်အား ကြံ့ကြံ့ခံ တားဆီးထားနိုင်ခဲ့လေ၏။

'ယွမ်ရှောက်...ရှင် သိမ်မင်ပန်းနေပြီ၊ ခဏနားဦးအတွင်း အားကျင့်စဉ် လေ့ကျင့်လိုက်'

ဆန်ကွမ်းချီသည် ထိုအချိန်ကမှသူ့ပခုံးမှဒဏ်ရာကို ပတ်တီး စည်း၍ ပြီးစီးသည်။

နိုင်ချစ်နော်က တစ်ကိုယ်လုံး သွေးခြင်းခြင်း နီနေသော ဆန်ကွမ်းချီကိုကြည့်ပြီး အေးဇက်စွာ ခမ်းလေ၏။

'ရှင်...ထိန်ချန်စီအင်္ကျီ ဝတ်ထားတယ်ဆို'

ဆန်ကွမ်းချီက မဖြေဘဲငြိမ်နေ၏။

တင်ပျဉ်ခွေထိုင်ရန် ဟန်ပြင်နေသည့်ယွမ်ရှောက်က ထိုမေး ခွန်းကို ဝင်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီးက သူ့အကျီကို ကျွန်တော့်ကို ပေးဝတ်ထားပါတယ်၊ ကျွန်တော့်အသက်က သူ့အသက်ထက် ပိုပြီးအရေးကြီးတယ်လို့လဲ ပြောပါတယ်'

နိုင်ချစ်နေဘ်မှာ လုံးဝ စကားမပြောနိုင်ဘဲ ဖြစ်သွားရရှာသည်။

## အခန်း (၁၅၁)

### အကျဉ်းသား ဖြစ်သွားသော ယွန်မ်ရှောက်

အတန်ကြာမှ နိုင်ချစ်နေဘ် စကားပြောလာနိုင်၏။

သူမရင်ထဲ၌ ဝေဒနာတစ်ခုကို နာကျင်စွာ ခံစားလိုက်ရသည်မဟုတ်ပါလား။

'ရှင်... ကျွန်မကို စောစောက ပြောဖို့ကောင်းပါတယ်'

သူမ၏အသံက ဆို့နစ်နေ၏။

'ဘာရယ်လို့မဟုတ်ပါဘူးဗျာ၊ ရန်သူကို တိုက်ခိုက်တဲ့အခါမှာ ယွန်မ်ရှောက်ဟာ ကျူပ်လို ဆင်ခြင်တုံတရားနဲ့ တိုက်တာ မဟုတ်ဘူး၊ သူက ရဲစွမ်းသတ္တိနဲ့ သူ့သေကိုယ်သေတိုက်ခိုက်တတ်တယ်၊ ဒီလိုလူမျိုးက ပိုးချည်မျှင်အကျီရဲ့ အကာအကွယ်ကို ပြီးလိုအပ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မှန်တယ်၊ အဲဒီအထိ အချိန်ဆွဲနေရင် လူတွေအများကြီး သေကောင်းသေနေလိမ့်မယ်၊ ရွံ့နဲ့လုပ်တဲ့ ကြေးရုပ်ဖြစ်ပါစေ၊ ကြက်သေရင် ပြီးတာပဲမဟုတ်လား၊ ကွန်လုံဝမ် သေဖို့ အဓိကပဲမဟုတ်လား'

ဆန်ကွမ်းချီက ခေါင်းကို ခါယမ်းလိုက်တာ....

'ကျုပ်က ခင်ဗျားလောက်တော့ အတွေးအခေါ် မကောင်းပါဘူး၊ ဒါပေမယ့် ကွန်လုံဝမ်ကို ဒီလောက်လွယ်လွယ်သတ်လို့ မရနိုင်ဘူး၊ ကျုပ်ရော ယွမ်ရှောက်ရော ခင်ဗျားရော သာမန်သိုင်းသမားတွေ မဟုတ်ဘူး၊ ဒါပေမယ့် ကွန်လုံဝမ်ကို နိုင်အောင်မတိုက်နိုင်ဘူး၊ သူ့အတွင်းအားဟာ သိပ်ကောင်းနေတယ်၊ စောစောကတိုက်ပွဲကို ကြည့်ပါလား'

'ရှင် ကြောက်နေသလား'

ဆန်ကွမ်းချီက ခြောက်ကပ်စွာ ရယ်မောလိုက်၏။

'ကျုပ်မကြောက်ဘူးဆိုတာ ခင်ဗျားသိပါတယ်၊ ကျုပ်က စေတနာနဲ့ အကြံပေးတာပါ'

စင်စစ် နိုင်ချစ်နော်မှာ ပညာရှိ သတိဖြစ်ခဲ့ဆိုသလိုပင် ကွန်လုံဝမ်အား သူတို့သုံးယောက်၏အင်အားဖြင့် အနိုင် တိုက်နိုင်လိမ့်မည်ဟု ထင်မှတ်မှားသွားခြင်းသာ ဖြစ်သည်။

ဝိညာဉ်လိပ်ပြာနတ်ရွှေဓားသမား ပိုးချည်မျှင်အင်္ကျီနှင့် နတ်သူ့ လုံးအဆိပ်လက်နက် အစချီသော ဆန်ပေါ်ငရတနာတို့ ရရှိထား



သဖြင့် ထိုရတနာသုံးမျိုး၏စွမ်းအား ထပ်ပေါင်းလျှင် ကွန်လုံဝမ်အား အပြတ်ဖြတ်နိုင်သည်ဟု တွေးတောခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ထိန်မုဆရာတော်၊ ဆရာကြီး ကျင်ရှယ်တောက်တို့ပါ ရောက်ရှိနေသဖြင့် ထိုအင်အားများက သူမ၏ ရည်ရွယ်ချက်ကို အောင်မြင်စေလိမ့်မည်ဟု တွေးတောကြံဆခဲ့ခြင်း ဖြစ်၏။

'ကိစ္စမရှိပါဘူး၊ ဒီဘာစိပွဲမှာ ကွန်လုံဝမ် မသေဘူး၊ အပြင်းအထန် ဒဏ်ရာရသွားတယ်ဆိုရင်တောင် ကျွန်မတို့ရည်ရွယ်ချက် တစ်ဝက် အောင်မြင်ပါတယ်၊ သိုင်းလောကရဲ့ကျောစ်ဖြတ်ချင်တဲ့ လူကို ကျွန်မတို့က ဒဏ်ရာပေးလိုက်နိုင်တယ်ဆိုရင် ကျွန်မတို့ကစိတ်ဓာတ်အရ တစ်ဝက်အောင်မြင်မှု ရရှိတာပဲ'

ဆန်ကွမ်းချီ ဆက်မပြောတော့ပေ။

ငြိမ်သက်စွာ ထိုင်ခနေလိုက်တော့သည်။

ထိန်မုဆရာတော်နှင့် ကျင်ရှယ်တောက်တို့သည် ဝတ်ရုံနက်လေးယောက်အား နိုင်နင်းစွာ ခုခံ ကာကွယ်ထားနိုင်ကြလေသည်။

နိုင်ချစ်နော်က ယွမ်ရှောက်နှင့် ဆန်ကွမ်းချီတို့အား မေးမြန်းလေသည်။

'ရှင်တို့ အပန်းပြေသွားကြပြီလား'

ယွမ်ရှောက်က ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com



'ကျွန်တော်ကတော့ အဆင်သင့်ပဲ'

ယွမ်ရှောက်သည် နိုင်ချစ်နေဘ်အတွက် ဆိုလျှင် အမြဲတမ်း အဆင်သင့် ဖြစ်နေဟန်ရှိ၏။

ဆန်ကွမ်းချီကလည်း အေးအေးဆေးဆေးပင် ဖြေသည်။

'ကျုပ်လဲ အဆင်သင့်ပါပဲ'

'ဒါဖြင့်ရင် ကွန်လုံဝမ်ဆီ ထပ်ဝင်မယ်၊ ကွန်လုံဝမ်ဟာ ရှင်တို့လိုပဲ အပန်းဖြေနေပုံရတယ်'

ဆန်ကွမ်းချီက တစ်ချက်တွေဝေ၍ မေး၏။

'သူက ဘာဖြစ်လို့ ကျုပ်တို့ကို အင်နဲ့အားနဲ့ မတိုက်တာလဲ မသိဘူး'

'သူ ကျွန်မတို့အပေါ် သံသယ ရှိနေတယ်၊ ဒီလို ရဲရဲဝံ့ဝံ့ လာတိုက်ရဲတာဟာအကြောင်းတစ်ခုခု သို့မဟုတ် ထောင်ချောက် တစ်ခုခု ရှိနေလို့ပဲလို့ ယူဆထားပုံရတယ်'

သူမသည် ရှေ့မှ ဦးဆောင်ထွက်ရင်း ထိန်မုဆရာတော်နှင့် ဆရာကြီး ကျွင်ရွှယ်ဘောက်တို့ကို လာမေတ္တာရပ်ခံလိုက်၏။

'ကျွန်မတို့ တန်ယန်ကုန်း ခန်းမဆောင်ထဲကို ပြန်ဝင်မယ် ဆရာတော်တို့ပါ တပည့်တော်တို့နဲ့အတူလိုက်ခဲ့ပါလို့မေတ္တာရပ် ပါတယ်၊ ကွန်လုံဝမ်ကို တွေ့ရင်တော့ သိပ်ပြီး ဒေါသမကြီး



ကြပါနဲ့၊ တပည့်တော်ရဲ့ ညွှန်ကြားချက်အရ လိုက်နာပါလို့ မေတ္တာရပ်ခံပါတယ်'

ထိန်မုဆရာတော်က...။

'ကိစ္စမရှိပါဘူး၊ ဒီအချိန်မှာ ဘယ်လိုနေရမယ်ဆိုတာ ကျုပ်တို့ နားလည်ပါတယ်၊ ဒကာမလေးသာ လုပ်စရာရှိတာကို လုပ်ပါ၊ ကျုပ်တို့ ဘေးကပဲရံပြီး နေပါမယ်'

နိုင်ချစ်နေဘ်၊ ယွမ်ရှောက်၊ ဆန်ကွမ်းချီ၊ ထိန်မုဆရာတော် နှင့် ကျွင်ရွှယ်ဘောက်တို့ တစ်ပြိုင်နက် တိုက်ခိုက်သောအခါ အက်ချီနက်လေးယောက်မှာ တဖြည်းဖြည်းဆုတ်ပေးရတော့သည်။

နေဘက်ထပ် လေးယောက် ထပ်မံ ရောက်ရှိလာသော်လည်း မခံနိုင်၊ နောက်ထပ် ဆယ့်နှစ်ယောက် ရောက်ရှိလာသော်လည်း မခံနိုင်။

ယွမ်ရှောက်၏ တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ကြမ်းတမ်းလှ၏။ အက်ချီနက်လေးယောက်မှာ သူ့လက်ချက်ဖြင့် လဲကျသွားရသည်။

'သူတို့ကို လမ်းဖွင့်ပေးလိုက်၊ သူတို့ သခင်ကို မလာရရင် သူတို့ ကျေနပ်မှာမဟုတ်ဘူး'

ကွန်လုံဝမ်၏ ဩဇာတိက္ကမရှိလှသော အသံသည် တန်ယန်ကုန်း သစ်တောအတွင်းမှ ဟိန်း၍ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အကျိုးနက်ဘာပ်သားများသည် ဘေးဘက်သို့ ရှဲခနဲ ခုန်ထွက်သွားကြ၏။ လမ်းဖွင့်ပေးခြင်း ဖြစ်ပေသည်။

ကျန်ရှိသောတားဆီးသူဝမ်ကိုကြီးသားများသည်ရှောင်တခင် ဖယ်ရှားပေးကြလေ၏။ နိုင်ချစ်နှော်တို့သည် တန့်ယန်ကုန်းရှိ ခန်းမကြီးအတွင်းသို့ ဒုတိယအကြိမ် ဝင်ရောက်လာကြပြန်လေ၏။

ဆန်ကွမ်းချီမှာ ကွန်လုံဝမ်၏ လုံခြုံရေး အစီအစဉ် လျော့နည်းပုံကို ဘဝင်မကျဘဲ ဖြစ်နေ၏။ ဝမ်စံတော်အိမ်ကြီးတွင်ပင် အစောင့် အထပ်ထပ် ရှိနေပါလျက် ယခုအခန်းတွင် အစောင့် အကြပ် နည်းပါးနေသည်မှာ ဟုတ်မှဟုတ်ပါလေ၏လောဟု သံသယ ရှိလျက်ပင် ထက်ကြပ်မကွာ လိုက်ပါလာရသည်။

သို့သော် နိုင်ချစ်နှော်၏ အစီအမံကို သူ့အနေဖြင့် မည်သို့မျှ တားဆီး ကန့်ကွက်ရန် အကြောင်းမရှိသဖြင့် သံသယရှိလျက်ပင် ထက်ကြပ်မကွာ လိုက်ပါလာရသည်။

မကြာမီ တုန်လှုပ်မှုကင်းသော ကောရောင်စ်ရှူးကြီး ကွန်လုံဝမ်နှင့် ပြန်လည် မျက်နှာချင်းဆိုင်ကြရလေ၏။

ထိန်မုဆရာတော်နှင့် ကျင်ရှွယ်တောက်တို့သည် ကွန်လုံဝမ်နှင့် ပြန်လည်ရင်ဆိုင် တွေ့ကြသောအခါ မည်သို့မျှ လှုပ်လှုပ်ရှားရှား မဖြစ်ကြပါ။ သို့သော် သူတို့၏ မျက်လုံးများမှာမူ တဖိတ်ဖိတ် တလက်လက် တောက်ပနေ၏။ ထိုသို့ အကြည့်များ



ကြောင့် ကွန်လုံဝမ်တစ်ယောက် ပြာကျသွားမည်ဆိုလျှင် ထို နေရာ၌ ချက်ချင်း ပြာကျသွားနိုင်ပေသည်။

'မင်းတို့ အတော်ကလေး သတ္တိရှိကြတယ်၊ ကိစ္စမရှိဘူး၊ အဲဒီ သတ္တိတွေကို ငါအရည်ဖျော်ပစ်မယ်၊ ဘာဖြစ်လို့ အရင်ဆုံး ဝင်မလဲ၊ ဒါမှမဟုတ် အားလုံး အကုန်လုံး ဝင်လာကြမှာလား'

ကွန်လုံဝမ်က အားလုံးကို စိန်ခေါ်လိုက်၏။

ထိန်မုဆရာတော်သည် နိုင်ချစ်နှော်၏အနီးသို့ ကပ်သွားပြီး တီးတိုးပြောသည်။ နိုင်ချစ်နှော်က ခေါင်းတခါခါဖြင့် ငြင်းပြနေသည်။

ထို့နောက် ကျင်ရှွယ်တောက်ကပါ ကပ်သွားပြီး တီးတိုးပြောပြန်သည်။ နိုင်ချစ်နှော်သည် ထိုအကြိမ်တွင်မူ ခေါင်းညိတ်လိုက်သည်။

ထိန်မုဆရာတော်နှင့် ကျင်ရှွယ်တောက်တို့သည် ချက်ချင်း လိုလိုမှင် ရှေ့သို့ထွက်လာကြ၏။

'ကွန်လုံဝမ်'

ထိန်မုဆရာတော် အသံက ဇရပ်ကြီးတစ်ခုလုံး ပဒိန်းထွက်လာ၏။

'ဘာလဲ ကိုယ်တော်'

ကွန်လုံဝမ်သည် ထိန်မုဆရာတော်နှင့် ကျင်ရှွယ်တောက်တို့ကို သေချာစွာ မှတ်မိ သိရှိသည်။ ကျွဲသူနှစ်ယောက်ကို သူသည် ဆယ်နှစ်ဆယ်မိုး အကျဉ်းချခဲ့သည် မဟုတ်ပါလော။

www.burmeseclassic.com

'ဒကာကြီးနဲ့ ဒီတစ်သက် ဘယ်တော့မှ မျက်နှာချင်းဆိုင်ရ တော့မှာ မဟုတ်ဘူးလို့ ကျုပ် ထင်မှတ်ခဲ့တယ်၊ ဒါပေမယ့် ကုသိုလ်ကံက ကျုပ်တို့ကို နောက်ထပ်တစ်ကြိမ် မျက်နှာချင်း ဆိုင်စေခဲ့ပြန်ပြီ၊ ဒကာကြီး ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် ကိုယ့်ကိုယ်ကို အဆုံးစီရင်မလား'

'ဟား...ဟား...ဟား၊ ကိုယ်တော်က အိပ်မက်မက်နေသလား။ အင်း...ကျုပ် မရှိခင် ကျုပ်ရဲ့ ဝမ်းစာတော့်အိမ်မှာလဲ အတော် ကလေး လျော့ရိလျော့ရဲဖြစ်နေတုံရတယ်၊ ကျုပ်ကလဲ စံတော်အိမ် ထက် အရေးကြီးတဲ့ သတင်းတစ်ခုကို စနည်းနာနေရလို့ ကိုယ် တော်ရော ကျင်ရွှယ်တောက်ပါ လွတ်မြောက်ခွင့်ရသွားခဲ့တယ်၊ ဒီတစ်ကြိမ်မှာတော့ ခင်ဗျားတို့ကို ဖမ်းမချုပ်တော့ဘူး၊ အဲဒီအ သတ်တော့မယ်၊ ကဲ တစ်ယောက်ချင်းတက်မှာလား၊ နှစ်ယောက် စလုံး ပြိုင်တူတက်မှာလား'

ထိန်မုဆရာတော်ရော ကျင်ရွှယ်တောက်ပါ သိုင်းကွက်အသစ် များကို ထပ်မံ၍လေ့ကျင့်တီထွင်နိုင်ခြင်း မရှိသော်လည်း အတွင်း အားပညာ၌ လွန်စွာ တိုးတက်ခဲ့ကြသည်။

ထိန်မုဆရာတော်သည် လျှပ်တစ်ပြက် ခုန်ဝင်သွားသည်။

ရှောင်လင်ကျောင်းတော်၏ လေမိုး တစ်ရာ့ရှစ်ကွက်ဖြင့် စတင်တိုက်ခိုက်တော့၏။ လေမိုးတစ်ရာ့ရှစ်ကွက်ဆိုသည့်အတိုင်း သူ့တောင်ဝှေး၏ ရိုက်ချက်များသည် တဟူးဟူးထနေ၏။



အရိပ်ချင်း ထပ်နေသော်လည်း မည်သူ့ ထိန်မုဆရာတော်၊ မည်သူ့ ကွန်လုံဝမ်မှန်း မသိအောင် လျင်မြန်စွာ တိုက်ခိုက်ကြ သည်။

'ဝုန်း'

ထိုစဉ် ကျင်ရွှယ်တောက်က ထိုအရိပ်များကြားသို့ လျှပ် တစ်ပြက် တိုးဝင်သွားသည်။

အရိပ်နှစ်ခု ကွဲထွက်သွား၏၊ ကျင်ရွှယ်တောက်၏ လက်ဝါး ရိုက်ချက် အလွန်ပြင်းထန်သည်၊ သာမန်လူများ ကြည့်မြင်၍ မရနိုင်သည့် လှုပ်ရှားမှုကို အလွန်ကာ အမြင်သန်သည်။

ကျင်ရွှယ်တောက်က ခွဲခွဲခြားခြား မြင်သည်၊ သူသည် ကွန် လုံဝမ်ကို စင်ရိုက်သော်လည်း ကွန်လုံဝမ်က ထိန်မုဆရာတော် ကို လည်းကောင်း၊ သူ့ လက်ဝါးရိုက်ချက်ကိုလည်းကောင်း ပီပီ သသ ခုခံလိုက်နိုင်၏။

'ဟား...ဟား...ဟား၊ ခင်ဗျားလဲမဆိုးဘူး၊ ကျုပ်က ဒါ မျိုးမှ ကြိုက်တယ်၊ နှစ်ယောက်စလုံး ထပ်ပြီး ဝင်ခဲ့ကြပါ'

ထိန်မုဆရာတော်သည် ရှောင်လင်ကျောင်းတော်၏ ရန်ငြိုး အတွက် တာ့ကြိမ်းတိုက်ခိုက်ခဲ့သော်လည်း သူ၏တစ်ရာ့ရှစ်ကွက် သော တိုက်ကွက်များ ကုန်ဆုံးသွားခဲ့သည့်တိုင် ကွန်လုံဝမ်ကို ဒဏ်ရာရအောင် မလုပ်နိုင်ဘဲ ရှိခဲ့လေ၏။

www.burmeseclassic.com



ဆရာကြီး ကျင့်ရှယ်တောက်၏ လက်ဝါးရိုက်ချက်များကို လည်း၊ ကွန်လုံဝမ်က ထိထိမိမိပင် ခုခံကာကွယ်နိုင်ခဲ့လေသည်။

ထိုလက်ဝါး ရိုက်ချက်ကြောင့် သူ့တစ်ကိုယ်လုံး တုန်လှုပ် သွားခဲ့သဖြင့် ကွန်လုံဝမ်၏ အတွင်းအားကောင်းမှုကို ကျင့်ရှယ် တောက်အနေဖြင့် မအံ့ဩဘဲ မနေနိုင်တော့ပေ။

ထိန်မုဆရာတော်နှင့် ကျင့်ရှယ်တောက်တို့သည် တိုင်ပင်ထား ခြင်းမရှိဘဲ တစ်ချိန်ထိုး ခုန်ဝင်သွားကြပြန်၏။

သည်တစ်ကြိမ်တွင်လည်း တိုက်ကွက်ပေါင်း ငါးဆယ် ကုန် ဆုံးသွားသည်။

ကွန်လုံဝမ်ကတော့ အမောတ်ထောင်မြဲပင်။

ဒုတိယအကြိမ် လွှချင်းခွဲလိုက်သည့် အခါတွင်မူ နိုင်ချစ် နေ့၏ အော်သံက စူးရှစွာ ထွက်ပေါ်လာသည်။

'ဆရာတော်နဲ့ ဆရာကြီး ကျင့်ရှယ်တောက် အခုလောက် တိုက်ခွင့်ရရင် ကျေနပ်ကြပါတော့'

ထိန်မုဆရာတော်နှင့် ကျင့်ရှယ်တောက်တို့သည် ကွန်လုံဝမ် အား၊ သိုင်းကွက်တစ်ရာမျှ ယှဉ်ပြိုင်ပါရစေဟု အခွင့်တောင်းပြီး ဝင်တိုက်ကြသည်။

သို့သော် ကွန်လုံဝမ်အား သူတို့ နှစ်ယောက်စလုံး အနိုင် မတိုက်နိုင်ကြပေ။



ကွန်လုံဝမ်၏ သိုင်းပညာမှာ ကြောက်ခမန်းလိလိ တိုးတက် နေကြောင်း သူတို့ကိုယ်တွေ့ သိရှိလိုက်ကြရသည်။

ဆန်ကွမ်းချိသည် အလွန်ပါးနပ်၏။

ကွန်လုံဝမ်နှင့် ဆရာကြီးနှစ်ဦးတို့ တိုက်ခိုက်နေစဉ် အတွင်း အားကျင့်စဉ်ကို အထူးကြိုးစား ကျင့်နေခဲ့၏။

တိုက်ပွဲကို လုံးဝ စိတ်မဝင်စားခဲ့ပေ။

နောက်ဆုံး နိုင်ချစ်နေ့၏ တားမြစ်သံ ကြားသောအခါမှ အတွင်းအားကျင့်စဉ် ကျင့်ရာမှ ထလာခဲ့သည်။

ထိန်မုဆရာတော်နှင့် ကျင့်ရှယ်တောက်တို့သည် နိုင်ချစ်နေ့၏ ဘေး၌ သွားရပ်ကြသည်။

'ဆန်ကွမ်းချိ'

သူမက ဆန်ကွမ်းချိအား လှမ်းခေါ်ပြီး သူမ၏ လက်ထဲမှ ရွှေဓားကို လှမ်းပေးသည်။ ဆန်ကွမ်းချိက ဓားကို မယူပေ။

'ကိစ္စမရှိပါဘူး၊ ကွန်လုံဝမ်ကို လက်နက်မပါဘဲနဲ့ ကြိုးစား ပြီး တိုက်ပါမယ်'

ဆန်ကွမ်းချိ ခုန်ဝင်သွား၏။ ကွန်လုံဝမ်၏ အေးစက်စက် ရယ်သံသည် သူတိုင်းကို ကြီးစွာသော မိုက်အနေနှင့်အယှက် ဖြစ်သွားစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် အတွင်းအားဖြင့် သူ့ခန္ဓာကိုယ်ကို ကာကွယ်ထားပြီး လက်ဖဝါး၌လည်း တွန်းပို့ထားသည်။ ကွန်လုံဝမ်မှာ စိညာဉ်လိပ်ပြာနုတ်ရှေ့ခေါ်မလာသည့် ဆန်ကွမ်းချီ၏ သူ၏ အမဲကောင်တစ်မျှသာ မှတ်ထင်မိတော့သည်။ ဆန်ကွမ်းချီ၏ လက်ကောက်ဝတ်ကို လျှပ်တစ်ပြက်ဖမ်း၏။ ဆန်ကွမ်းချီကလည်း လျှပ်တစ်ပြက်ရှောင်ထွက်၏။

ကွန်လုံဝမ်က အေးစက်စက်ရယ်ပြီး....

'မင်းနဲ့ သိုင်းကွက်သုံးဆယ် ယှဉ်ပြိုင်မယ်၊ တစ်ရာ အတွင်းမှာ ငါ ဒဏ်ရာရရင် မင်းတို့ရဲ့ အဖမ်းကို ခံမယ်'

'နိုင်မယ် မနိုင်မယ်ကို ကျုပ် ကြိုတင်မပြောလိုဘူး၊ ဒါပေမယ့် အစွမ်းကုန် ကျူးပြိုင်မယ်'

'ဟား...ဟား...ဟား၊ မင်း ငါ့ကို မနိုင်နိုင်ပါဘူး၊ ဒုတိယအကြိမ် သေချင်ရင် ဆက်ပြိုင်ပေါ့ကွာ'

ဆန်ကွမ်းချီ၏ ခြေသွားများက ပွက်ပွက်ဆူလာသည်၊ သူနှင့် မည်သည့်ရန်ငြိုးမျှ မရှိပါဘဲလျက် ပိုင်မာစန်းတောင်၏ချောက်ကမ်းပါးပေါ်မှ သူ့အား တွန်းချသတ်ဖြတ်ခဲ့သည့် ကွန်လုံဝမ်၏ အပြုအမူကို ပြန်လည်မြင်ယောင်လာသည်။

ထိုစဉ် ကွန်လုံဝမ်က သူ၏ အဓိကသွေးကြောနေရာများကို လက်ညှိုးဖြင့် ထိုးချလာ၏။ ဆန်ကွမ်းချီ ထိတ်သွားသည်။ လူက



ဒါသဖြင့်ပင် မတိုက်ရသေးခင် တစ်ဖက်က သူ့အား ကြောက်က်ဖွယ်ရာ တိုက်ခိုက်လာနေချေပြီ။

'ဒီလူ့ ပညာဟာ တကယ် ကြောက်စရာ ကောင်းတယ်၊ ကွန်လုံဝမ်ကို ငါ အနိုင်တိုက်နိုင်မှာ မဟုတ်ဘူး၊ ငါ ဒဏ်ရာ ရဘူးဆိုရင်တောင် ကံကောင်းတယ်လို့ မှတ်ရမယ်'

ဆန်ကွမ်းချီသည် ဟူတန်းဂိုဏ်း၏ အတွင်းအား ပညာနှင့် တိုက်ကျိုဖေ ခေါ်သိုင်းပညာကို ရရှိထားခဲ့သော်လည်း ထိုပညာများကို စနစ်တကျ လေ့ကျင့်ခြင်း မပြုရသေးပေ။ သို့သော် ထိုပညာများဖြင့် တိုက်ခိုက်မည်ဆိုပါက တိုက်ခိုက်နိုင်သော်လည်း ထိုပညာများကို သူ အသုံးမပြုလိုဘဲ ရှိနေသည်။ သူ ကတိပေးထားသည့် တာဝန်များကို တစ်စိတ်တစ်ပိုင်းမျှ ထမ်းဆောင်ခြင်း မပြုရသေးမီ သူသည် ထိုပညာများကို မသုံးလိုခဲ့ပေ။

ကွန်လုံဝမ်၏ တိုက်ကွက်ကို ဆန်ကွမ်းချီ ရှောင်တိမ်းလိုက်၏။ သူ၏အဘဆရာကြီးထံမှရရှိခဲ့သော သိုင်းပညာများဖြင့်သာ စွမ်းစွမ်းတမံတိုက်ခိုက်သည်၊ ဤသို့ဖြင့် ပြင်းထန် ကြမ်းတမ်းသောတိုက်ပွဲသည် အကွက်ပေါင်းသုံးဆယ် ကျော်လွန်သွားခဲ့လေပြီ ဖြစ်၏။

ဘေးမှကြည့်နေသူများအဖို့ တိုက်ပွဲသည် သူတင်ကိုယ်တင်နေသော်လည်း ဆန်ကွမ်းချီအဖို့မှ လွန်စွာ သတိဝီရိယထား၍ တိုက်ခိုက်နေရသည်။ သိုင်းကွက် အလှည့်အပြောင်း တစ်ချက်မှားသည်နှင့် ချက်ချင်းပွဲချင်းပြီး သေသွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နော်သည် ယွမ်ရှောက်အား လှမ်းကြည့်လိုက်၏။

ယွမ်ရှောက်သည် တိုက်ပွဲကို ခပ်အေးအေးပင် ကြည့်နေ သည်။ နိုင်ချစ်နော် ဝေါသဘုက်သွား၏။

'ရှင် ဘာငိုင်နေတာလဲ၊ ချင်မကူရင် မကြာခင် ရှင့်အစ် ကြီး သေသွားလိမ့်မယ်'

ယွမ်ရှောက်တ...

'ကျွန်တော်ကူချင်ပါတယ်၊ အစ်ကိုကြီး မကြိုက်မှာစိုးလို့

'ဘာဖြစ်လို့ မကြိုက်ရမှာလဲ၊ ကွန်လုံဝမ်နဲ့ တိုက်ရင် ဘ သိုင်းလောကစည်းကမ်းမှမလိုဘူး၊ သူက သိုင်းလောကကို ဒု ပေးမယ့် အန္တရာယ်ကောင်ပဲ'

ယွမ်းရှောက်သည် ဝုန်းခနဲ ခုန်ဝင်သွားသော်၏။ ကွန်လုံ သည် ဆန်ကွမ်းချီတစ်ယောက်တည်းကိုလည်း မကြောက်ပေ ယွမ်ရှောက် တစ်ယောက်တည်းကိုလည်းမကြောက်ပေ၊

သို့သော် ဆန်ကွမ်းချီနှင့်ယွမ်ရှောက် နှစ်ယောက်ပေါင်း တိုက်ခိုက်လျှင်မူ ကြောက်သည်၊

သူက အေါ်သဖြင့် အော်သည်၊

'ဘာဖြစ်လို့ လောလောက တစ်ယောက်ချင်း တိုက်နေရ လဲ၊ အများနဲ့တစ်ယောက် တိုက်ချင်ရင် အားလုံးဝင်ခဲ့'



ယွမ်ရှောက်၏ လက်ဝါးရိုက်သံသည် ဝုန်းခနဲမြည်ဟည်း သွား၏။ ကွန်လုံဝမ်မှာ နောက်သို့ ခြေလှမ်းသုံးလှမ်းဆုတ်သွား ရသည်၊ ယွမ်ရှောက်ကိုယ်တိုင်လည်း နောက်ပြန်ကန်လာသည်၊

ဆန်ကွမ်းချီသည် မာန်သွင်း အော်ဟစ်ရင်း တရကြမ်း တိုက်ခိုက်တော့သည်၊ ညီအစ်ကိုနှစ်ဦး၏တိုက်ကွက်မှာ လွန်စွာ ကြောက်မက်ဖွယ် ကောင်းသည်။

သိုင်းလောက၏ ဝါရင့်သိုင်းသမားကြီးများကို တော်ကောင်း ကောင်းကြီး ဒုက္ခပေးခဲ့သော ကွန်လုံဝမ်မှာ ညီအစ်ကိုနှစ်ဦး နှင့် သေရေးရှင်ရေးတိုက်ပွဲကြီး ယှဉ်ပြိုင်နေရသဖြင့် ဒေါသ များ အလိပ်လိုက်ထက်လျက် ရှိနေပေသည်၊

သူသည် လက်ဝဲလက်ယာ လက်နှစ်ဖက်စလုံးဖြင့် ပြင်းထန် စွာ ရိုက်ထုတ်လိုက်ရာ ဆန်ကွမ်းချီရော ယွမ်ရှောက်ပါ နောက် သို့ ခုနစ်လှမ်းဆီမျှ နောက်ဆုတ်သွားရသည်၊

ကွန်လုံဝမ်သည် သူ့ အိတ်အတွင်းမှ ဆေးလုံးတစ်လုံးကိုနှိုက် ယူပြီး ကပျာကယာ မျိုချလိုက်၏။

ဆန်ကွမ်းချီက....

'ဘာယ်လိလဲ၊ ကျုပ်တို့ကို မယှဉ်နိုင်တော့တာနဲ့ အဆိပ်ဆေး လုံးကို မျိုချလိုက်ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'အခုရွဲ မင်းတို့လို မနူးမနပ်ကောင်လေးတွေကို ကြောက်ပြီး အဆိပ်သောက်ရမယ်ဆိုရင် ကွန်လုံဝမ်ရဲ့ နာမည်ဟာ အခုလို အောင် ဟိုးဟိုး ကျော်မလာဘူး၊ မင်းတို့ ခံနိုင်ရင် ခံကြပေတော့'

ကွန်လုံဝမ်၏ ခြိမ်းခြောက်စကားက မှန်လှသည်။ ဆေးသောက်ပြီး၍ တိုက်ခိုက်သော ဖင်အားသည် ဆေးမသောက်မီက တိုက်ခိုက်သော အင်အားနှင့် ဘာမျှမဆိုင်ပေ၊ အလွန်တရာ ပြင်းထန်လာသဖြင့် ဆန်ကွမ်းချီရော ယွမ်ဒရှောက်ပါ ချွေးဒီးဒီး ကျလာတော့၏။

'ဒီနေ့မှာပဲ ငါတို့ကိစ္စ ပြတ်သွားနိုင်တယ်'

ဆန်ကွမ်းချီသည် စိုးရိမ်လာ၏။ ထို့ကြောင့် နောက်ဆုံး ခြင်းချန်ထားသည့် အင်အားကလေးကို အပြည့်အဝ ထုတ်၍ သုံးစွဲရတော့သည်။

'ဝုန်း'

ကွန်လုံဝမ်သည် လက်ဝါးရိုက်သံ တစ်ချက် ကြားလိုက်ရပြီးနောက် ယွမ်ရှောက်မှာ စွန်ကြိုးပြတ်သလို လွင့်ထွက်လာ၏၊ ဇရပ်ထောင့်တစ်နေရာ၌ ပစ်ကျသွားသည်။ သူသည် ရင်ထဲ ပျို့တက်လာသော သွေးများကို ထွေးထုတ်ပစ်ပြီး တန်ဟုန်ထိုး ခုန်ဝင်သွားပြန်လေ၏။

အလွန်ကြံ့ခိုင်သော ယွမ်ရှောက်ပေတည်း။



သူသည် ကွန်လုံဝမ်၏ လက်ဝဲနံဘေးရှိ အကြောကို ပစ်ထောက်လိုက်သည်။

သို့သော် ကွန်လုံဝမ်က အလွန်လျှင်မြန်၏၊ လျှပ်တစ်ပြက် ရှောင်တိမ်းပြီး ယွမ်ရှောက်၏ လက်ခကောက်ဝတ်ကို ဖမ်း၍ ဆုပ်ကိုင်လိုက်သည်။ ယွမ်ရှောက် ရှောင်သော်လည်း အချိန်မမီတော့ပေ။ မရှောင်နိုင်တော့ပေ။

ဆန်ကွမ်းချီသည် ဟာခနဲဖြစ်သွားပြီး မိုးလုံးပြည့်လက်သီးများဖြင့် တရကြမ်းတိုက်ခိုက်တော့သည်။ သို့သော် ကွန်လုံဝမ်က ယွမ်ရှောက်၏ အကြောကို ထိထိမိမိ ဖမ်းကိုင်သွားနိုင်ပြီဖြစ်၍ ဆန်ကွမ်းချီ၏ လက်သီးများရှေ့၌ ယွမ်ရှောက်၏ ခန္ဓာကိုယ်ကြီးကို ထိုးကာပေးတော့၏။

'ခင်ဗျား မယုတ်မာနဲ့၊ သတ္တိရှိရှိခုခံပါလား'

ဆန်ကွမ်းချီက အော်၏။

ကွန်လုံဝမ်၏ အေးစိမ့်သော ရယ်သံသည် တန့်ယန်ကုန်း ခန်းမကြီး၌ လွင့်ပျံ့လာသည်။

'ဘာသတ္တိလဲ၊ မင်းတို့နှစ်ယောက် တိုက်တုန်းကကော နိုင်ကြလို့လား'

ဆန်ကွမ်းချီက တိုက်ခိုက်ရင်း ထိန်မုဆရာတော်ကို အားတောင်းပန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော် ဝင်ပါ၊ သိုင်းလောက စည်းကမ်းကို စောင့်ထိန်းမနေပါနဲ့'

ထိန်မုဆရာတော်သည် ဆန်ကွမ်းချီ၏ ဂုဏ်သိက္ခာကို ထိပါးစော်ကားမိသည့် စိုးရိမ်သဖြင့် ဝင်မတိုက်ဘဲ ရပ်ကြည့်နေခြင်းဖြစ်သည်။

ဆန်ကွမ်းချီ၏ အကူအညီတောင်းသံကို ကြားလိုက်ရသောအခါတွင်မူ ချက်ချင်း တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်လာလေ၏၊ ကျင်ရွှယ်တောက်လည်း ထက်ကြပ်မကွာ ရှိလာပြီး ကွန်လုံဝမ်အား သုံးဘက်သုံးတန်မှ တရကြမ်း တိုက်ခိုက်ကြသည်။

သို့သော် ကွန်လုံဝမ်က ယွမ်ရှောက်၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲပြီး တိုက်ခိုက်သောအခါ ဆန်ကွမ်းချီ၊ ထိန်မုဆရာတော်နှင့် ကျင်ရွှယ်တောက်တို့မှာ သူတို့၏ တိုက်ကွက်များကို အပြည့်အဝ မတိုက်ခိုက်နိုင်ကြတော့ပေ။

'ဟား....ဟား....ဟား၊ လာကြလေ၊ မင်းတို့က အများနဲ့တိုက်ပြီး အနိုင်ယူချင်ကြတယ် မဟုတ်လား၊ အခု ဘာဖြစ်လို့ အနိုင်မယူနိုင်ဘဲ ဖြစ်နေကြသလဲ၊ ဟား....ဟား....ဟား'

အောင်နိုင်သူ၏ ရယ်သံသည် ခန်းမထဲ ပျံ့လွင့်နေ၏။

နိုင်ချစ်နေဒ်က အားစက်သော အသံဖြင့် ခြိမ်းခြောက်လိုက်လေ၏။



'ရှင် သူ့ကိုလွှတ်လိုက်၊ သိုင်းလောက ရာနသုံးမျိုးထဲက နတ်ဆွးလုံးလက်နက်နဲ့ပစ်ရင် ရှင် ဒုက္ခရောက်သွားမယ်'

'ဟား....ဟား....ဟား၊ နင်တို့လူကို ငါက ကြားခံလုပ်ထားတာလေ၊ နင် ဘာလက်နက်ကို သုံးရဲမှာလဲ၊ နင်တို့သုံးရင် နင်တို့လူပဲ ခံရမှာပဲ'

ထိုစဉ် ဆန်ကွမ်းချီသည် အောက်ပိုင်း၌ လွတ်နေဟန်ရှိသော ကွန်လုံဝမ်ထံသို့ လှိမ့်ဝင်သွား၏။ ကွန်လုံဝမ်က ခြေထောက်ဖြင့် ကန်ထုတ်သည်။ ကွန်လုံဝမ်၏ ကန်ချက်မှာ အလွန် မြန်သဖြင့် ဆန်ကွမ်းချီ ရှောင်သည့်တိုင် မလွတ်နိုင်ဘဲ ပထမဒဏ်ရာ ရရှိထားသည့် ပခုံးကို အကန်ခံလိုက်ရသည်။ ဖြောင်းအကန်ခံလိုက်ရသလို ဆန်ကွမ်းချီ လွင့်ထွက်လာပြန်သည်။ သွေးများ ပြန်လည် စီးကျလာ၏။

သို့သော် ဆန်ကွမ်းချီ ပြန်၍ခုန်ထသည်၊ မုန်တိုင်းတိုက်သကဲ့သို့ ပြန်ဝင်သည်။ ယွမ်ရှောက်၏ ခန္ဓာကိုယ်ကို မထိအောင် သတိထားပြီးတိုက်သည်၊ အများအခြင်တွင်မူ ဆန်ကွမ်းချီ၏ အပြုအမူမှာ သွေးရူးသွေးတန်း တိုက်ခိုက်သလို ဖြစ်နေသည်။

ထိန်မုဆရာတော်က အော်ဟစ်၍ သတိပေး၏။

'ဒကာလေး ဆန်ကွမ်းချီ....ကမူးရူးထိုးမလုပ်နဲ့၊ ကွန်လုံဝမ် ကျုပ်တို့ကို မေ့ကိုမချေပြုနိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထိန်မုဆရာဒဘာ်နှင့် ကျန်ရှယ် တောက်တို့သည် သူတို့၏ ကျေးဇူးရှင် ဆန်ကွမ်းချီတစ်ယောက် သေရှုံးရောက်နိုင်သည့်ကိစ္စကို ရပ်ကြည့်မနေနိုင်သောဒေ၊ ကွန်လုံဝမ်၏ လွတ်ကွက်၊ ဟာကွက် မှန်သမျှကို ဝင်ရောက် ထိုးနှက်နေကြရလေ၏။

နိုင်ချစ်နေဘ်က အေးစက်မာကျောစွာ ပြောသည်။

'ရှင် အတွင်းဒဏ်ရာ ရထားတာပဲ၊ ရှင် ဘယ်လောက်ကြာကြာ တိုက်နိုင်မှာလဲ၊ ကျွန်မတို့ ခြောက်လကြာတဲ့အထိ တိုက်မယ်၊ ရှင် ဘာခံနိုင်မလဲ'

ကွန်လုံဝမ် ရင်ထိတ်သွားသည်၊ နိုင်ချစ်နေဘ်သည် သူ၏ မွေးစားသမီး ဖြစ်ခဲ့ဖူး၍ သူ့အကြောင်း အသေးအဖွဲမှစ၍ သိနေသည်၊ သူ အတွင်းဒဏ်ရာရနေသည့် အဖြစ်ကိုလည်း ယခု သိရှိနေပြန်သည်၊

နိုင်ချစ်နေဘ်က ဆက်ပြော၏၊

'ရှင့်လက်ထဲကလူကို လွှတ်ရင် ရှင့်ကို ကျွန်မတို့ ဝိုင်းမတိုက်တော့ဘူး'

'ငါ တန့်ယန်ကုန်း အပြင်ရောက်မှ သူ့ကို လွှတ်ပေးမယ်'

ကွန်လုံဝမ်၏စကားကို ကြားလိုက်ရသည်နှင့် သူတို့အားလုံး စိတ်ထဲ၌ ကြိတ်မနိုင်ခဲမရ ဖြစ်သွားကြသည်၊ ကွန်လုံဝမ် ဤသို့ အခွင့်အရေးကောင်းခြင်း၏ အဓိပ္ပာယ်မှာ ဤစခန်း၌ အစောင့် အကြပ် လုံခြုံစွာမရှိဟူသည့် အဓိပ္ပာယ်ပင်တည်း၊



အကယ်၍ ယွမ်ရှောက်သာ ဤသို့ အမိမခံရပါက သူတို့သည် ကွန်လုံဝမ်ကို အပြတ်ရှင်းနိုင်ပေလိမ့်မည်၊ ယခုမူ နိုင်ရာမှ အရှုံး ဖြစ်ခဲ့ရလေပြီ၊

နိုင်ချစ်နေဘ်က အေးစက်စက်ရယ်ပြီး....

'ရှင်က ဘယ်တုန်းကမှ ကတိတည်တဲ့လူမှ မဟုတ်ဘဲ၊ တန့်ယန်ကုန်း အပြင်ရောက်ရင် ကျွန်မတို့လူ ဆုံးမှာပဲ၊ ဒီတော့ ဒီမှာပဲ ကျွန်မတို့လူလဲ အဆုံးခံမယ်၊ ရှင့်ကိုလဲ သတ်မယ်'

ကွန်လုံဝမ်သည် စကားပြောရင်း နေခဲ့နေသည်၊ နိုင်ချစ်နေဘ်က ဆန်ကွမ်းချီအား လှမ်း၍ အမိန့်ပေးသည်၊

'ဆန်ကွမ်းချီ... ရှင်တို့ နောက်ဆုတ်ပါ၊ ကျွန်မ ကွန်လုံဝမ်နဲ့ စကားပြောမယ်၊ သူသဘောမတူရင် ပထမနဲ့ ဒုတိယ စည်းကြောင်းက လူတွေကိုပါခေါ်ပြီး သူ့ကို အသေဝိုင်းတိုက်မယ်'

ကွန်လုံဝမ် တုန်လှုပ်သွားသည်၊ သူထင်ထားသည့်အတိုင်း နိုင်ချစ်နေဘ်တို့ အသင့်ပြင်ဆင်လာကြပေပြီဟု တွေးပြီး ယွမ် ရှောက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်၊ ယွမ်ရှောက်မှာ အကြောပိတ်ခံထားရသဖြင့် မလှုပ်နိုင်ရှာတော့ပေ၊

ကွန်လုံဝမ်သည် စိတ်ထဲ၌ တုန်လှုပ်နေသော်လည်း ပြင်ပ အမူအရာကတော့ အေးအေးဆေးဆေးပင် ရှိနေသည်၊

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုတော့ရှိတယ်၊ နင်ဟာ ကျွန်လုဂိုဏ်းချုပ် မဟုတ်ဘူး၊ ကျွန်လုဂိုဏ်းချုပ်ရဲ့ ကတိစကားကို ရရင်တော့ ငါဖမ်းထားတဲ့ကောင်ကို လွှတ်ပေးမယ်'

ဆန်ကွမ်းချီတို့အတွက် စာစ်ခုကံကောင်းသွားသည်မှာ ယွမ်ရှောက်သည် ဆန်ကွမ်းချီ၏ဘဝ၌ မည်မျှ အရေးပါသည်ကို ကွန်လုံဝမ် သိထားခြင်းပင်တည်း၊ ယွမ်ရှောက် အရေးပါပုံကို သိရှိထားပါက ကွန်လုံဝမ်သည် သိုင်းလောက ရတနာတစ်မျိုးဖြစ်သည့် ဝိညာဉ်လိပ်ပြာနတ် ရွှေဓားကိုပင် အချောင်းယူပြီးသူ့ လွှတ်မြောက်မှုနှင့် လဲလှယ်သွားနိုင်ပေသည်။

နိုင်ချစ်နေဘ်က ဆန်ကွမ်းချီအား လှမ်းကြည့်သည်၊ ဆန်ကွမ်းချီမှ ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကွန်လုံဝမ်ကို ကြည့်နေသည်။

နိုင်ချစ်နေဘ်က...

'ကောင်းပြီ၊ ကျွန်လုဂိုဏ်းချုပ်ကြီးက ကတိပေးရင် ရှင့်လူကို ဒီမှာပဲ လွှတ်မသား'

'လွှတ်မယ်'

ကွန်လုံဝမ်က ပြတ်သားစွာ ပြောလိုက်လေ၏။

❁

## အခန်း (၁၅၂)

## စံတော်အိမ်သို့ ထင်ကျော့ပြန်

နိုင်ချစ်နေဘ်သည် တွေတွေထူးထူး ပြောမနေတော့ဘဲ ခရာယ်တစ်ခုကို ထုတ်ကာ မှုတ်လိုက်သည်၊ ဒုတိယစည်းကြောင်း၊ တတိယစည်းကြောင်း အစရှိသည့်နေရာများမှခရာသံများ အဆင့်ဆင့် ထွက်ပေါ်လာသည်၊

ထိုခရာသံများသည် မည်မျှ ဝေးကွာသော နေရာအထိ အဆင့်ဆင့် ပျံ့လွင့်သွားမည်ကို စီစဉ်ထားသူ နိုင်ချစ်နေဘ်မှတစ်ပါး မည်သူမျှ သိရှိလိမ့်မည်မဟုတ်ပေ။

'မကြာခင် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ရောက်ရှိလာလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဘ်က ထက်ကြွစွာ ပြောလိုက်၏။ ဤသို့ အတပ်ပြောနိုင်ခြင်းမှာ ရှည်လျားသော ခရီးများကို အချိန်အတော်ကြာကြာ ကြားလိုက်ရသောကြောင့် ဖြစ်သည်။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ကျယ်လောင်သော ခရာသံများကို ပြန်လည်ကြားလာရပြီး မြင်းခွာသံများကိုလည်း ကြားလာရလေ၏။ မကြာမီ ကိုယ်ရံတော်လေးယောက် ခြံလျက် မြင်းကိုယ်စီ စီးလာသည့် ဂိုဏ်းချုပ်ကြီး အိုယန်ထုကို တွေ့ကြရတော့သည်။ အိုယန်ထုသည် မြင်းပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလာသည်။

'မိန်းကလေး...ကျုပ်ကို အရေးတကြီး ဖိတ်ခေါ်တာ ဘာအကြောင်းများ ရှိလို့လဲ'

အိုယန်ထုသည် ယွမ်ရွှေတက်ကို ဖမ်းဆီးချုပ်ကိုင်ထားသည့် ကွန်လုံဝမ်အား အစခွက်လှမ်းကြည့်ပြီး နိုင်ချစ်နေဘ်အားလှမ်း၍ မေးခွန်းထုတ်လိုက်သည်။

'ဂိုဏ်းချုပ်ကြီး...ဟောဒီ ဝမ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်က သူ့ကို ဒီသခန်းက ထွက်ခွာခွင့်ပေးရင် ယွမ်ရွှေတက်ကို ပြန်လွှတ်ပေးမယ်လို့ ပြောပါတယ်၊ ကျွန်မက ထွက်ခွာခွင့်ပေးမယ်လို့ ပြောပေမယ့် ကျွန်မဟာ ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး မဟုတ်တဲ့အတွက် ကျွန်မစကားကို မယုံဘူးလို့ ပြောပါတယ်၊ အဲဒီအချက်ကို ထင်ပြအမိန့်နာခံချင်လို့ ဂိုဏ်းချုပ်ကြီးကို ဖိတ်ခေါ်လိုက်ရတာပါ'



နိုင်ချစ်နေဘ်၏စကားက ပြည့်စုံချောင်သွယ်သည်။

အိုယန်ထုက ကွန်လုံဝမ်အား လှမ်းမေးလိုက်၏။

"ကွန်လုံဝမ်...ကျုပ်လူ ခင်ဗျားလက်ထဲမှာ ဒဏ်ရာအနာတရ ဖြစ်နေသလား'

ကွန်လုံဝမ်က အေးစက်စက် ဖြေ၏။

'မဖြစ်ပါဘူး၊ ကျုပ် အကြောပိတ်ရုံ ပိတ်ထားတာပါ'

အိုယန်ထုံဘာ တည်ကြည်လေးနက်စွာ ပြောလေ၏။

'ဒါဆိုရင် ခင်ဗျားကို ဒီက ထွက်ခွာခွင့် ပေးပါတယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့လူ ဒဏ်ရာအနာတရ ဖြစ်မဖြစ် ကိုတော့ ခုပဲ စစ်ဆေးချင်ပါတယ်၊ ကျုပ်လူ ဒဏ်ရာမရှိကတော့ ခင်ဗျားကို ဘယ်သူမှ လက်ဖျားနဲ့ မတို့စေရပါဘူး'

'ဒါဆိုဖြစ်တယ်၊ ရော့...ခင်ဗျားတို့လူကို စစ်ဆေးကြည့်'

ကွန်လုံဝမ်သည် ပြောပြောဆိုဆိုဖြင့် ယွမ်ရွှေတက်၏အကြောများကို ဖွင့်ပေးပြီး တွန်းလွှတ်လိုက်၏။

ဆန်ကွမ်းချီသည် သူ၏ ညီတော်ကို ပြေးပွေ့လိုက်၏။

'ညီလေး...ဒဏ်ရာရနေသလား၊ အတွင်းအားကျင့်စဉ် ကျင့်ကြည့်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ခရှောက်က ရယ်၍ပြော၏။

'ကျွန်တော် ညွှန်သွားတယ် အစ်ကိုကြီး၊ အခုတော့ ဘာမှ ဖက်ရာမရပါဘူး'

'သေချာတယ်နော်'

'သေချာပါတယ်'

ဆန်ကွမ်းချီက အိုယန်ထုံအား လှမ်း၍ အစီရင်ခံလိုက်၏။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော့်ညီမှာ ဘာဒဏ်ရာမှ မရှိပါဘူး'

အိုယန်ထုံတခေါင်းညိတ်ပြ၏။ ကွန်လုံဝမ်အားလှမ်းပြောသည်။

'ကွန်လုံဝမ်၊ ခင်ဗျားသွားလိုရာ သွားနိုင်ပါပြီ'

ကွန်လုံဝမ်သည် အားလုံးကို လှမ်းခြုံကြည့်လိုက်ပြီး အေးစက်သောလေသံဖြင့် ပြောလေ၏။

'ဒီ တန်ယန်ကုန်းစခန်းဟာ ငါ့ရဲ့ ယာယီ လျှို့ဝှက်စခန်းပဲ၊ ဒီစခန်းကို မင်းတို့ရောက်လာနိုင်တဲ့အတွက် ငါ့ဆီကကောင်တွေဟာ အသက်စွန့်ပြီး မင်းတို့ကို သတင်းပေးပြီဆိုတာ သေချာတယ် ကိစ္စမရှိဘူး၊ လာမယ့်ဆယ်ရက်အတွင်းမှာအခုတွေနေရတဲ့ လူအားလုံးကို ငါသတ်ပြမယ်၊ မင်းတို့အားလုံး အဆင်သင့်ဖြစ်ပြီး စောင့်နေကြပေတော့'



ကွန်လုံဝမ်သည် စကားဆုံးသည်နှင့် လက်မြှောက်အချက်ပြပြီး ပြေးထွက်သွားလေ၏။

သူ၏ ကိုယ်ဖော့ပညာမှာ သူမတူအောင် ကောင်းမွန်လှရာ အားမကြာမီအတွင်းမှာပင်မှုန်ဝါး ပျောက်ကွယ်သွားလေ၏။ သူ့နောက်မှ ကိုယ်ကျပ်အင်္ကျီအနက်ရောင် ဝတ်ဆင်ထားသူများ ပြေးလိုက်သွားကြသည်။

နိုင်ချုံနော်က အားလုံးကို သတိပေးလိုက်၏။

'ကဲ...ကျွန်မတို့လဲ ပထမစည်းကြောင်းအတိုင်း ပြန်ဆုတ်ကြစို့၊ အခုမှ ထပ်မြီးတိုင်ပင်ကြသေးတာပေါ့'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ဦးဆောင်သော သူတို့လူစုသည် ထမစည်းကြောင်းသို့ ပြန်လည် ရောက်ရှိလာကြ လေ၏။ စက်ရွှေးစင်ဂိုဏ်းသားငါးဦးလည်း ပုန်းကွယ်နေရာမှ ထွက်လာကြလေ၏။

အိုယန်ထုံက....

'မိန်းကလေး၊ ရှေ့လုပ်ငန်းစဉ်ကို ဘယ်လိုအစီအစဉ်ရေးဆွဲထားသလဲ'

'ဟုတ်ကဲ့၊ ကျွန်မတစ်ခုလောက်မေးပါရစေ၊ ပညာမှုထူးချွန်ဟောကူသန်မြိုင်းရှိတဲ့ ယိုက်ယင်တောင်ကိုဝိုင်းထားတဲ့ ကွန်လုံဝမ် ဂိုဏ်းသားတွေ ရှိပါသေးသလား၊'

www.burmeseclassic.com

www.burmeseclassic.com



'မရှိတော့ဘူး၊ သူတို့ပြန်ဆုတ်သွားကြပြီ'

'ကျွန်မ အဲ့ဒီလိုပဲဖြစ်ရမယ်လို့ တွက်ထားပါတယ်'

'ဘာကြောင့်လဲ'

'ဆန်ကွမ်းချိုက ကွန်လုံဝမ်ရဲ့စံတော်အိမ်ကို ဝင်မွှေသွားတာ ကိုး၊ သူ့စံတော်အိမ်ကို ဂိုဏ်းသားတချို့တစ်ဝက် ပို့လိမ့်မ တချို့တစ်ဝက်ကိုတော့ အင်း....'

နိုင်ချစ်နှော်သည် အစ်စိုတစ်ခုကိုသွား၍ စဉ်းစားမိဟန်ပြ ခေတ္တစကား ပြတ်သွား၏၊

အိုယန်ထူက....

'မိန်းကလေး....ဘာကိုသွားပြီးစဉ်းစားမိသလဲ၊ ကွန်လုံ မှာ လျှို့ဝှက်စခန်းတွေရှိသေးလို့လား'

နိုင်ချစ်နှော်က ခေါင်းညိတ်၏၊

'ကျွန်မလဲအခုမှသတိရတယ်၊ သူ့ရဲ့အလံအဖွဲ့ခွဲခေါင်းဆော တွေကို ကျွန်မ မေ့နေတယ်၊ အခု အဲဒီလူတွေဘယ်မှာစခန်း နေသလဲမသိဘူး၊ တချို့ ဂိုဏ်းသားတွေဟာ အဲဒီအလံအ ခေါင်းဆောင်ထွေဆီ ပြန်ရောက်နေမှာ သေချာတယ်'

အိုယန်ထူက ခေါင်းညိတ်၏၊



'ဟုတ်တယ်၊ကျုပ်လဲအဲဒီလူတွေနဲ့ တစ်ခါမှ ထိပ်တိုက်မတွေ့ သေးဘူး'

'ဒါနဲ့စကားမစပ်မေးပါရစေဦး၊ ပညာရှိသန်ရှင်ရဲ့သင်္ချိုင်း ဂူမှာ ဘယ်လိုအခစောင့်အရှောက်တွေ ချထားသလဲ'

'လောလောဆယ်မှာတော့ အစောင့်သုံးယောက်ပဲ ချထား တော့တယ်၊ ကွန်လုံဝမ်က သူ့တပ်သားတွေကို ပြန်ရုပ်သိမ်း သွားတာကိုး'

'ဂိုဏ်းချုပ်ကြီးရှင့်၊အဲဒီအချက်ကတော့ အတော်ဆိုးရွားတဲ့ အချက်ပါပဲ၊အဲဒီသုံးယောက်တည်းနဲ့ သင်္ချိုင်းဂူကို ဘယ်လိုလုပ် စောင့်ရှောက်နိုင်မှာလဲ'

'ဒါဖြင့် ကျုပ်....'

'ခဏလောက်သည်းခံပါဦး ဂိုဏ်းချုပ်ကြီး'

နိုင်ချစ်နှော်သည် ခေတ္တမျှစဉ်းစားပြီး ယောကျ်ားကလေး တစ်ဦးပမာ လက်ဖျောက်တီးလိုက်၏၊

'ဂိုဏ်းချုပ်ကြီးရှင့်၊ အဲဒီအချက်ဟာ ဆိုးမလိုလိုနဲ့ ကျွန်မတို့ အတွက် ကောင်းလာတဲ့အကွက်ပါပဲ၊ ကွန်လုံဝမ်ကသူ့တပ်တွေ ရုပ်သိမ်းသွားတာဟာ ကျွန်မတို့ပေါ့လျော့သွားအောင် လုပ် တာပါပဲ၊ အဲဒီအချက်ကို ကျွန်မတို့အခွင့်ကောင်းယူရမယ်'

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ထု က ခေါင်းညိတ်၏။

'မိန်းကလေးစိစဉ်ချင်တာကိုသာစီစဉ်ပါ၊ ကျုပ် သဘောတူပါတယ်'

'ဟုတ်ကဲ့...အဲဒီအချက်ကို အသာထားလိုက်ပါဦး'

နိုင်ချစ်နော်သည် ဆန်ကွမ်းချိဘက်သို့လှည့်လိုက်ပြီး...

'ဆန်ကွမ်းချိ...ကျွန်မ ရှင့်ကို တစ်ခုလောက်တာဝန်ပေးချင်တယ်'

'ပေးပါ၊ ကျုပ် အိအိကျကျဆောင်ရွက်ပါ့မယ်'

'ကျွန်မအနေနဲ့ ကန်လုံပမ် စိတ်အနှောင့်အယှက်ဖြစ်အောင် တစ်ခုခုလုပ်ချင်တယ်၊ ရှင်လုပ်နိုင်ပါ့မလား'

ဆန်ကွမ်းချိက ခေါင်းညိတ်ပြ၏။

'လုပ်နိုင်ပါတယ်၊ လုပ်စရာအကွက်လဲ တွေ့ထားပါတယ်'

'ဘယ်လို အကွက်လဲ'

'ကန်လုံဝမ်ရဲ့နန်းတော်အိမ်ဝင်းထဲမှာ ထူးဆန်းတဲ့ သစ်သားလှောင်အိမ်ကလေးတွေရှိတယ်၊ အဲဒီထဲက အကျဉ်းသားတွေကို ကယ်ထုတ်ရင် ကန်လုံဝမ် အတော်ကလေးစိတ်အနှောင့်အယှက်ဖြစ်မှာ သေချာတယ်'



'ကောင်းတယ်၊ ရှင်လုပ်ချင်တာကို လုပ်ပါ၊ ကျွန်မ တစ်ခုထပ်ပြောချင်တာက ကန်လုံဝမ်ရဲ့ ဂိုဏ်းသားတွေကို တွေ့ရင် ချောင်းမြောင်းလုပ်ကြံပါ၊ မပြောက်ကျားတိုက်ခိုက်နည်းနဲ့ တိုက်ခိုက်ပါ၊ လုပ်ကြံပြီးတာနဲ့ ချက်ချင်း ရှောင်ထွက်ပါ၊ ရှင့်အကြံကိုလဲ အကောင်အထည်ဖော်ပေါ့'

'ကောင်းပါပြီ၊ အခုပဲ သွားရမလား'

'ခဏနေပါဦး'

သူမသည် ထိန်မုဆရာတော်နှင့် ကျင်ရှယ်တောက်တို့အား လှမ်း၍ တောင်းပန်၏။

'ဆရာတော်နဲ့ ဆရာရှင့်...ဆန်ကွမ်းချိနဲ့ လိုက်လံကူညီ တိုက်ခိုက်ဖို့ ကျွန်မ ဓမ္မတ္တာရပ်ခံပါတယ်'

ဆရာတော်နှင့် ကျင်ရှယ်တောက်တို့က ကူညီပါမည်ဟု ကတိပေးကြ၏။

သူမသည် လက်ရွေးစင် ဂိုဏ်းသား ငါးဦးနှင့် လက်ဝဲရံ လက်ယာရံ လူငယ်ထိုက်လည်း ဆန်ကွမ်းချိနှင့်အတူ လိုက်ပါသွားရန် အမိန့်ပေးလေ၏။

နိုင်ချစ်နော်သည် ဆန်ကွမ်းချိ ဆောင်ရွက်ရမည့်တာဝန်ကို စီမံခန့်ခွဲပြီးနောက် သူမ၏ပါးထဲမှ မြှားကို ဆန်ကွမ်းချိအား လှမ်းပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရော့ပါ…ဒီဓားကို ယူထားပါ၊ ရှင့်တာဝန်က အတော်ကလေးကြီးတော့ ဒီဓားကို ယူထားသင့်ပါတယ်'

ဆန်ကွမ်းချီသည် ငြင်းဆန်မနေတော့ပေ၊ လှမ်းယူလိုက်သည်၊

'ကဲ…ရှင်တို့ သွားနိုင်ပါပြီ'

ဆန်ကွမ်းချီတို့ အုပ်စုသည် ဂိုဏ်းချုပ်ကြီး၊ အို့ယန်ထုံအား ဦးညွှတ်ဂါရဝပြုပြီး ထွက်ခွာသွားကြလေတော့၏၊

နိုင်ချစ်နော်သည် သူမအား ကျောခိုင်းထွက်ခွာသွားသည့် ဆန်ကွမ်းချီအား ဆွေးမှိုင်လွမ်းသော မျက်လုံးများဖြင့် ငေးကြည့်နေမိသည်၊

'အင်း…ယွမ်ရှောက်ဆိုတဲ့လူသာ ပါမလာဘူးဆိုရင် ငါတို့နှစ်ယောက်စလုံး အင်မတန် ပျော်ရွှင်ချမ်းမြေ့ကြမှာပဲ၊ ခုတော့ ခုတော့…'

နိုင်ချစ်နော်သည် မျက်ရည်ကျမလာစေရန် အံကြိတ်လိုက်မိလေ၏၊

အလွန်တရာ ချောမောလှပသော မိန်းကလေးနှင့် မာန်မာနကင်း၍ တည်ကြည်ခန့်ညားသော ယောကျ်ားပျိုလေးတစ်ဦး၏ အချစ်လာတင်လမ်းမှာ ယွမ်ရှောက်တည်းဟူသော ဘာမျှ မသိနားမလည်ရှာသော တောတွင်းသားကလေး တစ်ဦးကြောင့် အသက်မဝင်ဘဲ ပျက်ပြားသွားခဲ့ရရှာတော့သည်၊



အို့ယန်ထုံသည် ဆန်ကွမ်းချီအား ငေးမောကြည့်ပြီး ကျန်ရစ်ခဲ့သည့် နိုင်ချစ်နော်အား လှမ်း၍အကဲခတ်သည်၊ ဆွေးရိပ်သမ်းနေသော မျက်လုံးများကို သူ သဘောမပေါက်ဘဲ ဖြစ်နေသည်၊

'အဟမ်း…အဟမ်း'

နိုင်ချစ်နော်က လှည့်ကြည့်၏၊

'မိန်းကလေး…ကျုပ်တို့သွားကြမယ်'

'ဟုတ်ကဲ့…ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် သူ့ကိုယ်ရံတော်များ၏ လက်ထဲမှ မြင်းကြီးများကို လှမ်းယူပြီး နိုင်ချစ်နော်အားတစ်စီး၊ ယွမ်ရှောက်အားတစ်စီး လှမ်းပေးသည်၏၊

ယွမ်ရှောက်က ခေါင်းခါသည်၊

'ကျွန်တော် မြင်းစီးဖို့မလိုပါဘူး၊ ဒီအတိုင်းပြေးနိုင်ပါတယ်'

ကျိစကားသည် မှန်၏၊ ယွမ်ရှောက်သည် အလွန်တရာပင် ကြံ့ခိုင်သန်စွမ်းသဖြင့် မြင်းတစ်ကောင်၏ လျင်မြန်နှုန်းလောက် ပြေးနိုင်စွမ်းရှိသည်၊

သို့သော် နိုင်ချစ်နော်က…

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီး ပြောနေရင် လိုက်နာသိုက်ပါ၊ ရှင်ဟာ ဘယ်လောက် ကိုယ်ဖော့ပညာကောင်းတယ်ဆိုတာ ကျွန်မသိပါတယ်'

ယွမ်ရှောက်သည် စောဒက မတက်တော့ပေ။ မြင်းဇက်ကြိုးကို လှမ်းယူလိုက်ပြီး ခုန်တက်လိုက်၏။ ကိုယ်ရံတော်လေးယောက်တို့သည် မြင်းတစ်စီးကို နှစ်ယောက်ပေါင်း၍ စီးကြရလေ၏။

'ဂိုဏ်းချုပ်ကြီး.... အခြေစိုက်စခန်းကို ခရီးဆက်မှာလား'

'မှန်တယ်'

မြင်းများသည် ဒုန်းစိုင်းထွက်ပြေးသွားကြသည်။ တန့်ယန်ကုန်းသစ်တောသည် နောက်ဘက်၌ တရိပ်ရိပ် ကျန်ရစ်ခဲ့၏။

အိုယန်ထုံသည် ကွန်လုံဝမ်အကျုပ်အတည်း တွေ့ကြုံပြီးနောက်ဆုတ်သွားသည်ကို မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရသဖြင့် လွန်စွာ စိတ်ချမ်းသာသွားသည်။ နိုင်ချစ်နေဘ်၏ စွမ်းရည်ကို ထန်ရှင်သည် တကယ်တမ်းသိမြင်ပါပေသည်ဟု စိတ်ထဲမှကျိတ်၍ ချီးကျူးလိုက်မိသည်။

ညနေစောင်းသောအခါ သူတို့သည်ထိုက်ယင်တောင်တန်း၏ တောင်ခြေစိုက်စခန်းသို့ ရောက်ရှိလာကြ၏။

ကောင်းသမအားအဆင့်ဆင့်သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံ မှန်းသိရသဖြင့် တားဆီးခြင်း မရှိကြပေ။



ထိုတောင်ခြေရှိ ဝါးတောအတွင်း၌ တဲအိမ်ကလေးများ မြောက်မြားစွာ ရှိနေသည်။ ကျွန်လုဂိုဏ်းသားများသည် ဒုတိယအကြိမ် အထိနာခဲ့သဖြင့် အဲတော်ကလေး အားယူအပန်းဖြေနေခဲ့ကြရသည်။

တဲအိမ်ကြီးတစ်အိမ်ရှေ့တွင် ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား စောင့်ကြိုနေသူများကို တွေ့ရ၏။ ဦးဆောင်ကြိုဆိုသူမှာ လက်တစ်ဖက်ပြတ်နေသော လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်ဖြစ်၏။ ကွမ်းစန်စင်သည် ဒုတိယတိုက်ပွဲ၌ လက်ယာဘက် လက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။

ကွမ်းစန်စင်က ဂါရဝပြုပြီး....

'ဂိုဏ်းချုပ်ကြီး....ကျွန်တော်တို့ရဲ့ တောင်ဘက်စူးစူးက တပ်စွယ်ကို ကွန်လုံဝမ်ဂိုဏ်းသားတွေလာတိုက်ကြပါတယ်၊ အဲဒါ....'

နိုင်ချစ်နေဘ် ဆတ်ခနဲ ဖြစ်သွားသည်။

'အဲဒါ ကာလံအဖွဲ့ခေါင်းဆောင်တစ်ယောက်ယောက် ဖြစ်ရမယ်၊ ကျွန်မ သွားစစ်ဆေးလိုက်မယ်'

အိုယန်ထုံက ကွမ်းစန်စင်အား အမိန့်ပေး၏။

'ကွမ်းစန်စင်....ခင်ဗျားလဲလိုက်သွားလိုက်ပါ၊ လေးဆယ့်ရှစ်အဖွဲ့က တပ်သားရှစ်ယောက်လိုပါ ခေါ်သွားပါ၊ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



အတွက်ဆိုရင် အားလုံး အသက်ပေးပြီး ကာကွယ် စောင့်ရှောက်ပါ'

ကွမ်းစနစ်ဝင်က ဦးညွှတ် ဂါရဝပြု၏။

'စိတ်ချပါ၊ အသက်ပေးပြီး စောင့်ရှောက်ပါမယ်'

နှိုင်ချစ်နေသည် ခရီးရောက်မဆိုက်ပင် တောင်ဘက်စွန်း တပ်စွယ်ကိုစစ်ဆေးရန် ထွက်ခွာသွားသည်။

ယွမ်ရှောက်လည်းထက်ကြပ်မကွာ လိုက်ပါသွား၏။

ထိုအချိန်၌ ဆန်ကွမ်းချီတို့ အုပ်စုသည်လည်း ကွန်လုံဝမ်၏ စံတော်အိမ် အနီးသို့ ပြန်လည်ရောက်ရှိလာကြလေ၏။ ထိုသို့ ရောက်ရှိလာကြခြင်းမှာ လွယ်လွယ်ကူကူမဟုတ်ပေ။ကင်းစောင့် များကို မျက်စိချင်ရှင် ရှာဖွေသုတ်သင်ပြီးမှ သစ်လုံး ခြံစည်းရိုး အနီးသို့ ချဉ်းကပ်လာနိုင်ကြခြင်း ဖြစ်ပေသည်။

ဆန်ကွမ်းချီသည် ပထမအကြိမ် သူလာခဲ့သည့် လမ်းစဉ် အတိုင်း သစ်လုံးခြံစည်းရိုး၏ လက်ဝဲဘက်သို့ ချဉ်းကပ်သည်။ ဟိုမှာဘက်တွင် ဝါးရုံတောရှိသည်။ ဝါးရုံတော အလွန်တွင် သေးငယ်သောသစ်သားလှောင်အိမ်ငယ်များ ရှိနေသည်မဟုတ် ပါလော။

ထိုစဉ် ယိန်မုဆရာတော်က တီးတိုးပြောလေ၏။



'အားလုံးသတိထားကြ၊ ဒီဘက်ကိုလူတွေလာနေတယ်'

ဆန်ကွမ်းချီတို့အုပ်စုမှာ သိုင်းပညာ ထက်မြက်သူများချည်း ဖြစ်၍ ချက်ချင်းကိုယ်ရောင်ဖျောက်လိုက်ကြသည်။ အချို့သည် သစ်ပင်များပေါ်သို့၊ အချို့မှာ ချုံပုတ်များအတွင်းသို့ အလျှို အလျှို ပျောက်ကွယ်သွားကြ၏။

မကြာမီ ကိုယ်ကျပ်အင်္ကျီနက်များဝတ်ဆင်ထားသည့် ဝမ်ဂိုဏ်းသားငါးယောက်သည် ခါးကိုယ်စီဖြင့် သစ်လုံးစည်းရိုး ဘေး၌ ပတ်၍လျှောက်လာ၏။ ထိုလူများသည်အဆိပ်သိန်းချုပ် ဆေးများသောက်ထားကြရသော်လည်း ရက်အကန့်အသတ်ဖြင့် မြွေဆေးသောက်ရသူများ ဖြစ်၍ ဘုံဘိုဝါသိုမင် အသိဉာဏ် ရှိကြ၏။

ထိုသူများသည် စကားတပြောပြောဖြင့်လျှောက်သွားကြရာ ဆန်ကွမ်းချီတို့ကို ကျော်လွန်သွားကြ၏။

ယိန်မုဆရာတော်က....

'ဒကာလေး ဆန်ကွမ်းချီ၊ အဲဒီငါးယောက်ကို ရှင်းပစ်ရင် မကောင်းဘူးလား'

ဆန်ကွမ်းချီက ခေါင်းခါသည်။

'မကောင်းဘူးဆရာတော်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့နဲ့ ကင်းချင်းလဲလို့ သူတို့မရှိဘူး၊ အချိန်တန်လျှက်နဲ့ပြန်မရောက်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် စံတော်အိမ်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလိမ့်မယ်၊ အခု သူတို့လွန်သွားပြီ၊ သစ်လုံးစည်းရိုးကို အခုပဲကျော်ဖြတ်ကြမယ်'

သူတို့အားလုံး ထိုင်းသိုင်းသမားချည်းဖြစ်၍ ဆန်ကွမ်းချိုကျော်ဖြတ်သလိုပင် အားလုံး ကျော်ဖြတ်နိုင်ကြသည်။

မကြာမီ ဆန်ကွမ်းချိုပုန်းခိုခဲ့သည့် ဝါးရုံတောကြီးဆီသို့ ရောက်ရှိလာသည်။

ဆန်ကွမ်းချိုက ထိန်မုဆရာတော်နှင့် တိုင်ပင်၏။

'ဆရာတော်...အရှင်ဘုရားရယ်၊ လီစင်းရယ်၊ ကျန်းဖန်းရယ် သုံးယောက်က ကွန်လုံဝမ်စံတော်အိမ်ဘက်သွားပြီး ကွန်လုံဝမ်ရဲ့ ဂိုဏ်းသားတွေ ရှုတ်ရှုတ်သဲသဲ ဖြစ်အောင် လုပ်ရင်ကောင်းမယ်ထင်ပါတယ်၊ ဘုန်းတော်ရယ်၊ ဆရာကြီး ကျင်ရွှယ်တောက်ရယ်က သစ်သားလှောင်အိမ်ထဲက အကျဉ်းသားတွေကို ကယ်ထုတ်ပြီး ကွန်လုံဝမ်ရဲ့စံတော်အိမ်ကို ရောက်အောင်လုပ်ပါမယ်၊ ဒါမှ ကွန်လုံဝမ်စိတ်ခွာဟ်ကျသွားမယ်'

'ဒကာလေး ဆန်ကွမ်းချို၊ သစ်သားလှောင်အိမ်တွေဆီကို လက်ရွေးစင် ဂိုဏ်းသားတွေပါ ခေါ်မသွားသင့်ဘူးလား'

'မခေါ်တော့ဘူး ဘုန်းဘုန်း၊ သူတို့ကို ဒီနေရာကပဲစောင့်ခိုင်းပါမယ်၊ တကယ်လို့ ကွန်လုံဝမ်ရဲ့ဂိုဏ်းသားတွေရောက်လာရင်လည်း ဝါးတောထဲမှာ ကိုယ်ရှောင်ဖျောက်လို့ရတယ်'



'ကောင်းပြီလေ၊ ဒကာလေးစီမံတဲ့အတိုင်း ကျုပ်ဆောင်ရွက်ပါမယ်၊ ကျုပ်တို့ပြန်ဆုံရင်တော့ ဒီနေရာမှာပဲ ပြန်ဆုံကြမယ်ဆိုပါတော့'

'မှန်ပါတယ်'

ထိန်မုဆရာတော်သည် လီစင်းနှင့် ကျန်းဖန်းတို့ကို ခေါ်ဆောင်ကာ တောင်ပေါ်ကြီး တကားကားဖြင့် ထွက်သွားလေတော့၏။

ဆန်ကွမ်းချိုကလည်း ကျင်ရွှယ်တောက်ကိုခေါ်ပြီး ဝါးရုံတောကို ဖြတ်သန်းရတော့သည်။

ဝါးရုံတောကိုကျော်လွန်လာသောအခါ ယခင်က သူမြင်တွေ့ခဲ့ဖူးသော သစ်သား လှောင်အိမ်လေး များကို မှလပုံစံအတိုင်း တန်းစီပြီး မြင်နေရသည်။

ဆန်ကွမ်းချိုသည် ထိုသစ်သားအိမ်ကလေးများကို ကြည့်၍ သတ်ပြင်းကြီး မှုတ်ထုတ်လိုက်မိသည်။

'ဆရာကြီး...တစ်ခုသတိထားမိသလား၊ ဒီအထဲမှာ အကျဉ်းသားတွေထားတာ အမှန်ပဲ၊ ဒါပေမယ့် ဘာစောင့်အရှောက်လုံးဝမရှိဘူး၊ အဲဒါ အံ့ဩစရာမကောင်းဘူးလား'

'ကောင်းတာပေါ့၊ အဲဒီသစ်သားလှောင်အိမ်တွေကို ဖွင့်ရင်ပဲပြီးဆောင် သတိထားရလိမ့်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် ဖျတ်လတ်စွာရှေ့တိုးသွား၏။ သစ်သားတံခါးလေးကို လှမ်းကိုင်လိုက်၏။

'ဆန်ကွမ်းချို သတိထား'

'ဘာဖြစ်လို့ လက်နဲ့ဆွဲဖွင့်မှာလဲ၊ အထဲမှာ အန္တရာယ်မရှိဘူးလို့ ဘယ်သူကပြောနိုင်မှာလဲ၊ ဓားရှိနေတာပဲ၊ ဓားနဲ့ခုတ်ထင်ပစ်လိုက်ပါလား'

'ဟုတ်သားပဲ'

ဆန်ကွမ်းချို၏ဓားရှည်သည် လေထဲ၌တဝှီးဝှီး ဝှေ့ယမ်းသွားလေ၏။ သစ်သားအပိုင်းအစများလဲ ပြတ်တောက်ကျသည်။ သစ်သားတံခါးပျက်စီးသွားပြီး ဆန်ကွမ်းချိုအထဲလှမ်းကြည့်သောအခါ အဝတ်အစား သပ်ရပ်သော ခန္ဓာကိုယ်ဖြင့် အိပ်ပျော်နေသူတစ်ယောက်အား တွေ့ရသည်။

ကျင့်ရှယ်တောက်က လှမ်းမေး၏။

'လူတွေ့လား'

'အိပ်နေတယ်'

ကျင့်ရှယ်တောက်က ရှေ့သို့တိုးလာပြီး ကြည့်၏။

'ဒီလူကဘာဖြစ်လို့အိပ်နေတာလဲ၊ သွေးကြောပိတ်ခံထားသလား'



'မဟုတ်ဘူး'

ဆန်ကွမ်းချိုသည် အကျေအလည် ရှင်းပြချိန်မရသဖြင့် ခပ်သွက်သွက် အမိန့်ပေးလေ၏။

'ဆရာကြီး၊ အဲဒီလူကို အပြင်ကို မ,ထုတ်လိုက်ပါလား၊ ကျွန်တော် နောက်ထပ်တစ်အိမ် ထပ်ဖွင့်မယ်'

ကျင့်ရှယ်တောက်သည် အိပ်နေသူအား သတိဝီရိယထားပြီး မ,ထုတ်လာ၏။

ထိုလူမှာ အိပ်မွေ့ချခံထားရသူမှာ ငြိမ်သက်စွာပါလာ၏။

ဝါးရွက်ခြောက်များ စုပုံနေသည့် နေရာတွင် ခေတ္တမျှ ချထားပေးသည်။

ဆန်ကွမ်းချိုမှာ ထိုလူကိုကြည့်ပြီး အနည်းငယ်တော့ အံ့သြသည်။ ယခင်က သူ မြင်တွေ့ခဲ့ရသူများမှာ အရိုးပေါ် အရေတင် လူများသာ ဖြစ်သည်။

ယခုမူ ပုံပန်းသိပ်မပျက်နေသေးသော သူလိုလိုလူတစ်ယောက် ဖြစ်နေ၏။

'အင်း....တန်ခုပဲ ဖြစ်နိုင်တယ်၊ ဒီလူဟာ ဒီသစ်သားအိမ်ကို အခုမှ အပိတ်ခံရတာ ဖြစ်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် နောက်တစ်အိမ်သို့ ကူးသွားပြီး တံခါးကို ခါးနှင့် ဖျက်ဆီးပစ်လိုက်၏၊ ထိုအိမ်ထဲမှလူမှာ အရိုးပေါ်အရေတင်နေ၏။

ကျောင်းရှယ်တောက်ပင်လျှင် အံ့ဩထိတ်လန့်သွားသည်။ အသက်ရှိမရှိ စစ်ဆေးကြည့်သောအခါ အသက် ရှူနေသေးကြောင်း၊ နှလုံးခုန်နေသေးကြောင်း တွေ့ရှိရသည်။

'ဘယ်လို ဖြစ်တာလဲ၊ ကွန်လုံဝမ်ရဲ့ လက်အောက်မှာ ဒီလို အကျဉ်းသားတွေ ရှိတုန်းပဲလား၊ သူတို့ထက်စာရင် မြေအောက် အကျဉ်းထောင်ထဲမှာ နေမမြင်၊ လမမြင် နေရတဲ့ ဘဝက ခပ် ကောင်းကောင်းလို့ ဆိုရဦးမယ်'

ဆန်ကွမ်းချီက ရှင်းပြ၏။

'ဒါကတော့ ဘယ်တူမလဲ၊ ဆရာကြီးနဲ့ ထိန်မုဆမ္ဗာတော်ကြီး ကိုတော့ ကွန်လုံဝမ်က တစ်နည်းတစ်ဖုံ အသုံးချချင်လို့ အဆိပ် ဆေးမကျွေးတာဘဲ၊ သူတို့ကတော့ အဆိပ်တစ်ခုခု မိနေကြတာ ပါ'

ဆန်ကွမ်းချီသည် လှောင်အိမ်ကလေး ဆယ်လုံးကို ဖွင့်လှစ် ပြီး လူဆယ်ယောက်ကို ကယ်ထုတ်လိုက်၏။ ကျောင်းရှယ် တောက်သည် ထိုလူများကို တန်းစီပြီး ချထားသည်။

ထိုစဉ် ကျောင်းရှယ်တောက်က အရေးတကြီးအော်၏။



'ဆန်ကွမ်းချီ၊ သတိထား'

သူတို့နှစ်ယောက် စောင့်ကြည့်နေစဉ်မှာပင် ထိုလူ အားလုံး သည် သူတို့အား ဆွဲထုတ်ခဲ့သည့် အိမ်ကလေးများထဲသို့ ပြန် လည် ဝင်ရောက်သွားကြလေ၏။

ထိုစဉ် သူတို့သည် မြေကြီးပေါ်၌ အိပ်နေသူ တစ်ယောက် ကို ရုတ်တရက် သတိပြုမိလိုက်သဖြင့် ထိုလူအနီးသို့ ခုန်တက် သွားကြသည်။ ထိုလူမှာ ဝတ်တောင်းစားလှ ဝတ်ဆင်ထား သည့် ပထမဦးဆုံး ကယ်တင်ခဲ့ထားရသူပေတည်း။

ကျောင်းရှယ်တောက်က....

'သူ ကျတော့ ဟိုလူတွေလို ဘာဖြစ်လို့ ပြန်မဝင်တာလဲ'

'သူ အဆိပ်မိတာ မကြာသေးလို့ဖြစ်ရမယ်၊ သူ့ကို နည်း နည်းပါးပါး နှိပ်နယ်ပေးရင် ကောင်းမယ်ထင်တယ်'

ကျောင်းရှယ်တောက်သည် ထိုလူအား နှိပ်နယ်ပေး၏၊ သွေး သွား သွေးလာ ကောင်းအောင် အကြောများ ဖွင့်ပေး၏၊ အကျဉ်းအားမှာမူ လုံးဝ လှုပ်ရှားခြင်း မရှိသေးပေ။

ဆန်ကွမ်းချီက....

'ဆရာကြီး....သူ့ကို ကွန်လုံဝမ် ကိုယ်တိုင် အကြောပိတ်ထား သလားမသိဘူး၊ သူ တစ်ယောက်တည်းနဲ့ အချိန်ကုန်နေလို့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ဘူး၊ သစ်သားအိမ်ထဲက လူတွေကို ကျွန်တော်က ဆွဲထုတ်မယ်၊ ဆရာကြီးက ယထမပုံစံအတိုင်း သူတို့ကို ထားပေးပါ၊ သူတို့စွဲလန်းနေတဲ့ အိမ်တွေကိုတော့ ကျွန်တော် ဖျက်ဆီးပစ်မယ်၊ နောက်ပြီး မီးရှို့ပစ်မယ်'

'လုပ်လေ...မောင်ရင် ပြောတဲ့အတိုင်း ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ'

ဆန်ကွမ်းချီသည် လျှင်မြန်ဖျတ်လတ်စွာ လုပ်ဆောင်သည်။ အကျဉ်းသား သေးဆယ်ကျော်ကို ကယ်ထုတ်နိုင်ခဲ့သည့် လက်ငင်း အစွန်ဆုံးမှ အိမ်လှတဲ သုံးလုံးကိုလည်း ဖျက်ဆီးပစ်သည်။ သူ့ဆရာရှိသည့် အိမ်ကို သူကောင်းစွာမှတ်မိသည်၊ ယခု ကျွန်ရှိနေသည့် အိမ်များမှာ စုစုပေါင်း သုံးလုံးရှိနေသည်၊

သူသည် ပိုင်မာစန်း သစ်တောကြီးအတွင်း၌ အတိ ဒုက္ခရောက်ခဲ့ရသည့် အဖြစ်များကို ပြန်လည်သတိရလာ၏၊

သူ၏သက်ဦးဆရာဖြစ်သည့် ဆရာကြီးရဲယီဖိန်မှာ ပိုင်မာစန်း သစ်တော၏ အဘစပ်ရှိ ဇရပ်ကြီးအတွင်းမှ တရကြမ်း ထွက်ပြေးသွားခဲ့ရသည်၊ သူ့ဆရာကြီး ရဲယီဖိန့်သည် ကျုံးယွမ်ငါးဖော်ဟု ခေါ်သော သိုင်းသမားကြီး ငါးဦးထဲမှ အစ်ကိုအကြီးဆုံး ဖြစ်သည်၊ သူ၏ ညီတော် လေးယောက်သည် လက်တစ်ထောင် အဆိပ်အဘိုးအို၏ အဆိပ်များမိပြီး သေဆုံးသွားခဲ့ကြရ၏၊



ဆန်ကွမ်းချီသည် သူ့ဆရာကြီး ဇရပ်အတွင်းမှ ထွက်မပြေးမီက ပြောကြားခဲ့သည့် စကားများကို သေဟန်ဆောင်နေသည့် ကြားထဲမှ တစ်လုံးမကျန် မှတ်မိနေခဲ့ပါသည်၊

ဆရာကြီး ရဲယီဖိန်က ဤသို့ ပြောခဲ့၏၊

'ညီလေးတို့...မင်းတို့အားလုံး တမလွန် ဘဝကို ငြိမ်းငြိမ်းချမ်းချမ်း ရောက်ရှိကြပါစေ၊ ရောက်အောင် သွားနိုင်ကြပါစေ၊ အုန်းထန်းယိ ဆိုတဲ့ ဝရဲမိစ္ဆာကောင်ကို ငါလက်နဲ့ အမှုန့်ချေသတ်ပစ်ပါ့မယ်၊ ဒီအမှုန့်တွေကို ငါညီတွေရဲ့ သင်္ချိုင်းဂူမှာ ဖြန့်ကြဲပေးပါ့မယ်၊ သူ့ကို သတ်ပြီးရင် လက်စား ချေပြီးရင် ငါကိုယ်တိုင် ငါ့လည်ပင်းကို ဓားနဲ့ လှီးပြီး ညီလေးတို့နောက်ကို လိုက်ခဲ့ပါ့မယ်'

အုန်းထန်းယိအား လက်စားချေရန် ထွက်ပြေးသွားခဲ့သည့် ဆရာကြီးရဲယီဖိန်သည် အဘယ်ကြောင့် ကွန်လုံဝမ်၏ အကျဉ်းသား လာဖြစ်နေရသနည်း၊

သူသည် ထိုဇရပ်အတွင်းရှိ အလောင်းများကြား၌ စိတ်ပျက်လက်ပျက် ထိုင်နေစဉ် ပလွေသံကြားရပြီး ပလွေရှင်အဘိုးအို၏ ပလွေသံ ခေါ်ရာနောက် လိုက်ပါခဲ့ပြီး ပလွေသံရှင်အဘိုးအိုနှင့် တွေ့ဆုံ ကြုံကြိုက်ခဲ့ရသည်၊

ဂိုဏ်းချုပ်ကြီး ယင်ကြိုလုံနှင့် တိဗက်ဘုန်းကြီးများ၏ တိုက်ပွဲများကို တွေ့ခဲ့ရသည်၊ ဝေါ်ရှုံစီမ်း ဝတ်ဆင်ထားသည့် အလှန်

www.burmeseclassic.com



တရား ရက်စက်သောလူ၏ သတ်ဖြတ်မှုများကြောင့် တိပက်ဘုန်းကြီးများနှင့် ယွင်ကြိုလုံ၏ဂိုဏ်းသားများ သေဆုံးရပုံကို တွေ့ခဲ့ရ၏။

သူကိုယ်တိုင်လည်း ဝတ်ရုံစိမ်း ဝတ်ဆင်ထားသူ၏ လုပ်ကြံသတ်ဖြတ်မှုကို ခံခဲ့ရပြီး ယွမ်ချောအ၏ကျေးဇူးဖြင့် အသက်ရှင်သန်ခဲ့ရ၏။

ယခု မမျှော်လင့်ဘဲနှင့် လက်ဦးဆရာကြီး ရဲယိဖိန်ကို ဝတ်ရုံစိမ်း ဝတ်ဆင်လေ့ရှိသော ကွန်လိုဝမ်၏ အကျဉ်းသား အဖြစ် ပြန်လည် တွေ့ကြုံရပြန်လေပြီ။

ဆရာ့အား ကယ်တင်ရမည်ဟူသော အသိသည် ပထမတစ်ကြိမ် တွေ့ဆုံပြီးကတည်းက သူ့တွင် ရှိခဲ့၏။

ထိုအသိဖြင့် ယခု ကယ်တင်ရပေတော့မည်။

ကွန်လိုဝမ်အား သုတ်သင်ရှင်းလင်းရာတွင် ဆရာကြီး ရဲယိဖိန်၏ အကူအညီကို ရရှိလိမ့်မည်ဟုလည်း သူယုံသည်။

အကယ်၍ သူတို့သာ ကွန်လိုဝမ်အား မသုတ်သင်နိုင်ခဲ့လျှင် တပည့်တစ်ဦး လက်မှ တပည့်တစ်ဦးလက်သို့ အဆင့်ဆင့် လွှဲပြောင်းသင်ကြားခဲ့ရသည့် အဖိုးတန်သိုင်းပညာသည် တရုတ်ပြည်၌ ကွယ်ပျောက်သွားပေတော့မည်။



ဆန်ကျွမ်းချိသည် သူ့ဆရာရှိသည့် လှောင်အိမ်ကို ဓားဖြင့် ဖျက်ဆီးခြင်း မပြုပါ။

တံခါးရွက်ကို လက်ဖြင့်သာ လှမ်းဆွဲလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅၃)

### မိတ်ဟောင်း ဆွေဟောင်း

ကျင်ရှယ်တောက်သည် ဆန်ကွမ်းချီတစ်ယောက် အတန်ကြာ ငေးမော တွေးတောနေပြီးမှ တံခါးကို လှမ်းဆွဲလိုက်သည်ကို မြင်လိုက်သဖြင့် ဤသစ်သားလှောင်အိမ်၌ရှိသောသူသည် သူ့ရဲ့ ကောင်း ဆန်ကွမ်းချီနှင့် တစ်စုံတစ်ခုတော့ ပက်သက်နေပြီဟု တွေးလိုက်မိသည်။

ထိုစဉ် ဆန်ကွမ်းချီက ထိုတံခါးကို ဆွဲဖွင့်လိုက်သည်။

သစ်သားအိမ်ကလေး၏ အမြင့်မှာ လူတစ်ယောက်ထိုင်၍ လွတ်ရုံသာရှိသဖြင့် အတွင်း၌ရှိနေသည့် အကျဉ်းသားများကို ထိုင်၍ လည်းကောင်း၊ အိပ်၍ လည်းကောင်း အနေအထား နှစ်မျိုးဖြင့်သာ တွေ့ရှိနိုင်မည်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကယ်ထုတ်ခဲ့သည့် အကျဉ်းသားလေးဆယ်ကျော်စလုံး အိပ်လျက် အနေအထားသာ တွေ့ရှိခဲ့ကြရသည်။

ယခု တံခါးဆွဲဖွင့်လိုက်သောအခါ ပထမဦးဆုံးအကြိမ် ထိုင်နေသူအား တွေ့ရှိလိုက်ရတော့သည်။

တံခါးပွင့်သွားပြီး အထဲမှ ထိုင်နေသူကို ဆန်ကွမ်းချီ မြင်တွေ့လိုက်ရသောအခါ နောက်ဆုတ်ပြီး ဒူးထောက်ထိုင်ချသွားသည်။

အထဲမှ ထိုင်နေသူလည်း သစ်သားအိမ်ကလေး၏ အပြင်သို့ လှစ်ခနဲ ထွက်လာ၏။

ကျင်ရှယ်တောက်သည် အထဲမှလူ လှစ်ခနဲ ထွက်လာသည်ကို မြင်တွေ့လိုက်ရသည်နှင့် လျှပ်ထစ်ပြက် ခုန်ဝင်လာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်၏။

'ဝုန်း...'

ထွက်လာသူက လက်မြှောက် ကာကွယ်လိုက်ရာ လက်ဝါးနှစ်ဖက်ရိုက်မိကြပြီး ကျင်ရှယ်တောက်မှာ နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်ခွာပေးလိုက်ရလေသည်။

ဆန်ကွမ်းချီသည် ဆရာကြီး၊ ကျင်ရှယ်တောက်အား ကမန်းကတန်း တားဆီးလိုက်ရလေ၏။



'ဆရာကြီး...မှားမယ်၊ ဒီပုဂ္ဂိုလ်ကြီးဟာ ကျွန်တော့်ရဲ့ဆရာကြီး ဖြစ်ပါတယ်'

'ဩော်...'

ကျင်ရှယ်တောက်သည် သစ်သားအိမ်ထဲမှ ထွက်လာသူအား ဦးညွှတ်ဂါရဝပြုပြီး နောက်ဆုတ်သွားလေ၏။

'ဆရာ...ကျွန်တော် တပည့် ဆန်ကွမ်းချီပါ'

ဆန်ကွမ်းချီသည် ဒူးထောက်ထိုင်ချပြီး ရှိခိုးတန်ဖော့လေတော့၏။

ခေါင်းမော့ကြည့်လိုက်သောအခါ သူ၏ ဆရာ ရဲယိဖိန်ကို ဖျော့တော့ နွမ်းနယ်သော အသွင်သဏ္ဌာန်ဖြင့် တွေ့မြင်ရလေသည်။

ဆန်ကွမ်းချီ၏ နောက်နားတွင် ရပ်နေသည့် ကျင်ရှယ်တောက်သည်လည်း ဆန်ကွမ်းချီ၏ ဆရာဆိုသူကို သေချာစွာ ကြည့်နေလေ၏။

'ဒီလူဟာ မုကျန်ခြာစိမ်း သိုင်းသမား မဟုတ်ဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးလေးဆယ်တုန်းက သိုင်းလောကထဲမှာ ဟိုးဟိုးကျော်ခဲ့တဲ့ ကျုံးယုံမိုးပါဖော်ထဲက နံပါတ်တစ် အင်အားကြီးခဲ့တဲ့ ရဲယိဖိန်နဲ့ အလွန်တူတာပဲ'

www.burmeseclassic.com



ရှည်လျားသော မုတ်ဆိတ်မွေးဖြူဖြူ၊ အရောင်လွင့်နေသော အစိမ်းရောင်ဝတ်စုံဘိုက ဆရာကြီးရဲယိဖိန်အား ရှိရင်းစွဲအသက်ထက် ပိုပြီး ကြီးခဲ့သယောင် ဖြစ်နေသည်။

ရဲယိဖိန်သည် တိုးညင်းသော လေသံဖြင့် ဆန်ကွမ်းချီအား လှမ်း၍ပြော၏။

'လူကလေး....ထပေတော့၊ မင်းရဲ့အဖြစ်အပျက်တချို့ကို ငါ ကြားသိပြီးပါပြီ'

ဆန်ကွမ်းချီ အံ့သြသွားသည်။

သူ့ဆရာ မည်သို့သိသနည်းဟု တွေးနေသည်။

ထိုစဉ် ကျင်ရှယ်တောက်က....

'မိတ်ဆွေကြီး....ခင်ဗျားဟာ ရဲယိဖိန်များ ဖြစ်နေပါသလား ဗျာ'

ရဲယိဖိန်သည် တောက်ပပြောင်လက်သော မျက်လုံးများဖြင့် ကျင်ရှယ်တောက်အား လှမ်းကြည့်၏။

ထို့နောက် အတွင်းအား အပြည့်အဝပါသော အသံဖြင့် ဝန်ခံစကား ပြောကြား၏။

'ရဲယိဖိန်ဆိုတာ ကျုပ်နာမည်ပါပဲ၊ ခင်ဗျားက ဘယ်သူလဲ'



'ကျုပ်က တြိနိုင်ဒေသက ကျင်ရှယ်တောက်ပါ၊ ခင်ဗျားဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ကျော်ကြားခဲ့တဲ့ 'ကျုံယွမ် ငါးဖော်'ထဲက အစ်ကိုအကြီးဆုံး ဖြစ်မယ်ဆိုတာ ကျွန်တော် တွေးမိပါတယ်'

'ကျင်ရှယ်တောက်'

ရဲယိဖိန်က တီးတိုးရေရွတ်လေ၏။

ထို့နောက် ဆက်ပြောသည်။

'ကျင်ရှယ်တောက်ကို ကျုပ်သိပါတယ်၊ ဒါပေမယ့် ခင်ဗျား ကတော့ ကျင်ရှယ်တောက် မဟုတ်ပါဘူး'

ကျင်ရှယ်တောက်က ရယ်၏။

'ကျုပ်ရဲ့ အဖြစ်အပျက်တွေကို ပြောရရင် ဘစ်နေကုန်တာ တောင် ပြောလို့ပြီးမှာမဟုတ်ဘူး၊ ကွန်လုံဝမ်က ကျုပ်ကိုဖမ်းပြီး မြေအောက် အကျဉ်းထောင်ထဲ ထည့်ထားတာ ဆယ်နှစ်ကြာ တယ်ဗျို့၊ ဟောဒီသူငယ် ဝင်ကယ်လို့သာ ကျုပ်လွတ်လာတာ၊ လွတ်လာတာကလဲ မနေ့တစ်နေ့ကမှလွတ်လာဘာဆိုတော့ ဒီဆံပင် တွေ၊ ဒီမုတ်ဆိတ်တွေကို ဘယ်မှာ ရှင်းချိန်ရှိဘော့မှာလဲဗျာ'

ရဲယိဖိန်သည် ထိုအခါကျမှ ကျင်ရှယ်တောက်ကို ဖက်လှဲ တကင်း နှုတ်ဆက်၏။

ရဲယိဖိန်သည် ဆန်ကွမ်းချီအား လှမ်းပြောသည်။

www.burmeseclassic.com



'နောင်ကြီး ကျင်ရွှယ်တောက်နဲ့ ငါဟာ မိတ်ဆွေဟောင်း တွေကွယ့်'

'ခင်ဗျားတပည့်ကတော့ သိုင်းလောကမှာ ထိတ်ထိတ်ကြဲ သိုင်းသမားပဲဗျာ၊ ဒီသူငယ်ဟာ မကြာခင်အချိန်တွင်းမှာ သိုင်းလောက‌ရဲ့ ကြောင်စ်ဖြစ်မှာ သေချာတယ်'

'နောင်ကြီးကျင်...ကျုပ်ကို အထင်မကြီးနဲ့၊ ကျုပ်က သူ့ကို သိုင်းလောကထဲရောက်အောင် လမ်းပြရုံသာ လမ်းပြခဲ့တာပါ၊ ကျုပ်ဆီကလဲ ဖြစ်ဖြစ်မြောက်မြောက် ပညာရမသွားရှာပါဘူး၊ သူ့ အခု လောက်အထိ နာမည်ကျော်တာကလဲ တခြားဆရာရဲ့ သင်ကြားမှုကြောင့်ပါ'

ဆန်ကျွမ်းချီသည် ထိုင်နေရာမှ ထရပ်လိုက်ပြီး...

'ဆရာ...ဆရာတာ ဘယ်လိုကနေ သစ်သားလျှောင်အိမ်ထဲ ရောက်နေရတာလဲ၊ ကျွန်တော်တော့ ဘာကိုမှ နားမလည် တော့ဘူး'

ရဲယိဖိန်က...

'ဒီအကြောင်းတွေကို ရှင်းပြရရင် အရှည်ကြီး ပြောပြရလိမ့် မယ်၊ လက်ရှိအခြေအနေအရ သိပ်ကြာကြာ စကားပြောလို့ မဖြစ်ဘူး၊ တောဟို သစ်သားအိမ်နှစ်အိမ်ကို သွားဖွင့်လိုက်ပါ၊ တစ်ယောက်က ယွင်ကြိုလုံဆိုတဲ့ ဂိုဏ်းချုပ်ကြီးပဲ၊ ဟိုတစ်ယောက် ကတော့ မိန်းကလေးပါ၊ သူတို့ကို ကယ်တင်ဖို့ အရေးကြီးတယ်'



ဆန်ကျွမ်းချီသည် ဒုတိယအိမ်ဆီသို့ သွားဖွင့်သည်။

ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံသည် ထိုင်လျက် အတွင်းအားလေ့ ကျင့်နေသည်။

'ဆရာကြီး အပြင်ကိုကြွပါ၊ ဆရာကြီး ရဲယိဖိန်ပဲ အပြင် ရောက်နေပါပြီ'

ယွင်ကြိုလုံသည် ချက်ချင်းလိုလိုပင် အပြင်သို့ ခုန်ထွက်လာ၏။ ဆန်ကျွမ်းချီ ပထမတစ်ကြိမ် ဤနေရာသို့ ရောက်၍ စဉ်က လက်နှစ်ဖက် ထုတ်လာပြီး တစ်ဦးကိုတစ်ဦး အတွင်းအားဖြင့် ကူသပေးသည့် အဖြစ်အပျက်ကို ပြန်လည် သတိရလာသည်။

သူ့ဆရာရဲယိဖိန်က ဂိုဏ်းချုပ်ကြီး ယွင်ကြိုလုံအား အတွင်း အားဖြင့် ကူသပေးခြင်း ဖြစ်ရမည်ဟု ထင်မိသည်။

'နောင်ကြီး ယွင်ကြိုလုံ၊ ဒီကိုလာခဲ့ဗျို့၊ ဒီမှာ မိတ်ဟောင်း ဆွေဟောင်းတွေနဲ့ တွေ့နေရပြီ'

ယွင်ကြိုလုံသည် ကျင်ရွှယ်တောက်မှန်း သိရသောအခါ လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလေ၏။

'နောင်ကြီးကျင်၊ ကျုပ်တို့ကို လာကယ်တဲ့အတွက် အများ ကြီး ကျေးဇူးတင်ပါတယ်'

ကျင်ရွှယ်တောက်က လက်ကို ခါယမ်းရင်း...

'မလုပ်ပါနဲ့ဗျာ၊ နောင်ကြီးတို့ကို မှတ်မှတ်ရရ လာကယ်တော့ က ဟောဟို သူငယ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဆန်ကွမ်းချိုသည် တတိယအိမ်၏ တံခါးကို ဖွင့်ပြီးလေပြီ၊

ထိုအိမ်ကလေးထဲတွင် မိန်းကလေးတစ်ယောက် ရှိနေ၏၊

အကြောမိတ် ခံထားရသည်လား၊ အဆိပ်ဆေး အတိုက်ခံထားရသည်လား မသိ၊

ငြိမ်သက်နေသည်၊

ဆန်ကွမ်းချိုသည် ထိုမိန်းကလေး၏အောက်၌ ခင်းပေးထားသည့် ကော်ဇောကြီးဖြင့် မိန်းကလေးကို စုထုပ် သယ်ချလာသည်၊

ကျင်ရွှယ်တောက်က....

'ဘာတွေလဲ သူ့ရဲ့ကောင်းကလေး'

'မိန်းကလေးတစ်ယောက်ပါ ဆရာကြီး'

'မိန်းကလေး ဟုတ်လား၊ သူ့ကို ကျုပ်တို့က ဘာလုပ်ရမှာလဲ'

'ခုလောလောဆယ်တော့ ဘာမှ လုပ်လို့ မရသေးဘူးလေ၊ တစ်ခုတော့ရှိတယ်၊ ဆရာကြီးအနေနဲ့ ကျွန်တော့် ကိုကူညီပါ၊ ဒီမိန်းကလေးကို ကျွန်လုဂိုဏ်းရဲ့ ယာယီ အခြေစိုက်စခန်းကို ပို့ပေးပါ၊ ကျွန်တော် ဆရာနဲ့ ဟောဒီက ဂိုဏ်းချုပ်ကြီးယွင်ကြိုလုံကိုလဲ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံဆီ အရောက်ပို့ပေးပါ'



'မောင်ရင်ကကော ဘာဖြစ်လို့ ကျုပ်တို့နဲ့အတူတူ မလိုက်တာလဲ'

'ကျွန်တော်က ဒီအကျဉ်းသားတွေ ကွန်လုံဝမ်ရှေ့ ရောက်အောင် လုပ်ရဦးမယ်လေ၊ ဒါမှ ကွန်လုံဝမ် မျက်လုံးပြူးမျက်ဆံပြူး ဖြစ်သွားမှာ'

ထိုစဉ် ရဲယိဖိန်က ဝင်ပြောလာ၏၊

'လူကလေး...သူတို့ကို ကွန်လုံဝမ်ရှေ့ ရောက်အောင် ခေါ်သွားချင်လို့လား'

'ဟုတ်ကဲ့၊ ခေါ်သွားချင်ပါတယ်ဆရာ'

'ဒါဖြင့်ရင် ဟိုမိန်းကလေးကို ခေါ်ထုတ်လာတဲ့ အိမ်တစ်လုံးကို ချန်ထားပြီး ကျန်တဲ့အိမ်တွေကို မီးရှို့ပစ်လိုက်၊ တော်ကြာ ဟိုလူတွေ ထလာလိမ့်မယ်၊ အဲဒီ ကျန်တဲ့အိမ်ဆီကို စွတ်ရွတ်ပြီး ဝင်လာကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအိမ်ထဲမှာ မူးယစ်ရီဝေစေတဲ့ ဆေးအငွေ့အသက်တွေ ရှိနေလို့ပဲ'

'ဒါဖြင့်ရင် ဟိုမိန်းကလေးလဲ ဆေးငွေ့တွေ ရှူနေပြီပေါ့ ဆရာ'

'မရှူသေးဘူး၊ အဲဒီမိန်းကလေးနဲ့ နောင်ကြီး ယွင်ကြိုလုံတို့ အဲဒီထဲကိုရောက်တာ မကြာသေးဘူး'

ဆန်ကွမ်းချိုသည် မိန်းကလေးကို ထုတ်ယူလာသည့် အိမ်မှလွဲ၍ အခြားအိမ်များကို မီးရှို့ပစ်တော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ရဲယိဖိန့်က မီးတောက်မီးလျှံများကို ကြည့်ပြီး ရှင်းပြ၏။

'ဒီလူတွေရဲ့ဘဝဟာ ကြေကွဲစရာ ကောင်းတယ်၊ သူတို့ဟာ အဲဒီအိမ်တွေကို ဖက်တွယ်ပြီး မီးစာကုန် ဆီခန်းဘဝနဲ့ သေချင်ကြတယ်၊ လူညွန့်လဲ တုံးနေကြပါပြီကွယ်'

ကိုစဉ် အကျဉ်းသားများသည် တလှုပ်လှုပ် တုန်ရီဖြင့် ထလာကြ၏။

သူတို့သည် တစ်လုံးတည်းကျန်သော အိမ်ကို စူးစိုက်ကြည့်နေကြသည်။

ရဲယိဖိန့်က—

'ဆရာသား အဲဒီအိမ်ကို သူတို့အားလုံး လုယက်ကြလိမ့်မယ်'

ဆန်ကွမ်းချီ၏ အသံသာပေါက်သွား၏။

'ကျွန်တော်နားလည်သွားပြီဆရာ၊ ဒီအိမ်က ခေါင်းတလား ထက် နည်းနည်းကလေး ပိုကြီးတာပဲ ရှိတယ်၊ အဲဒီအိမ်ကို ကျွန်တော် ထမ်းပြေးပြီး ကွန်လုံဝမ်ရဲ့ စံတော်အိမ်ရှေ့ သွားထားမယ်'

'အေး—ကောင်းတယ်၊ အကျဉ်းသားတွေ မင်းနောက်က ပြေးလိုက်လာကြလိမ့်မယ်၊ မင်းက မနှေးမမြန် ပြေးပြီး မျှားခေါ်သွားပေါ့'

အကျဉ်းသားများသည် ထိုင်ရာမှ ထလာကြပြီး ထိုအိမ်ကလေးဆီသို့ ဦးတည်လာတော့သည်။



ဆန်ကွမ်းချီက ရဲယိဖိန့်နှင့် ယွင်ကြိုလုံတို့ကို ဂါရဝပြုပြီး....

'ဆရာတို့ကို ဟောဒီဆရာကြီး ကျင်ရှယ်တောက်က လမ်းပြခေါ်ဆောင်သွားပါလိမ့်မယ်၊ ကျွန်တော်ကတော့ နောက်များမှ လိုက်လာခဲ့ပါ့မယ်၊ ကျွန်တော်ကို ခွင့်ပြုပါဦး၊ ဪ...ဆရာကြီး ကျင်ရှယ်တောက် ဟိုမိန်းကလေးကို ခေါ်သွားဖို့ မမေ့ပါနဲ့ဦး'

ကျင်ရှယ်တောက်က လေးကန်စွာပြော၏။

'စိတ်ချပါ၊ ဒီမိန်းကလေးကို ကျွန်လုံဂိုဏ်းချုပ်ကြီး အိုယန်ရှေ့ အရောက်ပို့ပေးပါ့မယ်'

ဆန်ကွမ်းချီသည် အဒွးလုံးကို နှုတ်ဆက်ပြီး တစ်လုံးတည်းသာ ကျန်ရစ်သည့် သစ်သားအိမ်ကလေးကို ထမ်းပြေးလေတော့သည်။

အကျဉ်းသားများသည် ဆန်ကွမ်းချီနောက်သို့ အုံကြွဖွယ်ကောင်းလောက်အောင် ပြေးလိုက်လေတော့၏။

ထိုအချိန်တွင် ကွန်လုံဝမ်၏ စံတော်အိမ်ရှေ့တွင် ရုတ်ရုတ်သဲဖြစ်နေပြီးလေပြီ။

အဘယ်ကြောင့်ဆိုသော် ထိန်မုဆရာတော်၊ လိစင့်နှင့်ကျန်းတို့ ဝင်မွှေသွား၍ ဖြစ်သည်။

ဆန်ကွမ်းချီအား ဝိုင်းဝန်းပိတ်ဆို တားမြစ်ခဲ့သော်လည်း ကိုက်တစ်ဖက်မှ ဖော့ယမ်းသွားသည့် ဝိညာဉ်လိပ်ပြာ ရှေ့ခားမျှော်မှန်းကိုမှ သူတို့ မခုခံနိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုနောက်မှ လူများကို တွေ့လိုက်ရသည့်အခါ ကျွန်ုပ်ဝမ်ဂိုဏ်းသားမျိုးသည် သရဲတစ္ဆေများကို မျက်ပင် လိုက်ရသူများကဲ့သို့ ရှဲခနဲ နောက်ဆုတ်သွားကြ၏။

ဆန်ကွမ်းချိုသည် ထိုသစ်သားအိမ်ကလေးကို ကျွန်ုပ်ဝ စံတော်အိမ် ဂင်ပေါက်ကြီးထဲသို့ ပစ်ထည့်လိုက်ပြီးနောက် ရုတ်သဲသဲဖြစ်နေသည့် လူများကြား၌မှ ကိုယ်ရောင်ဖျောက် ပြေးသွားတော့သည်။

မြီးပြီ၊ သူ့တာဝန် မြီးပြီ၊

ကျွန်ုပ်ဝမ် စိတ်ဓာတ်ကျသွားလျှင် သူ့တာဝန် ကျေ

လက်ရွေးစင်ဂိုဏ်းသား ငါးဦးနှင့် ချိန်းဆိုထားသည့် သို့ ပြန်ရောက်သောအခါ သူတို့ရှိခဲ့သည့်မီးသည် ဝါးရုံ ကို ကူးစက်လောင်ကျွမ်းနေကြောင်း တွေ့ရလေ၏။

လက်ရွေးစင်ဂိုဏ်းသား ငါးဦးလည်း မရှိတော့ပေ။

ထိုသူများကို ကျောက်ဈွယ်တောတန်နှင့် ထိန်မုဆရာတော် ပြန်ခေါ်သွားပေလိမ့်မည်။

သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါမှ ဆန်ကွ မှာ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားပြီး ဟင်းခနဲ သက်ပြ သည်။

သစ်လုံးစည်းရှုံးကို ခုန်ကျော်ထွက်လာပြီးနောက် ထင် တောကြီးအတွင်းသို့ ဝင်လာပြီး ခရီးတစ်ထောက်နားမိ



ကိုစဉ် ပလွေသံကို ကြားကြားလိုက်ရတော့သည်။

ထိုပလွေသံကို ဆန်ကွမ်းချိုကောင်းစွာသိ၏။

ဆရာကြီး ရဲယိဖိန်ထွက်ပြေးသွားပြီး ဗျာပ်ထဲ၌ လူသေ အလောင်းများကြား ငုတ်တုတ်ထိုင်နေသည့် သူ့အား ထိုပလွေ သံက ခေါ်ယူပြီး သိုင်းပညာသင်ပေးခဲ့သည် မဟုတ်ပါလား။

အဘဆရာကြီး၏ပလွေသံပင် ဖြစ်နေချေသည်တကား။

ဆန်ကွမ်းချို ဝမ်းသာသွားသည်။

ပိုင်မာစန်းတောင်မှ သူနှင့်ယှဉ်မရှောက်တို့ ထွက်ခွာလာခဲ့ရ ခြင်း၏အခါက အကြောင်းရင်းမှာ ပလွေသံရှင် အဘဆရာကြီး အား ရှာဖွေရန် ဖြစ်ပေသည်။

အဘဆရာကြီးအားမတွေ့ရဘဲ သူနှင့် ယှဉ်မရှောက်သည်သာ သိုင်းလောက အရှုပ်အထွေးအတွင်း ဝင်ရောက်မိပြီး သူတို့ ညီ အစ်ကို နှစ်ဦးသည်သာ တစ်ဦးမဟုတ် တစ်ဦးက အသည်းနှလုံး ကြေကွဲရမည့်ကိန်း ဆိုက်နေရပေသည်။

အဘဆရာကြီးသာ သူ့ပလွေတစ်ချောင်းဖြင့် သိုင်းလောက ထဲဝင်လာလျှင် ကျွန်ုပ်ဝမ်သာမက ကျွန်ုပ်ဝမ်၏ နောက်လိုက် များကိုပါ တစ်ပြိုင်တည်း အနိုင်ယူနိုင်ပေလိမ့်မည်။

အဘဆရာကြီး၏ပလွေသံသည် လူတစ်ယောက်၏ စိတ်ဆန္ဒ ကို လိုသလိုဆိုနိုးချုပ်နိုင်စွမ်းရှိသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အနားယူအပန်းဖြေနေရာမှ ရုတ်ခနဲထလိုက်၏၊

အဘဆရာကြီး၏ပလွေသံနောက်သို့ လိုက်တော့မည်ဟု ဆ
ဖြတ်ပြီး ထလိုက်ခြင်း ဖြစ်ပေသည်၊

ထိုအချိန်မှာပင် ပလွေသံ တိတ်ဆိတ်သွားပြီး သူနှင့်မ
မဝေးချုံတောတစ်ခုမှမိန်းမငိုသံတစ်သံကို မမျှော်လင့်ဘဲကြ
လိုက်ရတော့သည်၊

'ဘုရားရေ၊ ဘယ်နှယ်ဒီနေရာမှာ မိန်းမငိုသံလာကြားနေ
ပါလိမ့်'

ဆန်ကုမ်းချီသည် ထိုသို့စိတ်ထဲမှရေရွတ်ပြီး အသံကြား
ဆီသို့ လှမ်းကြည့်လိုက်၏၊

အသံသာကြားရပြီး လူကိုမမြင်ရဘဲရှိနေသည်၊

'မော....လူသူမရှိတဲ့သစ်တောထဲ လာငိုနေတာ ဘယ်သူ
မော'

ဆန်ကုမ်းချီ၏အသံသည် ထင်းရှူးတောထဲ၌ ကျယ်လေ
စွာ ပျံ့လွင့်သွား၏၊

သစ်ပင်များအကြားမှ အနီရိပ်တစ်ခု ရိပ်ခနဲ ခုန်ထွက်လာ
လူ့အားတိုက်ခိုက်သဖြင့် ဆန်ကုမ်းချီမှာ ကပျာကယာ ရှော
တိမ်းလိုက်ရသည်၊

ဆန်ကုမ်းချီ အသေအချာကြည့်လိုက်သောအခါ အနီရော
ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးဖြစ်နေ၏၊



'မိန်းကလေး၊ ဘာဖြစ်လို့ ကျုပ်ကိုတိုက်ခိုက်ရတာလဲ၊မင်းနဲ့
ကျုပ်က ဘာရန်ငြိုးမှရှိထားမှမဟုတ်ဘဲ'

ဆန်ကုမ်းချီသည် ထိုမိန်းကလေးကို မြင်ဖူးသည်ဟု ထင်လာ
သည်၊

ထိုစဉ် မိန်းကလေးက....

'ကျွန်မ,ရှင့်ကိုမြင်ဖူးသလိုပဲ'

သေချာပြီ၊

သူတို့နှစ်ဦး မြင်ဖူးခဲ့သည်မှာ သေချာပြီ၊

'ဟုတ်တယ်၊ကျုပ်လဲ မင်းကို တစ်နေရာရာမှာ မြင်ဖူးခဲ့တယ်
လို့ အောက်မေ့တယ်'

ဆန်ကုမ်းချီသည် ထိုမိန်းကလေးအား မည်သည့်နေရာ၌
မြင်ဖူးခဲ့သည်ကို ကြာကြာမစဉ်းစားလိုက်ရပါ၊

တစ်ခဏအတွင်းမှာပင် စဉ်းစား၍ ရခဲ့ပေသည်၊

သူ့ဘဝ၌မိန်းမများသည် သူနှင့်ပတ်သက်မှုနည်းပါးခဲ့သည်
မဟုတ်ပါလား၊

ပတ်သက်ခဲ့သူများဆိုလျှင် ချက်ချင်း စဉ်းစား၍ရပေသည်၊

ပလွေသံရှင် အဘိုးအိုခိုအောင်းနေခဲ့သည့် ဘုရားကျောင်း
ပျက်ရှေ့မှ တိဗက်ဘုန်းကြီးများနှင့် ယှဉ်ပြိုင်လုံးတို့၏ တိုက်ပွဲကို
ဆန်ကုမ်းချီ ပြန်လည်သတိရလာ၏၊

www.burmeseclassic.com

ဝိဗ္ဗက်ဘုန်းကြီးများဘက်မှ အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ဦး ပေါ်ရှိလာသည်။

တိဗက်ဘုန်းကြီးများနှင့် ယွင်ကြိုလုံတို့၏ ကိုးကွယ်သူများ သေဆုံးသွားသည့်အခါ အစိမ်းရောင်ဝတ်ဆင်ထားသည့် မရဏ စေတမန်က ထိုအနီရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေးကိုအကြောင်းထိုပိတ် ဖမ်းဆီးသွားကြောင်းကို ဖြည်းဖြည်း ပြန်လည်အမှတ်ရလာ၏။

ယခုတွေ့မြင်ရသော မိန်းကလေးသည် ထိုအနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးပင် မဟုတ်ပါလော။

ဆန်ကွမ်းချီက ချက်ချင်းပြောသည်။

'ကျုပ်မှတ်မိပြီ၊ မင်းဟာ ပိုင်မာစန်း သစ်တောကြီး ထဲက မိန်းကလေးပဲ၊ ကျုပ်တို့ ဘုရားကျောင်းပျက်ထဲမှာ တွေ့ဖူးကြတယ်လေ'

မိန်းကလေးကလည်း ချက်ချင်းမှတ်မိ၏။

'ကျွန်မလဲမှတ်မိပြီ၊ အဲဒီ ဘုရားကျောင်းပျက်ထဲမှာ အဘိုးကြီးတစ်ယောက်ရှိတယ်မဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့် ကျွန်မတို့ခုမှပဲ ပြန်တွေ့ကြရတာပေါ့'

'ဒါပေါ့၊ မင်းကဘယ်ရောက်နေတာလဲ'



'ကျွန်မက ကွန်လုံဝမ်ရဲ့လက်ထဲမှာ အဖမ်းခံနေခဲ့ရတယ်၊ အခု ကံကောင်းထောက်မပြီး ကွန်လုံဝမ်ရဲ့ စံတော်အိမ်ထဲက လွတ်မြောက်ခွင့်ရလာခဲ့တယ်၊ ကျွန်မ တိဗက်ကို ပြန်မယ်၊ ရှင် ကျွန်မကို ကူညီနိုင်မလားဟင်'

'ကူညီနိုင်ပါတယ်၊ ဒါပေမယ့် မင်းလာလေသေးဆယ်ဆယ်တော့ မပို့နိုင်သေးဘူး၊ ဒီမှာ အရေးကြီးကျယ်တဲ့ ဝိုင်းပွဲကြီးတစ်ပွဲ ဖြစ်စရာရှိသေးတယ်၊ ကျုပ်ကဒီမှာကူညီရဦးမယ်'

'ကျွန်မစောင့်နိုင်ပါတယ်၊ ကျွန်မတစ်ယောက်တည်း သွားရင် ကွန်လုံဝမ်ရဲ့လက်ထဲ ပြန်မရောက်နိုင်ဘူးလို့ မဆိုနိုင်ဘူး'

'မင်းတွေးတာမှန်တယ်၊ ကွန်လုံဝမ်ရဲ့လက်တံဟာ အင်မတန် ရှည်တယ်'

ဆန်ကွမ်းချီသည် ထိုမိန်းကလေးနှင့် အဆက်အသွယ် စကားပြောနေခဲ့သော်လည်း ထိုမိန်းကလေးကိုလိုးဝဥသုံ အယုံအကြည်မရှိသေးပေ။

ကွန်လုံဝမ်သည် အလွန်ပရိယာယ်များသဖြင့် ထိုမိန်းကလေး တကယ်ရိုးသားခြင်းရှိမရှိကို အကဲခတ်နေရသည်။

ဆန်ကွမ်းချီက မေးခွန်းထုတ်သည်။

'မင်း ကွန်လုံဝမ်လက်ထဲကိုရောက်သွားတော့ မင်းကို ဘယ်လိုဆက်ဆံသလဲ'

'ကျွန်မကို အခန်းတစ်ခန်းထဲမှာ ထည့်ထားတာပဲ'

www.burmeseclassic.com



'အစားအသောက် မကျွေးမွေးဘူးလား'

'ကျွေးမွေးပါတယ်၊ အကောင်းဆုံး အစားအစာတွေချည်းပါပဲ၊ အခန်းကာလ ပရိဘောဂတွေနဲ့ နေချင့်စဖွယ်ပါပဲ'

'ဟင်'

ဆန်ကွမ်းချိမှာ အလွန်တရာအံ့ဩသွားသည်၊

ဤအပြုအမူမှာ ကွန်လုံဝမ်၏ စရိုက်နှင့်မညီပေ။

ဆန်ကွမ်းချိက အေးစက်စက် ရယ်လေ၏၊

'ရှင်....ဘာရက်တာလဲ'

'မင်းဟာ ကွန်လုံဝမ်ရဲ့သူလျှိုပဲ'

'သာပြောတယ်'

မိန်းကလေးက စူးစူးရှားရှား အော်ဟစ်လိုက်၏၊

'ကျွန်မက ရှင့်ကို လိမ်ရမှာလား'

'မင်းပြောတာတွေက လိမ်နေတာပဲ၊ ကျုပ်တွေ့တဲ့ အကျဉ်းသားတွေကို မင်းကို ပြစမ်းချင်တယ်၊လူ့ရုပ်မပီတော့တဲ့ အကျဉ်းသားလေးဆယ်လောက်ကို ခေါင်းတလားသဏ္ဍာန် အိမ်ကလေးတွေထဲမှာ ထည့်လှောင်တယ်၊ တကယ့်သိုင်းအကျော်အမော်ကြီးတွေကို အလင်းရောင်မရှိတဲ့ မြေအောက် အကျဉ်းထောင်ထဲမှာ ထည့်လှောင်တယ်၊ မင်းကျတော့ ငါ ကြုံတွေ့ခဲ့ရတဲ့ အကျဉ်းသားတွေနဲ့ တခြားစီ ဖြစ်နေတယ်'



မိန်းကလေး၏ မျက်နှာမှာ ရဲခနဲ ဖြစ်သွား၏၊

သို့သော် ချက်ချင်းပင် အံကလေးကြိတ်၍ ပြော၏၊

'ရှင် ဘာသိလို့လဲ၊ သူက ကျွန်မကို သူ့ မယားလုပ်ဖို့စီစဉ်နေတာရှင့်၊ ကျွန်မတို့ တိုင်းရင်းသားတွေထဲက သူ့ရဲ့ကောင်းတွေကို စုစေါ်မယ်၊ အသေခံတပ်သား လုပ်ခိုင်းမယ်၊ ဒီတော့ ကျွန်မကို လိုလေသေးမရှိအောင် ပြုစုနေတာပေါ့ရှင်'

'လက်စသတ်တော့ ဒီလိုကိုး'

ဆန်ကွမ်းချိ ထရပ်လိုက်၏၊

'ရှင် ဘယ်သွားမလို့လဲ'

'ကျုပ်တို့ အဖွဲ့သားဆီ သွားမယ်လေ၊ ထင်းရှူးတောက ထွက်မယ်၊ ထင်းရှူးတောရှေ့က မြက်ခင်းကြီးကို ဖြတ်ရမယ်၊ အဲဒီမြက်ခင်းကိုတော့ သတိထားရမယ်၊ ကဲ....ခင်ဗျားလဲ လိုက်ခဲ့ပေတော့'

မိန်းကလေးက သူမ၏ ခါးကြားမှ လှပသော ဓားမြှောင်ကလေးတစ်ချောင်းကို ဆွဲထုတ်လိုက်သည်၊

'ရော့....ဒီဓားမြှောင်ကလေးကို ရှင့်ကို လက်ဆောင်ပေးခဲ့မယ်'

ဆန်ကွမ်းချိက ဓားမြှောင်ကလေးကိုလှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

ကျောက်မျက်ရတနာများ စီခြယ်ထားသည့် ခါးကြိုးခင် ကာလေးသည့် ဖြိုးဖြိုးပြက်ပြက် ဝင်းလက်နေသည်။

သင်္ခမန် ပုစ္ဆာဖြည့်ဖစ်ခု မဟုတ်နိုင်သည့်ကိုတော့ ဆန်ကွမ်းချို သိသည်။

သို့သော် ဆန်ကွမ်းချို မယူလိုပါ။

'ခင်ဗျားဘာသာ သိမ်းထားလိုက်ပါဗျာ၊ ကျုပ် မလိုချင် ပါဘူး'

'ဒီခါးပတ် ကျွန်မဖေဖေရဲ့ ခါးပါ၊ ကျွန်မ ပြည့်မဲဒေသကို လာမယ်ဆိုရင် တမင် ပေးလိုက်တာပါ၊ သိပ်ထက်တဲ့ ခါးချွင်'

'မောင်အင်း....မလိုချင်ပါဘူး'

မိန်းကလေးက ရှက်ပြုံးပြုံး၏။

'ရှင် ဘာလိုချင်သလဲ'

'ဘာမှ မလိုချင်ပါဘူး'

'ရှင် မညာပါနဲ့၊ ကျွန်မကို ရှင်သဘောကျနေတာ မဟုတ် လား'

'ဗျာ....'

ဆန်ကွမ်းချိုမှာ အလွန်တရာ အံ့ဩသွားသည်။

မိန်းကလေးက ဆက်ပြောလေ၏။



'ကျွန်မကို သဘောကျလို့ လက်ထပ်ရင် ရှင်ဟာ ဝေဠုအော် တိုင်းရင်းသားတွေရဲ့ အကြီးအကဲ ဖြစ်လာမှာရှင့်၊ ကျွန်မ ဖေဖေ က ဝေဠုအော် တိုင်းရင်းသားတွေရဲ့ အကြီးအကဲပဲ၊ ကျွန်မဟာ သူ့ရဲ့ တစ်ဦးတည်းသော သမီး'

ဆန်ကွမ်းချိုသည် မိန်းကလေး၏ ထူးခြားသော ရုပ်ရည် ကြောင့် သင်္ခမန် တိုင်းရင်းသူတစ်ဦး မဟုတ်ကြောင်း ယခင် ကတည်းက သိရှိပြီးခဲ့ပြီ။

'ရှင်တို့ ဟန်တွေ ကောက်ကျစ်ပေမယ့် ကျွန်မတို့ ဝေဠုအော် တွေက မကောက်ကျစ်ဘူးရှင့်၊ ရှင်သာ ကျွန်မဖခင်ဆီ လိုက်လာ ရင် ကျွန်မဖခင် သဘောတူမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာ တခြား ဟန်တွေအကျင့်စာရိတ္တ စိတ်ကောင်းရှိလို့ပဲ၊ ကျွန်မက ဝင်ပြောပေးမှာပေါ့'

ဆန်ကွမ်းချိုက အရှိအတိုင်းပြုံးပြီး....

'မင်းရဲ့ စေတနာကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ ကျုပ် ကတော့ မင်းနဲ့မလိုက်နိုင်ပါဘူး၊ ကျုပ်မှာ ကြားလေးတဲ့ တာဝန် ကြီးတွေ ရှိနေလို့ပါ'

'ရှင့်နာမည် ဘယ်လိုခေါ်သလဲဟင်'

'ကျုပ်နာမည် ဆန်ကွမ်းချိုပါ'

မိန်းကလေးက ရယ်ပြီး....

www.burmeseclassic.com



'ကျွန်မတို့ လူမျိုးတွေကတော့ ကျွန်မကို 'ချင်းဖိန့်မင်းသမီး' လို့ ခေါ်ကြပါတယ်၊ ရှင်ကလဲ ကျွန်မကို ချင်းဖိန့်လို့ ခေါ်နိုင်ပါတယ်'

'ကောင်းပါပြီ၊ ကျုပ်တို့ ခရီးဆက်ကြစို့'

ချင်းဖိန့်သည် ဆန်ကွမ်းချီနှင့် အတူတကွ လိုက်ပါလာတော့သည်၊ သူတို့သည် ထင်းရှူးတောကြီးကို လွန်မြောက်လာပြီး မြက်ခင်းလွင်ပြင်သို့ ရောက်ရှိလာ၏။

မဘာမတစ်ကြိမ် ကွန်လုံဝမ်၏ စံဘော်အိမ်သို့ ဆန်ကွမ်းချီ၊ စီမုဆာရောဘော်၊ လူကျာရဲလှူငယ် လိစင်းနှင့် လက်ဝဲရဲလှူငယ် ကျန်းဖန်းတို့ ရွေးရှုလာစဉ်က ဤမြက်ခင်းလွင်ပြင်၏ မမြင်ရသော အန္တရာယ်များကို ကြောက်ရွံ့သဖြင့် တောမှကွေ့ဝိုက်၍ ထင်းရှူးတောထဲ ဝင်ခဲ့ကြသည်။

ယခုအကြိမ်တွင်မူ ဆန်ကွမ်းချီသည် မြက်ခင်းလွင်ပြင်ကို ဖြတ်၍ပြန်ရန် ဆုံးဖြတ်လိုက်၏။

ဆန်ကွမ်းချီ တွေဝေ စဉ်းစားနေသည်ကို မြင်တွေ့ရသဖြင့် ချင်းဖိန့်က မေးသည်၊

'ရှင် ဘာတွေ စဉ်းစားနေတာလဲ၊ ဒီမြက်ခင်းလွင်ပြင်ထဲမှာ ရန်သူတွေ ရှိနေတယ်လို့ ရှင်ထင်နေသလား'

'ထင်နေတာ မဟုတ်ဘူး၊ ရှိကိုရှိနေတာ'

'ရှင် ဘယ်လိုလုပ်...'

ချင်းဖိန့် စကားမဆုံးမီ မြားတစ်စင်းသည် မြက်ခင်းပြင်၏ အလယ်မှ ပျံသန်းထွက်လာရာ ဆန်ကွမ်းချီက သူ့ရွှေဓားဖြင့် ရိုက်ထုတ်လိုက်ရ၏၊



'ဟင်း...တကယ့်ကို အန္တရာယ်တွေ ရှိနေတာပါကလား'

ချင်းဖိန့်က သူမ၏ ရွှေဓားကလေးကို ထုတ်ရင်း ညည်းညူလိုက်၏၊

'ကဲ...ခုပုံအတိုင်း ဆိုရင်တော့ မလွယ်တော့ဘူး၊ မင်းလဲ သတိထား၊ ကျုပ်တို့ ခုပ်ရဲရဲပဲ ဖြတ်ကြမယ်'

'ဖြတ်မယ်၊ ကျွန်မ သတိထားပါမယ်'

ဆန်ကွမ်းချီသည် ရှေ့မှ ဦးဆောင် ထွက်သွား၏၊

ကိုက်နှစ်ရာကျော်မျှ သူတို့လျှောက်ထွက်လာသည့်တိုင် မည်သည့် အနှောင့်အယှက်မျှ မတွေ့ရသဖြင့် ဆန်ကွမ်းချီ အံ့သြနေသည်။

မြက်ပင်များသည် ခါးလယ် အမြင့်ခန့်အထိ ရှည်လျားကြသဖြင့် ထိုအထဲ၌ ထိုင်နေရုံမျှဖြင့် ကိုယ်ခရောင်ဖျောက်ပြီး ဖြစ်နေပေလိမ့်မည်၊

'ရွှီး...ရွှီး...ရွှီး'

'ဝှစ်...ဝှစ်...ဝှစ်'

ဆန်ကွမ်းချီ၏ အတွေးမဆုံးမီမှာပင် မြားမိုးရွာချလာတော့သည်၊ ဆန်ကွမ်းချီသည် သူ၏ရွှေဓားဖြင့် ရေပက်မဝင်အောင် ရိုက်ထုတ် ခုတ်ဖြတ်လေရာ မြားများမှာ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ကုန်သည်၊

မကြာမီ မြားမိုးရပ်သွား၏၊ သူ လှည့်ကြည့်သောအခါ ချင်းဖိန့်မင်းသမီးမှာ မြားထိပြီးလဲကျနေသည်၊ ချင်းဖိန့်သည် အလွန် သတ္တိကောင်း၏၊ အော်ဟစ်ခြင်း၊ ညည်းညူခြင်း မရှိသဖြင့် ဆန်ကွမ်းချီပင် မသိလိုက်ရချေ၊

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် ချင်းဖိန်ကို ပြေးပွေ့လိုက်၏။

ထိုသို့ ထိုင်ချလိုက်ခြင်းက သူတို့အတွက် အကာအကွယ်ကောင်း ရသွားခြင်းပင်။

ခါးလယ်ခန့်မြင့်သော မြက်ခင်းများ၌ သူတို့ ထိုင်ချလိုက်သောအခါ ရန်သူများသည် သူတို့ကို မမြင်တွေ့နိုင်တော့ပေ။

ချင်းဖိန်က အံကြိတ်၍ ပြော၏။

'ကျွန်မရဲ့ ခြေထောက်က တိုလွန်းလို့ပါ၊ ရှင့်လို ခြေရှည်တစ်လက်ရှိရင် ကျွန်မကို မြွေမထိနိုင်ပါဘူး'

ဆန်ကွမ်းချီ စေ့စေ့ကြည့်သောအခါ ချင်းဖိန်၏ရင်ဝနှင့် လက်မောင်းတွင် မြွေနှစ်ကောင် စိုက်ဝင်နေသည်ကို တွေ့ရသည်။

ဆန်ကွမ်းချီသည် မြက်ပင်များ အသဲယံမှ အသက်ပေးခေါင်းပြူ ကြည့်လိုက်သောအခါ သူတို့၏ ပတ်ပတ်လည်၌ အနက်ရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် သိုင်းသမားများကို တွေ့လိုက်ရတော့သည်။

'ဒီအကောင်တွေဟာ ဟောဒီ မြက်ခင်းအောက်မှာလဲ မြေအောက်လိုဏ်ဂူ ဖောက်ထားမှာ သေချာတယ်'

ဆန်ကွမ်းချီသည် တီးတိုး ရေရွတ်ပြီး ဖခုံးမှ မြွေရိုးကို ဓားနှင့် မြှတ်ချလိုက်၏။

**စာစဉ် ၁၁ ပြီး၏။**

**(စာစဉ် ၁၂ ဆက်လက်ဖတ်ရှုပါရန်)**

www.burmeseclassic.com